

တက္ကသိုလ်
တင်မြင့်
ဗွန်ခြာရစ်ဇုန်း..
မုန့်တိုင်းပတ်လည်

# တက္ကသိုလ်တင်မြင့်

## ကွန်ခြာရစ်ဝိုင်း မုန်တိုင်းပတ်လည်


စာမူခွင့်ပြုချက်အမှတ် - ၇၂၀/၂၀၀၃(၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၇၂/၂၀၀၃(၆)

၂၀၀၄ ခုနှစ်၊ မေလ

ပထမအကြိမ်

တန်ဖိုး - ၃၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။








မောင် ကျော် လှိုင်
**စေတနာစာပေ**
မှ
စီစဉ်သည်။

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



## [၁]

အကယ်၍သာ သူ့တွင်…၊

ဦးလေးထူးတစ်ယောက်၏ သံယောဇဉ်ရှိမနေခဲ့ပါက ဤမြို့နှင့် ဤဒေသသို့ မည်သည့်အခါမျှ ပြန်လည်ရောက်ရှိလာလေတော့မည် မဟုတ်ပါ။

ယခုမူ လုပ်ငန်းတစ်ခုလုံး၌ သူ၏ဆုံးရှုံးမှုအကျိုးသင့် အကြောင်းသင့်ကလေးကိုပင်ဖြစ်စေ၊ ဦးလေးထူးအား ပြောကြားအစီရင်ခံသင့်သေးသည်ဟု ယူဆမိလေသောကြောင့်သာ ဤမြို့နှင့်ဤဒေသသို့ ပြန်လည်ရောက်လာရခြင်းပင်။

ဤမြို့သည် ပဲခူးမြို့ဖြစ်ပါ၏။

ဤဒေသသည် လိပ်ပြာကန် (၃၂)လမ်းဖြစ်ပါ၏။

ကုန်တင် လော်လီကားကြီးသည် လက်ပြတိုင်ကိုလွန်ကာ ဈေးကြီးအနီးသို့ မရောက်တစ်ရောက်နေရာတွင် ရပ်ပေးပေသည်။ သူသည် ကားကြီး၏ ရှေ့ခန်းမှ တည်ငြိမ်အေးဆေးစွာပင် ဆင်းသက်လိုက်၏။

သူသွားလိုသည်မှာ လိပ်ပြာကန် (၃၂)လမ်းသို့ ဖြစ်စေကာမူလည်း ခရီးကြုံ လမ်းကြုံလိုက်ပါလာရသည်မို့ ဤမျှလောက်နေရာတွင် ရပ်ပေးလျှင်ပင်တော်လောက်ပေပြီ။

သို့တမူ လက်ပြတိုင်အလွန်နှင့် လိပ်ပြာကန်(၃၂)လမ်းဆိုသည်မှာ ဝေးလှသည်ဟူ၍လည်း မဆိုကောင်း၊ အလွန်ဆုံးရှိလေပါမှ တခေါ် တပြမျှသာ။ သူ့တွင်အလေးအပင်ပစ္စည်းအနေနှင့်လည်း မယ်မယ်ရရ ပါသည်မဟုတ်။ လက်ဆွဲအိတ်တစ်လုံးမျှသာလျှင် သူပိုင်ပစ္စည်းဖြစ်နေချေသည်။

"ကျေးဇူးတင်တယ်မိတ်ဆွေ၊ ကဲ..ကျုပ်ကို သယ်ယူလာရတဲ့ ယာဉ်ခ ဘယ်လောက်ပေးရမလဲ-ပြော"

"မလိုပါဘူးဗျာ...ခရီးကြုံလမ်းကြုံပဲဟာ...ပခုံးပေါ်တင် ထမ်းလာရတာလည်းမဟုတ်၊ ပြီးတော့တစ်လမ်းလုံး ခင်ဗျားကျွေးတာ စားလာလို့ ဗိုက်ကြီးများတောင် ပေါက်ထွက်တော့မလားအောက်မေ့ရတယ်"

ယာဉ်မောင်းဆရာသည် ထားဝယ်သားဖြစ်ဟန်တူသည်ဟု သူက မှတ်ချက်ပြုထားသည်။ အသံဝဲပုံက ထားဝယ်သားဝဲပုံမျိုးဖြစ်သည်။ စကားပြောရာတွင် ဝဲသည့်အတွက် နားထောင်ကောင်းသလို ပွင့်လင်းရိုးသားမှုအတွက်က ပို၍ပင်ချစ်စရာကောင်းနေသေးသည်။ တကယ်တ



များ ယာဉ်မောင်းသမားသည် ဂျင်ကျကျလူရည်လည်လည် ရွှေဇမာဖြစ်ပြီး..."အဲနောင်ကြီးပဲ ကြည့်ပေးပါဗျာ"ဟုဆိုလာလေလျှင် သူ၏ အိတ်ထဲဝယ် ကျပ်တန်နှစ်ရွက်နှင့် အကြွေစေ့အနည်းငယ်သာရှိနေသောကြောင့် အခက်အခဲအနည်းအကျဉ်း တွေ့ရလိမ့်မည်ထင်သည်။ ယခုမူ တစ်လမ်းလုံးမော်တော်လော်လီကားကြီး ရပ်နားလေတိုင်း ထမင်းဆို ထမင်း၊ လက်ဖက်ရည်ဆို လက်ဖက်ရည်၊ သူကဒိုင်ခံ ဒကာခံခဲ့သည့် ကျေးဇူးကြောင့် ထားဝယ်သား ယာဉ်မောင်းသူသည် ယာဉ်ခကိုမယူပါဟု ရိုးသားစွာ ငြင်းပယ်မှုပြုနေသေးသည်။

တော်ပေသေး၏။ တန်ရာတန်ကြေး ပေးစရာမရှိသူနှင့် ကျေးဇူးကို ရာကြုံသိတတ်သူ တွေ့နေခြင်းကပင်လျှင် ပို၍ တော်ပါသေးသည်။

"ဒါဖြင့်...ကျေးဇူးတင်တယ်လို့ပဲ ထပ်ပြောပါရစေ မိတ်ဆွေ"

ထားဝယ်သားက နံပါတ်တစ်ဂီယာကို ပြန်သွင်းလိုက်သည်။

"ကျေးဇူးတင်ချင်လည်း တင်ပေါ့ဗျာ၊ ဒါပေမယ့် ကားသမားနဲ့ ခရီးသွားဆိုတာ ခုမြင်ခုမေ့တွေပါ၊ အဲဒီကျေးဇူးမျိုးက မှတ်တမ်းတင်လို့မှမရတာ.."

ပြောပြောဆိုဆိုပင် လော်လီကားကြီး၏ ကားဘီးသည်လိမ့်ထွက်စပြုလာတော့သည်။ သူသည်ကားဘီးနှင့်လွတ်ရာ နောက်တစ်လှမ်းဆုတ်ပေးလိုက်ရသည်။ ပြီးနောက် ထားဝယ်သားယာဉ်မောင်းသူ၏ စကားကို နားထဲ၌စွဲကျန်ရစ်ခဲ့ရင်း လော်လီကားကြီး၏ နောက်မြီးကိုသာ သူသည် ငေးကြည့်နေမိတော့သည်။

မှန်သင့်သလောက် မှန်ပေသည်။ ကျေးဇူးဆိုတာမျိုးသည် မှတ်

ဘမ်းဘင်ဘားအပ်သော ကျေးဇူးမျိုးရှိနေတတ်သလို မှတ်တမ်းတင်မရသော ကျေးဇူးမျိုးကလည်း ရှိနေတတ်သည်မဟုတ်ပါလား…။

သူသည် လက်ဆွဲအိတ်ကို ဘေးတွဲဆွဲပြီး ကုတ်အင်္ကျီပါးကိုပခုံးထက်၌ ခေါက်တင်ကာလိပ်ပြာကန်ဘက်ဆီသို့ လျှောက်လာခဲ့သည်။ သူ၏လှုပ်ရှားမှုမှာ လေးလေးတွဲ့တွဲ့ရှိလှသည်။ လမ်းလျှောက်သည်မှာ တစ်လှမ်းချင်း ဆန်လွန်းသည်။

လေးတွဲ့ချင်သာလေးတွဲ့ရမည်။ သူ၏အသက်အရွယ်နှင့် သူ၏ကိုယ်ခန္ဓာတည်ဆောက်ပုံသည် မြင်ယုံမျှနှင့် လှုပ်ရှားမှုအရာရာတွင် သွက်လက်သူတစ်ယောက်ဖြစ်လေမည်ဟု ထင်မှတ်ဖွယ်ရာရှိနေသည်။ တစ်ခုတော့စဉ်းစားစရာရှိသည်။ နုပျိုသူပင်ဖြစ်စေ၊ ကြံ့ခိုင်သူပင်ဖြစ်စေ၊ သတ္တဝါတစ်ခုရယ်လို့ ဖြစ်လာလေလျှင် ထိုရုပ်ဒြပ်ကို စိတ်ကသာလျှင် စိုးမိုးတတ်သည်။ စိတ်ကသာလျှင် ကွပ်ကဲတတ်သည်။ ထိုသူအားလည်း လေးတွဲ့ညစ်ညူးသော စိတ်ကအခိုက်အတန့် စိုးမိုးထားလေသည်လားမသိတတ်။

သူ၏အသက်သည် ရှိလှပါမှ သုံးဆယ်ပတ်ဝန်းကျင်မျှသာ တိတိပပဆိုလျှင်တော့ သူ၏အသက်သုံးဆယ့်နှစ်နှစ်ဖြစ်သည်။ သူ၏အရပ်သည် ထောင်မောင်းသည်။ ငါးပေရှစ်လက်မထက်မနည်း ရှိလောက်သည်။ သူ၏ခန္ဓာကိုယ်မှာ ရှည်သောအရပ်နှင့် လိုက်ဖက်အောင်ကြံ့ ကြံ့ခိုင်ခိုင်ရှိနေသည်။ သူ့တွင်စူထွက်နေသော အဆီမျိုးမရှိ။

အသားပိုတွေမရှိ။ လည်ပင်းမှ ခြေဖျားတိုင်အောင် သူ၏ခန္ဓာကိုယ်တွင် ကြွက်သားဆိုင်၊ ကြွက်သားခဲများဖြင့်သာ ဖွဲ့စည်းလျက်ရှိ



နေသည်။ ဤအရွယ်၊ ဤအသက်နှင့် ဤခန္ဓာကိုယ်ပိုင်ရှင်၏ လှုပ်ရှားမှုကိုသည် အဘယ့်ကြောင့်လေးတွဲ့နေပါလေသနည်း။

သူသည်တရွေ့ရွေ့နှင့်ပင် လိပ်ပြာကန်ထိပ်သို့ ရောက်လာသည်။ သူသည် မည်သို့မျှအပြောင်းအလွဲမရှိလေသော လိပ်ပြာကန်ကို ခေတ္တရပ်၍ကြည့်နေမိသည်။

ကန်ရေသည် နဂိုအတိုင်းပင် စိမ်းလဲ့လျက်ရှိ၏။

လိပ်ပြာကန်၏ ပတ်ဝန်းကျင်ရှိလမ်းများ၊ အဆောက်အဦများသည်လည်း သူယခင်ကရင်းနှီးပြီးသည့် အနေအထားအတိုင်း အပြောင်းအလွဲမရှိ။

ယုတ်ဆွအဆုံး လိပ်ပြာကန်၏ဘေးလမ်းမကြီးပေါ်ဝယ် ဝမ်းဘဲ၊ ရွှေခြူးနှင့် စကြာစသည့် ဆေးလိပ်ရုံများ ဆေးလိပ်လုပ်သားအမျိုးသမီးကလေးများပင် ယခင်ကအတိုင်း အကြော့အရော့ အမော့အမောက်ကလေးများဖြင့် လမ်းသလားနေသည်ကို တွေ့မြင်နေကျအတိုင်း တွေ့မြင်နေရသည်။

ရှုခင်းသည် မပြောင်းလဲ၊ ပတ်ဝန်းကျင်သည် မပြောင်းလဲ၊ ဘဝတစ်ခုပြီးတစ်ခု ပြောင်းလဲနေသည်မှာ အခြားသူများမဟုတ်၊ သူသာလျှင်ပါလား။

သူသည် သံပတ်ပေးစက်ရုပ်လို ပြန်လည်လှုပ်ရှားလိုက်ပြန်သည်။ တရွေ့ရွေ့ဖြင့် (၃၂)လမ်းထဲသို့ လျှောက်လာခဲ့ပြန်၏။

◆ ◆ ◆ ◆ ◆

[၂]

ခြံဝင်းသည် ကျယ်ပြောသည်။ ပတ်ပတ်လည်တွင် ကွမ်းသီးပင်များရှိနေ၏။ ခြံ၏အလယ်တွင် တိုက်ခံပျဉ်ထောင်နှစ်ထပ်အိမ်အိုတစ်လုံးရှိနေသည်။

ထိုဝန်း၊ ထိုခြံနှင့်ထိုအိမ်သည် တလောကလုံးတွင် သူခင်တွယ်စရာတစ်ဦးတည်းကျန်ရှိလေသေးသော ဦးလေးထူး၏ အိမ်ပင်ဖြစ်တော့သည်။ သူသည်ပိတ်ထားစေကာမူ ဖွင့်နေကျအတိုင်း ခြံတံခါးကိုလက်လျှို၍ဖွင့်လိုက်သည်။ ပြီး…အိမ်၏ဆင်ပင်တံခါးဆီးသို့ ဝင်လာခဲ့၏။

"လာဟေ့…ငဇော်…မင်းလာမယ်ဆိုလို့ ကော်ဖီတောင်ငါဖျော်ထားသကွ…စားပွဲပေါ်မှာ ကရားလိုက်ရှိလေရဲ့…"

"သောက်မယ်ဦးလေးထူး…ကျွန်တော့်အဖို့ ဘာတွေပဲပြောင်းလဲပြောင်းလဲ ကော်ဖီကြိုက်တာတော့ မပြောင်းလဲသေးပါဘူး"



ဦးလေးထူးက ကျေနပ်စွာရယ်လိုက်သည်။

"လောကကြီးမှာ ဘာမဆိုပြောင်းလဲနေတာပဲ ငဇော်ရယ်၊ ပြောင်းလဲတာဟာ တိုးတက်မှုရဲ့ လမ်းစပဲကွ။ အေး…တစ်ခုပဲရှိတယ်။ အခြေအနေကြောင့် အပြောင်းအလဲတွေကို ရင်ဆိုင်ရသမျှ စိတ်ဓာတ်ကျမသွားဖို့ပဲကွ၊ ယောကျ်ားတစ်ယောက်အတွက် စိတ်ဓာတ်ကျပြီဟေ့ဆိုရင်…အဲဒီယောကျ်ားဟာ ထမီသာကောက်ဝတ်တော့ ငဇော်…"

ဦးလေးထူးက ထပ်ဆင့်ရယ်ပစ်လိုက်ပြန်သည်။

"ငါ့ကိုကြည့် ငဇော်….တစ်နေ့တစ်နေ့ ဘီးတပ်ကုလားထိုင်ကြီးပေါ်မှာ ထိုင်နေရတဲ့ ငုတ်တုတ်နာ လူမမာကြီးကွ၊ ဒါပေမဲ့ အဲဒါကြောင့် စိတ်ဓာတ်ကျလိမ့်မယ်များထင်သလား။ ဝေးသေးကွာ…တစ်နေ့ကျရင် ငါခြေထောက်တွေပြန်ကောင်းလာပြီး လမ်းကိုလျှောက်ပြဦးမယ် ငဇော်"

ဦးလေးထူး၏စကားကို သူသည်ကြည်နူးစွာပြုံးလိုက်မိသည်။

"အင်း…ဦးလေးထူးနဲ့တွေ့မှပဲ ကျွန်တော့်မှာ အားသစ်အင်သစ်တွေ ပြန်ပြည့်လာသလိုပဲ ဦးလေးထူး"

"အဲဒါ…မင်းလူညံ့ပဲ ငဇော်…၊ မင်းဘယ်သူနဲ့ တွေ့ပြီးမှ အားသစ်အင်သစ်တွေ ပြည့်လာစရာမလိုဘူး။ မင်းအသက်အရွယ်၊ မင်းကျန်းမာရေးနှင့် မင်းပညာဟာ မင်းအတွက်အမြဲတမ်းပြည့်နေတဲ့ အင်အားဖြစ်ရမှာပေါ့ကွ…"

သူသည် ဧည့်ကုလားထိုင်တစ်လုံးပေါ်သို့ သူ၏လက်ဆွဲအိတ်နှင့် ကုတ်အင်္ကျီကိုပစ်တင်လိုက်သည်။ ထမင်းစား စားပွဲဆီသို့လျှောက်လာ

ခဲ့သည်။ ကြောင်အိမ်ထဲမှ မတ်ခွက်တစ်လုံးထုတ်ယူကာ ကရားထဲမှ ကော်ဖီများမတ်ခွက်ပြည့်ထည့်ယူပြန်၏။ ထို့နောက်မတ်ခွက်ကိုကိုင်ကာ ဧည့်ခန်းကုလားထိုင်သို့ ပြန်လာထိုင်ပြီး ကော်ဖီကိုအရသာခံကာ သောက်နေမိသည်။

ဦးလေးထူး သူ၏ဘီးတပ်ကုလားထိုင်ကြီးကို ရွှေ့လျားလာကာ သူနှင့်မျက်နှာချင်းဆိုင်၍ ရပ်လိုက်သည်။

"မှန်တဲ့အတိုင်း ပြောစတမ်းဆိုရင်တော့ ကျွန်တော်စိတ်ဓာတ်ကျနေတယ် ဦးလေးထူး၊ အဲဒီလို စိတ်ဓာတ်ကျလောက်အောင်လည်း အခြေအနေတွေက တစ်မျိုးပြီးတစ်မျိုး ဖြစ်လာခဲ့တယ်မဟုတ်လား။ ဒါပေမဲ့ ဒီကျနေတဲ့ စိတ်ဓာတ်ဟာ အခိုက်အတန့်ဧည့်သည်သဘောပါ"

"အဲဒီဧည့်သည်ကို အဆင်မခံနဲ့ ငဇော်၊ တစ်ခါတည်း တံခါးပိတ်ထားလိုက်။ မင်းဟာ ဗိုလ်ကြီးဟောင်းတစ်ယောက်ပဲ၊ အရာရာမှာ ကြံ့ကြံ့ခံနိုင်ရမှာပေါ့။ မင်းရဲ့…စစ်သက်ဟာ ၁၀-နှစ်တောင်ကျော်တဲ့အထိ ရန်သူအမျိုးမျိုး၊ ကျည်ဆန်အမျိုးမျိုးကို ရင်ဆိုင်လာခဲ့သေးတာပဲကွ ငဇော်… မင်းပြန်စဉ်းစားကြည့်စမ်း၊ မင်းဟာ တက္ကသိုလ်က ဥပစာ(ခ)တန်းကို အသက်(၁၈)နှစ်သားမှာ အောင်ခဲ့တယ်။ အဲဒီနှစ်မှာပဲ ဗိုလ်သင်တန်းတက်ခဲ့တယ်မဟုတ်လား"

သူသည် ဦးလေးထူးအား လက်တစ်ဘက်ဝှေ့ပြလိုက်ပြီး…

"အဲဒါတွေထားလိုက်ပါတော့ ဦးလေးထူး…ကျွန်တော်အခုလောလောဆယ်လုပ်လာခဲ့တဲ့ ကျောက်တူးတဲ့အလုပ်အကြောင်းပြောကြရအောင်လား"



ဦးလေးထူးက နှစ်ခြိုက်စွာရယ်လိုက်ပြန်သည်။

"မင်းဆန္ဒသိပ်ရှိနေရင်တော့ ပြောပေါ့ငဇော်…ဒါပေမဲ့ အဖြေကို ဦးလေးထူးက သိနေပြီးသားပဲ၊ မင်းမှာ ငွေကုန်လူပန်းဖြစ်သလောက် အညှာပန်းကျောက်ကလေးလောက်တောင် မင်းမရခဲ့ဘူး။ မအောင်ခဲ့ဘူးမဟုတ်လား။ အဲဒါအဆန်းလား ငဇော်"

"ဘာပဲဖြစ်ဖြစ်…ဦးလေးထူးဆီက ကျွန်တော်ယူသွားတဲ့ ငွေနှစ်သောင်းစလုံး ချွတ်ခြုံကျလာတဲ့အတွက် ကျွန်တော်….စိတ်မကောင်းမိဘူး ဦးလေးထူး၊ တကယ်ဆိုရင် ဦးလေးထူးမှာ ရောဂါကုဖို့ငွေဟာ အမြဲလိုနေမှာပဲမဟုတ်လား"

ဦးလေးထူး၏မျက်နှာသည် တည်သွားတော့သည်။

"မင်းလူညံ့ပဲ"ဟုလည်း ဦးလေးထူးက ဒုတိယအကြိမ် သူ့အား ခပ်စွဲလိုက်ပြန်သည်။ ထို့နောက်သူ၏ ပျဉ်ထောင်တိုက်ခံအိမ်ကြီးတစ်ခုလုံးအား လက်ညှိုးကြီးဖြင့် ဝှေ့ပြလိုက်ခါ…

"ကြည့်စမ်း ငဇော်၊ ငါ့မှာနေဖို့အတွက် ခြံဝန်းနဲ့တိုက်ခံပျဉ်ထောင်အိမ်ကြီးရှိတယ်။ စားဖို့အတွက်လည်း ငွေကြေးရှိသေးတယ်။ ဆေးကုဖို့လည်း ငါ့မှာလုံလုံလောက်လောက် ကျန်ပါသေးတယ်။ ဒီကြားထဲ ငါသေသွားရင်တောင် ဒီခြံ၊ ဒီအိမ်နဲ့ ဒီငွေတွေကို မင်းကလွဲပြီး ပေးသွားစရာ ငါ့မှာမရှိဘူး ငဇော်၊ ဒီအခြေအနေတွေနှင့် ဒီငွေတွေဟာ ငါအရွယ်ကောင်းတုန်းက မိုးကုတ်မှာသိန်းကျောက်အောင်ပြီး ရလာခဲ့တာပဲမဟုတ်လား"

ဦးလေးထူးက စကားကို တစ်ထောက်နားကာ ကျွန်တော့်အား

ပြုံး၍ စူးစူးစိုက်စိုက်ကြည့်လိုက်ပြန်သည်။ ပြီးမှ…

"မြေကြီးထဲက ကျောက်သံပတ္တမြားကိုတူးရတာ၊ ပင်လယ်ထဲက ငါးကိုဖမ်းသလောက်တော့ ဘယ်မှာသေချာပါ့မလဲ ငဇော်… ကံဆိုးကံကောင်းဆိုတာက ရှိနေသေးသကိုးကွ။ ဒီတစ်ခါ မအောင်ရင် နောက်တစ်ခါပေါ့ ငဇော်"

သူကပခုံးကို တွန့်ပြလိုက်သည်။ ဒီတစ်ခါမအောင်ရင် နောက်တစ်ခါပေါ့ဟု ဦးလေးထူးက အားပေးရှာ၏။ သို့သော် သူ့အတွက် နောက်တစ်ခါဆိုသည်မှာ မရှိစကောင်းတော့ပေ။ တပ်မှထွက်ခဲ့စဉ်က ရခဲ့သောငွေတွေသာမက ဦးလေးထူးထံမှ ငွေနှစ်သောင်းပင် မြေကိုတူးရင်း…ကျောက်ကိုရှာရင်း…ကုန်လေပြီ။

တကယ်အမှန်တွင်မူ ဦးလေးထူးသည် တစ်ဦးတည်းသော တူတော်မောင် သူ့အားစိတ်ဓာတ်မကျစေရန် အားပေးအားမြှောက်ပြောနေစေကာမူလည်း အဘိုးကြီး၌ ငွေသားလက်ကျန် ဘဏ်တွင်သိပ်မရှိတော့မှန်းသူသိသည်။

မည်သို့ဆိုစေ…ဦးလေးထူးထံမှ သူယူသွားခဲ့သော ငွေနှစ်သောင်းကိုမူ သူသည် ရောဂါသည်ဦးလေးထူးအား ပြန်လည်ပေးဆပ်လိုသည်။ ယခုမပေးနိုင်သည့်အတွက် သူ့မှာစိတ်မကောင်းဖြစ်ခဲ့ရသည်။ ကျောက်အောင်ခြင်းသည် ကံကောင်းသောသူမှ အောင်တတ်သလို စောစောက ဦးလေးထူးပြောခဲ့သည့်စကားသည် မှန်လောက်ပေ၏။ သူ့တွင် ကျောက်မအောင်ဘဲ ချွတ်ခြုံကျလာသည်ကပင် ကံမကောင်းကြောင်း ထင်ရှားလှသည်။ သူကံမကောင်းခဲ့သည်မှာ ယခုမှပင်မဟုတ်၊ နှစ်နှင့်



ချီ၍ပင် ကြာလေပြီ။ ဤအတွက်ပင် သူ့မှာစိတ်ဓာတ်တွေ ကျလာခဲ့ရသည်မဟုတ်ပါလား…။

အတိတ်ကိုစမြုံ့မပြန်လိုသဖြင့် သူသည်မတ်ခွက်ထဲမှ ကော်ဖီကို သာဖိသောက်လိုက်တော့သည်။

"ဘယ့်နှယ်လဲ ငဇော်…ကော်ဖီကောင်းရဲ့လားကွ"

"ကျွန်တော့်အကြိုက် အချိုပေါ့ခါးခါးပဲ ဦးလေးထူးရာ…ဒီကော်ဖီသိပ်ကောင်းတာပေါ့"

"အေး…မင်းစာအရ ဒီနေ့မင်းပဲခူးကို ပြန်ရောက်မယ်ဆိုလို့ မင်းအကြိုက် ငါဖျော်ထားပြီး မင်းကိုမျှော်နေတာပဲ၊ ငါ့လိုပဲ မင်းကို မျှော်နေတဲ့ လူတစ်ယောက်လည်း ရှိသေးတယ် ငဇော်"

"ကျွန်တော့်ကိုမျှော်နေတဲ့လူတစ်ယောက်…"

သူသည် ပါးစပ်တွင်တေ့ထားသော ကော်ဖီမတ်ခွက်ကို စားပွဲပေါ်သို့ ချလိုက်ပြီး အံ့အားသင့်စွာ ဦးလေးထူးကို စိုက်ကြည့်လိုက်သည်။

"အေး…မင်းကိုမျှော်နေတဲ့ လူတစ်ယောက်ပဲ၊ ဒါပေမဲ့ လူထီးမဟုတ်ဘူး ငဇော်၊ လူမလေး…အလွန်လှပတဲ့ လူမလေးကွ၊ မနေ့ညနေက ငါ့ဆီရောက်လာတယ်။ ကိုဇော်မနက်ဖြန် ပဲခူးကိုရောက်မယ်ဆိုတာ အဟုတ်ပဲလား ဦးလေးတဲ့…။ ငါက ငဇော်ရဲ့ စာအရဆိုရင်တော့ နက်ဖြန်ရောက်မှာပဲလို့ပြောလိုက်တော့ ကိုဇော့်ကိုပဲခူးမှာ ညအိပ်ပြီး စောင့်နေမယ်တဲ့လေ…သွန်းဘုရားလမ်းက ဦးကြီးမြိုင်ရဲ့ အိမ်မှာ သူရှိနေပါမယ်တဲ့ကွ…"

"သူ့နာမည်က…"

"သူ့နာမည်က လေးလေးမြင့်တဲ့…၊ မင်းဟာ သူ့ကိုကောင်းကောင်းကြီး သိပါသတဲ့ ငဇော်…."

"လေးလေးမြင့်"ဟူသော နာမည်ကြားရသည်ဆိုလျှင်ပင် သူ၏မျက်နှာ အသွင်သည်ကျောက်ပြင်ကဲ့သို့ မာကျောသွားလေတော့သည်။ မေးရိုးများသည် ကြိတ်လိုက်သောအံသွားကြောင့် ထောင်ထလာလေသည်။ ဒါကို ဦးလေးထူးက သတိပြုမိလေဟန်တူ၏။

"မင်းမျက်နှာက ဘယ်လိုဖြစ်သွားတာလဲ ငဇော်"

"ဘာမှ မဖြစ်ပါဘူး"

ဦးလေးထူးက ရယ်လိုက်ပေသည်။

"အေး…ဟုတ်မယ်။ ဘာမှမဖြစ်ဘူးဆိုတဲ့ မင်းမျက်နှာက သံတွေခဲတွေ မျိုမိတဲ့ မျက်နှာမျိုးဖြစ်သွားသလားလို့ပါ၊ ကဲ..ပြောစမ်း၊ အဲဒီလုံမ လုလုလေးဟာ တကယ်ပဲမင်းနဲ့ ကောင်းကောင်းကြီးသိခဲ့သလား ငဇော်…"

"ကြာပါပြီ ဦးလေးထူး၊ သူ့ကိုကျွန်တော် ကောင်းကောင်းကြီးသိခဲ့တာ ကြာပါပြီ"

"ဒါပေမဲ့ မင်းတို့ကောင်းကောင်းကြီးသိခဲ့ရပုံက ရိုးရိုးမိတ်ဆွေထက်တော့ သာလွန်လိမ့်မယ် ဟုတ်ရဲ့လား…"

"ဟုတ်တယ်လို့ပဲ ဖြေရမှာပဲ ဦးလေးထူး၊ တကယ်တမ်းသစ္စာမဖောက်ကြစတမ်းဆိုရင် သူနဲ့ကျွန်တော်ဟာ အခုလောက်ဆိုရင် ကလေးတောင်ချီနေကြလောက်ပြီပေါ့…"



ဦးလေးထူးသည် ပြတင်းပေါက်မှ အဝေးသို့မျှော်ကြည့်လိုက်သည်။ ဦးလေးထူးကြည့်ရာသို့ သူကလည်းယောင်တိယောင်ချာလှမ်းကြည့်လိုက်သည်။ လေအလူးတွင် ကွမ်းသီးပင်များက ယိမ်းနွဲ့မြူးနေကြသည်။ ရေမြေကောင်းသောကြောင့် အသီးခိုင်မှာပြွတ်နေပါလေ၏။ ဝါသော ကွမ်းသီးများကဝါ၍ စိမ်းသေးသောကွမ်းသီးများက စိမ်းလျှက်ရှိနေကြသည်။

"ဒီအတွက် မင်းစစ်တပ်က ထွက်စာတင်ပင်စင်ယူလိုက်တာပဲမဟုတ်လား ငဇော်"

ဟုတ်တော့ဟုတ်သည်၊ သို့သော်…သူက ဦးလေးထူးအား ဟုတ်ပါသည်ဟု ဝန်မခံချင်ပေ။ ဘာမျှအဖြေမပေးဘဲနေလိုက်သည်။ တကယ်တွင်မူ လေးလေးမြင့်သစ္စာအဖောက်တွင် သူ၏စိတ်များသည် ယောက်ယက်ခတ်တော့သည်။ တာဝန်ထမ်းဆောင်ရသည်က ဥာဏ်ကို အလွှာလိုက်ထုတ်သုံးရသော တပ်မတော်အရာရှိဖြစ်နေသည်။ သူသည် စိတ်၏အစိုးမိုးကိုခံရကာ တာဝန်များ မကျေမပွန်ဖြစ်လာသည်။ ထို့ပြင်လေးလေးမြင့်အား ဆုံးရှုံးခဲ့ရပြီးနောက် သူ့တွင် အနာဂတ်ဆိုသည်မှာ မရှိတော့။ ပစ္စုပ္ပန်ကို လည်း သူမတွယ်တာတော့။ သို့မို့ကြောင့်ပင် တပ်မှထွက်လာခဲ့သည်။ ဤသည်ကစ၍ပင် သူသည် ကံမကောင်းလေတော့သော သူတစ်ယောက်ဖြစ်လာရတော့သည်။

"ဆိုစမ်းပါဦး ငဇော်…မင်းတို့ဟာက…"

"ဒီမိန်းမက သစ္စာမရှိဘူး ဦးလေးထူး၊ နှလုံးသားမာလွန်းတယ်၊ ဦးကျော်သူဆိုတဲ့လူကို ဒီမိန်းမကလက်ထပ်သွားတယ်"

"ဟ…ဘာလို့လဲကွ၊ မင်းကိုယ်တိုင်ဟာ အရာရှိအဆင့်ရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ၊ ပြီးတော့အသောက်အစား၊ လောင်းကစားမရှိဘူး၊ အကျင့်စာရိတ္တကောင်းတယ်"

သူကရယ်လိုက်ပေသည်။ သူ၏ရယ်သံသည် အသက်မပါလှ၊ ခြောက်ကပ်ကပ်နိုင်လှသည်။

"ဒါဖြင့် ဦးကျော်သူဆိုတာက…"

"ဦးကျော်သူဆိုတာက လိုချင်တဲ့မော်တော်ကားမျိုး ဝယ်စီးနိုင်တယ်၊ အင်းယားကန်စောင်းလိုနေရာမှာ ဟိန်းနေတဲ့တိုက်ကြီးရှိတယ်။ ဝင်ငွေဆိုတာက သောင်းနဲ့သိန်းနဲ့မှ စကားပြောတတ်တဲ့လူ၊ အဲ.. အသက်ကြီးတာတို့ အကျင့်မကောင်းတာတို့ဆိုတာက လေးလေးမြင့်လို မိန်းကလေးအတွက် ထည့်တွက်စရာ ဟုတ်ချင်မှဟုတ်မှာကိုး"

"အင်း…အင်း…ဒါကြောင့် မင်းအသည်းကွဲပြီး ထင်ရာစိုင်းလိုက်တော့တာပေါ့ ဟုတ်ရဲ့လား"

"အဲဒီလိုဟုတ်လိမ့်မယ်လို့ ကျွန်တော့်ဟာကျွန်တော် ထင်မိတာပဲ ဦးလေးထူး"

"မင်းဆာနေရောပေါ့ ငဇော်၊ မနက်စာ ဦးလေးထူးနဲ့ပဲ စားပေါ့ကွ၊ တော်ကြာ ထမင်းချိုင့်လာပို့တော့မှာ"

"နေပါစေ ဦးလေးထူး…လမ်းမှာကျွန်တော်စားလာတာ မနည်းမနောပဲ၊ အခု ကျွန်တော်ဦးလေးထူးဆီ ဝင်လာတာက ကျောက်ထူးရာမှာ မအောင်မြင်တာကိုပြောချင်လို့ ပြီးတော့ ဦးလေးထူးရဲ့ ငွေနှစ်သောင်းနဲ့ပတ်သက်ပြီး…"



"တော်တော့ ငဇော်…၊ မင်းအခုလောလောဆယ် ဘယ်သွားမယ်၊ ဘာလုပ်မယ်ဆိုတာလောက်သာပြော၊ ငါ့သဘောကတော့ ဒီ ပဲခူးအိမ်မှာပဲ တစ်ရက်တန်သည်၊ နှစ်ရက်တန်သည် မင်းနားနားနေနေ နေပြီးမှ ဘာလုပ်မယ်၊ ဘယ်သွားမယ်ဆိုတာ ထပ်စဉ်းစားစေချင်တယ်"

"ကျွန်တော် ရန်ကုန်ကိုဆက်သွားမလို့ ဦးလေးထူး"

"ဒါတော့ မင်းသဘောပဲ၊ ဒါထက်မင်းမှာ…"ဟု ဦးလေးထူးသည် စကားကိုဆုံးအောင်မပြောဘဲ သူ၏ဘီးတပ် ကုလားထိုင်ကြီးကိုရွှေ့လျားကာ သူ၏အိပ်ခန်းဆီသို့ဝင်သွားလေ၏။ မိနစ်ပိုင်းအတွင်း ပြန်ထွက်လာပြန်ကာ ငါးကျပ်တန်တစ်ရာရှက်ပါသော ငွေငါးရာအုပ်ကို ဘုတ်ခနဲ သူ၏ရှေ့သို့ ပစ်ပေးလိုက်ပြီးနောက်…

"ခရီးသွားတယ်ဆိုတာ ပိုက်ဆံကသိပ်အဓိကကျတာကွ"

"ကျွန်တော် မလိုချင်တော့ဘူး ဦးလေးထူး"

"ဘာလို့မင်းက မလိုချင်ရမှာလဲ ငဇော်၊ ငါ့အနေနဲ့ နောက်ထပ် ငွေငါးရာကြောင့် မွဲမသွားပါဘူးကွ၊ ယူသွား…"

တကယ်တမ်း၌မူ သူ၏အိတ်ထဲ၌ ငွေနှစ်ကျပ်ကျော်ကျော်မျှသာ ရှိလေသည်ကြောင့် သူသည်ထပ်မံ၍ မငြင်းတော့ပဲ ငါးရာကျပ်တန် အုပ်ကို အိတ်ထဲသို့ထည့်လိုက်မိသည်။

"ကျေးဇူးဘဲ ဦးလေးထူး…ဟိုငွေနှစ်သောင်း…"

"ထားလိုက်စမ်းပါ အဲဒီငွေနှစ်သောင်းကိစ္စကို၊ ဒါပေမဲ့ မင်းကို [illegible]တစ်ခုတော့ပြောပါရစေငဇော်၊ မင်းသွန်းဘုရားလမ်းမှာ မင်းကိုစောင့်

နေရာတဲ့ လေးလေးမြင့်ကိုတော့ သွားပြီးတွေ့ဖြစ်အောင် တွေ့လိုက်ပါ။ ငါကလောကကြီးမှာ တာဝန်ကျေချင်တဲ့လူကိုးကွ၊ မင်းပြန်ရောက်ရင် ဦးကြီးမြိုင်အိမ်ကို ငါကလွှတ်လိုက်မယ်လို့ မင်းကောင်မလေးကို ငါကတိပြုလိုက်မိတယ်။ အဲဒီငါ့ကတိကိုတည်သွားအောင် မင်းကဖြည့်စွက်ပေး ငဇော်၊ ဒါပဲ"

ယင်းကိစ္စအတွက်ကိုမူ သူသည်ခေါင်းခါချင်လှသည်။ သူ့အနေနှင့် လေးလေးမြင့်အား မည်သည့်ပုံစံမျိုးနှင့်ဖြစ်စေ ပြန်လည်၍ မျက်နှာချင်းမဆိုင်ချင်လိုလှပေ။ တတ်နိုင်သမျှ လေးလေးမြင့်နှင့် ဝေးလေသောနေရာတွင်သူနေလိုသည်။ သို့သော် ဦးလေးထူး၏ ဆန္ဒကိုမူ သူ့တွင်ပယ်ရှားရန်ခက်လှသည်။

"ဘယ်လိုလဲကွ ငဇော်"

"ကျွန်တော်သွားတွေ့ပါ့မယ် ဦးလေးထူး၊ သွန်းဘုရားလမ်း ဦးကြီးမြိုင်အိမ်မှာရှိနေမယ့် လေးလေးမြင့်ကို ကျွန်တော်သွားတွေ့ပါ့မယ်"

ဦးလေးထူးက ပြုံးလိုက်သည်။ သူကမပြုံးမရယ်ပဲ လက်ဆွဲအိတ်နှင့် ကုတ်အင်္ကျီကိုကောက်ယူကာ ဦးလေးထူးအိမ်မှ ထွက်လာခဲ့တော့သည်။

◆ ◆ ◆ ◆ ◆



## [၃]

တံခါးဖွင့်ပေးသူမှာ လေးလေးမြင့် ကိုယ်တိုင်ပင်တည်း။

ဦးကြီးမြိုင်၏အိမ်ဟု ဆိုစေကာမူ သူရောက်သွားပြီး တံခါးခေါက်သည့်အချိန်၌ အိမ်ကြီးတစ်ခုလုံးတွင် လေးလေးမြင့်မှလွဲ၍ ဦးကြီးမြိုင်တို့ မိသားစု တစ်ဦးတလေမျှ အိမ်ကြီးထဲ၌ရှိနေသည်ကို မတွေ့ရပေ။

လွန်ခဲ့သော သုံးနှစ်ကျော်ကျော်က သူ၏လေးလေးမြင့်သည် ယခု တွေ့ရပြန်တော့လည်း ဟိုတုန်းက လေးလေးမြင့်အတိုင်းသာ၊ ဦးလေးထူးပင် စိတ်ဝင်စားလောက်အောင် လေးလေးမြင့်၏ မျက်နှာသည် လှဆဲပဆဲဖြစ်လေသည်။ လေးလေးမြင့်၏ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်၏ အတင်းအရင်း၊ အမို့အမြင့်နှင့် အဟိုက်အရှုပ်တို့သည် ဟိုအတိုင်းပင် ပုံမပျက်၊ ပန်းမပျက်ရှိနေကြသေးသည်။

ခိုးသားဓါးပြများဖြင့် တွေ့ရှိလေသောရဟန္တာအရှင်မြတ်ကို သုံးနှစ်သုံးမိုးကျွန်ခံပြီးလေမှ ရရှိရသောဝတ်စုံအား လှူဒါန်းလေသဖြင့် အဘိပါရကစစ်သူကြီး၏ ဇနီးဘဝ၌ လှချင်တိုင်းလှနေရှာသော ဉမ္မာဒန္တီကဲ့သို့ပင် လေးလေးမြင့်သည် ဘဝတစ်ခုခုက သူတော်စင်သူတော်မြတ်တစ်ဦးတလေသို့ အလှူအတန်းရက်ရောမိလေသောကြောင့် ယနေ့လောက်များ လှချင်တိုင်းလှနေပေသည်လား...။

"ဟော...ကိုဇော် လေးလေးဆီကို ကိုဇော်ရောက်အောင်ပဲလာခဲ့တယ်နော်"

"ကျုပ်နာမည် ဇော်မြင့်ဝင်းပါ မလေးလေးမြင့်၊ ကျုပ်ကိုဦးလေးထူးက ဆက်ဆက်သွားတွေ့ပါဆိုလို့ ကျုပ်လာတွေ့တာပါ"

"ဟွန်း...ကိုဇော်ပြောပုံကြီးက တစိမ်းဆန်လိုက်တာ၊ ကဲပါ.. အိမ်ထဲကိုဝင်ပြီး ထိုင်ပဲထိုင်ပါဦးတော့..."

ဇော်မြင့်ဝင်းသည် တည်တည်ခန့်ခန့်ပင် အိမ်ထဲသို့ဝင်လာခဲ့သည်၊ ကုလားထိုင်တစ်လုံး၌ ဣန္ဒြေရရ ဝင်ထိုင်လိုက်သည်။ လေးလေးမြင့်သည် ဇော်မြင့်ဝင်းနှင့် မျက်နှာချင်းဆိုင်ကုလားထိုင်၌ ဝင်ရောက်၍ထိုင်လိုက်ရင်း ပြုံးလိုက်ပြန်သည်။ သူမ၏အမူအယာကိုကြည့်ရုံနှင့်ပင် သူမသည် ဇော်မြင့်ဝင်းကို တွေ့ရပြီးနောက် ရွှင်မြူးနေကြောင်းပေါ်လွင်လွန်းနေသည်။

"ဝမ်းသာလိုက်တာကိုဇော်ရယ်...ကိုဇော့်ကိုပြန်တွေ့ချင်လို့ ပေါ့ လေးလေးမနေ့ကတည်းက ပဲခူးကိုရောက်နေတာကိုဇော်"

"ထပ်ပြောပါရစေ မလေးလေးမြင့်...ကျုပ်နာမည် ကိုဇော်



ဟုတ်ပါဘူး။ ဇော်မြင့်ဝင်းပါ။ ဂလေးလေးမြင့် မနေ့ကတည်းကရောက်ဦး ကျုပ်နဲ့တွေ့ချင်နေပါတယ်လို့ ဦးလေးထူးကကျုပ်ကို ပြောလိုက်လို့ ကျုပ်လာခဲ့တာပါ"

"အို...လေးလေးအဖို့တော့ ကိုဇော်ဟာကိုဇော်ပဲ၊ ဟိုတုန်းကလည်းကိုဇော်ပဲ၊ အခုလည်း ကိုဇော်ပဲ၊ ကိုဇော်မြင့်ဝင်း မကလို့ ကိုဇော်မြင့်ဝင်းရဲ့ ဘိုးအေကြီးဖြစ်နေဖြစ်နေ၊ လေးလေးအတွက် ကိုဇော်ဟာ ကိုဇော်ပဲ၊ ကိုဇော်လို့ခေါ်တာမကြိုက်လို့ အဲဒီနေရာမှာ လဲသေချင်သလိုက် ကိုဇော်"

ဇော်မြင့်ဝင်းက ပြုံးလည်းမပြုံး၊ ရယ်လည်းမရယ်၊ အမည်နာမတစ်ခုဆိုသည်မှာ သတ်မှတ်ချက်တစ်ခုသာဖြစ်သည်။ သူကခေါ်သည်ကို ကိုယ်ကနားလည်လျှင်လည်း ပြောလို့ဆိုလို့ ပြီးမြောက်နိုင်သည်။ ၎င်းအတွက်ထပ်မံ၍ အငြင်းပွားစောဒကတက်ရန်မလိုဟု ဇော်မြင့်ဝင်းက ယူဆလိုက်မိသည်။

"ဦးလေးထူးကပြောတယ်၊ ကိုဇော်ဟာ မိုးကုတ်မှာကျောက်တူးတာ မအောင်မြင်ဘူးတဲ့...ဟုတ်လားကိုဇော်"

"အရှုံးပေါ်တယ်၊ ဘာကျောက်မှမရဘူး မလေးလေးမြင့်"

"အဲဒီအတွက် လေးလေးစိတ်မကောင်းပါဘူး ကိုဇော်"

ဇော်မြင့်ဝင်းသည် ထိုအကြောင်းကိုဆက်လက်ပြောရန် စိတ်မဝင်စားလှပေ။ သူ၏ဆုံးရှုံးမှုအတွက် စိတ်မကောင်းပါဘူးဆိုရုံမျှနှင့်လည်း အကြောင်းခြင်းရာနှင့် အခြေအနေကပို၍ထူးခြားလာသည် မဟုတ်ဟုသာ သူကယူဆလိုက်သည်။ ထို့ကြောင့်ပင် ဘာမှမပြောဘဲ

ဆက်လက်၍ ငြိမ်သက်နေလိုက်သည်။

"ကိုဇော်...လေးလေးရဲ့ယောက်ျားဦးကျော်သူရဲ့ အကြောင်းကို ကော ကြားပြီးပြီလားဟင်"

"ခင်မာရေးတဲ့စာထဲမှာတော့ ဦးကျော်သူဟာ ကွယ်လွန်သွားရှာ ပြီလို့သိရတယ် မလေးလေးမြင့်"

"အဲဒါဆိုရင်တော့ မပြည့်စုံတာအမှန်ပဲ ကိုဇော်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဦးကျော်သူဟာ အသတ်ခံရတာမို့ပါ"

ဇော်မြင့်ဝင်းက ထူးခြားသောအမူအယာကိုမပြပေ။ လူတစ်ယောက် အသတ်ခံရပါသည်ဆိုလျှင် လုပ်ပိုင်နိုင်ခွင့်နှင့် အရေးယူပိုင်ခွင့်မှာ ပြည်သူ့ရဲတပ်ဖွဲ့သာလျှင် ဖြစ်ပေသည်။ ထို့ပြင် ဦးကျော်သူ အသတ်ခံသေဆုံးသွားသည့်ကိစ္စသည် သူ့အတွက် ဝမ်းသာစရာလည်း မဟုတ်၊ ဝမ်းနည်းစရာလည်းမဟုတ်၊ ဦးကျော်သူကွယ်လွန်ပြီမို့ လေးလေးမြင့်အား ဇော်မြင့်ဝင်းက ပြန်လည်မျှော်လင့်ခြင်းမျိုးလည်း စိုးစဉ်းမျှမရှိ။ တစ်ခါသေဖူး ပျဉ်ဖိုးကိုနားလည်လောက်ပေပြီဟုသာ ဇော်မြင့်ဝင်းက မှတ်ယူထားသည်။

"ငိုင်လှချည်လားကိုဇော်"

"မငိုင်ပါဘူး မလေးလေးမြင့်...ငိုင်စရာအကြောင်းလည်းဘာမှ မရှိတာ။ ဒီကိုလာတာက မလေးလေးမြင့်ပြောတာကို နားထောင်ဖို့ လာခဲ့တာ။ ကျုပ်မှာကပြောစရာစကားမရှိဘူး"

လေးလေးမြင့်က ဇော်မြင့်ဝင်းအား ငေးကြည့်နေရှာသည်။ တစ် ချိန်က သူမအား အသည်းတုန်အောင်ချစ်ခဲ့သော သူမ၏ကိုဇော်သည်



သူမအပေါ်၌ စိတ်နာလျက်ရှိသေးကြောင်းက ထင်ရှားလှသည်။ လေးလေးမြင့်သည် သက်ပြင်းကလေး တစ်လုံးကိုမျှင်း၍မှုတ်ထုတ် လိုက်သည်။ ဇော်မြင့်ဝင်းက သူမကိုမကြည့်ပေ။ အဝေးသို့သာ လှမ်း ကြည့်နေသည်။

"လေးလေးတမင်တကာ ကိုဇော့်ကိုပဲခူးက လာစောင့်နေတာ ခင်မာကပြောတယ်လေ...ဒီနေ့ကိုဇော်ပဲခူးကိုပြန်ရောက်မယ်တဲ့"

"ကိစ္စက..."

"လေးလေးမှာ ဒုက္ခတစ်ခုတွေ့နေရတယ်ကိုဇော်..."

"ဦးလေးထူးပြောသားပဲ"

"လေးလေးဒုက္ခကို ဦးလေးထူးကသိသတဲ့လား"

"အဲဒီလိုတော့မဟုတ်ဘူး....မနေ့ကခင်ဗျားက ဦးလေးထူးရှေ့ မှာ ငိုပြခဲ့တယ်ဆို"

"ကြည့်စမ်း...ကိုဇော်လေးလေးကို ခင်ဗျားတွေ...ကျုပ်တွေနဲ့ ခေါ်ခြင်းလှချည်လား ကိုဇော်ရယ်"

ဇော်မြင့်ဝင်းက ဘာမှမပြော အဝေးသို့သာငေးကြည့်နေပေသည်။ ကောင်းကင်းဆီမှ ပဲခူးအဝေးကောင်းကင်ပြာသို့ ကြည့်နေပေသည်။ ကောင်း ကင်ပြာဝယ် စွန်တစ်ကောင်သည် ပျံဝဲလျက်ရှိရာမှ တစ်ဖြည်းဖြည်း ဆင်းလျက်ရှိနေသည်။ မြေပြင်ဝယ် သူ့အတွက် သုတ်ချီရန် အစာ တစ်ခုခု တွေ့လိုက်ပြီပဲဖြစ်ပေမည်။

"ကဲပါလေ...အပိုတွေပြောနေမဲ့အစား တိုတိုနဲ့လိုရင်းကိုပဲ ပြော "

“လိုရင်းပြောရရင် လေးလေးပိုက်ဆံနဲ့ အထဲမှာထည့်ထားတဲ့ စာတွေ အခိုးခံရတယ်…လေးလေးအတွက် သေးရေးရှင်ရေးလောက်ကို အရေးကြီးတဲ့စာပါ…အဲဒီစာကို လေးလေးပြန်လိုချင်တယ် ကိုဇော်”

“အဲဒီ ခိုးယူသွားတဲ့စာဟာ ဘယ်သူ့ကပေးတဲ့စာလဲ…မလေးလေးမြင့်ကို ဘယ်သူကပေးတာလဲ…မိန်းမတစ်ယောက်လား…ယောကျ်ားတစ်ယောက်လားဆိုတာကို မလေးလေးမြင့် ကျုပ်ကို ပြောနိုင်မလား”

“ယောကျ်ားတစ်ယောက်ကို ကိုဇော်”

“အင်း…ဒီလိုပဲ ဖြစ်ရမှာပေါ့”

“ဘာ…ဒီလိုဖြစ်ရမှာလဲကိုဇော်”ဟု လေးလေးမြင့်က ဆိုးဆိုးဆတ်ဆတ်ပြန်၍မေးလိုက်သည်။ လေးလေးမြင့်၏အသံဝယ် မခံချင်စိတ်ကလေးစွက်ဖက်ပါလာမှန်းသိသာလှ၏။

“ယောကျ်ား မိတ်ဆွေတစ်ယောက်ဆီက စာတွေပါဆိုတာနဲ့ ကိုဇော်ဟာ လေးလေးကိုတစ်မျိုးထင်လိုက်တာပဲ၊ ကိုဇော်တွေးတာ ထင်တာမဟုတ်ပါဘူးကိုဇော်”

“ကျုပ်ဘာတွေ တွေးတတ်တယ်၊ ထင်တတ်တယ်ဆိုတာ ခင်ဗျား မသိပါဘူး မလေးလေးမြင့်၊ တစ်သက်လုံးခင်ဗျား ကျုပ်ဝမ်းထဲမှာ ရှိတဲ့ အတွေးအထင်တွေကို သိခဲ့တဲ့ မိန်းမလည်းမဟုတ်ခဲ့ပါဘူး”

“လေးလေးကို အထင်ထပ်လွဲမှာစိုးလို့ ပြောရတာပါကိုဇော် တကယ်တော့ အဲဒီယောကျ်ားမိတ်ဆွေရဲ့စာတွေဟာ နိုင်ငံရေးနှင့်ပတ်



သက်ပြီး အကူအညီတောင်းတဲ့စာတွေပါ။ လေးလေးကပြန်ရေးထားပြီး သူ့ဆီကိုမပို့ရသေးတဲ့စာတစ်စောင်လည်း အခိုးခံရတဲ့လက်ဆွဲအိတ်ထဲမှာပါသွားခဲ့တယ်။ ဘာပဲဖြစ်ဖြစ် အစိုးရနဲ့ ငြိစွန်းတဲ့စာတွေပဲ ကိုဇော်”

“အဲဒီ ခင်ဗျားရဲ့ ယောကျ်ားမိတ်ဆွေဆိုတဲ့လူဟာ ခင်ဗျားယောကျ်ား ဦးကျော်သူ အသတ်ခံရတာနဲ့ကော ပတ်သက်စရာအကြောင်းရှိလား။ ဥပမာ…ဦးကျော်သူ အသတ်ခံရတဲ့ညက အဲဒီခင်ဗျားရဲ့ ယောကျ်ားမိတ်ဆွေဟာ ဘယ်မှာရှိနေသလဲ”

“လုံးဝမပတ်သက်ဘူးကိုဇော်၊ ဦးကျော်သူအသတ်ခံရတာက ရန်ကုန် “အင်းယားမြိုင်”တိုက်အိမ်ကြီးမှာ၊ ဟိုအဲဒီအချိန်မှာ ဒီလူက လားရှိုးမှာရှိနေတယ်။ ပြီးတော့ ဦးကျော်သူနဲ့ ဒီလူဟာ တစ်ယောက်နဲ့တစ်ယောက် ပတ်သက်စရာအကြောင်းလည်း ဘာမှမရှိဘူး။ သူတို့ အချင်းချင်းမြင်တောင်မမြင်ဘူးကြပါဘူး ကိုဇော်”

လေးလေးမြင့်ကပင် ဆက်၍ပြောပြန်သည်။

“ငွေညှစ်သမားကို လေးလေးပေးနေရတာ ငွေသုံးသောင်းတိတိရှိပြီကိုဇော်၊ ခုထက်ထိလေးလေးရဲ့စာတွေလည်း ပြန်မပေးဘူး၊ ဦးကျော်သူအသတ်ခံရတဲ့အတွက် လေးလေးဟာ အသက်အာမခံကုမ္ပဏီ ငွေနှစ်သိန်းထပ်ရဦးမှာ၊ ဒီငွေတွေရမှန်းသိရင် ငွေညှစ်သမားက မရေမတွက်နိုင်အောင် လေးလေးကို ငွေထပ်ညှစ်နေဦးမှာပဲ၊ လေးလေးရဲ့စာတွေကိုတော့ ပြန်ပေးမှာမဟုတ်ဘူး”

"စာတွေကိုပြန်ပေးရင် အဲဒီငွေညှစ်သမားဟာ အင်မတန်မိုက်လို့ ဖြစ်မှာပေါ့"

"လေးလေးကို မခနဲ့ပါနဲ့နော်...ကိုဇော်၊ ဒီကိစ္စအတွက် လေးလေးမှာ အကြပ်အတည်းပါ၊ ကိုဇော်က ထောက်လှမ်းရေးတပ်ဗိုလ်ကြီးဟောင်းဆိုတော့ ယုံယုံကြည်ကြည်နဲ့ လေးလေးအားကိုးသင့်တာ ကိုဇော် တစ်ယောက်တည်းပါ။ ဒီကိစ္စက ရဲတပ်ဖွဲ့လည်းမတိုင်ရဲဘူး။ အလွတ်စုံထောက်တွေ ဘာတွေကိုလည်း လေးလေး မယုံကြည်ဘူး ကိုဇော်"

ဇော်မြင့်ဝင်းသည် ကောင်းကင်ပြာသို့သာ ကြည့်နေမိသည်။ ရွှေစွန်ညိုသည် ဒုတိယအကြိမ်မြေပြင်သို့ စိုက်ဆင်းလာကာ အစာကိုထိုးသုတ်ပြန်သည်။ မရပြန်ပါချေ။ သူလိုသောအစာသည် အရှောင်အတိမ်း အပုန်းအအောင်း သွက်ဟန်တူ၏။ ရွှေစွန်ညို၏ ခြေသည်းလက်သည်းကြား၌ ဘာအစာမျှမရရှာပြန်ပေ။ ယနေ့အဖို့ ရွှေစွန်ညိုခမျာကံမလိုက်ဟန်တူပါ၏။

"ဒီကိစ္စကို ကျုပ်ကဆောင်ရွက်ပေးပြီဆိုပါတော့...ဆောင်ရွက်နိုင်ဖို့အတွက်...."

"ဘာတွေလိုအပ်မလဲ ကိုဇော်"

"လိုအပ်တာတွေ အများကြီးပေါ့..."

"ကိုဇော် လိုအပ်တာမှန်သမျှ လေးလေးပေးပါ့မယ် ကိုဇော်"

ထပ်မံကြိုးစားကာပျံဝဲနေသော ရွှေစွန်ညို၏ထံမှ ဇော်မြင့်ဝင်းသည် လေးလေးမြင့်နှင့်မျက်နှာချင်းဆိုင်လိုက်သည်။



"ဦးကျော်သူအသတ်ခံရတဲ့နေ့စွဲကို မှတ်မိလား"

"မေလ(၃၀)ရက်ပဲကိုဇော်၊ ညဆယ်နာရီခွဲလို့ ရဲတပ်ဖွဲ့က ကောက်ချက်ချတယ်"

မေ(၃၀)သည် လွန်ခဲ့သောနှစ်လကြာက ဖြစ်ပေသည်။ ထိုအချိန်တွင် ဇော်မြင့်ဝင်းသည် ပတ္တမြားမြေ၌ တူး၍ဆွ၍ကောင်းဆဲဖြစ်သည်။

"ငွေညှစ်နေတဲ့လူဟာ ဘယ်သူဘယ်ဝါရယ်လို့ ခင်ဗျားမသိဘူးလား"

"သူ့နာမည်ကိုတော့မသိဘူး...ပုံပန်းသဏ္ဌာန်လောက်တော့ လေးလေးပြောနိုင်တယ်။ ပြီးတော့ သူစီးတဲ့မော်တော်ကားနံပါတ်လည်း လေးလေးမှတ်ထားတယ်ကိုဇော်...လူကပုပုဝဝပုံမျိုးပဲ"

"အကောင်းဆုံးကတော့ ခင်ဗျားအနေနှင့် အလွတ်စုံထောက်ကောင်းကောင်းတစ်ယောက်ကိုငှါးသင့်တယ်။ အဲဒီငွေညှစ်သမားရဲ့ ပုံပန်းသဏ္ဌာန်နဲ့ ကားနံပါတ်ကိုပြောလိုက်ရင် အလွတ်စုံထောက်တွေဟာ ဘာဆက်လုပ်ရမယ်ဆိုတာ သူတို့နားလည်ကြပါတယ်"

"ဘယ်သူ့ကိုမှ လေးလေးမယုံကြည်နိုင်ဘူး ကိုဇော်၊ ဒီစာတွေဟာ ထပ်မံပြီး လူစိမ်းတစ်ဦးဦးလက်ထဲရောက်သွားရင် လေးလေးသာ ပြီးဒုက္ခဖြစ်မှာ..."

ကောင်းကင်ပြာမှ ရွှေစွန်ညို ချာချာဝဲကာပျံနေသလိုပင် ဇော်မြင့်ဝင်း၏အတွေးများသည်လည်း ဦးနှောက်ထဲဝယ် ချာချာလည်နေတော့သည်။ ကျောက်မအောင်၍ အရှုံးနှင့်ပြန်လာခဲ့သည့် ဇော်မြင့်ဝင်းတွင် ဆက်ပြီး ဘာလုပ်ရဦးမည်မှန်းမသိ။ လူမမာဦးလေးထူး၏ ငွေနှစ်

သောင်းကိုလည်း ပြန်ပေးချင်သေးသည်။ ယခုသူ့အား အကူအညီ တောင်းခံသူမှာ တစ်ချိန်က သူ၏ချစ်သူဟောင်းဖြစ်နေသည်။ စိတ်မှာ နေရသော ချစ်သူဟောင်းဖြစ်လင့်ကစား ယခုလိုအကြပ်အတည်းတွင် ဇော်မြင့်ဝင်းသည် မျက်နှာလွှဲနိုင်ပါမည်လား။

"ဘာပဲဖြစ်ဖြစ်..ကိုဇော်ကြိုးစားပေးပါကိုဇော်...၊ အောင်မြင်တာ မအောင်မြင်တာက လေးလေးရဲ့ကုသိုလ်ကံပေါ့၊ ကိုဇော့်ရဲ့အကူအညီရ ရင်ပဲ ဝမ်းသာလှပါပြီ"

တတိယအကြိမ် ရွှေစွန်ညိုထိုးဆင်းလာပြန်ပါလေသည်။ ယခု တစ်ကြိမ်ကောင်းကင်သို့ ပျံအတက်တွင်မူ ရွှေစွန်ညို၏ ခြေသည်းကြား တွင် လယ်ကြွက်ကြီးတစ်ကောင် ယက်ကန်၊ ယက်ကန်နှင့် ပါသွား လေတော့သည်။

ရွှေစွန်ညိုကံကောင်းသွားပေပြီ။ အဝေးတွင်မြင်ရသော မှုန်ဝါးဝါး တောင်တန်းကြီးဆီသို့ ဤကွန်ခြာရစ်စွာပျံသန်းသွားတော့၏။

"လေးလေးကို ဖြေပါဦး ကိုဇော်"

"ကောင်းပြီ ကျုပ်ဖြေမယ်။ ခင်ဗျားတောင်းခံတဲ့ အကူအညီကို ကျုပ်ပေးမယ်။ လောလောဆယ်တော့ ကျုပ်ကိုငွေနှစ်သောင်းပေးထား ပါ"

ငွေနှစ်သောင်းသည် ဇော်မြင့်ဝင်း၏ ကူညီခသာဆိုလျှင် များလွန်း နေသောကြောင့် လေးလေးမြင့်က အံ့အားသင့်စွာ ဇော်မြင့်ဝင်းကို ကြည့်လိုက်သည်။ မည်သို့ဆိုစေ...လေးလေးမြင့်အဖို့ ဇော်မြင့်ဝင်း ကသာ တောင်းခံလျှင် ထိုထက်မကသော ငွေပင်ဖြစ်စေ၊ ပေးချင်စိတ်



ရှိသည်မှာအမှန်ပင်ဖြစ်၏။ မမျှော်လင့်ဘဲ ဇော်မြင့်ဝင်းက ငွေနှစ်သောင်း တောင်းခံခြင်းကိုကြားရ၍သာ အံ့ဩမိခြင်းဖြစ်ပေသည်။

"ချက်လက်မှတ်ယူမလား ကိုဇော်"

"ရပါတယ်၊ ဒါပေမဲ့...ဦးလေးထူးနာမည်နဲ့ ငွေနှစ်သောင်း ထုတ်ယူခွင့်ကိုရေးပါ မလေးလေးမြင့်"

လေးလေးမြင့်သည် သူမ၏လက်ပွေ့အိတ်ထဲမှ ချက်စာအုပ်ကို ထုတ်ယူပြီး ဦးလေးထူးနာမည်နှင့် ငွေနှစ်သောင်းတန်ချက်လက်မှတ် ကို ရေးချလက်မှတ်ထိုးလိုက်သည်။

ဇော်မြင့်ဝင်းသည် လေးလေးမြင့် ချက်လက်မှတ်ရေးနေစဉ် သူ၏ အင်္ကျီအိတ်ထဲမှ မှတ်စုစာအုပ်ကို ထုတ်လိုက်သည်။ အလွတ်စာရွက် တစ်ရွက်တွင်...

ကျွန်တော် မလေးလေးမြင့်ထံမှ...

၂၀၀၀၀ိ/- (နှစ်သောင်းကျပ်တိတိ)

ချေးယူထားသည်။

ဇော်မြင့်ဝင်း

ဟုရေးသားကာ လက်မှတ်ရေးထိုးလိုက်လေသည်။ ချက်ရေးသား ပြီးသော လေးလေးမြင့်က ချက်စာအုပ်မှဆုတ်ပြီး ချက်လက်မှတ်ကို ဇော်မြင့်ဝင်းထံသို့ ကမ်းပေးလိုက်သည်။

"ရော့...ကိုဇော်"

ချက်လက်မှတ်ကို ဇော်မြင့်ဝင်းက ယူလိုက်၏။

"ရော့...မလေးလေးမြင့်"

ဇော်မြင့်ဝင်းပေးသောစာရွက်ကို လေးလေးမြင့်က ယောင်တိ ယောင်ကန်းလှမ်းယူပြီး ဖတ်မကြည့်သေးဘဲ…

"အဲဒါဘာလဲ ကိုဇော်…"

"ခင်ဗျားဆီက ကျုပ်ငွေနှစ်သောင်းချေးပါတယ်ဆိုတဲ့ ဝန်ခံချက် စာရွက်ပါ။ ကျုပ်ပြန်ဆပ်နိုင်တဲ့အခါ ချက်ချင်းပြန်ဆပ်မယ်"

"ဩော်…ကိုဇော်ရယ်"ဟုသာ လေးလေးမြင့်က ငြီးတွားပြီး ဇော်မြင့်ဝင်းကျေနပ်စေရန် လက်ပွေ့အိတ်ထဲသို့ ထိုစာရွက်ကလေးအား ဖတ်မကြည့်တော့ဘဲ ပစ်ထည့်လိုက်ရသည်။ ထို့နောက်ဇော်မြင့်ဝင်း အား အတန်ကြာအောင် မလေးလေးမြင့်သည် ငေးကြည့်နေရှာသည်၊

"ကဲ…ဦးကျော်သူအသတ်ခံရတာက ရန်ကုန်အင်းယားမြိုင်မှာ ငွေညှစ်သမားကလည်း ရန်ကုန်ထဲက တစ်နေရာရာမို့ ကျုပ်လုပ်ငန်း ဟာ ရန်ကုန်မှာပဲရှိမယ် မလေးလေးမြင့်"

"ဟုတ်ပါတယ် ကိုဇော်၊ လေးလေးမှာကားပါလာပါတယ်၊ အတူတူရန်ကုန်သွားကြတာပေါ့၊ အခုဦးကြီးမြိုင်တို့ မိသားစုလေးလေး ကားနဲ့ ရွှေသာလျောင်းသွားနေကြသေးလို့ပါ"

စကားမဆုံးမီပင် မာစီးဒီးကားအဖြူကြီးတစ်စီး အိမ်ရှေ့ရောက် လာပေသည်။ ဇော်မြင့်ဝင်းအား မလွဲမသွေ ဦးလေးထူးလွှတ်ပေးမည် မှန်းသိလေသောကြောင့် ဦးကြီးမြိုင်တို့မိသားစုအား လေးလေးမြင့်က ဘုရားဖူး ပထုတ်ထားခြင်းဖြစ်မည်ဟု ဇော်မြင့်ဝင်းစိတ်ဝယ်တွက်ဆ မိတော့သည်။

"ကိုဇော် မောင်းမလားဟင်"

"မမောင်းချင်ဘူး· "



လေးလေးမြင့်ကပင် ကားလက်ကိုင်ဘီးနောက်သို့ ဝင်၍ထိုင်ပေ သည်။ သွန်းဘုရားလမ်းမှ လိပ်ပြာကန်(၃၂)လမ်းသို့မောင်းရန် ဇော် မြင့်ဝင်းက လေးလေးမြင့်အား ပြောရသေးသည်။

နှစ်သောင်းတန်ချက်လက်မှတ်ကို ဦးလေးထူးရှေ့စာပွဲပေါ်တင် ကာ ဇော်မြင့်ဝင်းက နှုတ်ဆက်လိုက်သည်။ လေးလေးမြင့်က ကားပေါ် ၌သာ ထိုင်စောင့်နေ၏။

"မင်း…ဒီလုံမလှလှလေးကို ကူညီရမယ်ပေါ့ငဇော်"

"ဒါကြောင့် အဲဒီနှစ်သောင်းတန်ချက်လက်မှတ် ဦးလေးထူးကို ပြန်ဆပ်နိုင်တာပေါ့…ဘယ်လောက်ကုန်ကုန် ဆေးကုပါဦးလေးထူး၊ ဦးလေးထူး ကျွန်တော့်ကိုဘယ်လိုအားတင်းပေးပေမယ့် ဦးလေးထူးမှာ ငွေသားလက်ကျန်နည်းနေမှန်း ကျွန်တော်သိပါတယ်။ ပျောက်အောင် သာကုပါ"

"ငါ့အတွက် မပူပါနဲ့ ငဇော်၊ မင်းအခုပူရမှာက မင်းကောင်မ လေး အတွက်သာပါ။ မင်းကောင်မလေးရဲ့ဒုက္ခက တော်တော်ကြီးမား နေလား ငဇော်"

ဇော်မြင့်ဝင်းက ဦးခေါင်းကိုသာညိတ်ပြလိုက်သည်။

"အေးလေကွာ…အမျိုးသမီးလှလှကလေးများ ဒီလောက်ဒုက္ခ များကြီးရှိရသေးတဲ့လား…"

"ဟုတ်တယ်ဦးလေးထူး လှလွန်းလို့ဒုက္ခတွေ့တာဖြစ်ချင်လည်း ဖြစ်နေမှာပေါ့…"ဟုပြောကာ ဇော်မြင့်ဝင်းက ထွက်လာခဲ့လေသည်။

◆ ◆ ◆ ◆ ◆

## [၄]

"ကျုပ်သိပ်ပင်ပန်းနေတယ်·····ခဏမှေးချင်တယ်"

"မှေးပါကိုဇော်၊ လေးလေးမောင်းပါ့မယ်···"

ပဲခူးကြိုးတံတားကြီးကို မဖြတ်ရသေးမီပင် ဇော်မြင့်ဝင်းသည် ကားကူရှင်ကိုခေါင်းမှေးကာ အိပ်ပျော်သွားတော့သည်။ လေးလေးမြ သည် မြို့အထွက်ကျောက်တိုင်ကန်အရောက်တွင် ဇော်မြင့်ဝင်းအား လှည့်ကြည့်မိသည်။ မည်မျှလောက်များ စိတ်ရောလူပါပင်ပန်းထာ လေသည်မသိ။ ဇော်မြင့်ဝင်းသည် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မော နေရှာသည်။

ဤလောကကြီးတွင် ဇော်မြင့်ဝင်းအကြောင်းကို အသိဆုံးသူ လေးလေးမြင့်ကိုယ်တိုင်ပင်ဖြစ်ပါ၏။ အပြင်ပုံသဏ္ဌာန်မှာတည် ခန့်ခန့်နှင့် ကြမ်းချင်သလောက် ဇော်မြင့်ဝင်း၏ နှလုံးသားသည်



ခိုင်ဝါခဲပမာ နူးညံ့သည်။ သူ့တွင်ချစ်တတ်သော နှလုံး၊ ကြင်နာတတ်သည့်အသည်း၊ အနစ်နာခံတတ်သော ဦးနှောက်တို့ရှိနေကြသည်။ သူသည် သစ္စာတရားကို ရိုးသားစွာယုံကြည်ရှာသူလည်းဖြစ်ပေ၏။ လေးလေးမြင့်ကသာ ငွေနောက်ကိုကောက်ကောက်ပါပြီး ဇော်မြင့်ဝင်းအားသစ္စာဖောက်ခါ ဦးကျော်သူအားလက်ထပ်ခဲ့ပေမယ့် ဇော်မြင့်ဝင်းမှာမူယခုတိုင် အိမ်ထောင်မပြုသေး။ လေးလေးမြင့်လက်ထပ်သွားပြီးသည့်နောက် သူသည် သူ့ဘဝကို မျှောချင်ရာသို့မျှောစေသည်။

"အို···ကိုဇော်"ဟု လေးလေးမြင့်က အသံမထွက်ရွတ်ဆိုလိုက်မိသည်။ "ကိုဇော့်ကို လေးလေးအမြဲချစ်လျက်ပါကွယ်"ဟူ၍လည်း သူမ၏နှလုံးတွင် ပဲ့တင်ထပ်စေပြန်သည်။

လေးလေးမြင့်သည် ဇော်မြင့်ဝင်းထံမှ မျက်နှာလွှဲကာ မော်တော်ကားကို ဂရုတစိုက်မောင်းတော့သည်။ ချိုင့်များ၊ ကျင်းများကိုလည်း သူမ၏ကိုဇော် နိုးမသွားစေရန် ရှောင်ရှားကာ မောင်းရသေးသည်။ ရှောင်မရှောင်သာသော ချိုင့်ကျင်းများကို နင်းရပြီဆိုလျှင် ကားအရှိန်လျှော့၊ ဘရိတ်နင်းပြီး ညင်သာစွာ ဖြတ်နင်းရှာတော့သည်။

ဖြေးဖြေးညင်းညင်းမောင်းလာသောကြောင့် အင်းတကော်သို့ မိနစ်လေးဆယ်ကြာအောင်မောင်းရသည်။ အင်းတကော်တွင် ကောင်းမွန်သန့်ပြန့်သော ထမင်းဆိုင်များရှိပေသည်။ သူမ၏ကိုဇော်သည် ယခုအချိန်ထိ နံနက်စာ စားရသေးရှာမည်မဟုတ်ဟု လေးလေးမြင့်သည် တွေးဆကာ ထယ်ဝါခမ်းနားသော ထမင်းဆိုင်တစ်ဆိုင်ရှေ့တွင်ကားကို ရပ်လိုက်၏။

ကောင်တစ်ကောင်ပဲ၊ ဘယ်ခေတ်မှာဖြစ်ဖြစ် လူကြီးလူကောင်းအရေခြုံပြီး ငွေနဲ့ပေါက် ပေါင်းသင်းတတ်သူတစ်ယောက်ပဲ၊ ပာင်း…ဟင်း၊ ခင်ဗျားမှာ မိတ်ဆွေကောင်းတွေ ရနေပြီပဲကိုး…"

"အဲဒီလိုဟုတ်ဟန်မတူပါဘူးကိုဇော်၊ ဦးစိုင်းမောင်ကိုကြည့်ရတာ လေးလေးအမြင်တော့…"

"ထားလိုက်ပါလေ…ခင်ဗျားအမြင်နဲ့ ခင်ဗျားပဲပေါ့၊ နို့ ခင်ဗျား ယောက်ျားအသတ်ခံရပုံကို ပြောစမ်းပါဦး…"

"ခင်မာက ကိုဇော့်ဆီကို စာရေးပြီးပြောမပြဘူးလား"

"ဦးကျော်သူ ကွယ်လွန်သွားရှာပြီ ဆိုတာလောက်သာ ခင်မာက ရေးခဲ့တာပဲ၊ ဒီပြင်အကြောင်း မပါပါဘူး"

"ခေါင်းကိုသေနတ်နဲ့ အပစ်ခံရတာပဲကိုဇော်၊ လေးလေးတို့ရဲ့ "အင်းယားမြိုင်"အိမ်ကြီးထဲမှာပဲ"

"ဦးစိုင်းမောင်ရဲ့ ပါတီပွဲကို ခင်ဗျားကတစ်ယောက်တည်းသွားခဲ့တာလား၊ ဦးကျော်သူက ဘာလို့မလိုက်တာတဲ့လဲ"

"အဲဒီနေ့က ဦးကျော်သူဟာ ယောက်ယက်ခတ်အလုပ်များနေပုံပဲ လေးလေးကိုပါတီပွဲသွားနှင့်ပါတဲ့…သူအလုပ်တွေပြီးရင် သူ့ဟာသူ လိုက်လာခဲ့ပါ့မယ်တဲ့…"

"အဲဒီနောက်တော့ကော…"

လေးလေးမြင့်သည် စဉ်းစဉ်းစားစားပင် ဆက်၍ပြောလေ၏။

"ရဲတပ်ဖွဲ့က အမှုလိုက်အရာရှိရဲ့ ထင်မြင်ချက်ကတော့ ဦးကျော်သူဟာ အင်းယားမြိုင်အိမ်ကြီးထဲမှာ တစ်ယောက်တည်း ကျန်ခဲ့တုန်း



မှတ်တမဲ့ရောက်လာတဲ့ သူခိုးဓါးပြနဲ့တွေ့ပြီး အပြန်အလှန်သတ်ပုတ်မှ ဦးကျော်သူသေနတ်ပစ်ခံလိုက်ရတာပဲလို့ ယူဆနေတယ်။ ဦးကျော်ရဲ့ အံဆွဲထဲမှာ လိုင်စင်သေနတ်တစ်လက်ဟာ ရှိနေခဲ့တာ လေးလေးသိပဲကိုဇော်၊ အဲဒီသေနတ်ကို သူခိုးဓါးပြကအရင်ရပြီး ဦးကျော်သူ ပစ်ထည့်လိုက်တာဖြစ်မယ်တဲ့၊ ဦးကျော်သူရဲ့ လိုင်စင်သေနတ်ဟာ သမသုံးနှစ်သေနတ်၊ ဦးကျော်သူရဲ့ဦးခေါင်းထဲက ကျည်ဖူးဟာလဲ သမသုံးနှစ်ကျည်ဖူးပဲတဲ့။ ပြီးတော့ ဦးကျော်သူရဲ့သေနတ်က ပျောက်နေတယ်"

"ဦးကျော်သူရဲ့အလောင်းကို ဘယ်သူစတွေ့တာလဲ"

လေးလေးမြင့်သည် မာစီးဒီးကားကြီး၏ ကူရှင်အိအိကိုနောက်ချာ ညောင်းညာသည့်အလား သူမ၏ဒူးလေးနှစ်ဘက်ကို ကွေးတင်း လက်နှစ်ဘက်ဖြင့် ကိုယ့်ဒူးကို ကိုယ်ပိုက်ထားလိုက်သည်။ ကားာင်းနေသော ဇော်မြင့်ဝင်းအား စွေစောင်း၍လည်းကြည့်မိသည်။

"ဤထောက်လှမ်းရေးမှ ဗိုလ်ကြီးဟောင်း ဇော်မြင့်ဝင်းသည် သေးစိတ် မေးတတ်လှရန်ကောဟုများ စိတ်ထဲက ကြိတ်၍မှတ်ထင်လေသလားမသိ"

"ဦးကျော်သူရဲ့အလောင်းကို စတွေ့တဲ့လူဟာ လေးလေးကိုယ်ိုင်ပဲ ကိုဇော်၊ ပါတီပွဲကို ရောက်ချိန်တန်ပါလျက် ဦးကျော်သူရောက်လာလို့ လေးလေးကအင်းယားမြိုင်ကို လှမ်းဖုံးဆက်တယ်။ ဖြေတဲ့ူမရှိဘူး။ ဦးကျော်သူအတွက် လေးလေးစိတ်မပူတာတော့အမှန်ပဲဇော်၊ ဒါပေမဲ့ ပါတီပွဲက စိတ်ညစ်ဖို့ကောင်းလာတယ်။ အသောက်

"ရှမ်းပြည်နယ်က ဦးကျော်သူ သယ်ယူလာတဲ့ကုန်တွေဟာ ဘယ်လိုအမျိုးအစားတွေလဲ"

"အစုံပေါ့ကိုဇော်၊ သနပ်ဖက်၊ လက်ဖက်ခြောက်၊ လိမ္မော်သီးချိန် ဆို လိမ္မော်သီး၊ တစ်ခါတလေ ဂေါ်ဖီ၊ ဇလပ်တွေတောင်ချတာပဲ"

ဇော်မြင့်ဝင်းသည် ကား၏အရှိန်ကိုမြှင့်၍ မောင်းပြန်သည်။ တစ်နာရီ မိုင်ခြောက်ဆယ်နှုန်းအထိဖြစ်၏။ နောက်ကြည့်မှန်ကိုလည်း ဇော်မြင့်ဝင်းက လှမ်းကြည့်သည်။ နောက်မှလိုက်လာသော ကားသည် ထုံးစံအတိုင်း ပြတ်မကျန်ခဲ့ဘဲ ကပ်၍ပါလာသည်ကိုသာ တွေ့ရသည်။

ဇော်မြင့်ဝင်းသည် လှည်းကူးသို့မဝင်မီ ခပ်လှမ်းလှမ်းနေရာတွင် မော်တော်ကားကို ဆတ်ကနဲမြန်နေရာမှ ရပ်ပစ်လိုက်တော့သည်။

"ဘာလို့လဲကိုဇော်...ကားဘာဖြစ်သွားသလဲ"

"ကျုပ်တို့နောက်ကို နောက်ယောင်ခံလိုက်တဲ့ ကားတစ်စင်းပါလာလို့ မလေးလေးမြင့်။ အဲဒီကားနဲ့ ကားထဲကလူကို ခင်ဗျားသေချာကြည့်ထားစမ်းပါ"

စက္ကန့်ပိုင်းအတွင်းမှာပင် နောက်မှကားသည် ဇော်မြင့်ဝင်းတို့၏ မာစီးဒီးကို ကျော်ဖြတ်ခါမောင်းတက်သွား၏။ အနက်ရောင်ဖို့(ဒ်)ကား တစ်စီးဖြစ်သည်။ မောင်းသူတစ်ယောက်တည်းပါရှိ၏။ မျက်မှန်နက်ကို တပ်ဆင်ထားသည်။

"ခင်ဗျား အဲဒီလူကိုသိသလား မလေးလေးမြင့်"

လေးလေးမြင့်သည် အံ့အားသင့်နေသည့်ကြားမှပင် ခေါင်းညိတ်၍ပြလိုက်၏။



"ဟိုင်လုံလို့ခေါ်တယ် ကိုဇော်၊ ဦးစိုင်းမောင်ရဲ့ ဘဏ္ဍာစိုးပဲ၊ သူက ဘာလို့များ လေးလေးတို့နောက်ကို နောက်ယောင်ခံလိုက်ပါလိမ့်နော်"

"အဲဒီအဖြေကိုခင်ဗျားသိမှာပေါ့..."

ဇော်မြင့်ဝင်းသည် မာစီးဒီးကား၏ ဂီယာကို ပြန်သွင်းကာ စောစောက ဖို့(ဒ်)ကားနက်ကို မှီအောင်ပြန်လိုက်ပြန်သည်။ သို့သော် ဖို့(ဒ်)ကားနက်သည် တစ်နေရာတွင်ဝင်ပြီး ပုန်းအောင်းလိုက်လေသလား မသိ။ အရိပ်အယောင်မျှပင်မမြင်ရတော့ပေ။ မာစီးဒီးကို မှန်မှန်ပင် ဇော်မြင့်ဝင်းက ဆက်မောင်းလာခဲ့တော့သည်။

"ငွေညစ်သမားရဲ့ ကားနံပါတ်ကိုမှတ်မိတယ်ဆို..."

လေးလေးမြင့်သည် လက်ပွေ့အိတ်ကိုဖွင့်ပြကာ သူမမှတ်ထားသော ကားနံပါတ်တစ်ခုကိုထုတ်ယူကာ ဇော်မြင့်ဝင်းအား ပြသလိုက်သည်။ (ဃ/၂၁-၄)ဖြစ်ပါလေ၏။ ထိုစာရွက်ကလေးကို ဇော်မြင့်ဝင်းက သူ၏အိတ်ထဲသို့ထည့်ထားလိုက်သည်။

"လက်ပွေ့အိတ်အခိုးခံရပုံကိုပြောပါဦး"

"အဲဒီနေ့လည်ခင်းကပဲ လေးလေးရဲ့ မိတ်ဆွေဆီက စာလာတယ် ကိုဇော်၊ လေးလေးလည်း ချက်ချင်းစာပြန်ရေးတယ်။ ဒါပေမဲ့ မထည့်ဖြစ်ဘူး။ စာနှစ်စောင်လုံး လက်ပွေ့အိတ်ထဲမှာပဲထည့် ထားမိတယ်။ အဲဒီနောက် ပါတီပွဲကို လေးလေးလာခဲ့တယ်။ မော်တော်ကားတွေက ဧည့်ခံပါတီပွဲမှာ များလွန်းလို့ လေးလေးကခြံအပြင်မှာ ပဲရပ်ထားလိုက်တယ်။ အဲဒီဦးစိုင်းမောင်ရဲ့ မြနန္ဒာပါတီပွဲရောက်မှ

"ဦးကျော်သူဆုံးပြီးတဲ့နောက် လေးလေးတစ်ယောက်တည်း ဒီအင်းယားမြိုင်ကြီးမှာ ဘယ်နေရဲပါ့မလဲ ကိုဇော်၊ ခင်မာ့ကိုခဏလာနေပေးဖို့ခေါ်ထားရတာပေါ့"

ဇော်မြင့်ဝင်းသည် ဆင်ဝင်အောက်သို့ ကားရပ်လိုက်သည်။

"နားပါဦးလား ကိုဇော်၊ တစ်ခုခုစားသောက်ရင်းပေါ့"

"မနားလိုပါဘူး…ခင်ဗျားကိစ္စကို ကျုပ်လက်ခံထားတဲ့အတိုင်း ဆက်လုပ်ပေးရမှာပေါ့…ဪ..ဒီမော်တော်ကားကိုတော့ ခဏသုံးချင်တယ်။ ကားရှိမှ အလုပ်တွင်မယ်မဟုတ်လား"

"ယူသွားပေါ့ကိုဇော်၊ သထင်းထူးရင်သာ လေးလေးဆီကို အကြောင်းကြားပေးပါ"ဟု လေးလေးမြင့်က မှာကြားရင်းမာစီးဒီး ကားပေါ်မှဆင်းသက်လိုက်ပေသည်။

"စိတ်ချ ခင်ဗျားကအလုပ်ရှင်ပဲ…လုပ်ငန်းမှာထူးခြားလာသမျှ သိရပါစေ့မယ်"

ဇော်မြင့်ဝင်းသည် မော်တော်ကားကို နောက်ပြန်ဆုတ်ပြီး ထွက်စမြုလိုက်စဉ်မှာပင် အင်းယားမြိုင်တိုက်အိမ်ကြီးထဲမှ အမျိုးသမီးငယ်တစ်ဦး ခုန်ပေါက်ထွက်လာလေတော့သည်။ အသက်ဆယ့်ရှစ်ခန့်ရှိပေဦးမည်။ တက်ထရွန်အနီနှင့် အနက်ကွက်ကျားဘလောက်(စ်)ကို ဝတ်ဆင်ပြီး ထမီဝါရင့်ရင့်နှင့် ဖြစ်၏။ ဆံပင်ကို မြင်းမြီးအလား နောက်တွင်တွဲလောင်းချထားသည်။ ကြည့်ကောင်းလေသော ဆယ်ကျော်သက်အမျိုးသမီးငယ်တစ်ဦးပင်ဖြစ်၏။

ခင်မာဆိုသည်မှာ ယင်းအမျိုးသမီးပင်တည်း။



"ဟေး…ကိုကိုဇော်…ခင်မာ့ကိုစောင့်ဦးလေ"

ဇော်မြင့်ဝင်းဘရိတ်ပေါ်သို့ ခြေရောက်သွားရသည်။ ခင်မာက ကားအနီးသို့ အပြေးကလေးရောက်လာ၏။ [illegible]သို့ပြေးလာရင်း ဆင်ဝင်အောက်တွင် တွေတွေဝေဝေ ရပ်ကြည့်နေသော လေးလေးမြင့်အား ခင်မာကလှမ်းခွတ်ထိုးလိုက်ပြန်သေးသည်။

"မမလေးအတွက် ခင်မာတော့သိပ်ရှက်ပဲ"

"ညည်းဘာကိုဆိုလိုသလဲ မိခင်မာ"

"ခင်မာ ဘာကိုဆိုလိုမှန်း မမလေးတကယ်မသိဘူးလား.. လင်သေတာမှ ဘာမှမကြာသေးဘူး…ရည်းစားဟောင်းနှင့် တွဲခုတ်လာတာလေ၊ ကဲ…သိပလားမမလေး"

လေးလေးမြင့်က မည်သို့မျှပြန်လည်မချေပနိုင်မီ ခွတ်ခေါင်းလေးသဖွယ် ခင်မာသည်ဇော်မြင့်ဝင်းရှိရာ မာစီးဒီးကားကြီးဆီရောက်လာပါလေ၏။

"ခင်မာလည်းလိုက်မယ် ကိုကိုဇော်၊ ခင်မာရဲ့ချက်ဗလက်ကြီးက ဝပ်ရှော့မှာ၊ အဲဒါသွားယူမလို့"

"လိုက်ပေါ့ခင်မာ"ဟု ဇော်မြင့်ဝင်းကပြောရင်း ရှေ့တံခါးပေါက်ကိုဖွင့်ပေးလိုက်သည်။ ခင်မာသည် ငှူခနဲ ဇော်မြင့်ဝင်းဘေး၌ ဝင်ထိုင်လိုက်တော့သည်။ ဇော်မြင့်ဝင်းသည် အင်းယားမြိုင်၏ အပြင်သို့မောင်းထွက်လာခဲ့သည်။

"ကိုကိုဇော်ကတော့ တကယ့်လူဆိုးပဲ"

"ကိုကိုဇော်က လူဆိုး"

"ခင်မာပြောပြတာတွေဟာ တကယ့်ကိုစိတ်ဝင်စားစရာပါပဲခင်မာ၊ ဩော်…ဒါထက် ခင်မာရဲ့ဝပ်ရှော့ကဘယ်မှာလဲကွဲ့"

"တော်စမ်းပါ ကိုကိုဇော်ရာ…ခင်မာပြောသမျှဟာ မေတနာ သက်သက်ပါ။ အဲဒီရှေ့လမ်းကျရင် လက်ဝဲဘက်ကိုသာ ချိုးပေးပေ အဲဒီမှာခင်မာရဲ့ ချက်ဖလက်အပ်ထားတယ်။ ရေဆေးအမဲဆီထိုးအပ် ထားတာပါ"

ဇော်မြင့်ဝင်းသည် လက်ဝဲဘက်သို့ ချိုးကွေ့ကာ ဝပ်ရှော့ရှေ့သို့ ရပ်ပေးလိုက်ပေသည်။ ခင်မာက ကားတံခါးကိုဖွင့်ကာဆင်းလိုက်ပြီး

"ခင်မာပြောပြတဲ့အချက်လေးချက်ကို ကိုကိုဇော်မဖြေသေးဘူး နော် ဖြေစရာအဖြေမရှိတော့ဘူးလား ကိုကိုဇော်"

"ရှိပါသကော ခင်မာ…အထူးသဖြင့် ရဲတပ်ဖွဲ့ဟာ ခင်မာပြော တာတွေစဉ်းစားကောင်း စဉ်းစားမှာပါပဲ၊ ဒါပေမဲ့ ကိုကိုဇော်အနေ လေးလေးမြင့် လက်ထပ်သွားပြီးတဲ့ သုံးနှစ်ကျော်အတွင်းမှာ လေးလေး မြင့်ကို တစ်ကြိမ်တစ်ခါလေးတောင်မှ စာနဲ့ပဲဖြစ်ဖြစ်၊ မဆက်သွယ် ဘူးဘူးခင်မာ၊ ပြီးတော့ ဦးကျော်သူအသတ်ခံရတဲ့ မေလ(၃၀)ရက်မှာ ကိုကိုဇော်က မိုးကုတ်မှာ ကျောက်တူးလို့ကောင်းတုန်းပဲ၊ လိုအပ်ရင် ကိုကိုဇော်ရဲ့ ကျောက်တူးအလုပ်သမားတွေက သက်သေခံလိမ့်မယ် ခင်မာ"

"ဒါဖြင့်လည်းပြီးရောပေါ့၊ ခင်မာကကိုကိုဇော့်အတွက် စိတ်ပူ လို့ပါ၊ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ ကိုကိုဇော်၊ မမလေးမှာ ဒုက္ခတစ် တော့ ရင်ဆိုင်နေရရှာတယ်"



"အဲဒါလည်း ကိုကိုဇော်သိသားပဲ ခင်မာ"

"ဘယ်လိုဒုက္ခမျိုးလဲ ကိုကိုဇော်"

ဇော်မြင့်ဝင်းက ပြုံးလိုက်မိသည်။ ခင်မာသည် လေးလေးမြင့် ယ်တန်း ကျရောက်နေလေသော ဒုက္ခအကြောင်းမှန်သိလို့၍ အစ် က်ခြင်းဖြစ်ချင်လည်းဖြစ်နိုင်ပေ၏။

"လေးလေးမြင့်ကိုပဲ မေးကြည့်ပေါ့ခင်မာ၊ ခင်မာနဲ့သူက ညီအစ် ဟုတ်လား"

"ဖအေတူ မအေကွဲညီအစ်မပါ ကိုကိုဇော်"

ဇော်မြင့်ဝင်းသည် ထိုကိစ္စနှင့်ပတ်သက်၍ ထပ်မံမပြောတော့ပေ။ နှင့် လေးလေးမြင့်သည် ညီအစ်မတော့မှန်၏။ သို့သော် ခင်မာနှင့် ပြောလိုက်သလိုပင် ဖအေတူမအေကွဲညီအစ်မဖြစ်နေသည်။ သူတို့ သည် တစ်ဦးစီ၌ သီးခြားလျှို့ဝှက်ချက်များ ရှိကောင်းရှိနေနိုင် ဇော်မြင့်ဝင်းအနေနှင့် နှုတ်မဖွာသင့်ဟုသာ ယူဆထားလိုက်

"ကိုကိုဇော့်မှာ အလုပ်တွေရှိသေးတယ်ခင်မာ"

"ဟုတ်လား…ဒါဖြင့်လည်းသွားလုပ်ပေါ့ ကိုကိုဇော်၊ တစ်ခု ခင်မာကထပ်ပြောချင်သေးလို့ပါ"

"ပြောလေ"

"ဩော်…တခြားတော့မဟုတ်ပါဘူး၊ ခင်မာကကလေးမဟုတ် ကိုကိုဇော်၊ ခင်မာ့တစ်ကိုယ်လုံး ကိုကိုဇော်ကဂရုတစိုက်များ ဦးတော့။ လွန်ခဲ့တဲ့လေးငါးနှစ်က ခင်မာနဲ့တူသေးရဲ့လား"

ဇော်မြင့်ဝင်းသည် ခင်မာ၏တစ်ကိုယ်လုံးအား သိမ်းကျုံးကြည့်လိုက်သည်။ မှန်ပါလေ၏။ ခင်မာသည် အစွမ်းကုန်ပွင့်လေတော့မည့် ပန်းပွင့်နှယ်သာတည်း။

"ဟုတ်တယ်..ခင်မာဟာ လှလို့ ပလို့ ပြည့်လို့ ဖြိုးလို့ တကယ့်အပျိုကြီးဖားဖားဖြစ်နေပြီပဲခင်မာ"

ခင်မာကပြုံးလိုက်သည်။ ကျေနပ်စွာပြုံးလိုက်သောအပြုံးပင်ဖြစ်ပါချေ၏။

"ဒါဖြင့် ကိုကိုဇော်က ခင်မာ့ကိုကလေးလို့ထင်ဦးမလား ကိုကိုဇော်"

"ဘယ်ထင်လို့ရတော့မှာလဲ...ခင်မာကအပျိုဖားဖားကြီးဖြစ်နေပြီပဲဟာ"

ခင်မာသည် ထပ်မံ၍ပြုံးပြန်ပါလေသည်။

"ကဲ...ကိုကိုဇော်အလုပ်ရှိတယ်ဆို သွားလုပ်တော့ပေါ့..၊ ခင်မာလည်း ခင်မာ့ရဲ့ချက်ဗလက်ကြီးကို သွားယူပြီးပြန်တော့မှာ"

ဇော်မြင့်ဝင်းသည် မာစီးဒီး၏ နံပါတ်တစ်ဂီယာကိုထည့်သွင်းလိုက်သည်။ လီဗာကိုမြှင်း၍နင်းကာ ကလပ်(ရှ်)ကိုဖွဖွလွှတ်ပေးလိုက်သည်။

◆ ◆ ◆ ◆ ◆



## [၆]

လေးလေးမြင့်အား ငွေညှစ်နေပါသည်ဆိုသူကို ခြေရာကောက်နိုင်ဖို့ သဲလွန်စသည် တစ်ခုတည်းသော ဇော်မြင့်ဝင်းလက်၌ရှိနေပေ၏။ ငွေညှစ်သမား၏မော်တော်ကားနံပါတ်သည်(ဃ-၂၁-၄)ဟု လေးလေးမြင့်က ပေးထားခဲ့သည်။ ထိုကားပိုင်ရှင်နှင့် နေရပ်ကိုစုံစမ်းရန်အတွက် ပထမအနေနှင့် ယာဉ်မှတ်ပုံတင်တင်ရုံးတွင် သွားရောက်ကြည့်ရှုနိုင်သည်။ သို့သော်ထိုကိစ္စသည် လွယ်မယောင်နှင့်ခက်စရာရှိ၏။ သွေးရိုးသားရိုးသာမန်ပုဂ္ဂိုလ်များကမူ မိမိ၏ယာဉ်နှင့်တွဲပြီး ပိုင်ရှင်အမည်နှင့်နေရပ်လိပ်စာကို မှန်မှန်ကန်ကန်ပေးဘတ်သည်။

လေးလေးမြင့်အား ငွေညှစ်သော ငွေညှစ်သမားသည် ၎င်း၏ယာဉ်အမှတ်ကို အမှန်အတိုင်းတပ်ဆင်ထားပါလေမည်လား။ ယာဉ်အမှတ်ကို အမှန်အတိုင်း မှတ်ပုံတင်သည်ပဲထားဦး၊ ယာဉ်ပိုင်ရှင်၏အမည်နှင့် နေရပ်လိပ်စာကို အမှန်အတိုင်းပေးပါမည်တဲ့လား။ ဤလိုလူမျိုးတွေသည် ဉာဏ်သွားတတ်လှသည်။

ဒုတိယအဆင့်အနေနှင့် စုံစမ်း၍ ရနိုင်သောနည်းမှာ အလွတ်စုံထောက်တစ်ဦးဦးထံမှ ဖြစ်တော့သည်။ အလွတ်စုံထောက်များသည် ဒုစရိုက်ကောင်အမျိုးမျိုးအစားစားတို့၏ ကိုယ်ရေးရာဇဝင် တိတိကျကျကို ရှာဖွေစုဆောင်းထားတတ်သည်။ အလွတ်စုံထောက်ဆိုသူတို့သည် ယင်းသို့ဒုစရိုက်မြေအောက် လောကသားတို့နှင့်လည်း လုပ်ငန်းသဘောအရ ဆက်ဆံတတ်ကြသည်။

ဇော်မြင့်ဝင်းသည် မာစီးဒီးကားကြီးကို ဗဟန်းလမ်းကြီးအတိုင်း မောင်းလာခဲ့သည်။ သူသည် ရရှိထားသော (ဃ-၂၁-၄)မော်တော်ကားပိုင်ရှင်ကို အလွတ်စုံထောက်တစ်ဦးဦးထံ၌ စုံစမ်းကြည့်ရန်ဆုံးဖြတ်ချက်ချလိုက်၏။

ဆူးလေဘုရားလမ်းမကြီး၏ အောက်ထပ်တိုက်ခန်းတစ်ခုသို့ ဇော်မြင့်ဝင်းသည် ကားကိုစက်သတ်လိုက်ပြီး မှန်တံခါးပေါ်မှဆိုင်းဘုတ်ကို လှမ်းကြည့်လိုက်သည်။

ကျော်ဝင်းမော်…၊

သီးသန့်စစ်ဆေးရေး။

ကျော်ဝင်းမော်၊ သီးသန့်စုံစမ်းစစ်ဆေးရေးသည် ခန်းခန်းနားနားလေးပင်ဖြစ်သည်။ တယ်လီဖုန်းရှိသည်။ မီးခံသေတ္တာရှိသည်။ သံမဏိမတ်တတ်ဗီဒိုကြီးတစ်လုံးရှိသည်။ အခန်းမှာလည်း ဆေးစိမ်းအနုရောင်ဖြင့် လှပသပ်ရပ်ပေသည်။ အလျားငါးပေ၊ အနံသုံးပေ ကျွန်းသားပေါလစ်ရောင်သုတ်စားပွဲကြီးနောက်ရှိ ဆုံလည်ကုလားထိုင်တွင် ကျော်ဝင်းမော်ကိုတွေ့ရသည်။ ကျော်ဝင်းမော်သည် ဖြူဖြူသွယ်သွယ်ဖြင့်



ကျစ်လစ်သန်မာပုံရသည်။ ခေတ်ပညာတတ်တစ်ဦးမှန်း သိသာလှ၏။ သူ၏ကျွန်းသားစားပွဲကြီးရှေ့တွင် လက်တန်းပါသော ညှိထိုင်ကြိမ်ကုလားထိုင်သုံးလုံးကို စီစီရီရီချထားသည်။

"ကြွပါ…ကျွန်တော် ဘာအကူအညီပေးရမလဲ"

ဇော်မြင့်ဝင်းက ကြိမ်ကုလားထိုင်၌ ဝင်၍ထိုင်လိုက်သည်။ သူ၏အမည်ကိုလိမ်ကာ ကျော်ဝင်းမော်အား သူကမိတ်ဆက်လိုက်သည်။

"ကျွန်တော့်နာမည် စိုးရွှေပါ၊ ဟောဒီစက္ကူထဲမှာရေးထားတဲ့ (ဃ-၂၁-၄)မော်တော်ကားပိုင်ရှင်အကြောင်း စုံစမ်းချင်လို့ပါ"

ကျော်ဝင်းမော်သည် စက္ကူပါကားနံပါတ်ကိုယူ၍ ကြည့်လိုက်သည်။

"ကံဆိုးကံကောင်းပဲ ကိုစိုးရွှေ၊ ကျွန်တော့်မှတ်တမ်းမှာရှာကြည့်ပါ့မယ်။ မတွေ့ရင်တော့ ကိုစိုးရွှေရော ကျွန်နော်ပါကံမကောင်းဘူးပေါ့ဗျာ…အဲ‥တွေ့ရင်တော့ ဒီသတင်းအတွက် ကိုစိုးရွှေက ငါးဆယ်ပေးရလိမ့်မယ်"

"နှစ်ယောက်စလုံး ကံကောင်းပါစေလို့ ကျွန်တော်ဆုတောင်းပါတယ် ကိုကျော်ဝင်းမော်"

ကျော်ဝင်းမော်သည် ဆုံလည်ကုလားထိုင်ပေါ်မှထကာ သံမဏိတပ်ဗီဒိုကြီးကိုဖွင့်လိုက်သည်။ အထဲတွင်အကန့်လိုက် အစီအရီဖိုင်တွဲများ၊ မှတ်တမ်းများနှင့် စုံထောက်စာအုပ်တော်တော်များများကိုတွေ့ရသည်။ အက္ခရာစဉ်၊ အမှတ်စဉ်များကိုလည်း လှပစွာကပ်ချိတ်ထားသည်။ ကျော်ဝင်းမော်ယာဉ်မှတ်တမ်းစာအုပ်ကြီးတစ်အုပ်ကို

ယူထုတ်ခါ အဘိဓါန်ရှာသလို စာလုံးစဉ်နံပါတ်စဉ်ကို ဒက်ခနဲလှန်လှောရှာလိုက်၏။

"ကျွန်တော်တို့ နှစ်ယောက်စလုံးကံကောင်းကြပါတယ် ကိုစိုးရွှေ ဒီကားနံပါတ်ကိုတွေ့ပါတယ်"

ဇော်မြင့်ဝင်းသည် ငါးကျပ်တန် (၁၀)ရွက်ကိုထုတ်ယူပြီး စားပွဲပေါ်သို့ချလိုက်စဉ်မှာပင် ကျော်ဝင်းမော်က တွေ့ရှိချက်များကိုပြောတော့သည်။

"(ဃ-၂၁-၄)ဟာ ၁၉၄၉-ခုနှစ်ထုတ် ကိုင်ဇာမော်တော်ကားဟောင်းပဲ၊ ပိုင်ရှင်ဟောင်းနာမည်က လှဘော်တဲ့။ အထူးဝိသေသပြုချက်နဲ့ ခေါ်တာက "သော့လှဘော်"လို့ခေါ်တယ်။ သော့ဖွင့်လုပ်ငန်းကို အထူးကျွမ်းကျင်တယ်။ အဓိကလုပ်ငန်းဟာ ဖောက်ထွင်းမှုပဲ တရားခွင်မှာ ဖောက်ထွင်းမှုနှင့် ငါးကြိမ်တိတိရောက်ခဲ့တယ်။ သုံးကြိမ်ထောင်ကျဖူးတယ်။ နှစ်ကြိမ်တရားသေလွတ်တယ်။ အသက် ၄၆-နှစ်၊ အရက်ကို အလွန်အကျွံကြိုက်နှစ်သက်တယ်။ ကားပိုင်အိမ်ပိုင်နဲ့ တောင်ဥက္ကလာ ၃-ရပ်ကွက်၊ ကြာပဒုမ္မာလမ်း၊ အိမ်နံပါတ် (.....) မှာနေတယ်။ နောက်ဆက်တွဲဖြည့်စွက်ချက်အနေနှင့်ဆိုရင်တော့ သော့လှဘော်ဟာ မကြာသေးခင်ကပဲ နန်းစိန်ဆိုကဲ့ ကရင်မလေးတစ်ယောက်နဲ့ အိမ်ထောင်ပြုထားတယ်။ ကဲ...ဘာသိချင်သေးလဲ ကိုစိုးရွှေ"

"အင်မတန်ပြည့်စုံပါတယ် ကိုကျော်ဝင်းမော်"

စိုးရွှေအယောင်ဆောင် ဇော်မြင့်ဝင်းသည် နေရာမှထလိုက်လေသည်။ ပြီးမှ....



"ဩော်...နောက်တစ်ခုသိချင်တာက မရမ်းကုန်းမြနန္ဒာခြံကြီးက ဦးစိုင်းမောင်အကြောင်းပါ ကိုကျော်ဝင်းမော်"

"ပြည့်ပြည့်စုံစုံတော့မဟုတ်ဘူးပေါ့ ကိုစိုးရွှေ၊ ဒါပေမဲ့ အဆစ်သဘောနဲ့ ကျွန်တော်ပြောပါ့မယ်။ ဦးစိုင်းမောင်ဟာ တစ်ချိန်တုန်းကတော့ ငွေပင်ငွေရင်းနှင့် ဘိန်း၊ မော်ဖီးယား၊ ရွှေချောင်းတင်မကဘူး၊ လက်နက်ပါခိုးသွင်းတဲ့ အလုပ်တွေလုပ်ခဲ့တယ်။ ဒါပေမဲ့ အခုတော့ အနားယူတယ်လို့ ပြောကြတာပဲ၊ အနားယူတယ်ဆိုတာ ဟုတ်သင့်သလောက်လည်း ဟုတ်ဟန်တူရဲ့။ တော်တော်ပဲ အိမ်မြဲပြီး ခြေငြိမ်လက်ငြိမ်ရှိနေတယ်ဗျ"

ဇော်မြင့်ဝင်းသည် ဦးစိုင်းမောင်အကြောင်းကို သူကိုယ်တိုင်ပင်သိသင့်သလောက်သိထားသည်မို့ ဆက်လက်မမေးမြန်းတော့ပေ။ ထို့ပြင် ကျော်ဝင်းမော်တို့လို အလွတ်စုံထောက်သည် သော့လှဘော်ကဲ့သို့ အသေးအမွှားပုဂ္ဂိုလ်များအကြောင်းအား မထောက်မညှာအသေးစိတ်ပြောပြစေကာမူ ဦးစိုင်းမောင်လို လူမျိုးကျလျှင် အသေးစိတ်ပြောပြလိုမည်မဟုတ်ပေ။ အကယ်၍ ပြောပါဆို၍ပြောရလျှင်လည်း ဇော်မြင့်ဝင်းအိတ်ထဲ၌ ကျန်သေးသောငွေလေးရာ့ငါးဆယ်ခန့်ဖြင့် လုံလောက်မည်လည်းမဟုတ်တန်ရာ။

ဇော်မြင့်ဝင်းသည် ကျော်ဝင်းမော်၏ အခန်းထဲမှထွက်ခွါလာခဲ့သည်။ တောင်ဥက္ကလာသို့ ကုက္ကိုင်းလမ်းအတိုင်း သွားကာဗွတ္တလစ်ဘက်မှ ချိုးဝင်ရန်လမ်းကိုရွေးချယ်စိတ်ကူးလိုက်တော့သည်။

ဆူးလေဘုရားလမ်းမှ ထွက်ခွါလာခဲ့ပြီး သမ္မတရုပ်ရှင်ရုံကိုကျော်

လာသည်ဆိုလျှင်ပင် ဇော်မြင့်ဝင်းသည် နောက်ကြည့်မှန်မှတစ်ဆင့် ပလိုင်းမောက်ကားတစ်စီး သူ၏နောက်မှ မလှမ်းမကမ်းလိုက်ပါလာသည်ကို သတိထားမိတော့သည်။ ပိုမိုသေချာစိမ့်သောငှါ သူ၏မာစီးဒီးကားကို နှေးနှေးမြန်မြန်လိုက်မောင်းကြည့်သည်။ ထိုကားသည် သူ၏ကားနှေးသွားလျှင်လိုက်နှေးပြီး သူ၏ကားမြန်လျှင်လိုက်မြန်ပေ၏။ တီရိစ္ဆာန်ရုံမီးပွိုင့်ကိုကျော်လာသည်နှင့် မာစီးဒီးကား၏အရှိန်ကို ဇော်မြင့်ဝင်းက မြှင့်တင်တော့သည်။ အခြားကားတစ်စီးပြီးတစ်စီးကိုလည်း ကျော်တက်ခဲ့သည်။ ပလိုင်းမောက်ကားသည် နောက်ပါးမှ ကပ်၍ပါလာမြဲပါလာသည်ကိုသာ တွေ့ရ၏။

ဗွတ္တလစ်လမ်းဆုံမီးပွိုင့်တွင် မီးနီနှင့်တိုးလေတော့သည်။ ဇော်မြင့်ဝင်း၏ မာစီးဒီးနောက်တွင်ကပ်၍ရပ်လေတော့၏။ ဇော်မြင့်ဝင်းသည် သူ၏ကားကိုစက်သပ်ပြီး ဖျတ်ခနဲကားပေါ်မှဆင်းလိုက်ပြီး ပလိုင်းမောက်ကားဆီသို့ သွက်သွက်လျှောက်သွား၏။ ပလိုင်းမောက်ကားတွင် မောင်းသူတစ်ဦးတည်းသာပါရှိသည်ကို ဇော်မြင့်ဝင်းတွေ့ရှိရသည်။ ထိုမောင်းသူသည် ဇော်မြင့်ဝင်း မီးပွိုင့်ကြီးတန်းလန်းနှင့်ဆင်းလာသည်ကို ကြောင်၍ကြည့်နေပေသည်။

ဇော်မြင့်ဝင်းသည် ပလိုင်းမောက်ကားအတွင်းသို့ လက်လျှိုကာ သော့ကိုပိတ်ပြီး သော့တန်ကို ဆွဲယူလိုက်သည်။ ပြီးလျှင် ဖျတ်ခနဲ အဝေးသို့ ပလိုင်းမောက်ကားမှသော့ချောင်းအား လွှင့်ပစ်လိုက်သည်။ ပလိုင်းမောက်ကားစက်ရပ်သွား၏။

"ဟေး…ဟေ့လူ ဒါကဘာလုပ်တာလဲ"



"သော့ကိုလွှင့်ပစ်တာလေ…ကျုပ်က နောက်ယောင်ခံလိုက်တဲ့ လူတွေကို မုန်းလွန်းလို့"

ထိုမျှသာပြောပြီး သူ၏မာစီးဒီးကားဆီသို့ ပြန်လာကာ စက်နှိုးလိုက်စဉ်မှာပင် မီးစိမ်းပြသဖြင့် ညာဘက်သို့ကွေ့ချိုးကာ ဇော်မြင့်ဝင်း မောင်းလာခဲ့သည်။ ဟွန်းသံများတပွမ်ပွမ်၊ တဂျီဂျီအော်နေသံကြောင့် နောက်ကြည့်မှန်ကို လှမ်းကြည့်လိုက်သည်။ မီးစိမ်းပါလျက် မထွက်ဘဲ ရှေ့မှပိတ်ရပ်ထားသောပလိုင်းမောက် ကားအားနောက်မှကားများက မကျေမနပ်ဟွန်းသံဖြင့် ဆူပူနေကြခြင်းဖြစ်တော့၏။ ပလိုင်းမောက်ကားပေါ်မှ လူသည် ဇော်မြင့်ဝင်းလွှင့်ပစ်ရာနေရာတွင် တကုန်းကုန်းဖြင့် သူ၏ကားသော့ရှာဖွေနေသည်ကိုပါ မြင်ရသောကြောင့် ဇော်မြင့်ဝင်းမှာ ပြုံးလိုက်ရပေသည်။

ဇော်မြင့်ဝင်းသည် ရန်ကင်းကိုဖြတ်၍ တောင်ဥက္ကလာဆီသို့ ဝင်လာခဲ့ပေသည်။

◆ ◆ ◆ ◆ ◆

## [၅]

ကြာပဒ္မာလမ်း၊ အိမ်အမှတ် (.....)လမ်း မှန်သည်။ အိမ်ရှေ့တွင် ၁၉၄၉-ခုနှစ်ထုတ်၊ ကိုင်ဇာဆလွန်းကားအပြာရောင်တစ်စီးကိုလည်းတွေ့ရသည်။ ထိုအိမ်သည် သော့လှဘော်၏ အိမ်ပင်ဖြစ်ရမည်။ မာစီးဒီးကားကိုအဝေးတွင် ရပ်ထားခဲ့ကာ ဇော်မြင့်ဝင်းသည် သော့လှဘော်အိမ်၏ တံခါးကိုခေါက်လိုက်သည်။

တံခါးဖွင့်ပေးသူမှာ အမျိုးသမီးတစ်ဦးဖြစ်ပေသည်။ အသားဖြူသည်။ မျက်နှာဝိုင်းသည်။ ခါးတုတ်ပြီး ခပ်ဖိုင့်ဖိုင့်ဖြစ်သည်။ အသက်အစိတ်ခန့်ရှိပေမည်။ သူမသည် မကြာသေးမီကမှ လက်ထပ်သောလှဘော်၏ဇနီးနန်းစိန်ဆိုသော ကရင်မလေးဖြစ်ရပေမည်။

"ဘာကိစ္စပါလဲရှင့်"ဟု ဇော်မြင့်ဝင်းအား အသံဝဲလေးဖြင့်မေးမြန်းသည်ကို ဇော်မြင့်ဝင်းကမပြောဘဲ အိမ်ထဲသို့သာတိုးဝင်လိုက်သည်။ ပွင့်နေသောတံခါးကိုလည်း ပြန်ပိတ်လိုက်၏။



နန်းစိန်အား ဇော်မြင့်ဝင်း ဖြေစရာမလိုသောကြောင့်ပင် ဖြစ်ပေသည်။ တံခါးဖွင့်လိုက်သည်ဆိုလျှင်ပင် ဧည့်ခန်းဒေါင့် ပက်လက်ကုလားထိုင်တစ်လုံးပေါ်၌ရှိနေသော လှဘော်အားတွေ့ရသောကြောင့်ပင်ဖြစ်တော့သည်။

ပက်လက်ကုလားထိုင်ဘေးတွင် အရက်ပုလင်း၊ ဖန်ခွက်နှင့် ဆော်ဒါပုလင်းများကိုတွေ့ရသည်။ ကျော်ဝင်းမော်ပြောလိုက်သလိုပင်၊ လှဘော်သည် အရက်ကြိုက်လှသူပင်တည်း။ လှဘော်သည် ဇော်မြင့်ဝင်းရောက်သွားချိန်၌ ဒေါင်းနေပေပြီ။ ပက်လက်ကုလားထိုင်ပေါ်တွင် အိပ်မောကျကာ ဟောက်များပင်နေသေး၏။ ဇော်မြင့်ဝင်းသည် လှဘော်ရှိရာသို့ လျှောက်သွားကာ လှဘော်အား လှုပ်နှိုးလိုက်သည်။

"ဟေး...လှဘော်...ထစမ်း"

လှဘော်က မနိုးပေ။

"ဖျန်း....ဖျန်းနှင့် လှဘော်၏ပါးနှစ်ဘက်ကို ဇော်မြင့်ဝင်းက ဆတ်ဆတ်ကလေး ဘယ်ပြန်ညာပြန်ရိုက်လိုက်သည်။

"ရှင် ဒီလိုမလုပ်သင့်ဘူး"

"ဝမ်းနည်းပါတယ် မနန်းစိန်...ဒီလိုမလုပ်ရင် ခင်ဗျားလူကနိုးမှာမဟုတ်ဘူး...ရေချိန်သိပ်လွန်နေပြီပဲဟာ"

လှဘော်လူးလွန့်လာသည်။ မျက်လုံးကိုမှေးကာဖွင့်ကြည့်၏။ ခပ်ကြောင်ကြောင်ဖြစ်နေသေးသည်။

"ဘာတွေဖြစ်နေတာလဲ...ခင်ဗျားကဘယ်သူလဲ"

"ကျုပ်ဘယ်သူဆိုတာ အရေးမဟုတ်ပါဘူး ကိုလှဘော်၊ အေး..

ကျုပ်ဟာ ဦးစိုင်းမောင်ရဲ့ လူတစ်ယောက်လို့သာ ခင်ဗျားနားလည်ထားပေါ့။ ထစမ်းကိုလှဘော်…အူကြောင်ကြောင်လုပ်မနေနှင့်”

“ဘယ်က ဦးစိုင်းမောင်လဲ ခင်ဗျားက ဦးစိုင်းမောင်ရဲ့လူတစ်ယောက်ဆိုတော့ ကျုပ်ကဘာလုပ်ရမှာလဲ…ခင်ဗျားကိုလည်း ကျုပ်မသိဘူး…ဦးစိုင်းမောင်လည်း ကျုပ်မသိဘူး…ကျုပ်အိပ်ချင်တယ်။ ဒါပဲ…ခင်ဗျားသွားတော့”

ဓော်မြင့်ဝင်းသည် လှဘော်၏ ရင်ဘတ်ကော်လာစများကို ဆုတ်ကိုင်ကာ ဆွဲထူလိုက်သည်။

“ဒီလိုနဲ့မရဘူး…ကိုလှဘော်…ခင်ဗျားထစမ်းဦး”

လှဘော် မျက်စိပြန်ဖွင့်လာပြန်သည်။

“ခင်ဗျား…လူမှားလာပြီထင်တယ်။ ဦးစိုင်းမောင်ကို ကျုပ်တစ်သက်မှာ တစ်ခါမှတောင်မမြင်ဖူးဘူး”

“ဟုတ်ပါ့မလားကိုလှဘော်…ခင်ဗျားဟာ ဦးစိုင်းမောင်ရဲ့ အမျိုးသမီးမိတ်ဆွေတစ်ဦးဆီမှာ ငွေညှစ်နေတာပဲဟာ လွန်ခဲ့တဲ့နှစ်လလောက်ကလေဗျာ…ဘယ်မလဲ ခင်ဗျားယူသွားတဲ့စာတွေလေ”

လှဘော်သည် ထူထူထောင်ထောင်ဖြစ်လာပေသည်။ သူ့ပက်လက်ကုလားထိုင်ဘေးမှ အရက်ပုလင်းကိုလှမ်းကြည့်လိုက်သည်။ အရက်ပုလင်းထဲဝယ် အရက်ဆို၍တစ်စက်တလေမျှ မကျန်တော့သည်ကိုတွေ့ရသောကြောင့် စိတ်ပျက်သွားသလိုမျက်နှာကို ရှုံ့မဲ့ပြလိုက်ပေသည်။

“ခက်တာပဲ…အရက်လည်းကုန်နေပြီ၊ ခင်ဗျားက ဘာတွေလာ



ပြောနေမှန်းလည်းမသိဘူး။ ကျုပ်နားမလည်ဘူး။ ကျုပ်ကမျက်လုံးပွင့်နေသမျှ သောက်နေရမှဗျ”

“ထားပါတော့…ခင်ဗျားရဲ့အရက်ဋီကာကြီးကို ဒီမှာကိုလှဘော် လွန်ခဲ့တဲ့နှစ်လလောက်က မရမ်းကုန်းက မြနန္ဒာခြံကြီးမှာ ဦးစိုင်းမောင်ပါတီပေးခဲ့တယ်။ အဲဒီပါတီပွဲကိုတက်လာတဲ့ အမျိုးသမီးတစ်ဦးရဲ့မော်တော်ကားနောက်ပိတ်သေတ္တာထဲက ခင်ဗျားလက်ပွေ့အိတ်တစ်လုံးခိုးသွားတယ်။ အဲဒီလက်ပွေ့အိတ်ထဲမှာ အရေးကြီးတဲ့စာတွေပါတယ်။ ဒီစာတွေကို အကြောင်းပြုပြီး ခင်ဗျားအိတ်ပိုင်ရှင်အမျိုးသမီးကိုငွေညှစ်နေတယ်။ အခုခင်ဗျားငွေသုံးသောင်းအထိရပြီးတာတောင် အမျိုးသမီးရဲ့စာတွေကို ပြန်မပေးဘူး။ ဒါကြောင့် ဦးစိုင်းမောင်က ခင်ဗျားကိုဆုံးမပေးဖို့ ကျွန်တော့်ကိုလွှတ်လိုက်တာ ကဲ..ရှင်းပြီလား”

လှဘော်သည် တစ်ချက်တွေတွေဝေဝေဖြစ်သွားသည်။ ပြီးမှ ကြဲကနဲ ရယ်လိုက်ပြီး သူ၏အိတ်များထဲ၌ရှိသမျှ ပစ္စည်းတွေကိုထုတ်၍ စားပွဲပေါ်သို့တင်ပြလိုက်၏။ စီးကရက်ဘူး၊ မီးခြစ်၊ ဆယ်တန်သုံးရွက်၊ အကြွေအနည်းငယ်၊ လက်ကိုင်ပဝါ၊ သော့တွဲစသည်တို့ဖြစ်ပေသည်။

“ကျုပ်ကငွေညှစ်တယ်ဟုတ်လား…ကျုပ်က ငွေသုံးသောင်းတောင်ရနေပြီဟုတ်လား။ ကြည့်လည်းကြည့်စမ်းပါဦး၊ ကျုပ်မှာဘယ်လောက်များချမ်းသာသလဲလို့ ငွေသုံးသောင်းရှိတဲ့ရုပ်ဟာ ဒီရုပ်လားလို့ မကျေနပ်ရင် တစ်အိမ်လုံးမြေလှန်ရှာဗျာ၊ ဒီမှာကိုယ့်လူ ကျုပ်ဟာငွေညှစ်တဲ့အလုပ်ကို မကျွမ်းကျင်တာအမှန်၊ ကျုပ်ကျွမ်းကျင်တာက တခြားအလုပ်ပါ။ ကျုပ်မှာ အခုတလောအလုပ်မဖြစ်လို့ အရက်

တောင်ဝအောင် မသောက်နိုင်ခဲ့ဘူး။ ခင်ဗျားပြောတဲ့စာတွေဆိုတာ ကျုပ်တစ်သက်မှာ တစ်ခါမှတောင် မမြင်ဖူးဘူးကိုယ့်လူ"

ဇော်မြင့်ဝင်းသည် စားပွဲပေါ်မှ သော့တွဲကို ကောက်ယူကာ တစ်အိမ်လုံးထဲ၌ ဖွင့်၍ရသမျှကို ဖွင့်ရှာကြည့်သည်။ အထွေအထူး ဘာမျှမတွေ့ရ။ မနန်းစိန်ဆီသို့ မော်လမြိုင်ဒိုင်းဝင်ကွင်းအိမ်အမှတ် (....)နေ၊ စောကြာဒိုးသည် မနန်းစိန်၏အစ်ကိုဝမ်းကွဲဖြစ်ဟန်တူ၏။ စာထဲ၌ပါသောအကြောင်းအရာသည် ငွေငါးဆယ်ပေးပို့သဖြင့် ကျေးဇူးတင်ကြောင်းနှင့် ပြန်လည်ပေးဆပ်ပါမည်ဖြစ်ကြောင်းမျှသာတည်း။ တစ်အိမ်လုံးစာဆို၍ ထိုစာတစ်စောင်သာတွေ့ရသဖြင့် နဂိုနေရာမှာပင် ထိုစာကိုပြန်ထားလိုက်ပြီး အပြင်သို့ပြန်ထွက်လာတော့သည်။

"ကျေနပ်ရဲ့လားကိုယ့်လူ"

ဇော်မြင့်ဝင်းသည် ဘာမျှမဖြေတော့ဘဲ အိမ်ထဲမှထွက်လာခဲ့သည်။ သူ၏ကားကို ဝေဇယန္တာလမ်းမကြီး၏ သစ်ပင်ရိပ်အောက်တွင် ရပ်ထားလိုက်သည်။ ကြာပဒုမ္မာလမ်းမှ ထွက်လာလျှင် မြင်သာသောနေရာပင်ဖြစ်၏။ လမ်းမီးများပင်ထွန်းလျက်ရှိပေပြီ။ ဆည်းဆာကိုအမှောင်က ဝါးမြိုစပြုလေပြီကော။

ဇော်မြင့်ဝင်းသည် ကြာပဒုမ္မာလမ်းထိပ်ကို မှောင်ခို၍ကားပေါ်မှ ထိုင်၍စောင့်ကြည့်ရင်း လှဘော်၏စကားများကိုပြန်လည်စဉ်းစားကြည့်မိသည်။

လှဘော်သည်အမှန်အတိုင်းပြောသည်ဟု သူယုံကြည်မိသည်။ လှဘော်လို ဖောက်ထွင်းမှုသာ ကျွမ်းကျင်သော သူခိုးတစ်ယောက်



လေးလေးမြင့်ထံမှ အဆင့်မြင့်သော စာများအား အကြောင်းပြလျက် ငွေညှစ်တတ်နိုင်သောဉာဏ်ရှိလောက်မည်မဟုတ်။ ဖြစ်နိုင်သည်မှာ တစ်စုံတစ်ယောက်သည် အခကြေးငွေ အနည်းအကျဉ်းပေးပြီးငှါးရမ်းသူက ရယူသွားပြီး လေးလေးမြင့်အား ငွေညှစ်နေခြင်းဖြစ်ဟန်ရှာသည်။

နာရီဝက်ကျော်အောင် စောင့်နေစေကာမူ လှဘော်သည် အပြင်သို့ ထွက်လာခြင်းမရှိသေးပေ။ ဇော်မြင့်ဝင်းသည် ဝေဇယန္တာလမ်းပေါ်ရှိ ခမ်းနားသော စားသောက်ဆိုင်တစ်ဆိုင်ကို လှမ်းမြင်ရသည်။ ထိုဆိုင်သို့ ဇော်မြင့်ဝင်းရောက်သွားကာ ဆိုင်ရှင်ထံခွင့်ပန်ပြီး လေးလေးမြင့်၏ အင်းယားမြို့သို့ နံပါတ်လှည့်ယူလိုက်ပေသည်။ တယ်လီဖုန်းကိုင်ထားရင်း ကြာပဒုမ္မာလမ်းထိပ်သို့လည်း မျက်ခြေမပြတ်ကြည့်နေရသေးသည်။ လေးလေးမြင့်ထံမှ တုန့်ပြန်သံထွက်ပေါ်လာ၏။

"ကျုပ်ပါ...မလေးလေးမြင့်...ဇော်မြင့်ဝင်းပါ"

"ပြောပါ ကိုဇော်"

"သူတို့ကိုတော့ တွေ့နေပြီလေ...နာမည်ကလှဘော်တဲ့၊ သော့လှဘော်လို့လည်းခေါ်တယ်"

"ဟုတ်လားကိုဇော်...သိပ်တော်တာပဲ..ဒါကြောင့်လေးလေးကအားကိုးတာပေါ့ ကိုဇော်...အဲဒီလူဆီက စာတွေပြန်ရပြီလားဟင်"

"မရသေးဘူး ဒီလူက အရက်သိပ်မူးနေတယ်။ ပြီးတော့ သူ့နောက်ကွယ်မှာ တစ်ယောက်ယောက်ရှိနေသေးတယ်လို့ကျုပ်ထင်တယ်။ ဒါကြောင့်အခုဆက်လိုက်ဖို့ စောင့်နေတာ"

"ကိုဇော်သိပ်ပင်ပန်းနေပြီပေါ့နော်"

ဇော်မြင့်ဝင်းက တယ်လီဖုန်းကို ပြန်ချလိုက်သည်။ လေးလေးမြင့်အနေနှင့်မူ သူမ၏အပိုစကားများကို နားမထောင်လို၍ တယ်လီဖုန်းချလိုက်သည်ဟု ထင်ကောင်းထင်ပေမည်။ တကယ်မှာမူ ကြာပဒုမ္မာလမ်းထိပ်သို့ လှဘော်၏ကားမောင်းထွက်လာသည်ကို ဇော်မြင့်ဝင်းတွေ့လိုက်သောကြောင့်သာလျှင်ဖြစ်ပေသည်။ ကိုင်ဇာဆလွန်းကားအပြာကိုမောင်းထွက်လာသူမှာ 'မနန်းစိန်'ပင်ဖြစ်၏။ အချိန်မှာမိုးစုံးစုံးချုပ်ပြီမို့ ဇော်မြင့်ဝင်းက နောက်ယောင်ခံလိုက်ရာတွင် နေ့ပိုင်းထက်တပန်းသာလျှက်ရှိပေသည်။

ကိုင်ဇာကားအပြာသည် ရန်ကင်းဘက် ချိုးကွေ့ကာတာမွေအဝိုင်းကြီးဆီသို့ မျဉ်းပြိုင်ကွင်းဟောင်းကိုပတ်ပြီး မောင်းလျှက်ရှိနေသည်။ ဇော်မြင့်ဝင်းက မလှမ်းမကမ်းမှ ကားနောက်မီးနီနီမပျောက်ရုံလိုက်လျှက်ရှိသည်။ တာမွေအဝိုင်းကြီးအရောက်တွင် မရိုးဆန်းရုပ်ရှင်ရုံဘေးမှကပ်ခါ ကန်တော်ကြီးဘက်သို့ ဦးတည်ကာကိုင်ဇာကမောင်းသွားပြန်သည်။ ဘုတ်ကလပ်ဟောင်းအနီးရှိ အထက်ပန်းဆိုးတန်းလမ်းသို့ ကိုင်ဇာဆလွန်းအပြာက ချိုးကွေ့ပြန်သည်။ ထို့နောက်တစ်ထပ်တိုက်ကလေးတစ်လုံး၏ရှေ့တွင် ကိုင်ဇာရပ်လိုက်သည်ကို ဇော်မြင့်ဝင်းတွေ့ရပြန်သည်။

ဇော်မြင့်ဝင်းသည် မြင်သာသောနေရာမှမှောင်ခိုကာ သူ၏မာစီးဒီးကားကိုရပ်ထားပြီး အရိပ်အခြေအနေကိုစောင့်ကြည့်နေပေ၏။

ကိုင်ဇာကားပေါ်မှ 'သော့လှဘော်'သည် ဒယိမ်းဒယိုင်ဆင်းကာ ဘစ်ထပ်တိုက်ကလေးဆီသို့ဝင်သွားသည်။ သူ၏ဇနီးမနန်းစိန်ကမူ ကား



က်ကိုင်ဘီးနောက်တွင် ငြိမ်သက်စွာထိုင်၍ကျန်ခဲ့သည်။

မိနစ်နှစ်ဆယ်ခန့်ကြာသွားသည်အထိ အခြေအနေမှာ ဒီအတိုင်း င်ဖြစ်သည်။ မနန်းစိန်ကိုယ်တိုင်လည်း သူမ၏ယောက်ျားလှဘော် င်ရောက်သွားသည့် တစ်ထပ်တိုက်ကလေးဆီသို့ လည်တဆန့်ဆန့်ဖြစ် ရှာ၏။ နောက်ဆုံးတွင် မနန်းစိန်သည် သူမ၏ကိုင်ဇာကားအပြာပေါ် ဆင်းကာ တစ်ထပ်တိုက်လေးဆီသို့ လိုက်သွားပေသည်။

သုံးမိနစ်ထက်ပို ပို၍ကြာမည်မထင်ပေ။

မနန်းစိန်သည် တစ်ထပ်တိုက်အိမ်ကလေးထဲမှ အပြေးအလွှားပြန် သည်ကာထွက်ပြေးလာသည်ကို ဇော်မြင့်ဝင်းတွေ့ရပေသည်။ လဲကျ တော့မတတ် ပျာရီးပျာရာပြေးထွက်လာခြင်းမျိုးဖြစ်သည်။ ကိုင်ဇာကား ကြီးပေါ်သို့ မနန်းစိန်ပြန်တက်ပေသည်။ မနန်းစိန်၏ ငိုရှိုက်သံကိုပင် ဇော်မြင့်ဝင်းကြားရပေ၏။ ထို့နောက် ကိုင်ဇာကားကိုသော့လှဘော်ပြန် ပါဘဲ မနန်းစိန်မောင်းထွက်သွားလေတော့သည်။

'သော့လှဘော်'ပြန်မပါသွားသည့်အတွက် ကိုင်ဇာနောက်သို့ ဇော်မြင့်ဝင်းကမလိုက်တော့ပေ။ မာစီးဒီးကားပေါ်မှဆင်းသက်ကာ တစ် ထပ်တိုက်အိမ်ကလေးဆီသို့ မှောင်ခိုရောက်လာခဲ့သည်။ အဝင်တွင်အိမ် ပါတ်ကို ကြည့်လိုက်သည်။ အိမ်နံပါတ်သည် '၃၃၁၁'ဖြစ်ပေသည်။ အဝင်တံခါးမှာ ပိတ်လျက်သားပင်ရှိနေသည်။

ဇော်မြင့်ဝင်းသည် တံခါးကိုညင်သာစွာခေါက်ကြည့်၏။ အထဲမှ ူးသံသော်လည်းကောင်း၊ လှုပ်ရှားသံကိုလည်းကောင်း၊ မကြားရပေ။ တံခါးလက်ကိုင်ဘုသီးကို လှည့်ဖွင့်ကြည့်သည်။ ပွင့်သွားပေ၏။

ဇော်မြင့်ဝင်းက အထဲသို့သတိထားကာဝင်လာခဲ့သည်။ အထဲတွင် အားနည်းသောမီးသီးတစ်လုံး ထွန်းလျှက်သားရှိပေ၏။ တံခါးမှဝင်လာသည်ဆိုလျှင်ပင်တစ်ထပ်တိုက်ကလေး၏ ဧည့်ခန်းသို့ ရောက်ရှိရပေသည်။ ဧည့်ခန်းထဲတွင် ဆိုဖာပုအနီရောင်ကလေးများရှိပေသည်။ ဆိုဖာနီကလေးတစ်လုံး၏ဘေးတွင် သော့လှဘော်အား ဇော်မြင့်ဝင်းတွေ့ရသည်။ သော့လှဘော်သည် ကြမ်းပြင်တွင်ခွေခွေခေါက်ခေါက်ဖြ နေသည်။ ဆယ်စက္ကန့်မျှဇော်မြင့်ဝင်းက သော့လှဘော်အားကြည့်နေ၏။ ထို့နောက် သော့လှဘော်ဘေးသို့ ထိုင်ချကာလက်ကောက်ဝတ် တစ်ဘက်တစ်ချက်မှသွေးကို စမ်းကြည့်လိုက်သည်။

သော့လှဘော်၏ကိုယ်တွင်းမှ သွေးကြောတို့သည် တစ်ချက်တလေမျှ မလှုပ်ရှားတော့ပေ။

သော့လှဘော်သည် သေဆုံးရှာလေပြီကော။ သော့လှဘော်သည် မှောက်လျှက်သားဖြစ်သည်။ မျက်နှာက တံခါးအဝင်ဝဘက်သို့ လှည့်ထားလျှက်ရှိသည်။ နှုတ်ခမ်းများ ပြာနှမ်းလျှက်ရှိသည်။ မျက်လုံးပွင့်လျှက်သားဖြစ်၏။ သူ၏ကိုယ်တွင် ဒဏ်ရာတစ်စုံတစ်ခုရှိနေသည်။

စားပွဲပေါ်တွင် ဝီစကီပုလင်းတွေ့ရသည်။ ဖန်ခွက်တစ်လုံးလည်း ရှိနေ၏။ ဝီစကီပုလင်းတွင် အနည်းငယ်လျော့ကာ ဖန်ခွက်ထဲတွင်အ မရှိသည်ကို ဇော်မြင့်ဝင်းတွေ့ရသည်။ ဖန်ခွက်သည် သော့လှဘော် လက်လှမ်းမီရာတွင်ရှိနေသည်။

ပွင့်နေသော ဝီစကီပုလင်းအား ဇော်မြင့်ဝင်းသည် လက်ဖြင့်



ိုင်ဘဲ ငုံ့နမ်းကြည့်သည်။ ဝီစကီနံ့ထက်ပိုလွန်ကာ စူးစူးဝါးဝါးအနံ့ ာစ်မျိုးကို ရှုရှိုက်ရမိသည်။

'သော့လှဘော်' သည် အဆိပ်မိသွားသည်မှာ ယုံမှားဖွယ်ရာမရှိ။ သော့လှဘော်သည် အရက်ဆိုလျှင် အငမ်းမရသောက်ချင်သူဖြစ်သည်။ ဇော်မြင့်ဝင်းနှင့်တွေ့ပြီးနောက် သော့လှဘော်သည် တစ်စုံတစ်ဦးထံသို့ ဇော်မြင့်ဝင်းသူ့အား လာတွေ့ပြီး ငွေညှစ်သည့်ကိစ္စကို တယ်လီဖုန်း ့်ပြောမည်။ ထိုတစ်စုံတစ်ဦးက ဤအထက်ပန်းဆိုးတန်း အိမ်အမှတ် ၁၁)သို့လာရောက်ရန် သော့လှဘော်အား ချိန်းဆိုမည်။ လှဘော် ရောက်လာလျှင် သောက်စေရန် ဝီစကီပုလင်း၌ အဆိပ်ခတ်ထားမည်။ း ဆိုသည့်အတိုင်း လှဘော်ရောက်လာသည်။ အရက်ငတ်သူမို့ ရက်ပုလင်းတွေ့သည်နှင့် ဖန်ခွက်တွင်ငှဲ့ကာသောက်သည်။ ယင်းသို့ င်ပင် လှဘော်ကြွသွားခြင်းဖြစ်နိုင်ပါ၏။

ချိန်းဆိုထားသော ဤနေရာသို့ လှဘော်တစ်ယောက်တည်းလာရန် သတ်သမားသည် ချိန်းဆိုကောင်းချိန်းဆိုမည်။ သို့သော်ရေချိန်လွန် သော ခင်ပွန်းလှဘော်အတွက် 'မနန်းစိန်' က ကားမောင်းပို့ပေးခြင် ည်းဖြစ်နိုင်သည်။ လူသတ်သမားနှင့် တွေ့ဆုံရန်ကိစ္စကိုမူ လှဘော် ဇနီးမနန်းစိန်အား ကားပေါ်၌ထားခဲ့ကာ တစ်ယောက်တည်းလ ခြင်းဖြစ်မည်။ ထို့ကြောင့် အဆိပ်မိပြီး လဲကျသွားသောလှဘော ည် အကူအညီလိုဟန်ဖြင့် ဇနီးရှိရာ တံခါးအဝင်ဝသို့ ဦးခေါင်းလှည သေဆုံးရခြင်းဖြစ်နိုင်သည်။

ဇော်မြင့်ဝင်းသည် တစ်အိမ်လုံးလျှောက်ကြည့်သည်။ ဤအိမ်င

တွင် အိမ်ထောင်ပစ္စည်း အပြည့်အစုံရှိနေ၏။ အိပ်ခန်းထဲတွင် ခုတင် မွေ့ယာ၊ မှန်တင်ခုံနှင့် ဗီဒိုများရှိနေကြသည်။ သို့သော်တစ်စုံတ ယောက်သည် ခုတင်၊ မွေ့ယာ၌ အိပ်ခဲ့ဘူးလေသည့်အသွင်မ မှန်တင်ခုံမှာ ဖုန်များတက်နေသည်။ ဗီဒိုထဲဝယ်မည်သည့်ဝတ်စုံတ တလေမျှမရှိ။

လူနေရန်သင့်တော်သော အိမ်တစ်အိမ်ဖြစ်ပါလျက် လူမနေခဲ့သေ အိမ်မှန်းသိသာလှသည်။

ဇော်မြင့်ဝင်းသည် သူကိုင်တွယ်မိလေသော ပစ္စည်းမှန်သမျှ လ ပုံစံမရှိရလေအောင် တံခါးလက်ကိုင်ဘုဘီးမှစပြီး လက်ကိုင်ပဝါဖြ ပွတ်သုတ်ပစ်ခဲ့ ထိုပန်းဆိုးတန်းအထက်လမ်း အိမ်အမှတ် (၃၃၁ ထွက်ခွါလာခဲ့တော့သည်။

အထက်ပန်းဆိုးတန်းလမ်းမှ တောင်ဥက္ကလာ ကြာပဒုမ္မာလမ်း ဇော်မြင့်ဝင်းပြန်လာခဲ့သည်။ သော့လှဘော်၏အိမ်သည် မှောင်နှင့်မ မည်းရှိနေသည်။ လှဘော်၏ဇနီး မနန်းစိန်လည်း အိမ်တွင်ရှိဟန်မ တော့ပေ။ ကိုင်ဇာကားကိုလည်းမတွေ့ရ။

ဇော်မြင့်ဝင်း ပြန်လှည့်လာခဲ့သည်။ အင်းယားမြိုင်ဆီသို့ပင် ဖြ လေတော့သည်။

အင်းယားမြိုင်၏ လူခေါ်ခေါင်းလောင်းဘုသီးကို နှိပ်သည့်အ တွင် ည(၁၀)နာရီကျော်ပေပြီ။

တံခါးဖွင့်ပေးသူမှာ ခင်မာပင်ဖြစ်ပါ၏။ ဇော်မြင့်ဝင်းသည် ထဲသို့ဝင်လာခဲ့သည်။



"ဘာတွေထူးလာသလဲ ကိုကိုဇော်"

"လေးလေးမြင့်ကော ဘယ်သွားလဲ၊ အိပ်ပြီလား"

"မသိဘူး…အပြင်သွားတာ ပြန်မလာသေးဘူး"

ဇော်မြင့်ဝင်းသည် ကုလားထိုင်တစ်လုံး၌ ဝင်ထိုင်လိုက်၏။

"ဘယ်အချိန်ကသွားတာလဲ ခင်မာ…"

"ည ကိုးနာရီလောက်လို့ ခင်မာထင်တာပဲ…ဘာလို့များမမေး ဒီလောက်တောင်မေးနေရတာလဲ"

"သူတစ်ယောက်တည်းသွားတာလား"

"မဟုတ်ဘူး…ကိုလွင်ဦးနဲ့သွားတာ ကိုကိုဇော်"

ခင်မာကပြောပြီး ရယ်လိုက်ပေသည်။ ဇော်မြင့်ဝင်းသည် မျက် ောင်ကုတ်လိုက်မိသည်။ ကိုလွင်ဦးဆိုသူမှာ မည်သူမှန်း ဇော်မြင့်ဝင်း သိသောကြောင့်ဖြစ်သည်။

"ဘယ်သူလဲ ကိုလွင်ဦးဆိုတာက…"

"ကိုလွင်ဦးဆိုတာ ကိုလွင်ဦးပေါ့ ကိုကိုဇော်၊ လူချောလူလှတစ် ောက်ပဲ၊ ဦးကျော်သူရှိတုန်းကတော့ ဦးကျော်သူ့အရေးပေးခံရတဲ့ ဘာတစ်ယောက်ပေါ့"

"ဒရိုင်ဘာ"

"ဒရိုင်ဘာဆိုလို့ အထင်မသေးနဲ့ ကိုကိုဇော်၊ ကုန်ကားကြီးတွေ ုံးကို ကားလေးတစ်စီးနှင့် လိုက်ကြပ်မတ်ပေးရတဲ့ ဒရိုင်ဘာမျိုး ျော်သူရဲ့လုပ်ငန်းမှာ အရေးပါတဲ့ ကြပ်မတ်သူတစ်ယောက်လို့ လောက်ဘယ်ရှင့်"

ခင်မာ၏စကားကို ဇော်မြင့်ဝင်းက ပခုံးကိုသာတစ်ချက်တွန့်ပြ လိုက်မိသည်။ ပြီးမှ…

"ဒီနေ့တစ်နေ့ခင်းလုံး မလေးလေးမြင့်ဟာ အင်းယားမြိုင်မှာ ရှိနေသလား ခင်မာ"

"ဘာတွေလျှောက်မေးနေမှန်းလည်းမသိဘူး" ဟု ခင်မာက နှုတ် ခမ်းစူပြရင်းပြောလိုက်ပေသည်။ ခင်မာသည် ကြည်ပြာရောင်လက် အင်္ကျီကို ဝတ်ထားသောကြောင့် သူမ၏လုံးကျစ်သွယ်လျသော လက် မောင်းသားလေးတို့သည် တုတ်တုတ်ခဲခဲပေါ်လွင်နေကြပေသည်။ ဒါ ဇော်မြင့်ဝင်းက ငေးကြည့်နေမိ၏။

"မြန်မာလိုမေးနေတာပဲ ခင်မာ၊ ကလေးမက မြန်မာစကား နားမလည်ဘူးလား"

"ဘာကလေးကလဲ .... မသိဘူး…သွား"

"မေးတာကိုမဖြေသေးဘဲနဲ့ မသွားနိုင်သေးဘူးခင်ဗျ"

ခင်မာက ပြုံးလိုက်ပြန်၏။ ခုနကနှုတ်ခမ်းစူပြသည်။ ယခု ချက်ချင်းပြုံးပြန်၏။ ခက်လည်းခက်သည့် ဆယ်ကျော်သက်ရွယ် တကား။

"ကိုကိုဇော်ပဲ ခင်မာ့ကိုလမ်းမှာ ချပေးခဲ့တယ်မဟုတ်လား ချက်ဗလက်ကြီးယူပြီး ခင်မာသူငယ်ချင်းတွေနဲ့ ရုပ်ရှင်သွားကြည့်တာ ရုပ်ရှင်ကြည့်ပြီးတော့ လေဟာပြင်မှာ သူငယ်ချင်းတွေနှင့် ထမင်း စားကြတယ်။ ညရှစ်နာရီခွဲမှ အိမ်ပြန်ရောက်တယ်။ အဲဒီတော့ မနေ့ နေ့ခင်းက အိမ်မှာရှိလား..မရှိဘူးလား ခင်မာမသိဘူး…ကဲ..ရှင်း လား ကိုကိုဇော်"



ဇော်မြင့်ဝင်းက ခေါင်းကိုသာညိတ်ပြလိုက်သည်။

"ကိုကိုဇော် အရက်သောက်မလား…ဒီအိမ်မှာ ဦးကျော်သူဝယ် ထားတဲ့အရက်တွေ အများကြီးခင်မာတွေ့တယ်"

"ကော်ဖီပဲသောက်ချင်ပါတယ် ခင်မာ"

"ဒါဖြင့်ခဏစောင့် ခင်မာဖျော်ပေးမယ်"

ခင်မာသည် မီးဖိုဆောင်သို့ဝင်သွား၏။ ဇော်မြင့်ဝင်းသည် ကုလား ထိုင်တွင် ခြေမစ်လက်ပစ်ဆန့်ထိုင်လိုက်သည်။ ယနေ့အဖို့ညနေစာကို သူမတွေ့လိုက်ရပေ။ ကိစ္စမရှိ၊ ကော်ဖီခါးခါးအချိုပေါ့ကို အားရပါး သောက်ရလျှင်တော်ပေပြီ။

ဇော်မြင့်ဝင်းသည် အညောင်းဆန့်ရင်း စောစောကအဖြစ်အပျက် များကို ပြန်လည်စဉ်းစားကြည့်မိသည်။

သူ၏အဓိကအမှားသည် 'မနန်းစိန်'အထက်ပန်းဆိုးတန်းလမ်းမှ ကိုင်ဇာမောင်းကာထွက်သွားသည်ကို နောက်ယောင်ခံမလိုက်မိခြင်းပင် တော့၏။ မနန်းစိန်နောက်သို့သာ လိုက်ခဲ့မိလျှင် သော့လှဘော်နှင့် ဆက်သွယ်ခဲ့သူကို ဇော်မြင့်ဝင်းခြေရာခံနိုင်လောက်သည်။ မနန်းစိန် သည် သူမ၏ခင်ပွန်း သော့လှဘော်မည်သူနှင့် ဆက်သွယ်သည်ကို သိနိုင်သောဇနီးဖြစ်ပေ၏။ သူမ၏ခင်ပွန်းလှဘော်သေဆုံးသည်ကိုတွေ့ သည်ဆိုလျှင် မနန်းစိန်သည် လှဘော်နှင့်နောက်ဆုံးဆက်သွယ်ခဲ့သူ၏ ချက်ဟူ၍ ချက်ချင်းနားလည်မည်။ ထိုနောက်ဆုံး ဆက်သွယ်သူ ထံသို့ 'မနန်းစိန်'မသွားရောက်ဘဲနေမည်မဟုတ်။

ယခုမူ ခြေရာလည်းပျောက်၊ ရေလည်းနောက်ရပြီ။ မနန်းစိန်သည်

သူမ၏အစ်ကိုဝမ်းကွဲရှိရာ မော်လမြိုင်ဒိုင်းဝန်ကွင်းသို့များ သွားလေ လား မပြောတတ်။

"ဟေး…ကိုကိုဇော်၊ ကော်ဖီယူလာပြန်တော့ သူကငိုင်လို့ ဘာ တွေများ ဒီလောက်စဉ်းစားနေရတာလဲ…ခင်မာဖြင့် မနည်းပြန်စဉ်း စားယူရတယ်။ ကိုကိုဇော် ကော်ဖီကိုဘယ်လိုအနေအထားကြိုက်ပါလို့ လို့ ခါးခါးပဲကိုကိုဇော်"

"သိပ်ကြိုက်ပေါ့ခင်မာ"

ကော်ဖီခွက်ကို ဇော်မြင့်ဝင်းကယူ၍ သောက်ကြည့်လိုက်သည်၊ ခင်မာ၏လက်ရာသည်မဆိုးပေ။ ဇော်မြင့်ဝင်းအကြိုက် အချိုပေါ့ပေါ့ ခါးခါးဖြစ်နေသည်။

"ကိုကိုဇော်ရောက်လာလို့ နို့မို့ရင် ခင်မာသွားပြီ"

"ဘာကိုဆိုလိုတာလဲ ခင်မာ"

"မမလေးနဲ့ ခင်မာအဆင်မပြေပါဘူး ကိုကိုဇော်၊ မမလေးက ခင်မာမနှစ်သက်တာတွေ အများကြီးပဲ၊ ဒါကြောင့်ခင်မာဘာသာ ရန် ကင်းတိုက်ခန်းကိုပြန်တော့မလို့ လုပ်နေတုန်းကိုကိုဇော် ရောက်လာ တာ"

"ညီအစ်မချင်းပဲ ခင်မာ"

"ဟွန်း…ဖအေတူ မအေကွဲ ညီအစ်မပါ။ သူ့ကိုလည်းခင်မာ ပြောပြီးပြီ၊ ဒီညပဲ ရန်ကင်းကိုပြန်မလို့ဆိုတာ"

"ခင်မာတို့ရန်ဖြစ်ကြသလား…"

"စကားများကြတာပါ ကိုကိုဇော်၊ အဓိကစကားများရတာလည်း



ကိုကိုဇော့်အတွက်ပါ။ ခင်မာက မမလေးကို အပြစ်ပြောမိတယ်။ ဒီကိစ္စအရှုပ်အထွေးတွေထဲကို ဘာဖြစ်လို့ ကိုကိုဇော့်ကိုဆွဲခေါ်လာရ တာလဲလို့၊ ကိုကိုဇော်ဘာသာ အေးအေးနေပါစေလားလို့လေ၊ အဲဒါမမ လေးက ဆတ်ဆတ်ခါနာတယ်။ မိခင်မာ ညည်းနှင့်မဆိုင်ပါဘူးတဲ့။ ကိုဇော့်အကြောင်းကို ညည်းကငါ့လောက်မသိပါဘူးတဲ့။ ကိုယ့်ဘာသာ ကလေးပီပီ ဘေးဖယ်နေစမ်းတဲ့လေ၊ အဲဒီတော့ ခင်မာက ဘေးဖယ်နေ မယ်။ ဒီညပဲရန်ကင်းပြန်မယ်လို့ မမလေးကို အော်ပစ်လိုက်တယ် ကိုကိုဇော်"

ဇော်မြင့်ဝင်းကဝေဖန်ချက်မပေး။ ကော်ဖီကိုသာဖိသောက်နေလိုက် တော့သည်။ တအောင့်ကြာမှ ဇော်မြင့်ဝင်းက ဆက်၍မေးခွန်းထုတ် လိုက်မိသည်။

"ခုနခင်မာပြောတဲ့အထဲမှာ ဒီကိစ္စအရှုပ်အထွေးတွေထဲကိုဆိုတဲ့ ခင်မာပြောတဲ့စကားပါတယ်နော်။ ဘာကိစ္စအရှုပ်အထွေးကို ခင်မာရည် ရွယ်ပြောတာလဲ ခင်မာ"

"အို…ခင်မာမပြောချင်ဘူး"

"ကိုကိုဇော့်ကိုမှာ မပြောချင်ရင် ခင်မာဘယ်သူ့ကိုသွားပြောချင် သလဲကွာ"

ခင်မာက ခပ်ဆိုင်းဆိုင်းနေပြီးမှ ပြောချလိုက်တော့၏။

"ဦးကျော်သူကို မမလေးကိုယ်တိုင်က ပစ်သတ်တာကောမဖြစ် နိုင်ဘူးလား ကိုကိုဇော်"

ခင်မာစကားအရ ဇော်မြင့်ဝင်း၏မျက်နှာသည် တင်းမာသွားရပြန်

သည်။ ကော်ဖီခွက်ကို စားပွဲပေါ်သို့ ပြန်ချထားလိုက်မိသည်။ ခင်မာ၏ မျက်နှာကိုလည်း ဇော်မြင့်ဝင်းသည် စိုက်ကြည့်နေမိသည်။

"အဲဒီလိုခင်မာက ဘာလို့ထင်သလဲ၊ ဘယ်အပေါ်မှာ အခြေခံချက်ထားပြီး လေးလေးမြင့်က သူ့ယောက်ျားဦးကျော်သူကို သတ်ပစ်တယ်လို့ ခင်မာပြောပြနိုင်မလဲ"

"အဲဒီလိုအထောက်အထားတွေ၊ သက်သေခံတွေနဲ့တော့ ခင်မာ ဘာပြောတတ်မလဲ ကိုကိုဇော်၊ ဒါပေမဲ့ ခင်မာဟာ အဲဒီအချက်ကို မမလေးနဲ့ နှစ်ယောက်တည်းစကားပြောတုန်း မမလေးအပေါ်မှာစွဲချက်တင်လိုက်တယ်။ အဲဒီတုန်းက ဖြစ်ပျက်သွားတဲ့ မမလေးရဲ့အမူအယာကိုကြည့်ပြီး ခင်မာပိုပြီးထင်မိတာ"

"ဒါပေမဲ့ ဦးကျော်သူအသတ်ခံရတဲ့ညက လေးလေးမြင့်ဟာ ဦးစိုင်းမောင်ရဲ့ပါတီပွဲရောက်နေတယ် မဟုတ်လား"

"ဦးစိုင်းမောင်ရဲ့ ပါတီပွဲဟာ လူတွေတစ်လျှောက်ကြီး ဖိတ်ထားတဲ့ ပါတီပွဲပါ ကိုကိုဇော်၊ ပြီးတော့ အသောက်များလို့ လူတွေအားလုံး မူးနေကြတာပါ။ ဒီလောက်လူတွေကြားမှာ လူတစ်ယောက်ခဏတဖြုတ်ပျောက်သွားတာကို ဘယ်သူကတိတိကျကျမှတ်သားနိုင်မှာတဲ့လဲ မမလေးနဲ့ ဦးကျော်သူဟာ အဆင်မပြေကြတဲ့ လင်မယားပဲ၊ မမလေးကဆိုရင် ဦးကျော်သူကို တစ်စက်ကလေးမျှ မေတ္တာရှိပုံမရဘူး။ သူတို့ ခဏခဏစကားများကြတယ်။ တစ်ခါတလေ ဦးကျော်သူက မမလေးကို ရိုက်မောင်းပုတ်မောင်းတွေတောင် လုပ်ချင်တတ်တယ်။ ခင်မာ ဆိုလိုတာက ဒီလိုပါ ကိုကိုဇော်၊ တကယ်တန်းဆိုရင် မမလေးဟာ



လူတစ်ယောက်ကို သွေးအေးအေးနဲ့ သတ်ရဲအောင် ရက်စက်တဲ့ စိတ်မျိုးလည်းမရှိပါဘူး။ သတ္တိလည်းမရှိပါဘူး။ နို့ပေမယ့် ဦးကျော်သူက ရိုက်မောင်းပုတ်မောင်းလုပ်တဲ့အခါ ကြောက်ကန်ကန်ပြီး အံဆွဲထဲက ဦးကျော်သူရဲ့ သေနတ်ကိုယူပြီး ပစ်မထည့်ဘူးလို့ ဘယ်သူငြင်းနိုင်မလဲ၊ လက်လွန်သွားပြီးမှ မတတ်သာတော့လို့ သူခိုးဓားပြတစ်ယောက်က သတ်သွားတဲ့အနေမျိုး ဖန်တီးလာရင်ကော မရဘူးလား… သတ်မိတဲ့ သေနတ်ကိုမမလေးက သူ့ဘာသာယူပြီးဖွက်ထားလိုက်မယ်ဆိုရင်ကော ကိုကိုဇော်"

"အဲဒီလိုထင်လောက်တဲ့ အမူအယာမျိုးတွေကော လေးလေးမြင့်ဆီမှာ ခင်မာက တွေ့နေလို့လား"

"မမလေးဟာ နေ့စဉ်အထိတ်တလန့်ဖြစ်နေတာတွေ တွေ့ရတယ် ကိုကိုဇော်၊ ခင်မာ့ရဲ့စိတ်အထင်တော့ ဦးစိုင်းမောင်ရဲ့ ပါတီပွဲကမမလေးပြန်လာတာကို တစ်ယောက်ယောက်က တွေ့ရှိသတိထားလိမ့်မယ်။ အဲဒီလူကမမလေးကို အဲဒီအကြောင်းပြပြီး ငွေညှစ်နေတယ်လို့တောင် ခင်မာထင်မိတယ်"

"အဲဒီလူဟာ ဘယ်သူဖြစ်နိုင်မလဲ"

"ခင်မာ့အထင်တော့ ကိုလွင်ဦးပဲလို့ ထင်တာပဲ၊ ဒီလူကလူကောင်းမှမဟုတ်တာ။ ဒီလူမကောင်းမှန်း မမလေးကိုယ်တိုင်က ခင်မာ့ကို သတိပေးဖူးတယ်။ ဒါပေမဲ့ မမလေးဟာ ကိုလွင်ဦးကို အခုတွဲနေပြန်ရော၊ စိတ်ထဲကပါလို့ တွဲရတာမဟုတ်ဘဲ ကြောက်လို့တွဲနေရတာလို့ မစဉ်းစားသင့်ဘူးလား ကိုကိုဇော်"

စဉ်းစားသင့်သည်ဆိုစေဦးတော့ ဇော်မြင့်ဝင်းသည် မစဉ်းစားလိုပေ။ လေးလေးမြင့်၏အခြေအနေသည် ယခုခင်မာတွေးထင်သကဲ့သို့သာ ဖြစ်နေရိုးမှန်ပါက ရင်နာစရာကောင်းလှဘိခြင်း၊ ဇော်မြင့်ဝင်းသည် လေပူပြင်းကိုမှုတ်ထုတ်လိုက်မိသည်။

“အခု ခင်မာပြောတာ ကိုကိုဇော်ဘယ်လို သဘောရသလဲဟင်”

“ဘယ်လိုမှ သဘောမရဘူးခင်မာ”

“ဘယ်ရမလဲ…ကိုကိုဇော်ဟာ အခုအချိန်ထိ မမလေးကိုချစ်နေသေးတာကိုး…”

ဇော်မြင့်ဝင်းက ခါးခါးသီးသီးငြင်းပယ်လိုက်သည်။

“လုံးဝမချစ်ဘူး၊ ဒီမိန်းမကို ကိုကိုဇော်လုံးဝမချစ်ဘူး ခင်မာ”

ခင်မာက ယဲ့ယဲ့လေးပြုံးပြလိုက်သည်။

“ဒီမိန်းမကို မချစ်ဝံ့ဘူးလို့သာပြောပါ ကိုကိုဇော်၊ ဘာပဲဖြစ်ဖြစ် မမလေးကတော့ ကိုကိုဇော့်အပေါ်မှာ ချစ်နေရှာသေးတာတော့ အမှန်ပဲ”

“ဒီမိန်းမဟာ ကိုကိုဇော့်ကို ဘယ်တုန်းကမှ မချစ်ခဲ့ပါဘူးခင်မာ၊ ဒီမိန်းမမှာ နှလုံးသားနဲ့ပတ်သက်တဲ့ အချစ်မျိုးဆိုတာ မရှိတန်ကောင်းပါဘူး”

“ကိုကိုဇော်မှားတာပေါ့…မမလေးကို ခင်မာတစ်သက်လုံးမြင်တွေ့ခဲ့ရတဲ့ ညီအစ်မပဲ၊ မှန်ပါတယ် မမလေးဟာ ငွေအင်မတန်မက်တယ်ဆိုတာ သူ့ရဲ့အဓိကရည်မှန်းချက်ဟာလည်း ငွေပဲ၊ ဒီကြားထဲမှာ ကိုကိုဇော်နဲ့ အမှတ်မထင်တွေ့ကြတယ်။ မမလေးက ကိုကိုဇော့်ရဲ့အချစ်



ကိုလက်ခံခဲ့တယ်။ အဲဒါတကယ်ချစ်လို့ လက်ခံတာ”

“မမလေးရဲ့ အဓိကရည်ရွယ်ချက်ဟာ ပိုက်ဆံသိပ်ပေါတဲ့လူကိုသာ လက်ထပ်ဖို့ရည်ရွယ်ထားခဲ့တာ…ကိုကိုဇော်ရှေ့တန်းမှာတာဝန်ကျတဲ့အချိန်မှာ ဦးကျော်သူနဲ့ မမလေးတွေ့တယ်။ ဦးကျော်သူကိုမချစ်ဘဲနှင့် ငွေကိုချစ်လို့ မမလေးလက်ထပ်လိုက်တာ ကိုကိုဇော် တကယ်လို့သာ ကိုကိုဇော့်အပေါ်မှာ မမလေးကပုံပြီးချစ်မထားမိရင် ဦးကျော်သူကို မမလေးဟာ အထိုက်အလျောက် ချစ်တုံ့ပြန်ချင် ပြန်ဦးမှာ‥ အခုတော့…”

“တော်ပါတော့ခင်မာရာ ခင်မာပြောနေတာတွေဟာ ရွှေယုန်နဲ့ရွှေကျား သက်ကယ်ရိတ်သွားတဲ့ပုံပြင်မျိုးတွေပါ။ နားထောင်လို့တော့ ကောင်းပါရဲ့ အဓိပ္ပါယ်မရှိဘူး”

“မတော်နိုင်သေးဘူးကိုကိုဇော်…ခင်မာသိသလောက်တော့ ပြောကိုပြောရမှ ခင်မာကကျေနပ်မှာ…ဦးကျော်သူနဲ့ လက်ထပ်ပြီးတဲ့နောက်ပိုင်းမှာ ခင်မာနဲ့ကိုကိုဇော် စာတွေဆက်သွယ်တာကို မမလေးသိတယ်။ အမြဲကိုကိုဇော့်အကြောင်းကို မမလေးခင်မာ့ကိုမေးနေတတ်တယ်။ ကိုကိုဇော် ဘယ်ရောက်နေလဲ…ဘာလုပ်နေလဲ အိမ်ထောင်ကျသွားပြီလား…သူဘယ်တော့ ရန်ကုန်လာမယ်ပြောသလဲနှင့် သူ့အနေနှင့် မချစ်ရင်ဘာလို့ ကိုကိုဇော့်ကို တဖွဖွမေးနေသေးလဲ ကိုကိုဇော်၊ အဲဒါဟာ ရွှေယုန်နဲ့ရွှေကျား သက်ကယ်ရိတ်သွားတဲ့ ပုံပြင်လား…အခု ခင်မာဒါတွေ ဘာလို့ကိုကိုဇော့်ကို ပြောပြနေမှန်းကော ကိုကိုဇော်ရိပ်မိရဲ့လားဟင်”

ဇော်မြင့်ဝင်းက ခေါင်းခါပြလိုက်သည်။

"သိပ်တုံးတဲ့ ကိုကိုဇော်ပဲ" ဟု ခင်မာက မကျေမချမ်းမျက်စောင်းထိုးကာ ဇော်မြင့်ဝင်းအား အပြစ်တင်ပစ်လိုက်သည်။

"အခု ကိုကိုဇော်က မမလေးကိုကူညီမယ်ဆိုပြီး ရန်ကုန်ရောက်လာတာမဟုတ်လား။ ဒီကရှေ့လျှောက် ကိုကိုဇော်နဲ့ မမလေးတပူးတွဲတွဲ စခန်းသွားကြတော့မယ်။ အဲဒီအခါမှာ မမလေးက အခုခင်မာပြောတာတွေကို မယုံရင်ခင်မာ့ကိုမေးကြည့်ပေါ့ ကိုဇော်ရယ်ဆိုပြီးချွဲမယ်၊ ကိုကိုဇော်ကြီး ပျော့ကျသွားမယ်။ ဒါကြောင့် ခင်မကကြိုပြောပြတာနားလည်ပြီလား ကိုကိုဇော်"

နားလည်သည်ဟုလည်းဝန်မခံ၊ နားမလည်ပါဟုလည်း မငြင်းပယ်ဘဲ ဇော်မြင့်ဝင်းသည် ကော်ဖီခွက်ကို ကိုင်မြှောက်ပြလိုက်ခါ..

"ကော်ဖီရဦးမလား ခင်မာ"

"ဟွန်း...ဒီလူကြီးဟာ ကော်ဖီတော်တော်ကြိုက်တယ်။ သောက်ချင်သေးရင် ခင်မာသွားလုပ်ပေးရမှာပေါ့"ဟု ငြီးတွားသလိုပြောရင်းမီးဖိုဆောင်သို့ ခင်မာလှမ်းသွားပြန်တော့သည်။ ခင်မာ၏နောက်ပိုင်းကို ဇော်မြင့်ဝင်းက ဘာရယ်မဟုတ် မျက်စိရောက်သွားသဖြင့် စိုက်ကြည့်လိုက်မိသည်။ ဟုတ်ပါရဲ့...ခင်မာသည်ကလေးတစ်ဦး မဟုတ်တော့ပါပေ။ သေးကျဉ်းသောခါးနှင့် စွင့်ကားတင်းရင်းသော တင်သားများကိုပိုင်ဆိုင်လျှက်ရှိနေပြီ။

ခင်မာထွက်မလာမီ ခင်မ၏ အတွေးအထင်ကလေးများကို ဇော်မြင့်ဝင်းက ပြန်၍စဉ်းစားကြည့်သည်။ ဦးကျော်သူနှင့် လေးလေး



မြင့်သည် ငွေကြေးပေါ်ခြမ့ူတည်ကာ ပေါင်းစပ်လေသော အိမ်ထောင်တစ်ခုဖြစ်သဖြင့် အဆင်မပြေကြသည်မှာ ဖြစ်နိုင်စရာရှိသည်။ လေးလေးမြင့်၏ အလှအပအားလုံးကို ဦးကျော်သူကငွေဖြင့် ဝယ်ယူနိုင်ခဲ့သော်လည်း ရောင်းကုန်တွင် အတွင်းမှနှလုံးသားပါရှိလာခဲ့လေဟန်မတူ။ ဤမှာတွင် သဟဇာတ မတည့်ဖြစ်လာမည်။ လက်လွှန်ခြေလွှန်တွေဖြစ်သွားမည်။

ယင်းသို့ဆိုပါလျှင် လေးလေးမြင့်က သူမ၏ယောကျ်ားကို သူခိုးခါးပြတစ်ဦးဦးက လုပ်ကြံသတ်ဖြတ်သွားပါသည်။ ၄င်းညမှာပဲ သူမ၏စာများပါသော လက်ပွေ့အိတ်ပျောက်ဆုံးခဲ့ပါသည်။ ၄င်းစာများကို အကြောင်းပြုကာ ငွေညှစ်ခံနေရပါသည်။ ငွေညှစ်သမားထံမှစာများပြန်ရအောင် မိမိကကြိုးစားပေးစေလိုပါသည် ဆိုသည်များသည် လုပ်ဇာတ်များဖြစ်ရမည်။

သို့သော် "လှဘော်" ကို ယခုကိစ္စတွင်ထည့်သွင်းစဉ်းစားစရာဖြစ်လာသည်။ သော့လှဘော်အား ဇော်မြင့်ဝင်းကသွားရောက်တွေ့ဆုံပြီး ငွေညှစ်သည့်ကိစ္စပြောပြခဲ့ပြီးသည့်နောက်ပိုင်းတွင် လှဘော်သည်တစ်စုံတစ်ဦးနှင့် အထက်ပန်းဆိုးတန်းလမ်းတွင် တွေ့ဆုံရန်ချိန်းဆိုသည်။ ထိုမှာပင် လှဘော်အဆိပ်မိသေဆုံးသွား၏။ တစ်နည်းဆိုသော် အသတ်ခံရ၏။ ဤသည်ကိုထောက်ကြည့်သော် လေးလေးမြင့်သည် ငွေညှစ်ခံနေရသည်မှာ အမှန်ဖြစ်သည်။ ငွေညှစ်သမားကို ဂဃနဏ လေးလေးမြင့်မသိရှာသည်မှာ ထင်ရှားသည်။ ဤငွေညှစ်မှုတွင် လေးလေးမြင့်၏ယောကျ်ားဦးကျော်သူ အသတ်ခံရသည့်ကိစ္စနှင့် သက်ဆိုင်ဟန်မတူ။

စောစောက ခင်မာပြောသလို ဦးကျော်သူအား လေးလေးမြင့်က သတ်ပစ်ခဲ့သည်ကို ရိပ်မိသိရှိသော ကိုလွင်ဦးဆိုသူက လေးလေးမြင့်အား ငွေညှစ်နေပါသည်။ ကိုလွင်ဦးအား လေးလေးမြင့်က ကြောက်လန့်နေရပါသည်ဆိုလျှင် သော့လှဘော်သည် အဘယ့်ကြောင့် ငွေညှင်ကိစ္စကိုမိမိကထုတ်ဖော်ပြီးနောက် အသတ်ခံရပါသနည်း။ ရှုပ်လေရှုပ်လေစွ။

သော့လှဘော်နှင့် ဆက်သွယ်သူကို ဇော်မြင့်ဝင်းတွေ့ရလျှင် ကိစ္စသည် အတော်အတန် အဖြေထွက်လာပေမည်။ ထိုလူကို သိသောသော့လှဘော်ခမျာ ပါးစပ်ပိတ်ခံရပြီ။ လှဘော်၏ဇနီး မနန်းစိန်က သိသင့်သလောက်တော့သိနိုင်သည်။ မနန်းစိန်နောက်သို့လိုက်သွားရလျှင် ကောင်းလေမလားဟု ဇော်မြင့်ဝင်း စဉ်းစားကြည့်ပြန်သည်။

ခက်နေသည်က မနန်းစိန်ထံသို့ မော်လမြိုင်က လာသောစာကို ဇော်မြင့်ဝင်းဖတ်ကြည့်စေခဲ့ကာမူ ပေးပို့သူ၏လိပ်စာကို ပြန်၍စဉ်းစားမရပေ။ သမန်ကာရှန်ကာ လေးလေးမြင့်နှင့် ပတ်သက်သော စာဟုတ်မဟုတ်မျှသာ ဖတ်ကြည့်ခြင်းဖြစ်သည်။ စာပါအကြောင်းအရာအရေးမကြီးသောကြောင့် ဒီအတိုင်းစာကိုပြန်ထားခဲ့သည်။ မှတ်မိသလောက်မှာ မော်လမြိုင် ဒိုင်းဝန်ကွင်းမျှသာ ပေးပို့သောမနန်းစိန်အစ်ကို၏နာမည်ကို မမှတ်မိ၊ အိမ်အမှတ်ကိုမမှတ်မိ။

နောက်တစ်ခေါက် ကြာပဒ္မာလမ်း၊ လှဘော်၏အိမ်သို့ သွားရန်လည်းမဖြစ်တော့။ မနန်းစိန်က အိမ်ကိုသော့ခတ်ပိတ်ထားပေပြီ။ ထိုစာကိုမနန်းစိန်က ယူဆောင်သွားချင်သွားပေမည်။ ထို့ပြင်အသတ်ခံ



သော့လှဘော်အိမ်သို့ မိမိကထပ်မံဝင်ထွက်သည်ကို ဘေးဘီမှတွေ့သွားလျှင် မိမိပါလူသတ်မှုတွင် ပတ်သက်နိုင်သည်။ စောစောကဘော်အိမ်သို့ မိမိရောက်ခဲ့သည်ကို ပတ်ဝန်းကျင်က မြင်လေသလားသိ။

"ရော့…ကော်ဖီကြိုက်ကိုကိုဇော်ကြီး…သူပြောလိုက်ရင် ဒီမိန်းကို လုံးဝမချစ်ပါဘူးနဲ့ အချိန်ရှိသလောက်ကျတော့ မမလေးအကြောင်းပဲတွေးပြီး ငိုင်နေတယ်။ ဟင်း..တော်တော်ကြာ မင်းနဖူးသွင်းဘယ်ကကူးဖြစ်နေဦးမယ်နော်"

"မဟုတ်ရပါဘူးခင်မာရယ်…ကိုကိုဇော်အလုပ်ကိစ္စကိုတွေးနေမိတာပါ။"

"အဲဒီအလုပ်ကိစ္စက မမလေးရဲ့အလုပ်ကိစ္စပဲ မဟုတ်လား"

"ဟုတ်တယ်ခင်မာ…ကိုကိုဇော်က မလေးလေးမြင့်ဆီက ငွေနှစ်သောင်းချေးထားရတယ်။ ဒီအတွက် သူ့ကိစ္စကိုကူညီရတာ"

"ဩော်…ဩော်…ဒီလိုလား ကိုကိုဇော်"

ခင်မာ၏မျက်လုံးကလေးများသည် အရောင်ဝင်းလဲ့လာတော့သည်။ ကျေနပ်သွားဟန်လည်းတူပေ၏။ လေးလေးမြင့်အား ဇော်မြင့်ဝင်းက မေတ္တာနှင့်ကူညီသည်မဟုတ်ဘဲ အခကြေးငွေဖြင့် အလုပ်သဘောထားကာ ကူညီနေပါသည်ဆိုသော စကားသည် ခင်မာ့အတွက် နားဝင်ချိုဟန်ရှိသွားပေသည်။

"ခင်မာတော့ ရန်ကင်းတိုက်ကိုပြန်မှာ…ကိုကိုဇော်က မမလေးလာတဲ့အထိ စောင့်မှာလား"

"စောင့်ရမှာပဲ ခင်မာ…သူက ကိုကိုဇော့်ရဲ့ အလုပ်ရှင်မို့လား"

"ဟင်းအလုပ်ရှင်နဲ့ အလုပ်သမား ညားကြလေသတည်းဆိုင ဇာတ်ခင်းနေဦးမယ်နော်…ကဲပါ‥ဒါတွေက ခင်မာနဲ့လည်းမဆိုင် ဘူး…ခင်မာ့ရဲ့ပစ္စည်းတွေကို ကားပေါ်လိုက်မပို့ပေးတော့ဘူးလား ကိုကိုဇော်"

"ဟာ…သိပ်ပို့ပေးတာပေါ့… ကိုကိုဇော်က အလုပ်သမားပဲ"

"အဲမာ…စေတနာမပါရင် မကူညီပါနဲ့ ကိုကိုဇော်၊ ခင်မာ တော့ အလုပ်ရှင်မဖြစ်ချင်ပါဘူး"

ဇော်မြင့်ဝင်းက ပြုံးပြီးခင်မာက သဘောကျစွာ တစ်ခစ်ခစ်ရယ် လိုက်ပေသည်။ စကားများက တောင်စဉ်ရေမရဖြစ်သော်လည်း အဓိပ္ပာယ် အစများက ဟိုငြိဒီငြိရှိသည်မို့ ခင်မာကသဘောကျစွာ ရယ်ခြင်းဖြ ပေလိမ့်မည်။

ဇော်မြင့်ဝင်းသည် ခင်မာ၏လက်ဆွဲအိတ်ကြီးများကို ကူသယ်က ခင်မာနှင့်အတူ အပြင်ဘက် ချက်ဗလက်ကားကြီးဆီသို့ ထွက်လာ ကြသည်။ နောက် ကူရှင်ဘက်သို့ အိတ်ကြီးများကိုပစ်တင်ပေးလိုက် သည်။

ခင်မာသည် ကားထဲသို့မဝင်သေးဘဲ ကားဘေးတွင် မတ်မတ် ကလေးရပ်နေသည်။ ဇော်မြင့်ဝင်းအား စူးစူးစိုက်စိုက်ကြည့်နေရှာ၏။

လမင်းမှာ ထိန်ထိန်မဟုတ်သော်လည်း မှိန်မှိန်တော့သာလျှက်ရှိ နေသည်။ လပသောညတစ်ညဟူ၍ တင်စားလိုကတင်စား၍လည်းရ လောက်ပေသည်။



"စောစောက ခင်မာပြောတဲ့စကားတွေထဲမှာ အမှားတွေပါချင် ည်းပါမယ် ကိုကိုဇော်၊ ခင်မာက ဝမ်းထဲမှာမြဲမြဲမှမထားတတ်တာ။ ကြောင့်ရင်ထဲရှိသမျှပြောတာဖြစ်လို့ မှားချင်လည်းမှားကုန်မှာပဲ"

ဇော်မြင့်ဝင်းက ဘာမျှမပြောပြုံးရုံသာပြုံးပြလိုက်၏။

"ထပ်ပြီးပြုံးစမ်းပါ ကိုကိုဇော်၊ ကိုကိုဇော်ရဲ့ တည်တည်ခန့်ခန့် ပဓိရုပ်ဟာ ပြုံးလိုက်တဲ့အခါ ကျက်သရေရှိလွန်းလို့ပါ"

ခင်မာသည်ရှေ့သို့ညင်သာစွာ တိုးလာပေသည်။ ဇော်မြင့်ဝင်းနှင့် ကပ်လွန်းလာ၏။ ခင်မာ၏ထွက်သက်များသည် ဇော်မြင့်ဝင်း၏လည် င်းနှင့် ရင်ညွှန့်ဝယ်ပူနွေးစေတော့သည်။ ခင်မာသည် ဇော်မြင့်ဝင်း၏ က်နှာဆီသို့ မော့မော့ကလေးကြည့်လိုက်ပြန်သည်။ နှုတ်ခမ်းစုံမှာ ဘွာဖူးငုံနယ်တည်း။

"ကိုကိုဇော်နဲ့ မမလေးဟာ အဖြေမှန်ကိုရှာနေကြတာ ကိုကိုဇော်၊ လုပ်နဲ့ပတ်သက်တဲ့အဖြေမှန်ကိုရော၊ ပြီးတော့ ဟိုဟိုဒီဒီအဖြေမှန် တွေကိုရောပေါ့ ဘယ်လိုပဲဖြစ်ဖြစ်ပါ ကိုကိုဇော်၊ ခင်မာဟာ ကိုကိုဇော့် ပေါ်မှာထာဝစဉ် သံယောဇဉ်နဲ့ ခင်မင်နေတယ်ဆိုတာတော့ ကိုကိုဇော်ယုံပါ"

ဇော်မြင့်ဝင်းသည် ခင်မာ၏သေးကျဉ်းသော ခါးကလေးကိုသန် သော လက်တစ်ဘက်ဖြင့် စပါးကြီးမြွေပတ်ပတ်လိုက်သည်။ ကျန် ဘက်က ကျောပြင်လှလှကလေးကို ရစ်သိုင်းပြီး ရင်ချင်းကပ်လိုက် ည်။ ခင်မာ၏ မျက်နှာကလေးသည် အမော့သားပါလာကာ သူမ၏ ချစ်သွယ်လျသော လက်နှစ်ဘက်သည် အလိုလိုပင် ဇော်မြင့်ဝင်း၏ ကျောပြင်အား ဖက်သိုင်းပြီးသားဖြစ်သွားတော့၏။

ခင်မာ၏နှုတ်ခမ်းစုံ၊ ကြာဖူးငုံကို ဇော်မြင့်ဝင်းက အုပ်မိုးကာ နမ်းလိုက်သည်။ ပူနွေး၍ရှိန်းမြပြီး ချိုမြိန်သောအနမ်းပင်တည်း။

အနမ်းကိုမရှည်ကြာစေဘဲ ဇော်မြင့်ဝင်းက ချက်ချင်းပြန်လွှတ်ပေး လိုက်သည်။ ခင်မာ့ခမျာ မျက်တောင်စင်းပြီး ပမ်းလျသွားသည်ထင်း ၏။ ခင်မာသည် နုဆဲနုလျှက် ဆယ်ကျော်သက်မလေးသာပေပဲကိုး

ချက်ချင်းကားတံခါးကိုဆွဲဖွင့်ကာ ခင်မာသည်ချက်ဇလက်ကြ အားနှိုးလိုက်သည်။ ပြီးလျှင် ကားဘေး၌ရပ်လျှက်သား ရှိနေသော ဇော်မြင့်ဝင်းအား နှုတ်ပင်မဆက်တော့ဘဲ အင်းယားမြိုင်ထဲမှ တစ်ရှိန် ထိုးမောင်းနှင်ထွက်ခွါသွားတော့သည်။

ကားနောက်မီးနီနီကလေးကိုကြည့်ကာ ဇော်မြင့်ဝင်းပြုံးရ သည်။ ခင်မာသည် ဇော်မြင့်ဝင်းထံမှ ဤသို့သောအယုအယကို မျှ လုံးကလေး ဝင်းဝင်းတောက်အောင် အလိုရှိကြောင်းဖော်ပြခဲ့သည် သူမအပေါ်၌ စိမ်းကားလွန်းသည်မထင်ရလေအောင် ဇော်မြင့်ဝင်း အလိုက်အထိုက်အနမ်းနှင့် အယုအယကိုဖြည့်စွမ်းပေးလိုက်သည်။

ထိုအခါကျပြန်တော့လည်း ခင် အထိန်းမတတ်ပဲ ဇိမ်းဇပ် ကလေးဖြစ်သွားရှာပြန်သည်။ ဇော်မြင့်ဝင်းအား နှုတ်ပင်မဆက်တော့ ဘဲ ကျောခိုင်းကာ တစ်ရှိန်ထိုးထွက်ခွါသွားပြန်တော့သည်။

"သြော်...အသိခက်လှပါလား မိခင်မာလေးရယ်"

◆ ◆ ◆ ◆ ◆



## [၈]

ဇော်မြင့်ဝင်းသည် အင်းယားမြိုင်ထဲသို့ ပြန်ဝင်လာခဲ့သည်။ ယနေ့ ဖို့ပင်ပန်းနွမ်းနယ်လှပြီဖြစ်၏။ သို့တိုင်ထိုင်ကာအနားမယူသေးဘဲ င်းယားမြိုင်ကြီးအား ကြည့်ရှုလေ့လာလိုစိတ်ပေါက်လာမိသည်။

အင်းယားမြိုင်တိုက်ကြီးသည် အပြင်ကမြင်ရသည်ထက်ပင် အထဲ ပိုမိုခမ်းနားပြီး ကျယ်ကျယ်ပြောပြောရှိလှသည်။ အိပ်ခန်းလေးခန်း ပေသည်။ အိပ်ခန်းတိုင်းတွင် ရေချိုးခန်းနှင့် ရေအိမ်များအသီးသီးရှိ ကြသည်။ ကျယ်ဝန်းသော မီးဖိုခန်း၊ ထမင်းစားခန်း၊ ဧည့်ခန်းအပြင် ကြည့်ခန်းတို့ကိုလည်း စနစ်တကျလှပစွာ ဖွဲ့စည်းထားသည်။

စာကြည့်ခန်း...။

လေးလေးမြင့် ပြောပြချက်အရဆိုလျှင် ဤစာကြည့်ခန်းမှာပင် ကျော်သူ အသတ်ခံခဲ့ရသည်။ စာကြည့်ခန်းကို အသေးစိတ် ော်မြင့်ဝင်းက လျှောက်ကြည့်မိသည်။ စာကြည့်ခန်း၏ နံရံများတွင် တ်တိုက်ကို ကျွန်းသားအမြောင်းလိုက်ကပ်ရိုက်ထားပြီး ပေါလစ်

သုတ်ထားသည်။ အခန်းပတ်လည်တွင် ဆင့်နှစ်တန်းရိုက်ထားလျှက် ဆင့်များပေါ်တွင် စာအုပ်မျိုးစုံစီစီရီရီတင်ထားသည်။ လွတ်နေသော ဆင့်ရှည်ကြီး တစ်တန်း၌မူ နိုင်ငံခြားမှလာသော ငါးမျှားတံအမျိုးမျိုး ကိုတွေ့ရ၏။ ဦးကျော်သူသည် ငါးမျှားဝါသနာကြီးပုံရလေသည်။ ငါးမျှားရာ၌ ငါးစာအဖြစ် အသုံးပြုသော နိုင်ငံခြားလုပ် ငါးစာအ ကလေးများကိုလည်း သေတ္တာငယ်အမျိုးမျိုးဖြင့် တင်ထားသည်ကိုတွေ့ ရ၏။

အခန်းဒေါင့်တွင် လေးပေခန့်မြင့်သော သားရေအိတ်ပိုင်းရှည်ကြီး ဖြင့် ဂေါ့(ဖ်)ရိုက်တန်များရှိနေသည်။ ငါးမျှားသည့်လုပ်ငန်းသည်လည်း ကောင်း၊ ဂေါ့(ဖ်)ရိုက်သည့်လုပ်ငန်းသည်လည်းကောင်း၊ အာရုံ တစ်စိုက်မတ်မတ်ထားကာ စိတ်ရှည်ရသော လုပ်ငန်းမျိုးဖြစ်ပေသည်။

ဦးကျော်သူသည် ဇွဲကြီးသူနှင့် စိတ်ရှည်သူတစ်ဦးဖြစ်လေမလား ဟု ဇော်မြင့်ဝင်းက ခန့်မှန်းကြည့်မိသည်။ ဦးကျော်သူ ငါးမျှား သောဓာတ်ပုံနှင့် ဂေါ့(ဖ်)ရိုက်နေသောဓာတ်ပုံတစ်ပုံစီသည် စာကြည့် ခန်းနံရံတွင် ဆွဲချိတ်လျှက်ရှိ၏။

ဦးကျော်သူ၏ဓာတ်ပုံကို ဇော်မြင့်ဝင်းက စိုက်ကြည့်မိသည်။ အသက်လေးဆယ်ကို တော်တော်ကျော်ကာ ငါးဆယ်အနီးသို့က လောက်ပြီဟု ခန့်မှန်းသည်။ သို့သော်ကျန်းမာသန်စွမ်းသူတစ်ဦးဖြ လေသည်မှာ ဓာတ်ပုံထဲ၌ပင် ပေါ်လွင်လျှက်ရှိပေသည်။

အခန်းတိုင်း၌ လေးလေးမြင့်နှင့် ဦးကျော်သူတွဲရိုက်ထားသော ဓာတ်ပုံတို့သည် ပုံစံအမျိုးမျိုးဖြင့် ရှိနေကြသည်။ ထိုင်လျှက်ပုံ၊ မ



တ်ပုံနှင့် ကိုယ်တစ်ပိုင်းပုံများဖြစ်သည်။ ဓာတ်ပုံတိုင်းတွင် ဦးကျော် သူက ကျေနပ်ရွှင်ပြသောရုပ်ပေါ်စေကာမူ လေးလေးမြင့်တွင် အသက် င်သောရုပ်မရှိသည်ကိုတွေ့ရသည်။ ဦးကျော်သူနှင့်တွဲရိုက်လေတိုင်း လေးလေးမြင့်မှာ အရုပ်ကလေးလိုလှသော်လည်း တက်ကြွလှုပ်ရှား သော အသက်ပါသည့်သဏ္ဍာန်များကို မတွေ့ရဟု ဇော်မြင့်ဝင်းထင်မိ သည်။ သို့တစေ လေးလေးမြင့် တစ်ဦးတည်းရိုက်ထားသောပုံများ၌ လေးလေးမြင့်၏ ပင်ကိုယ်အပြုံးအရယ်၊ လှုပ်ရှားမှုတို့သည် ပြင်ပ င်မရာရှော့ဖြစ်စေကာမူ အသက်ဝင်လှုပ်ရှားလျှက်ရှိကြောင်း သိသာစွာ တွေ့တတ်ပေ၏။

နှလုံးသားကို အရင်းတည်ခြင်းမဟုတ်ဘဲ ဆန်ပေးမှဆေးရသော အရောင်းအဝယ်ဆန်လွန်းသည့် အိမ်ထောင်ရေးတိုင်းတွင် ဤပုံစံမျိုး ထွက်လေ့ရှိသလားလည်းမသိတတ်။

ဦးကျော်သူ၏ စာကြည့်ခန်း၌ဖြစ်စေ၊ အိပ်ခန်း၌ဖြစ်စေ၊ သေနတ် ည်၊ သေနတ်တိုများကိုမတွေ့ရပေ။ ဦးကျော်သူသည် ငါးမျှားခြင်း င့် ဂေါ့(ဖ်)ရိုက်ခြင်းမှလွဲပြီး သေနတ်ပစ်အမဲလိုက်တွင် ဝါသနာရှိ န်မတူပေ။

စာကြည့်ခန်းတွင် ဦးကျော်သူ၏ တောက်ပြောင်သော အလုပ်စား ကြီးရှိနေသည်။ ခမ်းနားသည်မှာ ပြောဖွယ်မရှိ။ သားရေဖုံးဆုံလည် ကုလားထိုင်ကြီးအပြင် အခြားလုပအိစက်သော ကုလားထိုင်ပိုသုံးလုံး ည်းရှိပေသည်။

စားပွဲကြီးပေါ်တွင် မြန်မာလက်နှိပ်စက်တစ်လုံးလည်းရှိပေသည်။

ဇော်မြင့်ဝင်းသည် စားပွဲကြီး၏ အံဆွဲများကိုဖွင့်ကြည့်သည်။ ခဲတံ ခဲဖျက်၊ သားရေကွင်းသေတ္တာ၊ ကလစ်၊ ပင်အပ်၊ ချက်စာအုပ်၊ မှ ပုလင်း စသည်တို့ကိုတွေ့ရသည်။

ဇော်မြင့်ဝင်း၏စိတ်ထဲ၌ ဤစာကြည့်ခန်းထဲဝယ် ရှိသင့်ရှိအ သော ပစ္စည်းတစ်ခုခုသည် မရှိဘဲဖြစ်နေသည်ဟုထင်မိသည်။ လော ကြီးတွင် တစ်ခုနှင့်တစ်ခုသည် မခွဲမခွာတွဲဘက်လျက်ရှိအပ်သော ပစ္စည်းအမျိုးအစားတို့ရှိကြသည်။ ဥပမာရေရှိ၍ မီးရှိရသည်။ သ ရှိ၍ ဆံထုံးရှိသည်။ ခဲတန်ရှိလာသောအခါ ခဲဖျက်ရှိရသည်။

ယင်းသို့သာဆိုပါက ဤအခန်းထဲဝယ် လက်နှိပ်စက်အကော စားတစ်လုံးရှိနေပါလျက် လက်နှိပ်စက်ရိုက်သော (Typing Pa စက္ကူသည် အဘယ့်ကြောင့် တစ်ရွက်တလေမျှ ရှိမနေပါလေသနည်း အခြားစာရွက်လွတ်ဆိုသည်မှာလည်း လုံးဝရှိမနေပြန်ပေ။ ဤမျှ နားသော သူဋ္ဌေးတစ်ဦး၏ စာကြည့်ခန်းဝယ် အခြားစာကြည့်ခန်း ပတ်သက်သည့် ပစ္စည်းကရိယာမျိုးစုံပါရှိလျက် အဓိကလိုအပ်သော စာရေးစက္ကူအလွတ်နှင့် (Typing Paper) စက္ကူလွတ်များသည် အဘ ကြောင့် လုံးဝရှိမနေပေသနည်း။ ထူးဆန်းလေစွ။

ဇော်မြင့်ဝင်းသည် ထိုအချက်ကို အလေးအနက်စဉ်းစားနေစဉ် ပင် အင်းယားမြိုင်၏ တယ်လီဖုန်းခေါင်းလောင်းသည် အော်မြည် လေသည်။ ပထမတော့ ဇော်မြင့်ဝင်းသည် ကောက်ယူနားထောင် မိမိနှင့်မဆိုင်ဟုတွေဝေလျက် ကြည့်နေသေးသည်။ သို့သော် ဦးအ သူ ကွယ်လွန်ပြီးနောက် အရာခပ်သိမ်းသည် လေးလေးမြင့်နှင့်



သက်နိုင်စရာရှိသည်။ လေးလေးမြင့်၏ကိစ္စကိုကူညီရန် ဇော်မြင့်ဝင်းက တာဝန်ယူထားသည်လည်းမဟုတ်ပါလား။

ဇော်မြင့်ဝင်းသည် တယ်လီဖုန်းကို ကောက်ယူကာ 'ဟဲလို' လိုက်သည်။

"မလေးလေးမြင့်နှင့် ပြောချင်လို့ပါ"

အမျိုးသားတစ်ဦး၏အသံဖြစ်ပေသည်။

"အခုထိ အင်းယားမြိုင်ကို မလေးလေးမြင့် ပြန်မရောက်သေးပါဘူး"

"ဘယ်အချိန်လောက် ရောက်မယ်တဲ့လဲဗျာ"

"ဒါတော့ ကျွန်တော်လည်းမသိပါဘူး"

"ဒါဖြင့် အခုပြောနေတာ ဘယ်သူလဲဗျာ…အင်းယားမြိုင်မှာ အမျိုးသားတစ်ယောက်တလေရှိတယ်လို့ မခန့်မှန်းတတ်လို့ပါ"

"ကျွန်တော့်နာမည် ဇော်မြင့်ဝင်းလို့ခေါ်ပါတယ်"

တစ်ဘက်မှ အမျိုးသားသည် ခဏတိတ်ဆိတ်သွားပြီးမှ ကျေနပ်နှစ်သက်သောအသံမျိုးဖြင့် ပြန်၍ပြောလိုက်သည်။

"အာ…ဟုတ်ပြီ..နေ့ခင်းကပဲ လေလေးက ကိုဇော်မြင့်ဝင်းဆိုတဲ့ ခင်ဗျားအကြောင်းကို ပြောခဲ့သေးတာပဲ၊ ကျုပ်ဟာဦးစိုင်းမောင်ပါ။ အဆင်သင့်လိုက်တာကိုဇော်မြင့်ဝင်း…တကယ်တော့ ကိုဇော်မြင့်ဝင်းနှင့် ကျုပ်နဲ့မျက်နှာချင်းဆိုင် ဆွေးနွေးကြဖို့ အချိန်ရောက်ပြီဗျ"

"ဘာအကြောင်းနဲ့ ဆွေးနွေးကြရမှာလဲ ဦးစိုင်းမောင်"

"လှဘော်ရဲကိစ္စပါ…သော့လှဘော်ရဲကိစ္စကို ကျုပ်ဆိုလိုတာပါ ကိုဇော်မြင့်ဝင်း"

ဇော်မြင့်ဝင်းသည် ပခုံးကိုအသာတွန့်လိုက်မိသည်။ ဦးစိုင်းမောင်သည် သော့လုဘော်၏ အကြောင်းကို မည်မျှအထိသိနေပြီမို့ ဇော်မြင့်ဝင်းနှင့် ဆွေးနွေးလိုခြင်းပေတည်း။ တစ်ခုပဲစဉ်းစားစရာရှိသည်။ အလွတ်စုံထောက် ကျော်ဝင်းမော်သည် ဇော်မြင့်ဝင်းက သော့လုဘော်အကြောင်းကို စုံစမ်းစဉ်က ဦးစိုင်းမောင်အကြောင်းကိုပါမေးခဲ့၍ ကိုဇော်မြင့်ဝင်း၏ အမေးသတင်းများကို ဦးစိုင်းမောင်ထံ ပြန်လည်ရောင်းစားလေသလားမပြောတတ်။ ဇော်မြင့်ဝင်းတွင် အလွတ်စုံထောက် ကျော်ဝင်းမော်၏ အလုပ်တိုက်မှထွက်လာစဉ်က ပလိုင်းမောက်ကားသည် နောက်ယောင်ခံလိုက်ခဲ့သည်။ ထိုပလိုင်းမောက်ကား၏ သော့ကိုဗွတ်တလစ်လမ်းဆုံမီးပွိုင့်တွင် ဇော်မြင့်ဝင်းက ယူ၍လွှင့်ပစ်ခဲ့သည်။

ထိုပလိုင်းမောက်မောင်းသူသည် ဦးစိုင်းမောင်၏ တပည့်ဖြစ်ပြီး ဦးစိုင်းမောင်သို့ အကျိုးအကြောင်း ပြန်အစီရင်ခံချက်အရ ဦးစိုင်းမောင်သည် အလွတ်စုံထောက် ကျော်ဝင်းမော်အား ဆက်သွယ်ပြီးသတင်းဝယ်ခြင်းဖြစ်ပေမည်။

"ဘယ်လိုလဲ…ကိုဇော်မြင့်ဝင်း…ငြိမ်လှပါလား"

"ကျွန်တော်လာခဲ့မယ်…ဦးစိုင်းမောင်၊ ပြဿနာဆိုတာက ဖြစ်လာရင် ရင်ဆိုင်ပစ်တာအကောင်းဆုံးမှန်း ကျွန်တော်နားလည်တဲ့လူပါ။ ပြီးတော့ ဦးစိုင်းမောင်လိုလူကို ကျွန်တော်ကလည်း တွေ့ချင်နေပါပြီလေ"

◆ ◆ ◆ ◆ ◆



# [၉]

မရမ်းကုန်းရှိ မြနန္ဒာခြံကြီးနှင့်တကွ မြနန္ဒာအိမ်ကြီး၏ တံခါးကိုဖွင့်ပြီး ဝင်ခွင့်ပေးသူမှာ ဟိုင်းလုံပင်ဖြစ်ပါတော့၏။ ယနေ့နံနက်ပဲ ခူးမှထွက်လာကတည်းက ဖို့(ဒ်)ကားအနက်ကြီးကိုမောင်းကာ ဇော်မြင့်ဝင်းနှင့် လေးလေးမြင့်အား နောက်ယောင်ခံလိုက်လေသော ဟိုင်းလုံကို ယခုဇော်မြင့်ဝင်းတွေ့ရပါလေပြီ။

"ဘယ်လိုလဲ ကိုဟိုင်းလုံ…ကျုပ်ကိုနောက်ယောင်ခံတဲ့အလုပ်မလိုတော့ဘူးပေါ့…ကျုပ်က မြနန္ဒာထဲရောက်လာရပြီပဲ"

"ဘာလို့များ စကားအပိုတွေပြောနေတာလဲ ကိုယ့်လူလေးရာ၊ တစ်ခါတလေလည်း မြနန္ဒာထဲရောက်လာပြီး စကားအပိုပြောတဲ့လူတွေရဲ့ ပါးစပ်ကိုကျုပ်ကပိတ်ပစ်ရတတ်တယ်။ အဲဒီအလုပ်က အပိုတာဝန်တစ်ခုမို့ ကျုပ်သိပ်မဝင်စားတတ်ပါဘူး။ ကဲ‥လာ ပါးစပ်ပိတ်ပြီးအေးအေးလိုက်ခဲ့…ဆရာဦးစိုင်းမောင် ဧည့်ခန်းမှာစောင့်နေတယ်"

မြန္မာနည့်ခန်းကြီးက ခမ်းနားသလောက် ဦးစိုင်းမောင်ကလည်း ခန့်ငြားလှပေသည်။ ဦးစိုင်းမောင်သည် ဥပမိရုပ်အလွန်ကောင်းသေ သည်။ လူကြီးလူကောင်း၏အရေကို လုံလဲစွာခြုံနိုင်သော ရုပ်ရည်မျိုး ကိုပိုင်ဆိုင်ပေ၏။ အသက်အရွယ်မှာ ဦးကျော်သူနှင့် မတိမ်းမယိမ်း ခန့်ရှိမည်။

"လာ...ကိုဇော်မြင့်ဝင်း ကြိုက်ရာနေရာမှာထိုင်ပါ....ကျုပ်ဟာ ဦးစိုင်းမောင်ပါပဲ"

ကိုဇော်မြင့်ဝင်းသည် နံရံကိုကျောပေးထားသည့် ဆိုဖာကြီးတစ်လုံး၌ ဝင်၍ထိုင်သည်။ မျက်နှာမူရာအရပ်တွင် တံခါးမကြီးများအားလုံး ကို မြင်သာအောင် နေရာရွေးထိုင်ခြင်းဖြစ်၏။

"ကိုဇော်မြင့်ဝင်း ဘယ်လိုအရက်မျိုးကို နှစ်သက်သလဲ"

"တောအရက်"

လှမ်းမြင်ရသော အရက်ကောင်တာတွင် ဗက်(၆၉)ဝှိုက်လေဘယ် ဂျော်နီဝါကားနှင့် ဘီဟိုက်ဘရန်ဒီများကို ကိုဇော်မြင့်ဝင်းတွေ့နေရသော ကြောင့် တမင်ပြောလိုက်ခြင်းဖြစ်သည်မှန်း ဦးစိုင်းမောင်ကသဘော ပေါက်သွားပုံရကာ ပြုံးလိုက်သည်။

"လေးလေးကတော့ပြောပါတယ်။ ကိုဇော်မြင့်ဝင်းဟာ အရက်ကို အစွဲအလမ်းအနှစ်အသက်မရှိဘူးလို့ ဒါပေမဲ့ ကိုဇော်မြင့်ဝင်း နောက် တစ်ခါလာတဲ့အခါ တောအရက်နဲ့ ဧည့်ခံနိုင်အောင် ကျုပ်ကြိုးစားထား ပါ့မယ်"

"ဦးစိုင်းမောင် ဆွေးနွေးချင်ပါတယ်ဆိုတာ အရက်အကြောင်း တော့ မဟုတ်တန်ပါဘူးနော်"



ဦးစိုင်းမောင် တည်တည်ငြိမ်ငြိမ် ပြုံးပြလိုက်ပြန်သည်။

"လှဘော်က ဘယ်လိုလဲ ကိုဇော်မြင့်ဝင်း"

"ဘယ်လိုလဲဆိုတာက ဘာကိုမေးတာလဲ"

"ကိုဇော်မြင့်ဝင်းဟာ လှဘော်အကြောင်းကို စုံစမ်းခဲ့တယ်မဟုတ် ဘူး...အဲဒါဘာလို့စုံစမ်းတာလဲ"

"အဲဒါ ကျွန်တော့်အလုပ်ပဲ ဦးစိုင်းမောင်"

"ဟုတ်ပါ့မလား အဲဒါလေးလေးရဲ့အလုပ်မဟုတ်လား"

ဇော်မြင့်ဝင်းကမဖြေ၊ ဦးစိုင်းမောင်အား စိုက်ကြည့်နေမိသည်။ ဦးစိုင်းမောင်အား ယခုအမြင်၊ ယခုအပြောများနှင့် ကြည့်ရလျှင် ဒုစ ရိုက်ကောင်ကြီးတစ်ကောင်ပါဟု ပြောရန်ပင်ခက်လှ၏။ သူ၏အမူ အရာသည် တရားသူကြီးတစ်ဦးလို တည်ငြိမ်သည် အေးဆေးသည်။ ဦးစိုင်းမောင်သည် ဆိုဖာထက်တွင် နေရာပြင်၍ထိုင်လိုက်ရင်း...

"ဒီလိုပါ ကိုဇော်မြင့်ဝင်း...ပဏာမခံပြီး ပြောကြစို့ဆိုရင် လေးလေးတစ်ယောက်မှာ ဒုက္ခတစ်ခုခုတွေ့ရမှန်း ကျုပ်က သိနေ ဘယ်"

"အဲဒီမိန်းမက ဦးစိုင်းမောင်ကို ပြောပြလို့လား"

"မပြောလို့ ခက်နေတာပေါ့...ကျုပ်စိတ်ထဲမှာ အဲဒီလိုထင်မိလို့ သူ့ညီမ ခင်မာကိုမေးကြည့်တယ်။ ခင်မာက ဟုတ်တယ်လို့ပြောတယ်။ ဒါကြောင့် လေးလေးမှာတွေ့နေရတဲ့ ဒုက္ခ၊ ရင်ဆိုင်နေရတဲ့ အန္တရာယ် ကို ကျုပ်ကစေ့ငှလာမိတယ်။ ကိုဇော်မြင့်ဝင်း"

"နောက်ယောင်ခံလိုက်ခိုင်းတဲ့ အလုပ်မျိုးနှင့်စေ့ငှတာမဟုတ် လား"

"ဟုတ်ပါတယ်…ကိုဇော်မြင့်ဝင်း..ကျုပ်မငြင်းပါဘူး"

"ဒီမိန်းမကို ဦးစိုင်းမောင်က ဘယ်တုံးကလောက် နောက်ယောင်ခံလိုက်ထားခဲ့သလဲ"

"သိပ်မကြာတတ်သေးဘူးပဲ ဆိုပါတော့…မနေ့က လေးလေးဟာ ပဲခူးကိုသွားတယ်…ခင်ဗျားနဲ့တွေ့တယ်။ ချက်လက်မှတ်ပေးတယ်။ ဒါကြောင့် ခင်ဗျားရန်ကုန်ကိုလိုက်လာတယ်။ သော့လှဘော်ကိုစုံစမ်းတယ်။ အဲဒါဘာတွေလဲ ကိုဇော်မြင့်ဝင်း ကျုပ်သိပါရစေ"

"အခုအချိန်ထိ ဒီကိစ္စအားလုံးဟာ ဦးစိုင်းမောင်နဲ့ မဆိုင်ဘူးလို့ ကျွန်တော်ထင်နေမိတယ် ဦးစိုင်းမောင်"

ဦးစိုင်းမောင်က ရယ်လိုက်ပေသည်။ အသံထွက်အောင်ရယ်လိုက်ခြင်းမျိုးဖြစ်ပါသည်။

"ဆိုင်ပါတယ်..ကိုဇော်မြင့်ဝင်း…လေးလေးရဲ့ကိစ္စဟာ စိုင်းမောင်ရဲ့ကိစ္စပဲမို့ သိပ်ဆိုင်နေပါတယ်"

"ဘာကိုအခြေခံပြီးပြောတာလဲ ဦးစိုင်းမောင်"

"လေးလေးဟာ မလွဲမသွေ ကျုပ်ဇနီးဖြစ်လာရမှာမို့ပါ"

ဇော်မြင့်ဝင်း၏ ရင်ဘတ်သည် ရှေ့သို့ကော့တက်လာသည်ဟု ထင်ရပေသည်။ ဇော်မြင့်ဝင်း၏ မျက်ခုံးအစုံတို့အထက်သို့မြင့်တက်သွားကြပြီး အတန်ကြာအောင် ပြန်ကျလာခြင်းမရှိပေ။

"အဲဒါကို ဒီမိန်းမကကော သိနေပြီလား…သူဟာ ဦးစိုင်းမောင်ရဲ့ ဇနီးဖြစ်လာရမယ်ဆိုတာ မလေးလေးမြင့်က တင်ကြိုခံယူထားချက်ရှိနေသလား"



"သိလည်းသိတယ်၊ ရှိလည်းရှိတယ်"

"ဩော်…ဩော်"

ခေတ္တငြိမ်သက်သွားကြသည်။ ဇော်မြင့်ဝင်း၏စိတ်ဝယ် တော်တော် စောစောကလေးကမှ ခင်မာပြောသွားသော စကားများကိုပြန်လည်ကာ ရွှေယုန်နှင့်ရွှေကျားသက်ကယ်ရိတ်သွားသည့် ပုံပြင်အဖြစ်သတ်မှတ်ရပြန်သည်။ ပုံပြင်ဆိုသည် နားထောင်လို့တော့ကောင်းသည်။ တကယ်တော့မူ မဖြစ်နိုင်ပါချေသည်တကား…။ ရွှေယုန်နှင့်ရွှေကျားတွင် တံစဉ်ကိုဖြစ်စေ၊ ဓါးကိုဖြစ်စေ ကိုင်တွယ်နိုင်သော လက်ချောင်းများမရှိ…ဒီလိုရွှေယုန်နှင့်ရွှေကျားက ဘယ်လိုများသက်ကယ်ရိတ်နိုင်ပါအံ့နည်း။

"အဲဒီတော့ ကျုပ်သိပါရစေ…ကိုဇော်မြင့်ဝင်း၊ ဇော်မြင့်ဝင်းဟာ ကျော်ဝင်းမော်ဆီမှာ သော့လှဘော်အကြောင်းစုံစမ်းခဲ့တယ်။ ပြီးတော့ ကျုပ်အကြောင်းကိုလည်း စုံစမ်းခဲ့တယ်။ အဲဒါကဘာစ်ခုနှင့်တစ်ခုဘယ်လိုများပတ်သက်နေလို့လဲ"

သင်တန်းတက်စဉ်က သင်ကြားခဲ့ရဘူးသည်။ သူများ၏ အမေးကိုယ်က….မဖြေလိုသောအခါ ကိုယ်ကမေးခွန်းကို ထပ်ဆင့်ထုတ်၍ သူ့ထံကအဖြေကိုရယူဖို့ကြိုးစားရမည်။ ထိုမေးခွန်းသည် အချည်းနှီးဖြစ်စေရ ဆက်သွယ်မှုရှိရမည်။

"ဦးကျော်သူဆိုတာက ဘယ်လိုလူစားလဲ ဦးစိုင်းမောင်"

"ကျုပ်မိတ်ဆွေတစ်ယောက်ပါ"

"ကျုပ်မိတ်ဆွေသေတာ နှစ်လမကြာသေးဘူး…ကျုပ်မိတ်ဆွေ

ရဲ့ဇနီး လေးလေးမြင့်ကို သိမ်းပိုက်ဖို့ ဦးစိုင်းမောင်ကြိုးစားနေတယ် မဟုတ်လား။ ဒီမှာ ဦးစိုင်းမောင် ကျွန်တော်ရိပ်မိသလောက်ပြောပါရစေ။ ဦးကျော်သူဟာ ဦးစိုင်းမောင်ဆီက ငွေတော်တော်များများကိုယူထားသူဖြစ်ပါလိမ့်မယ်။ ဖြန့်းခနဲ ဦးကျော်သူသေသွားတော့ ဒီကြွေးငွေကိစ္စဟာ ဇနီးလေးလေးမြင့်မှာ တာဝန်ရှိနေမယ်။ အဲဒီအခါမှာ အကောင်းဆုံးနည်းလမ်းက လေးလေးမြင့်ကို ဦးစိုင်းမောင်ကသိမ်းပိုက်ရင်း ကြွေးတွေကိုလျှော်ပစ်တဲ့နည်းပဲပေါ့…ချစ်တီးခေတ်က လယ်ထောက်ခတွေမပေးနိုင်လို့၊ လယ်သမားရဲ့သမီးကို ချစ်တီးသိမ်းတဲ့ပုံစံမျိုးလေ"

ဦးစိုင်းမောင်၏ မျက်နှာကြီးသည် တင်းမာသွားပါလေ၏။ မည်မျှတင်းသွားကြောင်းတင်စားရပါလျှင် စည်မျက်နှာပြင်ကဲ့သို့ပင် တင်းမာသွားသည်ဟု တင်စားသင့်ပါသည်။

"ကိုဇော်မြင့်ဝင်းဟာ ကိုယ်ပိုင်သွားတွေနဲ့ ထမင်းစားရတာကိုနှစ်သက်တာပဲမဟုတ်လား"

"သိပ်နှစ်သက်ပါတယ် ဦးစိုင်းမောင်၊ ကိုယ့်သွားနဲ့ဝါးကာစားရတာလောက် အရသာရှိတာ ဘယ်မှာရှိတော့မလဲ"

"ဒါဖြင့်စကားကို ဆင်ခြင်ပြောပါဗျာ၊ နောက်ထပ်ကျုပ်ကိုဒီမျိုးမပြောနဲ့ပေါ့"

ဇော်မြင့်ဝင်းသည် နေရာမှမတ်တတ်ရပ်လိုက်သည်။

"ကောင်းသောညပါ ဦးစိုင်းမောင်…ကျွန်တော်ပြန်မယ်"

"ပြန်ထိုင်ပါ ကိုဇော်မြင့်ဝင်း၊ ခင်ဗျားမပြန်ရသေးပါဘူး၊ မြန်မာ [illegible] ဟာ ကျုပ်ရဲ့ပိုင်နက်ပါ"



ဇော်မြင့်ဝင်းသည် ပြန်၍မထိုင်ပေ။ ရှေ့သို့သာ တိုးလာကာ [illegible]ွက်ရမည့်တံခါးပေါက်ဆီသို့ ခြေလှမ်းလိုက်သည်။

ထွက်ပေါက်မှ ပထမဝင်လာသူမှာ ဟိုင်းလုံဖြစ်ပေသည်။ ဒုတိယ [illegible]င်လာသူမှာ ကျွဲပေါက်ကြီးတစ်ကောင်လောက် ထွားကျိုင်းသော [illegible]လကြီးတစ်ကောင်ဖြစ်ပေသည်။ ဟိုင်းလုံကမူ ဘေးသို့ရှဲပေးပြီးရပ်[illegible]ကြည့်နေ၏။ ကျွဲပေါက်ကသာ လက်ကြီးကားပြီး တမားမားရှေ့သို့ [illegible]စ်လှမ်းချင်းတိုးလာသည်။ ဦးစိုင်းမောင်ကမူ ဆိုဖာပေါ်၌ ဣန္ဒြေ [illegible]မျက် ထိုင်ကြည့်လျှက်ရှိ၏။

စစ်သားဆိုသည်မှာ မျက်စိကို အလေ့အကျင့် အမြဲပေးထားသည်။ [illegible]ကိုယ်ခန္ဓာထဲရှိ ကြွက်သားခဲများကို သံမဏိကဲ့သို့မာကျောအောင် နည်း[illegible]မျိုးမျိုးနှင့် ထုထေထားရသည်။ အထူးသဖြင့် တစ်ကိုယ်တော်ယှဉ်ပြိုင်[illegible]များအတွက် အထူးလေ့ကျင့်ထားရသည်။ ရန်သူနှင့်ရင်ဆိုင်ပြီဟေ့[illegible]ဆိုလျှင် သွေးအေးစွာနိုင်ကွက်ကို ရှာတတ်သည်။ ရန်သူ၏ ပျော့ကွက်[illegible]ကို ဆော်လျှင်စွာမြင်ရတတ်သည်။ ရင်ဆိုင်ရသောနေရာဒေသ၏ [illegible]သဝီအနေအထားကို ချက်ချင်းကျက်မှတ်ပြီးသားဖြစ်နေရတတ်သည်။ [illegible]ှဉ်ပြိုင်ရင်း အသက်သေဆုံးရမည်ကို တစ်စိုးတစဉ်းမျှအမှုမထားရ။ [illegible]က်နက်ချသည်၊ အညှံ့ခံသည်ဆိုသည်တို့သည် စစ်သား၌မရှိ[illegible]ကောင်း။

ဇော်မြင့်ဝင်းသည် သူ၏အကျင့်အတိုင်း ပခုံးကိုသာတွန့်လိုက်[illegible] စားပွဲပေါ်မှ ဖန်သားဖြင့်ပြုလုပ်ထားသော ဆေးလိပ်ပြာခွက်[illegible]ကောက်ယူလိုက်သည်။

ကောက်ယူလိုက်သည်နှင့် တစ်ချိန်ထဲမှာပင် လက်အားဖြင့်ပ
ပေါက်လိုက်ပြီးသားလည်းဖြစ်နေပြန်၏။ ပျာယာခတ်ခြင်းမရှိ၊ ပကာ
သွေးအေးစွာပစ်ပေါက်လိုက်သောကြောင့် ပစ်မှတ်သို့တည့်တည့်ကြ
ဒေါင်ကနဲ့နေအောင်ထိသွားပါလေတော့သည်။

ဇော်မြင့်ဝင်း၏ ပစ်မှတ်ဆိုသည်မှာ ဗလကြီး၏ နဖူးပင်ဖြစ်တေ
၏။ ကျွဲကြီးပင်လျှင် ထိပ်ထုခံရကာ တစ်ချက်တည်းခွေကျသွားရတာ
သည်။ အနီးကပ်နဖူးဆီသို့ မမျှော်လင့်ဘဲ ဒေါင်ကနဲဝင်ဆောင့်လာသေ
ဖလ်သားဆေးလိပ်ခွက်၏ဒါဏ်သည် ဗလကြီးခမျာ ဒူးညွတ်ကျသွာ
ရလေသည်။

ဟိုင်းလုံက သူ၏အိတ်တစ်ဘက်ထဲသို့ လက်နှိုက်လိုက်ပြန်သည်
စားပွဲခြေတန်ရှည်ကလေးပေါ်မှ အလှပြထားသော ကြေးသွန်းနတ်သမီး
ရုပ်ကလေးသည် ဗိုးကနဲဟိုင်းလုံ၏ ရင်ဘတ်သို့ အစ်ကနဲနေအောင်
ဝင်ဆောင့်လာပြန်သည်။ ဟိုင်းလုံမှာ အိတ်ထဲမှလက်ကိုထုတ်က
ရင်ဘတ်ကိုဖိပြီး တဟွတ်ဟွတ်ဖြင့်ချောင်းဆိုးရင်း ကုန်းကုန်းကွကွဖြ
နေလေသည်။

အဖြစ်အပျက်များသည် မြန်ဆန်လွန်းနေသည်။ ဦးစိုင်းမောင်
ဇော်မြင့်ဝင်းအား ကြည့်လိုက်သောအခါ၌ ဇော်မြင့်ဝင်း၏လက်ထဲဝ
အသစ်စက်စက် မဖောက်ရသေးသော ဗက်(၆၉)ပုလင်းမည်းကြီးတ
လုံးအား လည်ပင်းမှအသင့်ကိုင်ထားပြီးသားတွေ့ရတော့သည်။

"ဘယ်လိုလဲ ဦးစိုင်းမောင်....ကောင်းသောညပါခင်ဗျား
နှုတ်ဆက်ပြီး ကျွန်တော်ပြန်နိုင်ပြီလား"



"ပြန်ပေါ့ ကိုဇော်မြင့်ဝင်း...ခင်ဗျားငယ်ငယ်က နွားကျောင်း
းလုပ်ခဲ့တဲ့အကျင့်တွေက တော်တော်လက်မှန်းတည့်နေသေးတာပဲ"

ဇော်မြင့်ဝင်းသည် အရက်ပုလင်းကြီးကို ပြန်ချထားခဲ့ကာ မြန်မာ
ကြီးထဲမှ ထွက်လာခဲ့သည်။'

အပေါက်ဝတွင် ဗလကြီးသည် ဖွဲတစ်အိတ်လိုကြမ်းပြင်၌ လဲကျ
သည်။ နဖူးမှသွေးများယိုစီးလျက်ရှိသေး၏။ ဟိုင်းလုံမှာ မတ်မတ်
ပ်နိုင်သေး ကုန်းကုန်းကွကွပင်ဖြစ်နေရှာသေးသည်။ ဇော်မြင့်ဝင်း
း မကျေမချမ်းမော့ကြည့်သေး၏။

ဇော်မြင့်ဝင်းသည် မာစီးဒီးကိုနှိုးကာ ထွက်လာခဲ့သည်။ အင်းယား
င်သို့ ပြန်မလှည့်တော့ဘဲ မြေနီကုန်းဆီသို့ မောင်းလာခဲ့၏။ မြေနီ
န်းရှိ အခန်းငှါးဘော်ဒါဆောင်တစ်ခုတွင် စိုးရွှေဆိုသည့်အမည်ဖြင့်
 အခန်းငှါးကာ အိပ်စက်အနားယူလိုက်လေတော့သည်။

◆ ◆ ◆ ◆ ◆

## [၁၀]

ဇော်မြင့်ဝင်းသည် နံနက်(၉)နာရီကျမှပင် အိပ်ရာမှနိုးသည်။ မျက်နှာပင်မသစ်အားသေးဘဲ အပြင်ထွက်ခါ ယနေ့ထုတ်သတင်းစာကိုရှာကြည့်သည်။ သတင်းစာများတွင် သော့လုဘော်သေဆုံးသည့်သတင်းပါရှိသည်ကိုမတွေ့ရပေ။ အလောင်းကို ယခုအချိန်ထိ မည်သူမျှ တွေ့ရှိသေးဟန်မတူသေး။

ဇော်မြင့်ဝင်းသည် သူ့အခန်းသို့ပြန်လာကာ အိပ်ရာထက်တွင် လှဲချလိုက်ပြန်သည်။ မနေ့ကသူပါဝင်လှုပ်ရှားသမျှနှင့် တွေ့ဆုံကြားရသမျှကို သံကြိုးကွင်းဆက်သလို တစ်ခုနှင့်တစ်ခုဆက်စပ်ရှာဖွေကြည့်သည်။ နောက်ဆုံးတွင် ဇော်မြင့်ဝင်း၏မျက်နှာသည် တင်းမာသော အသွင်သို့ဆောင်လာသည်။ သူ့စိတ်ထဲဝယ် မခံချင်စိတ်တစ်ခုက သူ့အားနှိုးဆွလိုက်သည်ဟုထင်ရ၏။



သူသည် အိပ်ရာမှထလိုက်သည်။ ရေချိုး၏။ အဝတ်အစားလဲ၏။ ထို့နောက်အဝတ်ဟောင်းများကို လက်ဆွဲအိတ်ထဲသို့ထိုးထည့်ကာ ...ည်းခိုခရှင်းပေးခဲ့ပြီး မာစီးဒီးကားနှင့် အင်းယားမြိုင်သို့ ထွက်လာသည်။

အင်းယားမြိုင်၏ တံခါးကိုဖွင့်ပေးသူမှာ အမျိုးသမီးကြီးတစ်ဦးဖြစ်ပေသည်။ အိမ်ဖော်အမျိုးသမီးကြီးတစ်ဦးဖြစ်ပေလိမ့်မည်။

"မလေးလေးမြင့် အိမ်မှာပဲရှိနေသလားအဒေါ်"

"ရှိတော့ရှိတယ်၊ အိမ်မှာမဟုတ်ဘူး"

"နို့...ဘယ်မှာလဲအဒေါ်"

"ခြံနောက်က ကန်စပ်မှာ"

ဇော်မြင့်ဝင်းသည် ဆက်မမေးတော့ဘဲ ခြံနောက်ကကန်စပ်ဆီသို့ ...ာခဲ့တော့သည်။ ကုန်းမြင့်မှအောက်သို့ အုတ်လှေကားဖြင့်ဆင်းပြီး ...တစ်ပစ်လောက်အကွာတွင် အင်းယားကန်၏ ပြန့်ပြူးသောရေပြင်ကို ...ြင်ရသည်။ အင်းယားရေနှင့်အင်းယားမြိုင်သည် တစ်ခုနှင့်တစ်ခု ...ပြန်အလှန်ပနာတင့်လှ၏။ ကန်စပ်တွင်လှပသော ရောင်စုံကျောက် ...ား၊ ရေဆင်းအုတ်ခုံတစ်ခုရှိပေသည်။ ဦးကျော်သူသည် ငါးများဝါ ...နာကြီးသူမို့ ကျကျနနရေဆင်းအုတ်ခုံကို ဆောက်လုပ်ထားဟန်တူပေ ...ည်။

ရေဆင်းအုတ်ခုံပေါ်တွင် လေးလေးမြင့်ကိုတွေ့ရသည်။ ဝမ်းကပ် ...ရဲရဲတစ်ခုကိုခင်းကာ ကန်ဘက်သို့မျက်နှာမူပြီး လဲလျောင်းနေ၏။ ...ဝါရင့်ရောင်ရေကူးဝတ်စုံကိုဝတ်ထားသည်။ ဇော်မြင့်ဝင်းလာရာ

သို့ ကျောပေးထားသောကြောင့် သေးကျဉ်းသောခါး၊ စွင့်ကားသော တင်၊ တုတ်ခိုင်ပြီးသွယ်လျစွာဆင်းသွားသည့် ပေါင်တန်နှင့်ခြေသလုံးသားတို့ကို မြင်နေရသည်။ လေးလေးမြင့်သည် မည်သည့်သင်္ချာနံ့ဖြစ်စေ လှပသူတစ်ဦးပင်ဖြစ်တော့၏။ အခင်းသည် နီရဲရဲ၊ ဝတ်စုံသည် အဝါရင့်မို့ လေးလေးမြင့်၏ စိုပြေဖြူဝင်းသော အသားအရေမှာပေါ်လွင်လွန်းလှသည်။

ဇော်မြင့်ဝင်းသည် လေးလေးမြင့်၏နောက်နား ဌမ်းကပ်နီရဲရဲဖွင့်တွင် ထိုင်ချလိုက်သည်။ လေးလေးမြင့်က ယခုမှလှည့်ကြည့်မိဟန်သည်။

"ဟော…ကြည့်စမ်း ကိုဇော် တိတ်တိတ်ကလေးရောက်လာတယ်"

ဇော်မြင့်ဝင်းက ဘာမှမပြော အင်းယားရေပြင်ဆီသို့သာ ငေးကြည့်နေသည်။ ဇော်မြင့်ဝင်းအဖို့ လေးလေးမြင့်၏အလှအပများကို ကြည့်ရှုခြင်း၊ သို့မဟုတ် တယ်မက်ခြင်းမှပာတ်နိုင်သမျှ ဝေးစွာနေ၍ သူ၏စိတ်အစဉ်ဆို အမြဲသတိပေးထားရသည်။ စာသူငယ်အတွက် မှန်ထားဘူးသော ခဲတစ်လုံးဖြင့်ပင်လုံလောက်ပေပြီ။

လေးလေးမြင့်သည် ထိုင်လိုက်၏။ ဒူးနှစ်လုံးကို လက်နှစ်ဘက်ဖြင့်ပိုက်ကာ ဒူးပေါ်မေးတင်ပြီး ဇော်မြင့်ဝင်းအား ကြည့်နေလေသည်။

"ပြောပါ ကိုဇော်"

"ခင်ဗျား ဦးကျော်သူကို တကယ်မချစ်ဘူးလား"

"တစ်ခါမှ ဦးကျော်သူကို လေးလေးမချစ်ခဲ့ဘူးကိုဇော်"



"ဒါကို ဦးကျော်သူကမသိဘူးတဲ့လား"

"သိပ်သိတာပေါ့ လက်မထပ်ခင်ကတည်းက လေးလေးဖွင့်ပြောားပဲ၊ သူ့ကိုငွေကြေးချမ်းသာလို့သာလက်ထပ်မှာ ချစ်လို့တော့မရသေးဘူးလို့"

"ဒါဖြင့် သိရဲ့နဲ့ ဦးကျော်သူက လက်ထပ်တာပေါ့"

"လင်မယားဆိုတာ ညားပြီးမှလည်း တဖြည်းဖြည်း ချစ်လာတတ်တာတွေရှိတတ်ပါတယ်တဲ့။ တစ်နေ့ကျရင် လေးလေးကသူ့ကိုချန့်ပြန်လာပါလိမ့်မယ်တဲ့ကိုဇော်"

အင်းယားရေပြင်မှာ အပြောကျယ်ပေ၏။ ခပ်လှမ်းလှမ်းရေလယ်တွင် ဒင်းကြီးငှက်မည်းတစ်ကောင်သည် ငုတ်ခါလျှိုးကာငါးကိုရှာနေသည်။ ပေါ်လာလေတိုင်း နှုတ်သီးဖျားတွင်ငါးပါလာသည်ကိုမတွေ့ရ။ င်ကြီးမိုက်ပင်ဖြစ်တော့သည်။ အင်းယားသည် ရေများသော်လည်း ါးရှားသည်ကို သူမသိလေရော့သလား။

"ညားပြီးတော့ကော ခင်ဗျားက ဦးကျော်သူကို ချစ်ခင်မလာဘူးလား"

"လေးလေးကြိုးစားပါတယ်။ ဒါပေမဲ့ ချစ်လို့မရဘူး"

ဇော်မြင့်ဝင်းသည် ခဲတစ်လုံးကောက်ခါ ဒင်ကြီးမိုက်ဆီသို့လှမ်းစ်လိုက်သည်။ ဝေးသောကြောင့် ခဲမှာဒင်ကြီးဆီမရောက်၊ သို့သော်ရေပြင်သို့ကျသည်ကို လန့်သွားပုံရသည်။ အဝေးသို့ထပျံသွား၏။

"ဦးကျော်သူဟာ သူ့ရဲ့စီးပွားရေးကျဆင်းလာတဲ့အကြောင်းင်ဗျားကိုမပြောဘူးလား"

"တမင်တော့မပြောဘူး။ ဒါပေမဲ့ ငြီးတဲ့အနေနဲ့တော့ ပြော ဘူးတယ်"

"ဘယ်တုန်းကငြီးတာလဲ"

"တော်တော်ကြာပြီကိုဇော်...အတိအကျတော့ မမှတ်မိဘူး"

"ဦးကျော်သူမှာ ကြွေးတွေတင်နေတယ်ဆိုတာကကော ခင်ဗျား မသိဘူးလား"

"သိသားပဲ"

"ဘယ်သူ့ရဲ့ကြွေးတွေတင်နေတာတဲ့လဲ"

"ဒါတော့ လေးလေးမသိဘူး...သူကလည်းမပြောဘူး။ နို့ မယ့် သူဟာ ကြွေးအတွက် စိတ်အနှောင့်အယှက် တော်တော်ဖြစ်ပုံ နေတာတော့ လေးလေးရိပ်မိတယ်ကိုဇော်"

"ကြောက်လန့်နေတဲ့အမူအရာမျိုးကော မတွေ့ရဘူးလား"

"ဟုတ်လောက်တယ်ကိုဇော် ဦးကျော်သူဟာ စိုးရိမ်ထိတ်လန့် နေတဲ့အမူအရာမျိုးရှိတယ်လို့လည်းပြောနိုင်လောက်တယ်"

"ဦးစိုင်းမောင်ကို သူကြောက်နေတာပဲ မလေးလေးမြင့်"

လေးလေးမြင့်သည် ထိုအချက်ကို လက်မခံပေ။ အံ့သြစွာပင် ဇော်မြင့်ဝင်းအား ပါးစပ်ကလေးအဝိုင်းသားနှင့် ကြည့်လိုက်ရှာပေ၏။

"ဟုတ်ပါ့မလားကိုဇော်...သူတို့ဟာ တဂါယ့်မိတ်ဆွေရင်းချာ တွေပဲ"

"သူတို့ဟာ မိတ်ဆွေရင်းချာတွေလည်းဖြစ်ချင်ဖြစ်မယ် မလေး လေးမြင့်၊ ဒါပေမဲ့ ဦးစိုင်းမောင်ဟာ ကြောက်စရာကောင်းတဲ့ လူတစ်



ယောက်တော့အမှန်ပဲ။ အထူးသဖြင့် သူ့ဆီကငွေချေးပြီး ပြန်မဆပ် ဘဲ့လူတွေဟာ ဦးစိုင်းမောင်ကိုကြောက်ရတဲ့ အဆင့်မျိုးရောက်သွား ာတ်တာပဲ"

လေးလေးမြင့်သည် တစ်စုံတစ်ခုကိုပြောရန် ပါးစပ်ပြင်လိုက်သေး သည်။ ပြီးမှစိတ်ပြောင်းသွားသည့်အလား ဘာမှမပြောတော့ဘဲ ဆိတ် ဆိတ်နေလိုက်ပေသည်။

"ခင်ဗျားက ဦးကျော်သူကို ငွေမက်လို့လက်ထပ်တယ်။ ထားပါ တော့...ဒါကခင်ဗျားရဲ့ မွေးဗီဇပဲ၊ နို့-ဦးကျော်သူကကော ခင်ဗျားကို ဘာလို့လက်ထပ်ချင်တာလဲ"

"ဦးကျော်သူဟာ လေးလေးရဲ့စိတ်သဘောထားတွေကို မနှစ် တော့မနှစ်သက်ဘူး ကိုဇော်၊ ဒါပေမဲ့ လေးလေးကိုတော့ သိပ်ချစ် ရှာတယ်။ ဒါကြောင့်သူ့ရဲ့ 'ကိုယ်ချစ်'စိတ်နဲ့ လက်ထပ်တာနေမှာပေါ့"

ဇော်မြင့်ဝင်းက ပြုံးလိုက်သည်။ မဲ့ပြုံးသာလျှင်ဖြစ်ပါသည်။ မျက် နှာလွှဲထားသည်မို့ ဇော်မြင့်ဝင်း၏ မဲ့ပြုံးကို လေးလေးမြင့်ခမျာ မြင်ဟန် မတူပေ။ စကားကိုဆက်ပြန်သည်။

"လေးလေးကသူ့ကို နောက်ဆုံးအချိန်ထိ ပြန်မချစ်မှန်းသူသိတယ် ကိုဇော်၊ အဲဒါကို သူမခံချင်ဆုံးပဲ၊ တစ်နေ့ကျရင် လေးလေးကသူ့ကို ပြန်ချစ်လာလိမ့်မယ်လို့ မျှော်လင့်ချက်ကြီး သူ့ရင်ထဲမှာထားနေတာ ပိုး...သူကလေးလေးကိုချစ်ခင်မှန်းကတော့ သိပ်သိသာပါတယ်"

"ဒါပေါ့...ခင်ဗျားအမွေခံနိုင်ခွင့်နဲ့ ငွေနှစ်သိန်းတောင် ဦးကျော် ၁ူက အသက်အာမခံပေးထားတာပဲ"

"နေပါဦး ကိုဇော်...ကိုဇော်မေးနေတဲ့ မေးခွန်းတွေက ခပ်ဆန်းဆန်းတွေချည်းပဲ...အဲဒီလိုဘာဖြစ်လို့ မေးနေတာလဲကိုဇော်"

ဇော်မြင့်ဝင်းသည် လေးလေးမြင့်ဘက်သို့ လှည့်လိုက်ပေသည်။ လေးလေးမြင့်၏ မျက်နှာကိုမူ မကြည့်ပေ။ ငုံ့ထားသောကြောင့် လေးလေးမြင့်၏ ခြေဖမိုးကိုတွေ့နေရသည်။ ခြေချောင်းကလေးများသည် ခြေမမှခြေသန်းတိုင်အောင် အနိမ့်အမြင့်အချိုးကျစွာတည်ရှိနေကြသည်။ လှသည့်နေရာတွင် ခြေချောင်းကလေးများပါမကျန် လှလေသော လေးလေးမြင့်ပင်။

"တကယ်တော့ ခင်ဗျားဟာ...ဥချုပ်ကိုလိမ်ညာခဲ့တာပဲ မလေးလေးမြင့်...ခင်ဗျားရဲ့ပျောက်သွားတဲ့ လက်ပွေ့အိတ်ထဲမှာ ဘာတွေပါတယ်ဆိုတာက လိမ်ညာတာပဲမဟုတ်လား"

"ဒါဖြင့်ကိုဇော် လက်ပွေ့အိတ်ကိုပြန်ရပြီပေါ့ဟုတ်လား"

"ဒါဖြင့်လက်ပွေ့အိတ်ထဲမှာ ဘာတွေရှိတယ်ဆိုတာ"

လေးလေးမြင့်၏ စကားမဆုံးမီ ဇော်မြင့်ဝင်းက ဖြတ်၍ပြောလိုက်၏။

"လက်ပွေ့အိတ်ထဲမှာ ဦးကျော်သူရဲ့သေနတ်နှင့် သူ့ကိုယ်သူသတ်သေပါတယ်ဆိုတဲ့ စာရှိနေတာပေါ့ မလေးလေးမြင့်"

စကားအဆုံးတွင် လေးလေးမြင့်၏ အသက်ပြင်းပြင်းရှူလိုက်သံကိုပင် ဇော်မြင့်ဝင်းကြားရပေသည်။ သို့သော်လေးလေးမြင့်သည် ဘာစကားမှ ပြန်ကြားခြင်းမပြုပေ။

"ခင်ဗျားယောကျ်ားဟာ အင်မတန်အကျဉ်းအကြပ်ထဲကို ရောက်



နေခဲ့ရတယ် မလေးလေးမြင့်၊ ဦးစိုင်းမောင်လို ကြောက်စရာကောင်းတဲ့လူကြမ်းတစ်ယောက်ဆီက ငွေပူကိုချေးထားမိတယ်။ ကိုယ်ချစ်တဲ့ မိန်းမက ကိုယ့်ကိုပြန်မချစ်ဘူး...သူ့မှာစိတ်ညစ်စရာနဲ့ စိတ်ပျက်စရာချည်းပဲ။ သူဘာလုပ်မလဲ...ကိုယ့်ဟာကိုယ်သတ်သေရုံကလွဲပြီး ဒီပြင်လုပ်စရာမရှိဘူး...စီးပွားပျက်တယ်...အချစ်ရေးရှုံးနိမ့်တယ်"

လေးလေးမြင့်ထံမှ အသံထွက်မလာပေ။

"အသက်အာမခံရဲ့ ပေါ်လစီကို ခင်ဗျားသိပါတယ် မလေးလေးမြင့် အသက်အာမခံကုမ္ပဏီက မိမိကိုယ်ကို သတ်သေတဲ့လူတွေကို လျော်ကြေးမပေးပါဘူး...ခင်ဗျားအပေါ်စိတ်နာနာနဲ့ အသက်အာမခံကြေးခံစားခွင့်မရနိုင်အောင် ဦးကျော်သူကသူ့ကိုယ်သူ သတ်သေပစ်လိုက်တာဖြစ်မှာပါ"

"အန်"ဟူ၍တော့ လေးလေးမြင့်ထံမှ အသံထွက်လာ၏။ သို့သော် စကားကိုမူ ပြန်မပြောသေးပေ။

"အသက်အာမခံငွေနှစ်သိန်း ခင်ဗျားရနိုင်တဲ့နည်းလမ်းက သူ့ကိုယ်သူ သတ်သေတဲ့အဖြစ်ကို သူခိုး-ဓါးပြတစ်ဦးဦးဝင်သတ်သွားတဲ့အသွင်...ခင်ဗျားဖန်တီးပစ်ရမယ်။ ဦးကျော်သူရဲ့သေနတ်နှင့် သူ့ကိုယ့်သူသတ်သေပါတယ်ဆိုတဲ့စာကို ခင်ဗျားကသိမ်းယူပြီး လက်ပွေ့အိတ်ထဲထည့်ထားလိုက်တယ်။ အဲဒီနောက် ဦးကျော်သူရဲ့ နာရီတွေ၊ လက်စွပ်တွေ၊ ကြောင်တိန်တွေနဲ့ ပိုက်ဆံအိတ်စတဲ့ ပစ္စည်းတွေကို ခင်ဗျားဟာ နှိုက်ယူသွားလိုက်ပြန်တယ်။ ပြီးတော့ ဦးစိုင်းမောင်ရဲ့ ပါတီပွဲကိုဆက်သွားတယ်"

"ကိုဇော်"

"မကိုဇော်ပါနဲ့…ကျုပ်ပြီးအောင်ဆက်ပြောပါရစေ…ဒီကိစ္စမှာခင်ဗျားဟာ ပြစ်မှုနှစ်ခုကျူးလွန်နေတယ်။ ပထမတစ်ခုက ကိုယ့်ကိုယ်ကိုယ်သတ်သေတာကို တစ်စုံတစ်ယောက်ရဲ့ အသတ်ခံရတဲ့အသွင်ပြောင်းပြီး တရားဥပဒေကို လိမ်လည်လှည့်ဖြားတယ်။ ဒုတိယကအသက်အာမခံကုမ္ပဏီက ငွေနှစ်သိန်းလိမ်ထုတ်တယ်။ ထပ်ပြီးကံဆိုးတာက ခင်ဗျားရဲ့လက်ပွေ့အိတ်ဟာ အဲဒီညမှာပဲအခိုးခံရတယ်။ ပြီးတော့ဆက်တိုက် ငွေညှစ်ခံရတယ်။ ဒီအကြောင်းတွေအားလုံးဟာခင်ဗျားအတွက် လူသိခံနိုင်တာမဟုတ်တော့ နွားကျမယ့်ကျုပ်ကိုအပိုင်စည်းရုံးပြီး အသုံးချလိုက်တာပဲ"

ဇော်မြင့်ဝင်း၏ ရှင်းပြချက်သည် ပြီးဆုံးသွား၏။ ဇော်မြင့်ဝင်းသည် လေးလေးမြင့်အား မျက်နှာချင်းဆိုင်ကြည့်လိုက်သည်။ သူမ၏ဝိုင်းဝန်းသော မျက်လုံးအိမ်ဝယ် အခိုးများဝေ့နေသည်ဟု ဇော်မြင့်ဝင်းထင်မိသည်။ သူမကလည်း ဇော်မြင့်ဝင်းအား စိုက်ကြည့်လျက်ရှိနေသည်။

"ကိုဇော် ဘာဆက်လုပ်မယ်စိတ်ကူးလဲ"

"မပြောတတ်ဘူး…ကျုပ်ဘာဆက်လုပ်မယ်ဆိုတာ ကျုပ်ဟာကျုပ်လည်း မပြောတတ်ဘူး"

"အခုကိုဇော်ပြောတာတွေဟာ တကယ်လို့များမှန်နေတယ်ဆိုရင်လေးလေးထောင်ကျမလားကိုဇော်"

"အသက်အာမခံငွေကို လက်ခံရင်တော့ ကျမှာပဲ"



"နှစ်သိန်းတန်ချက်လက်မှတ် အာမခံကုမ္ပဏီက လေးလေးရပြီးပြီကိုဇော်၊ ငွေမထုတ်ရသေးတာပဲရှိတယ်။ တကယ်လို့သာ ကိုဇော်ကဖွင့်မပြောရင် ဒီကိစ္စဟာဘယ်သူမှ မသိနိုင်ပါဘူးကိုဇော်"

"ဒီလိုချည်းတွက်လို့ ဘယ်ရမလဲ၊ ရဲတပ်ဖွဲ့ကို အထင်သေးလို့မရဘူး။ အခုဟာက ဦးကျော်သူကို သေစေတဲ့လက်နက်နဲ့ သတ်သေကြောင်းစာမတွေ့လို့သာ…ပြီးတော့ပါတီပွဲမှာ ခင်ဗျားရောက်နေပါတယ်ဆိုတဲ့ အလီဘိုင်ကောင်းလို့သာ၊ ရဲတပ်ဖွဲ့ သူခိုး၊ ဓါးပြတစ်ဦးသတ်သွားတယ်လို့ထင်နေတာ၊ အဲဒီသဲလွန်စတွေပေါ်လာတာနဲ့ ခင်ဗျားအတွက် လွတ်ပေါက်မရှိဘူး"

လေးလေးမြင့်သည် ယခုတိုင် ဇော်မြင့်ဝင်း၏ မျက်နှာကိုသာစူးစိုက်ကြည့်နေရှာသည်။ ပြီးမှတိုးညင်းသောလေသံဖြင့်--

"လေးလေးကို ကိုဇော်သိပ်မုန်းတာပဲလား ကိုဇော်"

"ကျုပ်မသိဘူး"

"မုန်းနေပါတယ် … လွန်ခဲ့တဲ့သုံးနှစ်ကျော်က သစ္စာမဲ့ခဲ့တဲ့လေးလေးကို ကိုဇော် မုန်းနေတာပါ"

"အဲဒီဟာတွေအတွက် ကျုပ်မှာဘယ်လိုခံစားချက်တွေမှ မရှိတော့ဘူး မလေးလေးမြင့်"

လေးလေးမြင့်က ဒူးကိုပတ်ထားသည့် သူမ၏လက်များကို ဖြုတ်လိုက်ပြီး ဝမ်းကပ်နီနီသို့ငုံ့ကြည့်နေရှာပြီး…

"ကိုဇော့်ကို လေးလေးချစ်တယ်…ချစ်တာမှသိပ်ကိုချစ်မိတာ၊ အဲဒီလိုချစ်မိလို့လဲ ဦးကျော်သူကို လေးလေးချစ်မရတာနေမှာပါ"

ဦးကျော်သူကို ချစ်နိုင်ဖို့အတွက် လေးလေးကြိုးစားပါတယ်။ ဒါပေမယ့် မရဘူး၊ လေးလေးရဲ့နှလုံးသားထဲမှာ ကိုဇော်ဟာတင်းပြည့်နေရာယူထားလျှက်ပါ ကိုဇော်”

လေးလေးမြင့်က စကားကိုရပ်နားလိုက်သည်။ ဇော်မြင့်ဝင်းထံမှ တစ်ခုခုတုံ့ပြန်လာမည့်စကားကို စောင့်စားနားထောင်နေရှာသည်။ သို့သော် ဇော်မြင့်ဝင်းထံမှ အသံထွက်မလာပေ။ လေးလေးမြင့်သည် ဇော်မြင့်ဝင်းအား မော့ကြည့်ပြန်၏။ ဇော်မြင့်ဝင်းသည် အဝေးရှေပြင်သို့ ငေးလျှက်သားရှိနေသည်။

“ခင်မော့ကိုမေးကြည့်ပါ ကိုဇော်၊ လေးလေးဟာ ကိုဇော့်ကို တစ်နေ့မှ မမေ့ခဲ့ဘူး…လေးလေးကိုကြည့်ပါဦး ကိုဇော်”

ဇော်မြင့်ဝင်းက ပြန်ကြည့်ဖော်မရပေ။

“ဒီတစ်သက်မှာ ကိုဇော်ကလွဲပြီး တစ်ခြားတစ်ယောက်ယောက်ကို လေးလေးချစ်လို့ရတော့မှာ မဟုတ်ပါဘူး။ ကိုဇော့်အပေါ် ချစ်မိတဲ့ လေးလေးရဲ့ချစ်စိတ် ဘယ်တော့မှလဲ ရပ်နားသွားမှာ မဟုတ်ပါဘူး ကိုဇော်”

ဇော်မြင့်ဝင်းသည် နေရာမှထလိုက်သည်။ စကားတစ်လုံးမှမပြောဘဲ လေးလေးမြင့်အား ကျောပေးကာထွက်လာခဲ့သည်။

“ကိုဇော်…ခဏနေပါဦး ကိုဇော်”

ဇော်မြင့်ဝင်းက လျှောက်မြဲလျှောက်သွား၏။ နောက်မှလေးလေးမြင့်ပြေးလိုက်လာသံကို ဇော်မြင့်ဝင်းကြားနေရသည်။ ကုန်းမြင့်တက်ရန်လှေကားထစ်အနီးသို့အရောက်၌ လေးလေးမြင့်က မှီလာပြီး



ဇော်မြင့်ဝင်း၏ လက်မောင်းကိုဆုတ်ကိုင်ကာ သူမနှင့်မျက်နှာချင်းဆိုင်အောင် လှည့်လိုက်သည်။

“ကျေးဇူးပြုပြီး ကိုဇော်ရယ်…”

“ဘာကိုကျေးဇူးပြုရဦးမှာလဲ မလေးလေးမြင့်”

“ရဲတပ်ဖွဲ့ကို ဒီသတင်းတွေ သွားမပေးပါနဲ့ဦး ကိုဇော်… တကယ်တော့ ကိုဇော်ပြောတာတွေဟာ ဟုတ်သင့်သလောက်ဟုတ်ပေမယ့် အကုန်လုံးတော့ မမှန်ပါဘူး”

“ဘာတွေမှားနေလို့လဲ”

“ဦးကျော်သူရဲ့သေနတ်ရယ်…သူ့ကိုယ်သူသတ်သေတဲ့စာ ရယ်ဆိုတာတော့ ဟုတ်ပါတယ် ကိုဇော်၊ အဲဒီနှစ်ခုကို လေးလေးယူထား ပါတယ်။ ဒါပေမဲ့ ပါတီပွဲကိုပြန်ရောက်တော့ လေးလေးဘာသာ တ်မလုံပြန်ဘူး။ ဒီသေနတ်နဲ့ဒီစာကို သူ့အတိုင်းပြန်ထားလိုက်တာ ကောင်းပါတယ်။ ကိုယ့်လက်ထဲမှာယူထားရင် တစ်နေ့ကျကိုယ့်အပြစ် ဖြစ်နေတော့မှာပဲဆိုပြီး…နောက်တစ်ခေါက်အင်းယားမြိုင်ကိုပြန်လာဖို့ က်အလာမှာ…လေးလေးကားထဲမှာထားခဲ့တဲ့ လက်ပွေ့အိတ်အခိုး ရတာကိုတွေ့ရတော့တာပါ…အဲဒါအမှန်ပါကိုဇော်”

“အဲဒါမှန်တယ်ပဲထားပါဦး…အခြေအနေက ဘာများပြောင်း လို့လဲ မလေးလေးမြင့်”

“အခြေအနေမပြောင်းလဲပေမယ့် အမှန်ကို…ကိုဇော်သိစေချင် ပါ။ ပြီးတော့ပထမတစ်ခေါက် ဦးစိုင်းမောင်ပါတီပွဲက လေးလေး က်သွားခဲ့တာကို ကိုလွင်ဦးကမြင်သွားတယ်။ သူကကတိတော့

ပေးထားပါတယ်။ ရဲတပ်ဖွဲ့ကို အဲဒီလိုပါတီပွဲက အိမ်ပြန်သွားတဲ့အ
ကြောင်း မပြောပါဘူးရယ်လို့ ဒါပေမယ့် သူကလည်းအဲဒါကိုအ
ကြောင်းပြုပြီး လေးလေးကိုအနိုင်ကျင့်ချင်တယ်။ ငွေတော့မညှစ်ပ
ဘူး။ သူလိုချင်တာကတစ်မျိုးပေါ့လေ"

ဇော်မြင့်ဝင်းက ဦးခေါင်းကိုသာ ညင်သာစွာခါယမ်းလိုက်မိသည်၊
လေးလေးမြင့်၏ ဓာတ်ရုပ်မှာသူမပြောသည့်အတိုင်းသာဆိုလျှင် သူမ
လည်း အတော်ပင်ဘေးကြပ်နံကြပ်ဖြစ်နေပေ၏။

"လေးလေးကို ကူညီပါကိုဇော်"

"ကူညီဖို့အတွက် သိပ်နောက်ကျနေပြီပဲ"

"မငြင်းပါနဲ့ ကိုဇော်ရယ်…လေးလေးကို နည်းနည်းလေးဖြ
ဖြစ် သနားစမ်းပါဦး။ လေးလေးတို့ ပျောက်နေတဲ့သေနတ်နဲ့ ဦးကျော်
သူရဲ့ စာပြန်ရဖို့လိုတာပါ…ရရင် အဲဒါတွေကို ရဲတပ်ဖွဲ့လက်ကိုအပ်
မယ်။ အဖြစ်မှန်ကိုပြောမယ်။ အသက်အာမခံဌာနက ရထားတဲ့နှစ်
သိန်းတန်ချက်လက်မှတ်ကိုလည်း ပြန်ပေးလိုက်မယ်။ အခုလေးလေး
လက်ထဲမှာ သေနတ်နှင့်စာမရှိဘဲ ရဲတပ်ဖွဲ့ကသာ ဒီအကြောင်းတွေ
သိသွားရင် လေးလေးကိုဦးကျော်သူကိုသတ်မှုနှင့် စွဲချက်တင်နိုင်တယ်
မဟုတ်လား"

လေးလေးမြင့်သည် ယခုအထိ ဇော်မြင့်ဝင်း၏လက်မောင်းကို
ဆုတ်ကိုင်ထားရှာသေးသည်။ ဇော်မြင့်ဝင်း၏ မျက်နှာကိုလည်းငေး
ကြည့်နေရှာသည်။

ဇော်မြင့်ဝင်းသည် သော့လှဘော်အသတ်ခံရသည်ကိုပြန်၍ စဉ်း



းရပြန်သည်။ သော့လှဘော်အသတ်ခံရမှုသည် လေးလေးမြင့်နှင့်
ာ ကင်းကင်းရှင်းရှင်းဖြစ်ပါရဲ့လား။ ဤမိန်းမသည်စကားကို မှန်မှန်
န်ကန်ပြောချင်မှပြောမည်။ သော့လှဘော်အား ဇော်မြင့်ဝင်းကလိုက်စုံ
မ်းနေလေမှန်း အလွတ်စုံထောက် ကျော်ဝင်းမော်နှင့် ဦးစိုင်းမောင်တို့
သိနေကြသည်။ သော့လှဘော်အသတ်ခံရကြောင်း ရဲတပ်ဖွဲ့ကသိလာ
လျှင် ဦးစိုင်းမောင်က ဇော်မြင့်ဝင်းအား ဂျောက်မချဟုလည်းမပြော
နိုင်။ ဦးစိုင်းမောင်သည် ဇော်မြင့်ဝင်းအား သိပ်ပြီးနှစ်သက်ပုံမရ။
လေးလေးမြင့်ကို ကူညီရင်းနှင့်ပင် ဇော်မြင့်ဝင်းမှာ ငှက်သင့်ရတော့မလို
ဖြစ်နေပြီကော…။

"မနေ့ညနေနဲ့ မနေ့ညက ခင်ဗျားဘယ်မှာရှိနေခဲ့လဲ။ ကျုပ်ဒီကို
ရောက်တော့ ခင်မာပဲရှိတယ်…ခင်ဗျားမရှိဘူး"

"ဘာဖြစ်လို့လဲကိုဇော်…မနေ့က ဘာတွေဖြစ်ခဲ့တယ်ဆိုတာ
တောင် ကိုဇော်က လေးလေးကိုမပြောပြသေးဘူးနော်"

"ကျုပ်မေးတာသာဖြေပါလေ"

လေးလေးမြင့်က ဖြေပါ၏။

"မနေ့က လေးလေးတစ်နေ့ခင်းလုံးဘယ်မှမသွားဘူး။ ပင်ပန်း
လွန်းလို့ အိပ်နေတယ်။ ည(၇)နာရီလောက်မှာ ကိုလွင်ဦးရောက်လာ
တယ်။ ညစာကို တစ်နေရာရာမှာ သွားစားကြဖို့သူကခေါ်တယ်။
လေးလေးစိတ်မပါဘူး ငြင်းတယ်၊ ဒါပေမဲ့ ငြင်းလို့မရဘူး။ အဲဒါနဲ့
အဝတ်အစားလဲရတယ်။ အဲဒီတုန်းခင်မာ အိမ်ပြန်ရောက်လာတယ်။

ခင်ဗျာနဲ့ လေးလေးညီအစ်မစကားများကြတယ်။ စကားများ
အကြောင်းကလည်း…"

"အဲဒါကျုပ်သိပါတယ်…တခြားဟာသာပြောပါ"

"နေဦး ကိုဇော်…မနေ့ကဘာတွေဖြစ်လို့လဲဟင်"

"ခင်ဗျားပြောစရာရှိတာသာ ဆက်ပြောပါ"

"အဲဒါနဲ့ ညကိုးနာရီနီးပါးလောက်မှ ကိုလွင်ဦးနှင့်လေး
အပြင်ထွက်ဖြစ်ကြတယ်။ ရှစ်မိုင်ကဟိုတယ်မှာ ညစာစားတယ်၊
နောက် ကားလျှောက်မောင်းရာကို လေးလေးက လိုက်နေရတ
ဒီအင်းယားမြိုင်ကို ည(၂)နာရီလောက်မှ ပြန်ရောက်တယ်။ အဲ
ကိုဇော်"

ဤအတိုင်းဆိုလျှင် လေးလေးမြင့်၌ သော့လုဘော်အသတ်ခံ
တွင် လွင်ဦးနှင့်အတူရှိနေကြပေသည်။ သော့လုဘော်အသတ်ခံရမှု
စဉ်းစားစရာကောင်းလှ၏။

"ကိုဇော်…ရဲတပ်ဖွဲ့ကိုသွားဦးမှာလား ကိုဇော်"

ဇော်မြင့်ဝင်းက မဖြေ။

"လေးလေးကိုဆက်ပြီး ကူညီဦးမှာလား ကိုဇော်"

"မပြောတတ်သေးဘူး"ဟုပြောရင်း လက်မောင်း၌ကိုင်
သော လေးလေးမြင့်၏ လက်များကို ဇော်မြင့်ဝင်းသည် ပုတ်ထု
လိုက်၏။ ထို့နောက်အုတ်လှေကားထစ်များပေါ်သို့ တက်လာခဲ့သ
ကုန်းမြင့်ထိပ်သို့ရောက်သောအခါ အောက်သို့ငုံ့ကြည့်လိုက်သည်၊
လေးလေးမြင့်သည် ဇော်မြင့်ဝင်းပုတ်ထုတ်ခဲ့သောနေရာ၌



မရွေ့မလျား မတ်မတ်ရပ်လျှက်ကျန်ခဲ့သည်။ ဇော်မြင့်ဝင်းအား မော့ကြည့်နေရှာ၏။ သူမ၏ဆံပင်များသည် အင်းယားကန်အား ဖြတ်တိုက်လာသောလေတွင် လူးလွန့်လျှက်ရှိနေသော်လည်း လေးလေးမြင့်မှာ မလှုပ်မရှားရပ်လျှက်သားပေတည်း။

◆ ◆ ◆ ◆ ◆

## [၁၁]

ဇော်မြင့်ဝင်းသည် လေးလေးမြင့်၏ မာစီးဒီးကားကိုပင် မောင်း
ကာ အင်းယားမြိုင်မှ ထွက်လာခဲ့သည်။ ရန်ကုန်တွင် အသိမိတ်ဆွေ
အချို့ရှိသော်လည်း ဇော်မြင့်ဝင်းသည် မည်သူ့ထံသို့မှ မသွားရောက်
လိုပေ။ လူတစ်ယောက်တွင် ရာထူးလည်းမရှိ။ ငွေလည်းမရှိသည့်အခါ
မျိုးတွင် မိမိလိပ်ပြာကပင် အလိုလိုငယ်လျှက်ရှိတတ်သည်။

မြို့ထဲရှိ တရုတ်စားသောက်ဆိုင်တစ်ဆိုင်တွင် ဇော်မြင့်ဝင်းသည်
နံနက်စာစားရသေးသည်။ နံနက်စာဆိုစေကာမူ မွန်းလွဲ (၁)နာရီပင်
ရှိပေပြီ။

စားသောက်ပြီးနောက် ဗိုလ်တထောင်ဘက်သို့ မောင်းလာခဲ့ပြီး
ဆိပ်ကမ်းတွင်ကပ်ခါ မြစ်ပြင်ကိုငေးရင်း လေးလေးမြင့်၏ ကိစ္စများကို
စဉ်းစားကြည့်မိသည်။ ဇော်မြင့်ဝင်းကိုယ်တိုင်ပင်လျှင် တပ်မတော်အရာ
ရှိတစ်ဦးဖြစ်ခဲ့ဘူးသည်။ အထူးသဖြင့် ထောက်လှမ်းရေးတွင် တာဝန်



မ်းဆောင်ခဲ့ရ၏။ နိုင်ငံကဒ္ဒမှတ်ထားသော တရားဥပဒေကို မည်သို့
ာင့်သိရှိသေရမည်မှန်း ဇော်မြင့်ဝင်းကောင်းစွာနားလည်သည်။ ရို
ည်းရှိသေသည်။

ယခုလေးလေးမြင့်ကိစ္စမှာ ခက်လှ၏။ လေးလေးမြင့်သည် သူမ
ိုယ်တိုင် ဦးကျော်သူအားပစ်မသတ်ခဲ့သည်မှာ မှန်ဦးတော့…တရား
ဥပဒေဆိုင်ရာ နှစ်ခုကိုကျူးလွန်ဖောက်ဖျက်လျှက်ရှိသည်။ ကိုယ့်ကိုယ်
ကို သတ်သေမှုကို လူသတ်မှုအဖြစ်ဖန်တီးပြီး အမှုမှန်ကိုထိန်ချန်ထား
ခြင်းနှင့် အသက်အာမခံငွေကို လိမ်လည်ထုတ်ယူခြင်း နှစ်ရပ်ပင်ဖြစ်
ါ၏။ အားလုံးသည် ရဲအရေးပိုင်သော မှုခင်းရပ်များဖြစ်နေသည်။
ါကို တပ်မတော်ထောက်လှမ်းရေး အရာရှိဟောင်းတစ်ဦးဖြစ်ပါလျှက်
ော်မြင့်ဝင်းသည် ထိန်ချန်ထားသင့်ပါမည်လော၊ ထိန်ချန်ထားသည်နှင့်
ိမိသည်ပြည်သူကောင်းတစ်ဦးဖြစ်ပါဦးမည်လား။ ရာဇဝတ်မှုကို အား
ပေးအားမြှောက်ပြုရာမကျပြီလား။

တကယ်တမ်းရဲတပ်ဖွဲ့ကို တိုင်ရမည်ဆိုတော့လည်း ဇော်မြင့်ဝင်း
သည် လက်နှေးနေရပြန်သည်။ ဇော်မြင့်ဝင်း၏ နှလုံးသားသည် ညက်
ညောလွန်းသည်။ လေးလေးမြင့်နှင့်ပတ်သက်လာပြီဆိုလျှင် အပြင်ဘန်း
ာင်းမာသလောက် အတွင်းနှလုံးသားက ပျော့ညံ့နိုင်လွန်းလှသည်။

ဗိုးကနဲဇော်မြင့်ဝင်းသည် လေပူကိုမှုတ်ထုတ်လိုက်မိသည်။ အင်း
ယားမြိုင်၏ လှေကားရင်းဝယ် ကျောက်ဆစ်ရုပ်ကလေးလို ငြိမ်သက်
ွာရပ်ပြီး သူ့အားမော့ကြည့်နေရှာသည့် အဝါရင့်ရောင် ရေကူးဝတ်စုံ
နှင့် လေးလေးမြင့်ကို သူ၏မျက်စေ့ထဲတွင်မြင်ယောင်နေမိသည်။

"သတင်းစာ...သတင်းစာ...ညနေပိုင်းထုတ်သတင်းစာ"

သတင်းစာရောင်းသမားလေးက မော်တော်ကားအနားကပ်ပြီး အော်လိုက်လေမှ ပျံ့လွင့်နေသော ဇော်မြင့်ဝင်း၏ စိတ်တို့သည်ပြန်လည် စုစည်းလာကြတော့သည်။ သတင်းစာရောင်းသမားလေးထံမှ ညနေထုတ်သတင်းစာတစ်စောင်ကို ဇော်မြင့်ဝင်းဝယ်ယူကာ ကသောကမြော လျှောက်ကြည့်မိသည်။

**ကန်တော်ကြီးစောင်းမှအလောင်းတစ်လောင်း**

သတင်းစာ၏နောက်ဆုံးကျောဘက်တွင် ပါလာသောသတင်းဖြစ်၏။ အပိုဒ်တိုနှစ်ပိုဒ်မျှသာရေးထားသည့် သတင်းပေသည်။ ထိုအလောင်းကို ငါးမျှားသော ကလေးတစ်သိုက်က ယနေ့ နေ့ခင်းပေါ လောပေါ်လာသည်ကို တွေ့ရသည်ဟုဆိုသည်။

အလောင်းတွင် အဝတ်အစားပြည့်စုံစွာဝတ်ထား၏။ သို့သော် အလောင်းကိုသိသာနိုင်ရန် ထိုအလောင်း၏ အိတ်ထဲ၌မည်သည့် အထောက် အထားစာရွက်စာတမ်းမျှ မရှိဟုဆို သည်။ အမျိုးသားတစ်ဦး၏အ လောင်းဖြစ်သည်။ အသက်လေးဆယ်ကျော်ခန့်ဟု ရဲတပ်ဖွဲ့ကခန့်မှန်းသည်။ ဆံပင်အချို့အဝက်ဖြူနေသည်။ သန်မာကြွံခိုင်သော ခန္ဓာကိုယ်ရှိသည်။ ဝတ်ထားသောအင်္ကျီမှာ တက်ထရွန်အဝါနှင့် အနီကွက်ဖြစ်သည်။ ဘောင်းဘီသည် သက္ကလပ်ပါးနီညိုရောင်ဟုဆို၏။



ထိုအလောင်းသည် လှဘော်၏အလောင်းမှန်း သေချာသလောက် ည်ဟု ဇော်မြင့်ဝင်းက မှတ်ချက်ပြုမိသည်။ လှဘော်၏အလောင်း ပန်းဆိုးတန်းအထက်လမ်း တစ်ထပ်တိုက်အိမ်ကလေးဝယ် ်မြင့်ဝင်း နောက်ဆုံးတွေ့ခဲ့စဉ်က ဤအဝတ်အစားပင်ဖြစ်သည်။ လောင်းတွေ့သော ကန်တော်ကြီးစောင်းနှင့် အထက်ပန်းဆိုးတန်း ်းသည် သိပ်လဲကွာဝေးလှသည်မဟုတ်။

ဤအလောင်းသည် လှဘော်၏အလောင်းမှန်း မကြာမီရဲတပ်ဖွဲ့ သိပေတော့မည်။ လှဘော်သည် ရဲမှတ်တမ်းဝင် သူခိုးတစ်ဦးဖြစ်၏။ ာင်သုံးခါကျဖူးသည်။ လက်ဗွေပုံစံကို စစ်သည်နှင့်လှဘော်မှန်း တပ်ဖွဲ့ကဒက်ကနဲသိတော့မည်။ ရင်ခွဲရုံမှဆရာဝန်ကလည်း အဆိပ် ကြောင်းဖော်ထုတ်ပေလိမ့်မည်။

သော့လှဘော်အား မနေ့ကမိမိစုံစမ်းခဲ့ကြောင်းကိုလည်း အလွတ် ထောက်ကျော်ဝင်းမော်နှင့် ဦးစိုင်းမောင်ကသိနေသည်။ ဘုရား.. ုရား ယင်းလှဘော်အဆိပ်မိသေဆုံးခြင်းသည်ပင်လျှင် ရဲတပ်ဖွဲ့၏ က်စီတွင် မိမိကိုထည့်သွင်းပတ်သက်သင့်သည်ဟု ယူဆပါလေ ာ့မည်။ အလွတ်စုံထောက်ကျော်ဝင်းမော်ထံတွင် ဇော်မြင့်ဝင်းက းရွှေအမည်နှင့်ဖြစ်စေကာမူ ဦးစိုင်းမောင်၏ နောက်ယောင်ခံတပည့် ားက ဇော်မြင့်ဝင်းမှန်းသိထားခဲ့ကြသည်။ ထို့ပြင် လှဘော်သေဆုံး သည့်အချိန်၌ ဇော်မြင့်ဝင်းက မိမိသည် ဘယ်မှာရှိနေပါသည်ဟု ဒလီ ဘိုင်သက်သေကိုလည်း တိတိပပမထူနိုင်။

စဉ်းစားလေ ရှုပ်ထွေးလေဖြစ်နေတော့သည်။

သော့လှဘော်အား အဆိပ်ခပ်သတ်သွားလေသည့် လူသတ်သမားသည် အဘယ့်ကြောင့်များ နောက်တစ်ခေါက်ပြန်လာပြီး ပန်းဆိုးတန်းအထက်လမ်းတိုက်ကလေးမှ လှဘော်၏အလောင်းကိုပြန်ယူပြီး ကန်တော်ကြီးထဲတွင်ပစ်ချခဲ့ရပေသနည်း။ တစ်နည်းတော့တွေးစရာရှိ၏။ လှဘော်သေဆုံးခဲ့သည့် ဤတစ်ထပ်တိုက်ကလေးသည် လူသတ်သမားနှင့် တစ်နည်းနည်းပတ်သက်နေကြောင်းဖြစ်တန်ရာသည်၊

ဇော်မြင့်ဝင်းသည် မော်တော်ကားကို ဗိုလ်တထောင်မှမောင်းထွက်ခဲ ခါ မရမ်းကုန်းရှိ ဦးစိုင်းမောင်၏ မြနန္ဒာခြံသို့ရှေးရှုလာခဲ့သည်။

တံခါးဖွင့်ပေးသူမှာ ဗလကြီးပင်ဖြစ်ပါလေ၏။

"ဩော်...မင်းက ပြန်ရောက်လာပြန်ပြီကိုး..."ဟုပြောရင်း သူ့နဖူးမှပတ်တီးကို လက်တစ်ဖက်ဖြင့် ကိုင်စမ်းကြည့်လိုက်သည်၊

"ဦးစိုင်းမောင်ရှိတယ် မဟုတ်လား"

"ရှိတော့ရှိတယ်...အခုပဲအပြင်ထွက်မလို့"

"ဦးစိုင်းမောင်နှင့် စကားပြောစရာရှိလို့ပါ"

"ဒါဖြင့် ဒီမှာစောင့်..သွားမေးကြည့်ဦးမယ်"ဟု ပြောပြီး ဗလကြီးက ထွက်ခွါသွားပေသည်။ ဒီကောင်ကြီးမျိုးတို့သည် ကြေးစားလူဝှားသက်သက်သာဖြစ်၏။ ဦးစိုင်းမောင်က အခကြေးငွေပေးထားကာ စက်ရုပ်တစ်ရုပ်လို သူ့သခင်ကသံပတ်ပေးမှ လှုပ်ရှားလေ့ရှိသူများဖြစ်သည်။ မနေ့ညကရန်ပွဲတွင် ဗလကြီးနဖူးကွဲသည်။ သို့သော် ဇော်မြင့်ဝင်းအား အမှတ်မထား။ တာဝန်ဆောင်ရွက်ရင်း ထိခိုက်ဒဏ်ရာ ရသည်ဟုသာ သဘောထားပုံရသည်။ ထို့ကြောင့် ယခု



ဇော်မြင့်ဝင်းအား ပြန်လည်တွေ့စေကာမူ သခင်၏အမိန့်ဘယ်လိုမှမရှိသေး၍ ဘာမှတုန့်ပြန်မှုမပြုခြင်းဖြစ်သည်။ အကယ်၍ ဦးစိုင်းမောင်ကသာ လက်ဖျောက်တစ်ချက်တီးပြလိုက်လျှင် ဒီဗလကြီးသည် ခွေးဆိုးကြီးတစ်ကောင်လို ရန်မူလိမ့်ဦးမည်သာဖြစ်ပေ၏။

ဗလကြီးပြန်ရောက်လာသည်။

"လာ...လိုက်ခဲ့"ဟုခေါ်ကာ ဗလကြီးကရှေ့မှသွားသည်။

ဇော်မြင့်ဝင်းက နောက်မှလိုက်သွားသည်။ ကျားအောင်းရာဂူတွင်းသို့ ဝင်လာခဲ့ပြီမို့ ဇော်မြင့်ဝင်းသည် စစ်သားစိတ်နှင့် ထောက်လှမ်းရေးသမားတို့၏ အလေ့အကျင့်တို့ကို ပြန်လည်ကာအသင့်စုစည်းထားလိုက်သည်။

မနေ့က အခန်းမှာပင် ဦးစိုင်းမောင်ကိုတွေ့ရသည်။ ဒီတစ်ခါမှာတော့ ဦးစိုင်းမောင်ကအလုပ်စားပွဲကြီးတစ်ခုပေါ်၌ အမြိုင့်သားထိုင်နေ၏။ သူ၏ဝတ်စုံမှာ မီးခိုးရောင်ဥရောပဝတ်စုံဖြစ်ပြီး အပြင်ထွက်ရန်ပြင်ဆင်ထားပုံရပေသည်။

"ခင်ဗျားဟာ ဒီကိုပြန်လာလိမ့်မယ်လို့ ကျုပ်မျှော်လင့်မထားခဲ့ပါဘူး ကိုဇော်မြင့်ဝင်း"

ဗလကြီးပြန်မထွက်သွားသေး၍ ဇော်မြင့်ဝင်းက အဖြေမပေးသေးပေ။ ဒါကိုအကင်းပါးသော ဦးစိုင်းမောင်က နားလည်ကာဗလကြီးအား လက်ဝှေ့ပြလိုက်သည်။ ဗလကြီးသည် အပြင်သို့ထွက်သွားပြီး တံခါးကိုပင်ပြန်ပိတ်ထားခဲ့သည်။

"ဒီမှာ ဦးစိုင်းမောင်...မနေ့ညက ညနေပိုင်းနဲ့ ညပိုင်းမှာလေး

လေးမြင့်နောက်ကို နောင်ယောင်ခံဖို့ ခင်ဗျားတပည့်တွေကို လွှတ်ထား ခဲ့သေးလား"

"အခုလာခဲ့ပြန်တာက ...ကျုပ်ကို မေးခွန်းတွေမေးရအောင် ကိုဇော်မြင့်ဝင်း လာခဲ့တာလား"

"လေးလေးမြင့်ဟာ အင်မတန်အကျဉ်းအကြပ်ထဲ ရောက်နေ တယ် ဦးစိုင်းမောင်...သူ့ကို ဦးစိုင်းမောင် ဘယ်လောက်အထိကူညီ ချင်တဲ့ ဆန္ဒရှိသလဲ"

"ကျုပ်တတ်နိုင်သမျှ အားလုံးပဲ၊ နေပါဦး...သူ့ခမျာဘယ်လို အကျဉ်းအကြပ်တွေတွေ့နေရှာလို့ပဲ"

"ဘယ်သူက အသတ်ခံရပြန်တာမို့လဲ"

"ကျွန်တော် ပထမမေးထားတဲ့ မေးခွန်းကို ဦးစိုင်းမောင် မဖြေ မှမဖြေသေးတာပဲ"

"ကောင်းပြီ...မနေ့က လေးလေးမြင့်ဟာ ညနေဘုံးနာရီလောက် ကျုပ်ဆီကိုဖုန်းဆက်တယ်။ သူ့ကိုစောင့်ကြည့်နောက်ယောင်ခံနေတာ ကို ငြီးငွေ့လွန်းလို့ ကျုပ်လူတွေပြန်ခေါ်ထားလိုက်စမ်းပါတဲ့။ ကျုပ် အဲဒီအချိန်ကပဲ ကျုပ်ကောင်တွေကို ပြန်ခေါ်ထားလိုက်တယ်"

"အလွှတ်စုံထောက် ကျော်ဝင်းမော်ကို ဦးစိုင်းမောင် ဖိုင်တယ် မဟုတ်လား"

ဦးစိုင်းမောင်သည် ဖြန်းကနဲသူ၏စားပွဲကြီးကို လက်ဝါးဖြင့်ပုတ် လိုက်သည်။

"ခင်ဗျားမေးခွန်းတွေ အသာထားလိုက်စမ်းပါ။ ကျုပ်မေးနေတာ



ဘယ်သူတွေအသတ်ခံရလဲလို့ မေးနေတာမဟုတ်လား"

"ပထမ ဦးကျော်သူအသတ်ခံရတယ်"

"ဒါကို လူတိုင်းသိတာပဲ"

"အဲဒီလူတိုင်းသိတာကြီးက မှားနေလို့ပေါ့..ဦးစိုင်းမောင်၊ ကယ်တော့ ဦးကျော်သူဟာ သူများသတ်လို့သေတာမဟုတ်ဘူး ကိုယ်သူ သတ်သေခဲ့တာ"

"ဘယ်သူပြောလဲ"

"လေးလေးမြင့်ကိုယ်တိုင်"

ဦးစိုင်းမောင်သည် တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။ လေး းမြင့်ကို ဟုတ်၊ မဟုတ် မေးရန်ဖြစ်ပေမည်။ လေးလေးမြင့်၏ တ်သို့မလှည့်မီ ဇော်မြင့်ဝင်းက ..

"လေးလေးမြင့်ကို နောက်မှမေးလည်းရပါတယ် ဦးစိုင်းမောင် းကြီးကို ပြန်ချထားလိုက်စမ်းပါ။ ကျွန်တော် ဆက်ပြောပြစမ်းပါရ မြန်နွှာမှာ ခင်ဗျားပါတီပေးတဲ့ညက လေးလေးမြင့်ဟာ အင်းယား င်ကို တစ်ခေါက်ပြန်သွားခဲ့သေးတယ်။ အင်းယားမြိုင်ရောက်တော့ ယောက်ျား ဦးကျော်သူဟာ စာကြည့်ခန်းထဲမှာ သူ့ကိုယ်သူသတ် သထားတာကိုတွေ့ရတယ်။ ဒီနည်းနဲ့သာဆိုရင် အသက်အာမခံငွေကြေး မရနိုင်ဘူးမဟုတ်လား။ ဒါကြောင့် ဦးကျော်သူရဲ့ သေနတ်နဲ့ ကျော်သူကသူ့ကိုယ်သူ သတ်သေကြောင်းစာကို လေးလေးမြင့်က ာက်သိမ်းလိုက်တယ်။ ပြီးတော့ ပါတီပွဲကိုပြန်လာခဲ့တယ်။ ကားထဲ လက်မှုအိတ်ကိုထားခဲ့တယ်။ သော့ခတ်ထားခဲ့တာပါပဲ။ ဒါပေ

မဲ့ သူခိုးနှစ်ယောက် လေးလေးမြင့်ရဲ့ လက်ပွေ့အိတ်ကို သော့တူနဲ့ဖွင့်ပြီး ခိုးသွားကြတယ်။ အဲဒီသူခိုးနှစ်ယောက်အနက် တစ်ယောက်က သော့လှဘော်ပဲ ဦးစိုင်းမောင်"

"ဒါကြောင့်...ခင်ဗျားက...လှဘော်..."

"စကားမဖြတ်နဲ့ဦး ဦးစိုင်းမောင်...သော့လှဘော်ဆိုတဲ့ကောင်က သော့ဖွင့်ကျွမ်းကျင်တဲ့ ဖောက်ထွင်းသူခိုးသက်သက်တစ်ယောက် မဟုတ်လား။ ဒါပေမဲ့...ကျနော်တို့သူခိုးကလူလည်၊ လေးလေးမြင့်လက်ပွေ့အိတ်ထဲက သေနတ်နဲ့စာကို အကြောင်းပြုပြီး လေးလေးမြင့်ကိုငွေညှစ်တာ သုံးသောင်းကြီးများတောင် ပေးခဲ့ရပြီးပြီ ဦးစိုင်းမောင်၊ အလွတ်စုံထောက် ကျော်ဝင်းမော်ရဲ့ အကူအညီနှင့် ကျွန်တော်က သော့လှဘော်ကို ခြေရာကောက်မိတယ်။ ဒါပေမဲ့ သော့လှဘော်ဟာ ငွေညှစ်တဲ့ကိစ္စကို သူတကယ်မသိကြောင်း ထင်ရှားတယ်။ သူ့ရဲ့ပါတနာသူခိုးက ဒီအကြောင်းလှဘော်ကို လုံးဝအသိမပေးပုံပဲ။ အဲ ကျွန်တော်မှားသွားတာက လှဘော်ကိုငွေညှစ်တဲ့အကြောင်းတွေ သွားပြောလိုက်မိတယ်။ ပြီးတော့ ကျွန်တော်ဟာ ဦးစိုင်းမောင်က လွှတ်လိုက်တဲ့လူလို့လည်း လှဘော်ကြောက်အောင် လိမ်ပြီးခြောက်မိတယ်။ အဲဒီနောက် လှဘော် အပြင်အထွက်ကို စောင့်ချောင်းနေတယ်။ လေးလေးမြင့်ဆီကိုလည်း သော့လှဘော်ကိုခြေရာခံမိပြီလို့ ဖုန်းနဲ့လှမ်းပြောတယ်"

"လှဘော်နဲ့ သူ့မိန်းမ မနန်းစိန်ဟာ အထက်ပန်းဆိုးတန်းထဲက တစ်ထပ်တိုက်အိမ်ကလေးဆီကို မောင်းသွားကြတယ်။ ကျွန်တော်က နောက်ကလိုက်သွားတယ်။ အဲဒီတိုက်ကလေးထဲကို လှဘော်တစ်ယောက်တည်းဝင်သွားတယ်။ နာရီဝက်လောက်ကြာတော့ မနန်းစိန်ဝင်လိုက်သွားတယ်။ ချက်ချင်းပြန်ပြေးထွက်လာပြီး သူ့ကားကိုပြန်မောင်းပြေးတယ်။ ဒါနဲ့အဲဒီတိုက်အိမ်ကလေးထဲ ကျွန်တော်ဝင်ကြည့်တယ်။ ဘာမှမရှိဘူး...ဘာမှမတွေ့ဘူး...ဒါနဲ့ ကျွန်တော်သော့လှဘော်ရဲ့အိမ်ကိုပြန်လာပြီး အဝေးကကြည့်တယ်။ အိမ်တံခါးကိုသော့ခတ်လို့။ မနန်းစိန်ဟာ တခြားကိုပြေးတာဖြစ်မှာပေါ့"

ဇော်မြင့်ဝင်းသည် သူ၏အိတ်ထဲမှ ညနေထုတ်သတင်းစာကို ဦးစိုင်းမောင်ရှေ့သို့ ပစ်ချလိုက်ပေသည်။

"ဟောဒီသတင်း အခုပါလာတာပဲ ဖတ်ကြည့်"

ဦးစိုင်းမောင်က ဖတ်ကြည့်သည်။

"အဲဒီအလောင်းဟာ လှဘော်ရဲ့အလောင်းပဲလား"

"ဗေဒင်မေးစရာမလိုဘူး ဦးစိုင်းမောင်၊ ကျွန်တော့်စိတ်ထင်တော့ သော့လှဘော်ဟာ သူ့ရဲ့ပါတနာဆီကို ဦးစိုင်းမောင်တော့ဖြင့် ဒီငွေညှစ်မှုအတွက် ခြေရာခံနေပြီလို့ အကြောင်းကြားလိုက်မယ်။ လှဘော်ရဲ့ပါတနာက အထိတ်တလန့်ဖြစ်သွားမယ်။ ဒီမှာတင် အဲဒီငွေညှစ်သမားဟာ အကြံတစ်ခုရမယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး သူ့ကိုလက်ညှိုးထိုးပြနိုင်တဲ့လူဟာ လှဘော်တစ်ယောက်တည်းရှိတယ်။ ဒါကြောင့်လှဘော်ကိုဒီကိစ္စ တိုင်ပင်မယ်ဆိုပြီးချိန်းခေါ်တယ်။ သတ်ပစ်တယ်။ ပြီးတော့ အလောင်းကို ကန်တော်ကြီးထဲပစ်ချလိုက်တယ်"

"ထားပါတော့ သော့လှဘော်ဟာ သေပြီလို့ပဲ ဒီအတွက်

လေးလေးမြင့်မှာ ဘာရှုပ်ထွေးစရာရှိလို့လဲ…ရဲတပ်ဖွဲ့ကသော့လှဘော နဲ့ လေးလေးမြင့်ပတ်သက်ကြောင်း ဘယ်လိုသိနိုင်တာမှတ်လို့…

"ခင်ဗျား အလွတ်စုံထောက် ကျော်ဝင်းမော်က ပါးစပ်ပိတ်နေ မလား…ဦးစိုင်းမောင်၊ အလွတ်စုံထောက်ဆိုတာက ရဲတပ်ဖွဲ့ကို အ အညီပေးနိုင်သလောက် ပေးနေကြတဲ့ လူစားတွေပဲ။ ကျွန်တော်က ဆီမှာ မနေ့ကသော့လှဘော်အကြောင်း စုံစမ်းတာပြောမှာပေါ့ ကျွန်တော့်ကို ရဲတပ်ဖွဲ့ကပတ်သက်လာတာနဲ့ လေးလေးမြင့်နဲ့ကျွန်တေ ပတ်သက်ရတာတွေလည်းပေါ်ပြီပေါ့"

"ဒါဖြင့် ခင်ဗျားနဲ့လေးလေးမြင့်ပတ်သက်လာရတဲ့အကြောင်းတွေ ကို ရဲတပ်ဖွဲ့မှာခင်ဗျားက ဖော်ပြောမယ်ပေါ့ ဟုတ်လား…"

"ကျွန်တော်က ပါးစပ်ကြီးပိတ်ပြီး ကြိုးစင်တက်ရမှာလား"

"နို့…ကျုပ်ဆီကို အခုလာရတဲ့အကြောင်းကကောဗျာ…"

"ကျွန်တော် ဦးစိုင်းမောင်ဆီကိုလာခဲ့တာက ဦးတည်ချက်မ မယ်ရရ ဘာမှမရှိဘူး။ ကိုင်ပင်ကြည့်ကြရင် ကောင်းမလားဆိုပြီး ခဲ့တာပဲ။ လှဘော်ရဲ့မိန်းမ မနန်းစိန်ဟာ ထွက်ပြေးသွားပြီမဟုတ်လ လှဘော်အသတ်ခံရတာနဲ့ပတ်သက်ပြီး မနန်းစိန်ဟာ အသိဆုံးဖြစ် ပဲ။ အဲ…မနန်းစိန်ကို လူသတ်သမားက လှဘော်ရဲ့ဇနီးမှန်း သိ သိမယ်။ လှဘော်နဲ့ မနန်းစိန် လက်ထပ်တာက ဘာမှမကြာသေး မနန်းစိန်ဟာ မော်လမြိုင်မှာရှိနေတယ်"

"မော်လမြိုင်မှာရှိနေမှန်း ကိုဇော်မြင့်ဝင်းက ဘယ်လိုသိသ"

"လှဘော်နဲ့တွေ့တုန်းက ကျွန်တော်သူ့အိတ်ထဲမှာ ရှာဖွေ



သေးတာပဲ။ လေးလေးမြင့်ပျောက်သွားတဲ့ပစ္စည်းတွေကိုတွေ့ရလိုတွေ့ရ ငြားဆိုပြီး….အဲဒီမှာစာတစ်စောင်တွေ့တယ်။ မနန်းစိန်ရဲ့ အစ်ကိုဝမ်း ကွဲတစ်ယောက်က မော်လမြိုင်ကပေးလိုက်တာ။ ကျွန်တော်မှတ်မိသ လောက်ဆိုရင် မော်လမြိုင် ဒိုင်းဝန်ကွင်းပဲ တခြားအိမ်နံပါတ်နှင့် အဲဒီအစ်ကိုဝမ်းကွဲနာမည်ကို ကျွန်တော်မမှတ်မိဘူး…မနန်းစိန်ဟာ အဲဒီကိုပြေးမှာပေါ့"

"အဲဒီတော့…"

"အဲဒီတော့ခင်ဗျားက ငွေလည်းပေါတယ်၊ တပည့်လည်းပေါ တယ်။ မော်လမြိုင်ကိုသွားပြီး ဒိုင်းဝန်ကွင်းမှာ မနန်းစိန်ကိုပိုက်စိတ် တိုက်ရှာပေါ့…မနန်းစိန်တွေ့ရင် လူသတ်သမားအမှန်ကို တွေ့နိုင်မယ်။ အဲဒီလူသတ်မှုမှာ ကျွန်တော်ပတ်သက်စရာမရှိတော့ဘူး။ ဒီလိုဆိုရင် ကျွန်တော်က လေးလေးမြင့်နာမည်ကို ရဲတပ်ဖွဲ့မှာ ဖော်ထုတ်ဖို့လည်း မလိုတော့ဘူး။ လူသတ်သမားအမှန်ကိုတွေ့တာနဲ့ လေးလေးမြင့်ပျောက် ဆုံးနေတဲ့သေနတ်ရမယ်၊ ဦးကျော်သူရဲ့စာရမယ်၊ ပြန်ရမယ်။ အသက်အာ မခံ၌ာနက ငွေနှစ်သိန်းနှင့်အဟူတူရဲဘာပ်ဖွဲ့ကို အပ်လိုက်ရင် လေးလေး မြင့်ဟာ အမှုအားလုံးအတွက်လည်း လွတ်သွားမယ်။ ကိစ္စအားလုံး လည်း ရှင်းသွားမယ် ဦးစိုင်းမောင်"

"သိပ်မိုက်တဲ့ မိန်းကလေးပဲ"ဟု ဦးစိုင်းမောင်က ညည်းညည်း ညူညူ ပြောလိုက်ပေသည်။

"တကယ်ဆိုရင် သူကျုပ်ဆီက ငွေတွေဘယ်လောက်လိုချင်လဲ လေးလေးလိုသမျှ ကျုပ်ပေးနိုင်တယ်"

“ထားပါတော့ ဦးစိုင်းမောင်…အဲဒါတွေက ဦးစိုင်းမောင်နဲ့ လေးလေးမြင့်ရဲ့ ကိုယ်ရေးကိုယ်တာတွေပဲ၊ အခုလက်ရှိအခြေအနေတွေက ကျွန်တော့်အတွက် အလွန်ဆုံးပေးနိုင်ရင် နှစ်ရက်ပဲ၊ နှစ်ရက်အတွင်းမှာ ဦးစိုင်းမောင် မနန်းစိန်ကတစ်ဆင့် လူသတ်သမားနဲ့ ငွေညှစ်သမားကိုရှာပါ”

“နှစ်ရက်ဆိုတာက ဘယ်လိုလဲဗျ ကိုဇော်မြင့်ဝင်း”

“လှဘော်ကိုပြည်သူ့ရဲတပ်ဖွဲ့က နှစ်ရက်အတွင်းလောက်မှာ လှဘော်မှန်းသိတော့မှာပါ။ ဒီကောင်က ရဲမှတ်တမ်းဝင်ပဲ၊ အဲဒီနောက် ရဲတပ်ဖွဲ့က မီးခိုးကြွက်လျှောက်လိုက်ရင်း ကျွန်တော့်ဆီရောက်လာမှာပေါ့”

“မနန်းစိန်ကတစ်ဆင့် လူသတ်သမား ငွေညှစ်သမားကို ရှာဖို့ဆိုတာက အလွန်မသေချာတဲ့အလုပ်ပဲ ကိုဇော်မြင့်ဝင်း၊ ခင်ဗျားပဲစဉ်းစားကြည့်လေ…ခင်ဗျားတွေးသလို မနန်းစိန်က မော်လမြိုင်ကိုပြန်ချင်မှပြန်မှာ…ပြန်လို့တွေ့ပြီးပဲထားဦး…လူသတ်သမားကို သူကမသိပါဘူးဆိုရင် ဘာဆက်လုပ်မလဲ…ပြီးတော့ခင်ဗျားပြောသလို ရဲကနှစ်ရက်အတွင်း လှဘော်အလောင်းကို လှဘော်မှန်းသိသွားနိုင်တယ်၊ ကိုဇော်မြင့်ဝင်းပေးတဲ့အကြံဟာ ဆိုးတော့မဆိုးပါဘူး…ဒါပေမဲ့ အချိန်မရတော့တာရယ်၊ မသေချာတာရယ်တော့ရှိနေတယ်ဗျ”

“အဲဒီတော့…”

“အဲဒီတော့သေချာတဲ့နည်းကို ရှာကြရမယ်လေ”

ဇော်မြင့်ဝင်းက ဦးစိုင်းမောင်၏ သေချာသောနည်းကို နားစွင့်နေမိသည်။ ဇော်မြင့်ဝင်းကတင်ပြသော မနန်းစိန်မှတစ်ဆင့် လူသတ်သမားကို ခြေရာကောက်ခြင်းသည် လူသတ်သမားကိုသာ ဒက်ထိရရှိလိုက်ပါက အလွန်ကောင်းသောနည်းဖြစ်ပေသည်။ သို့တစေ ဦးစိုင်းမောင်ပြောသလိုပင် အချိန်မရတော့သည့်အကြောင်းနှင့် မသေချာသည့်အကြောင်းကလည်း တစ်ဘက်ကရှိနေပြန်သေးသည်မှာ အမှန်ပင်ဖြစ်ပေ၏။



“သေလည်းသေချာတယ်၊ ခက်ခက်ခဲခဲမရှိတဲ့နည်းက ကိုဇော်မြင့်ဝင်းကို ကျုပ် စားစရိတ် ငွေငါးထောင်ပေးမယ်။ ရှမ်းပြည်နယ်ဘက်ကို လွတ်လွတ်ကျွတ်ကျွတ်ရောက်သွားတဲ့အထိ ကျုပ်တာဝန်ယူမယ်။ ခင်ဗျားရှောင်နေပေါ့…ခင်ဗျားကိုရဲတပ်ဖွဲ့က မမိသရွေ့ လေးလေးမြင့်နာမည်ဟာ ဒီအရှုပ်အထွေးတွေမှာ ပါမလာနိုင်ဘူးမဟုတ်လား”

“ငွေညှစ်သမားဟာ လွတ်နေသရွေ့ လေးလေးမြင့်မှာ နောက်ကြောင်းမရှင်းနိုင်ပါဘူး ဦးစိုင်းမောင်”

“အဲဒါအတွက်မပူပါနဲ့ ကိုဇော်မြင့်ဝင်း၊ ဒီကောင်ဟာ ကျုပ်ဘက်ကယ်ဖိလိုက်ရင် မလွတ်နိုင်ပါဘူး။ အဲ…အချိန်တော့ နည်းနည်းယူရဦးမယ်ပေါ့…ဘယ့်နှယ်လဲ ကိုဇော်မြင့်ဝင်း၊ ကျုပ်ပြောတာကိုသဘောတူရဲ့လား”

“လုံးဝမတူဘူး”

“ကဲ…တစ်သောင်းတိတိ စားစရိတ်ပေးမယ်ဗျာ”

ဇော်မြင့်ဝင်းသည် ဦးခေါင်းကိုသာ တွင်တွင်ခါယမ်းပြလိုက်ပြန်သည်။

"ဘာလို့လဲ ကိုဇော်မြင့်ဝင်း၊ တစ်သောင်းဆိုတဲ့ စရိတ်ဟာ... သေးလို့လား...ကဲ-ပြောပါ၊ အားမနာပါနဲ့၊ ခင်ဗျားအတွက်လုံလော... တဲ့ စရိတ်မျိုးသာတောင်းပါ။ ကျုပ်လက်မတွန့်ပါဘူး၊ ဈေးမဆစ်... ဘူး"

"အဲဒီအတွက် ကျွန်တော်ဦးစိုင်းမောင်ကို ကျေးဇူးမတင်ပါ... ဦးစိုင်းမောင်...ဘာလို့လဲဆိုတော့ ငွေဟာတန်ဖိုးရှိတာမှန်ပေမယ့် ... တိုင်းမှာ ငွေနဲ့ချည်းမပြီးမြောက်နိုင်ပါဘူး"

"ခင်ဗျားဘာကိုဆိုလိုတာလဲ"

"ရှင်းပါတယ်၊ ဦးစိုင်းမောင်ရဲ့ ငွေတစ်သောင်းကို ကျွန်တော... လက်မခံဘူးပေါ့...ဦးစိုင်းမောင်နှစ်ရက်အတွင်းလုပ်ဖို့က မနန်းစိန်... တစ်ဆင့် ငွေညှစ်လူသတ်သမားကိုရှာဖို့သာပါ"

ဖြန်းကနဲ ဦးစိုင်းမောင်က စားပွဲကိုပုတ်လိုက်ပြန်ပြီ...

"ခင်ဗျားတယ်ပြီးခေါင်းမာပါလား ကိုဇော်မြင့်ဝင်း"

ဤသည်မှာ ဦးစိုင်းမောင်၏ အမှားတစ်ရပ်သာဖြစ်လေတော့... သည်။ ဦးစိုင်းမောင်၏ ဒေါသနှင့်မျက်နှာအမူအရာသည် ဇော်မြင့်ဝင်း... အား သတိရှိစေရန် သတိပေးသလိုသာ ဖြစ်တော့သည်။ ကိုဇော်မြင့်... ဝင်းသည် ဦးစိုင်းမောင်အား မျက်ခြေမပြတ်ကြည့်နေတော့သည်။

"လေးလေးမြင့်ကို ဘယ်နည်းနဲ့မှ ရဲတပ်ဖွဲ့နဲ့ တရားခွင်ရဲ့လက်... ကျုပ်အရောက်မခံဘူးဆိုတာ မှတ်ထားစမ်းပါ" ဟုပြောရင်း ဦးစိုင်း... မောင်က စားပွဲဒေါင့်တစ်နေရာရှိ ဘုသီးနီနီကလေးတစ်ခုကို အမှ... မထင်နှိပ်လိုက်သည်ကို ဇော်မြင့်ဝင်းတွေ့ရပေသည်။



ဇော်မြင့်ဝင်း၏ အသွက်အလက်သည် လေးညို့မှလွတ်လေသော မြားနှယ်ပင်တည်း။ ခြေလှမ်းသုံးလှမ်းဖြင့် ပိတ်ထားသောတံခါးမဆီသို့ ရောက်သွားသည်။ ဇော်မြင့်ဝင်းကပင် ဦးစွာတံခါးကိုဆွဲဖွင့်ပေးလိုက်သည်။

ဟိုင်းလုံပင်ဖြစ်တော့သည်။ လက်တစ်ဘက်တွင် ဒသမသုံးရှစ် သေနတ်ကိုင်ကာ တစ်ရှိန်ထိုးဝင်လာလေသည်။ တံခါးပေါက်၏ အတွင်းသို့ တစ်ကိုယ်စာဝင်မိသည်ဆိုလျှင်ပင် ဇော်မြင့်ဝင်းက တံခါးရွက်ကိုအတွင်းမှအရှိန်နှင့်တွန်းကာ လွှတ်လိုက်သည်။ ဝုန်းခနဲတံခါးရွက်နှင့် ဟိုင်းလုံထိတွေ့သံကြားရပြီး "အား" ကနဲ ဟိုင်းလုံ၏နှာကျင်စွာအာမေဋိတ်သံပြုကာ လဲကျသွားသံကြားရ၏။ လက်နက်ကိုင်ရန်သူသည် အနေအထားပျက်လေပြီ။ အနာတရဖြစ်လေပြီ။

ဇော်မြင့်ဝင်းသည် ဖြတ်ခနဲဟိုင်းလုံအပေါ်သို့ ခွစီးလိုက်သည်။ သေနတ်ကိုင်ဟိုင်းလုံ၏ ညာလက်ကိုဇော်မြင့်ဝင်း၏ ညာလက်ကအမိအရဆုပ်ကိုင်ထားပြီး လက်ဝဲလက်ယာ ဟိုင်းလုံ၏မျက်နှာကို အပြန်အလှန်ရိုက်ခတ်ပြီးမှ လည်ပင်းဇလုပ်ဆီသို့ လက်နောက်ပြန်လက်ဝါးစောင်းဖြင့်ခုတ်ချလိုက်၏။ အွတ်ခနဲအသံထွက်လာပြီး ဆုပ်ကိုင်ထားသော သေနတ်ကိုင်လက်မှာ ပြေလျော့သွားတော့သည်။

ဇော်မြင့်ဝင်းလက်ဝယ် ဒသမသုံးရှစ် သေနတ်ပါလာလေပြီ။ ဤမျှဆိုလျှင် ဇော်မြင့်ဝင်းသည် ဤပွဲကိုထိန်းနိုင်လောက်ပြီဖြစ်တော့၏။ ဇော်မြင့်ဝင်းသည် သေနတ်ကိုချိန်သားကိုက်အောင်ကိုင်တွယ်ရင်း အခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။

ဦးစိုင်းမောင်သည် စားပွဲပေါ်၌ အကြောင်သားထိုင်နေသည်
သူသည် လက်ရွေးစင်တပည့်များကို အားကိုးလေသောကြောင့် သူ့တွင်
လက်နက်တစ်စုံတစ်ရာ အသင့်ရှိနေဟန်မတူပေ။ ဇော်မြင့်ဝင်း၏ အပြု
အမူများကလည်း လျှပ်တစ်ပြက်မြန်ဆန်လွန်းသောကြောင့် ဦးစိုင်းမောင်
ကြောင်နေခြင်းဖြစ်နိုင်သည်။

ဗလကြီး ထပ်ဆင့်ဝင်လာပြန်သည်။

သို့သော်ဗလကြီးသည် အကောင်ကြီးသောကြောင့် အနည်းငယ်
လေးကန်ဟန်တူ၏။ သူ၏လက်တစ်ဘက်က သေနတ်ရှိရာအိတ်တစ်
ဘက်သို့ရောက်နေသော်လည်း သူ၏ရင်ဘတ်ကြီးမှာမူ ဇော်မြင့်ဝင်း၏
သေနတ်ပြောင်းနှင့်တည့်မတ်လျှက်ရှိနေသည်။ ဗလကြီးမှာနောက်ကျ
ပြန်ပေပြီ။

"အိတ်ထဲကသေနတ်ကိုထုတ်ပါ ဗလကြီး…ပြောင်းဝဘက်က
ကိုင်ပြီးထုတ်ပါ"

ဦးစိုင်းမောင်ရှိရာသို့ ဗလကြီးက အမိန့်ကိုနာခံရန် လှမ်းကြည့်
သည်။ ဦးစိုင်းမောင်က အခြေအနေအရ ဇော်မြင့်ဝင်းပြောသလို လုပ်ရန်
ခေါင်းညိတ်ပြလေ၏။ ဗလကြီးက သူ၏အိတ်ထဲမှသေနတ်ကို ပြောင်း
မှကိုင်ကာ ထုတ်ယူလိုက်သည်။

"သေနတ်ကို ကြမ်းပြင်မှာချထား…ဟိုင်းလုံကိုဆွဲသွင်းခဲ့"

ဗလကြီးသည် သေနတ်ကိုကြမ်းပြင်၌ချကာ ဟိုင်းလုံအားဂုတ်
ကော်လာမှဆွဲပြီး အထဲသို့ဒရွတ်တိုက်ဆွဲသွင်းလာ၏။

"သော့တွဲပေးပါ ဦးစိုင်းမောင်"



"ဘာသော့လဲ…"

"ဒီအခန်းတံခါးသော့နှင့် ခြံဝင်းတံခါးသော့"

ဦးစိုင်းမောင်က တွေဝေနေသောကြောင့် ဇော်မြင့်ဝင်းသည် ဒသမ
ဲုးရှစ်၏ ရိုက်တန်မောင်းကို ကလစ်ကနဲမြည်အောင် ဆွဲတင်လိုက်
သည်။

"အေးပါလေ…ဒီအတွက် တစ်နေ့ကျရင် ကိုဇော်မြင့်ဝင်းဟာ
နောင်တ တော်တော်ရလေဦးမှာပါ"

"အဲဒီတစ်နေ့ကို ကျွန်တော်ထိတ်ထိတ်ပြာပြာနှင့်ပဲ စောင့်ပါ့မယ်
အခုတော့ သော့သာပေးပါ ဦးစိုင်းမောင်"

ဦးစိုင်းမောင်က သော့တွဲတစ်တွဲထုတ်ပေး၏။ ဇော်မြင့်ဝင်းက
ကောက်ယူလိုက်သည်။

"ထပ်ပြီးမှတ်ထားပါဦး ဦးစိုင်းမောင်…မနှန်းစိန်ဆိုတာ ကရင်
အမျိုးသမီးတစ်ဦးပါ။ စကားဝဲတယ်၊ အသားဖြူတယ်၊ မျက်နှာဝိုင်း
တယ်၊ ခါးတုတ်တယ်၊ အသက်အစိတ်လောက်ရှိပြီ။ မော်လမြိုင်ဒိုင်း
နက်ကွင်းမှာ သူ့အစ်ကိုရှိတယ်။ နှစ်ရက်အတွင်း ကြိုးစားပါ"

"ထားပါတော့…တစ်ခုတော့အလေးအနက်မှာပါရစေ ကိုဇော်
မြင့်ဝင်း…နောက်ဆုံး ကိုဇော်မြင့်ဝင်းအနေနှင့် ရဲတပ်ဖွဲ့မှာဖွင့်ချတော့
မယ်ဆိုရင်…ဖွင့်မချခင်…ကျုပ်ဆီကိုတော့ဖုန်းဆက်ပါဦး လေးလေးမြင့်
အတွက် အတတ်နိုင်ဆုံး ကျုပ်…ကြိုးစားချင်သေးလို့ပါ"

ဇော်မြင့်ဝင်းသည် အပေါက်ဆီသို့ လှမ်းသွားသည်။ ကြမ်းပြင်
မှ ဗလကြီး၏ သေနတ်ကိုကောက်ယူလိုက်သည်။ ဟိုင်းလုံ၏သေနတ်

ကိုအိတ်ထဲသို့ထိုးထည့်လိုက်သည်။ ဦးစိုင်းမောင်ကိုမူ မည်သို့မျှအပြေ
မပေးပေ။ တံခါးကိုဆွဲပိတ်ကာ သုံးယောက်သားကိုအပြင်မှ သော့
ပိတ်ခတ်လိုက်သည်။ ထို့နောက်မာစီးဒီးကားကိုမောင်းကာ ခြံဝ
အရောက်တွင် လက်ထဲမှသော့တွဲနှင့် ဗလကြီး၏သေနတ်တို့ကို ကား
မှန်ပြတင်းမှ လွှင့်ပြစ်လိုက်သည်။ ဇော်မြင့်ဝင်း၏အိတ်ထဲဝယ် ဟိုင်းလုံ
၏ သေနတ်ကတော့မူ ပါလာပေသေးတော့၏။

◆ ◆ ◆ ◆ ◆



## [၂၂]

ဦးစိုင်းမောင်နှင့်တွေ့ရလေတိုင်း ဇော်မြင့်ဝင်းမှာ စတန့်ဓာတ်ကြမ်း
င်းရသည်။ ကုသိုလ်ကံကပဲဖေးမလေသလား။ ဇော်မြင့်ဝင်းကိုယ်
ိုင်ကပင် စစ်သားလူထွက်တစ်ဦးပေမို့လား။ သို့မဟုတ်ပါလျှင်လည်း
းစိုင်းမောင်နှင့်အဖွဲ့သည် ဇော်မြင့်ဝင်း၏အရည်အသွေးကို အထင်သေး
ား၍ပေလားတော့မသိ။ နှစ်ချီနှစ်မောင်းစလုံး ဇော်မြင့်ဝင်းသည်
းစိုင်းမောင်လက်မှ လွတ်ထွက်လာခဲ့သည်။

လွတ်မထွက်လာလျှင်လည်းမဖြစ်နိုင်ပေ။ ဦးစိုင်းမောင်၏ လက်
ယ်အမိသာခံရပါလျှင် ဇော်မြင့်ဝင်း၏ အလောင်းသည် မြန္မာခြံကြီး
၏ တစ်နေရာ၌ အမြှုပ်ခံရပေမည်။ သို့မဟုတ် ရန်ကုန်မြစ်ထဲတွင်
ါလောမျောရပေမည်။ သော့လှဘော်အားရဲက ဖော်ထုတ်နိုင်သည်နှင့်

အလွတ်စုံထောက် ကျော်ဝင်းမော်ကတစ်ဆင့် ဇော်မြင့်ဝင်းနောက်
ရဲတပ်ဖွဲ့ကလိုက်လာပေမည်။ ကျော်ဝင်းမော်သည် ရဲတပ်ဖွဲ့အပေါ်တွင်
သစ္စာဖောက်လိမ့်မည်မဟုတ်။ သစ္စာဖောက်မှန်းသိသည်နှင့် ထမင်းအိုး
ကွဲသွားမည်။ ရဲတပ်ဖွဲ့မှ ထုတ်ပေးထားသော အလွတ်စုံထောက်လိုင်
စင်ပြုတ်သွားမည်။ သို့ကြောင့်ပင် ဦးစိုင်းမောင်ကိုယ်တိုင် ကျော်ဝင်း
မော်အား အပိုင်မစည်းရုံးနိုင်သည်မှာ ထင်ရှားသည်။

ကျော်ဝင်းမော်မှတစ်ဆင့် ဇော်မြင့်ဝင်းသည် ရဲတပ်ဖွဲ့ရောက်သွား
လျှင် လေးလေးမြင့်၏အကြောင်းကို ဖော်ထုတ်ရမည်သာဖြစ်တော့
သည်။ ဇော်မြင့်ဝင်းသည် တရားဥပဒေကို စောင့်သိရိုသေချင်သူသား
ဖြစ်၏။ စစ်သက်ရှည်ခဲ့လေသူမို့ စစ်တပ်ထဲတွင် စစ်ဥပဒေကိုရိုသေ
တတ်ခဲ့လေသည်မှာ ဇော်မြင့်ဝင်း၏အကျင့်။

ဇော်မြင့်ဝင်းအနေနှင့် ရဲတပ်ဖွဲ့တွင် လေးလေးမြင့်၏နာမည်ကို
ထည့်သွင်းဖော်ပြမည်ကို ဦးစိုင်းမောင်သည် အနည်းငယ်မျှမလိုလား
ပေ။ ဦးစိုင်းမောင်၌ ခိုင်လုံသောအကြောင်းရှိလေမည်သာ။ ပထမ
အကြောင်းသည် လေးလေးမြင့်အား ဦးစိုင်းမောင်က ချစ်ခင်မြတ်နိုး
ပြီး ဇနီးမြှောက်ရန် ရည်ရွယ်ခြင်းကြောင့်ဖြစ်နိုင်သည်။ ဒါမှမဟုတ်
ယခုလက်ရှိအခြေအနေတွင် လေးလေးမြင့်၌အသက်အာမခံငွေနှစ်သိန်း
ရှိနေသည်။ ထိုငွေရော…လေးလေးမြင့်ကိုပါ ဦးစိုင်းမောင်က အပိုင်
သိမ်းလိုခြင်းကြောင့်ဖြစ်နိုင်သည်။

လှဘော်နှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့သည် ကျော်ဝင်းမော်မှတစ်ဆင့်
ဇော်မြင့်ဝင်းအား ခြေရာကောက်မိမှာကို ဦးစိုင်းမောင်အမိကစိုးရိမ်



သည်မှာ ယင်းအချက်ကြောင့်များသာဖြစ်ရမည်။ ကျော်ဝင်းမော်သည်
လေးလေးမြင့်နှင့် လှဘော်ပတ်သက်ရာပတ်သက်ကြောင်းကို လုံးဝသိ
လသူမဟုတ်။

ယင်းသည်ကြောင့်ပင် ဦးစိုင်းမောင်သည် ဇော်မြင့်ဝင်းအား နှုတ်
ပိတ်ရှောင်ရှားရန် ပထမအဆင့်အဖြစ် ငွေပေးကာဖြားယောင်းခဲ့သည်။
ရလေလျှင် ဇော်မြင့်ဝင်းအား အပြီးအပိုင်နှုတ်ပိတ်မည်သာတည်း။
ထိုကြားမှပင် ဇော်မြင့်ဝင်းသည် လူးလွန့်ကာ လွတ်ထွက်လာရခြင်း
ဖြစ်သည်။ နောက်တစ်ချီသာ ဦးစိုင်းမောင်နှင့် ထပ်မံရင်ဆိုင်ရလေလျှင်
ဇော်မြင့်ဝင်းသည် ယခုလိုကံမှကောင်းလေပါဦးမည်လားမသိ။

ဇော်မြင့်ဝင်းသည် တစ်မတ်တန်တယ်လီဖုန်းနိနိမှ ရန်ကင်းတိုက်ရှိ
ခင်မာ့ထံသို့ဖုန်းဆက်ကြည့်သည်။ ခင်မာသည်အိမ်တွင်ရှိနေဟန်မတူ။
တယ်လီဖုန်းလက်ခံနားထောင်ခြင်းမရှိသည်ကို တွေ့ရသည်။ ဤသူ
ငယ်မလေးသည် လမ်းသလားတတ်လွန်းသည်။ ဘာတွေများ အလုပ်
ရှုပ်နေသည်မပြောတတ်။

အမျိုးသားစာကြည့်တိုက်သို့ ဇော်မြင့်ဝင်းရောက်လာခဲ့ပြန်သည်။
ဦးကျော်သူသေဆုံးသောသတင်းများကို သတင်းစာမှရှာဖွေကြည့်မိ
သည်။ သတင်းစာ၏အာဘော်မှာ မထူးခြားလှ။ ဦးကျော်သူသည်
အင်းယားမြိုင်၌ တစ်ဦးတည်းရှိချိန်တွင် သူခိုးဓါးပြနှင့်တွေ့ပြီး ပစ္စည်း
ယူလုသတ်ခြင်းမျှသာဖြစ်သည်ဟု ဖော်ပြထားသည်။ ဦးကျော်သူခများ
သူ့ကိုယ်သူသတ်သေကြောင်း တစ်စွန်းတစ်စကလေးမျှ ဖော်ပြခြင်းမရှိ
ပေ။ ယနေ့ညနေထုတ်သတင်းစာကိုလည်း လှန်လှောကြည့်သည်။

လှဘော်အကြောင်း ထပ်မံရေးသားဖော်ပြခြင်းမတွေ့ရသေး။ ရဲတပ်ဖွဲ့သည် လှဘော်၏အဝေါင်းကို အချိန်ယူစစ်ဆေးနေဟန်တူလေ၏။ သို့မဟုတ်လျှင်လည်း လှဘော်နှင့်ပက်သက်သော သတင်းပေးများကို စောင့်စားနေခြင်းလည်းဖြစ်နိုင်သည်။

ဇော်မြင့်ဝင်းသည် စာကြည့်တိုက်တွင်း၌ ဖုန်းနီနီနှင့်ပင် ခင်မာ့ထံသို့ ထပ်ဆက်ပြန်သည်။ ယခုအချိန်မှာတော့ ခင်မာ၏ပြန်လှန်ထူးသံကိုကြားရပေ၏။

"အားပါးပါး...ကိုဇော်ကိုပဲ ခင်မာကမျှော်နေတာ"

"မျှော်သာနေတယ် ခင်မာ...စောစောကပဲ ကိုကိုဇော် ခင်မာ့ဆီကိုဖုန်းဆက်သေးတာ...ခင်မာမှအိမ်မှာမရှိတာ...ကဲ...ပြောစမ်းပါဦး ခင်မာဆိုတဲ့ကလေးမက ဘယ်တွေများလမ်းသလားနေလဲလို့"

"ခင်မာအလုပ်ရှုပ်နေလို့ ကိုကိုဇော်"

"အာယိုယို...ခင်မာအလုပ်ရှုပ်နေလို့ဟုတ်လား...ဘာလဲ၊ ရုပ်ရှင်ရုံတစ်ရုံပြီးတစ်ရုံကြည့်တဲ့ အလုပ်ရယ်...ချက်ဗလက်ကားကြီးကိုဦးတည့်ရာ လျှောက်မောင်းတဲ့အလုပ်ရယ်တွေ ရှုပ်နေတာလား"

"ဟွန်း...အားကြီးဟုတ်မယ်...ခင်မာဘာရုပ်ရှင်မှမကြည့်ဘူး..အဲ ချက်ဗလက်ကားကြီးလျှောက်မောင်းနေတာတော့ အမှန်ပဲဒါပေမဲ့ ကိုကိုဇော်ပြောသလို ခြေဦးတည့်ရာလျှောက်မောင်းနေတာမဟုတ်ဘူး...အလုပ်ကိစ္စနှင့် တစ်နေရာပြီးတစ်နေရာကို မောင်းသွားနေတာ"

"အလဲ့...တယ်ဆိုတဲ့စာပါလား...ဘယ်လိုအလုပ်ကြီး အကိုင်



းတွေလုပ်နေတာလဲ...တိုင်းပြည်နဲ့လူမျိုးအတွက် အလုပ်မျိုးကြီးတွေးခင်မာ"

တစ်ဘက်မှခင်မာ၏ရယ်သံကို လွင်လွင်ကလေးဇော်မြင့်ဝင်းားရပေသည်။ ပြီး....ဇော်မြင့်ဝင်းအား မခံချင်သောလေသံကလေးခင်မာက ရန်တွေ့ပြော-ပြောကြားလိုက်၏။

"ကိုကိုဇော်တစ်ယောက်ဟာလေ...ခင်မာ့ကိုများဆိုရင် ပော်ာ် အထင်သေးချင်တာယ်။ အခု ခင်မာဟာ နှပ်ချီးတွဲလောင်းမာမဟုတ်တော့ဘူး သိလား...တစ်နေ့ကျရင် ခင်မာဘာတွေလုပ်ဘယ်ဆိုတာ ကိုကိုဇော်မျက်လုံးပြူး အံ့သြသွားရမယ်။ အဲဒီတော့မှသီမက တယ်တော်လိုက်ပါလားလို့ ကိုကိုဇော်ကြီးလာချီးမွမ်းရင်ကိုဇော့်ရင်ဘတ်ကြီးကို ခင်မာပိတ်ထိုးပစ်လိုက်မယ်သိလား"

ဇော်မြင့်ဝင်းက ရယ်လိုက်မိသည်။ အသံထွက်အောင်ပင် ရယ်က်မိ၏။ တစ်ဘက်မှ ခင်မာကလိုက်၍ ရယ်မောသံကိုလည်းာ်မြင့်ဝင်းကြားနေရသည်။

"ကိုကိုဇော်"

"ပြော...ခင်မာ"

"အခု...ကိုကိုဇော် ဘာလုပ်နေသလဲ၊ မမလေးကိစ္စမှာကောကိုဇော်ဘယ်လောက်ခရီးရောက်နေပြီလဲ"

"ဂျာအေးသူ့အမေရိုက်နေတယ်...ကြောင်လိမ်လှေကားတက်ညဲဆင်းချည်ရယ်...ဝက်ဘာထဲမှာ လမ်းမတွေ့တာရယ်တွေပဲခင်မာ၊နိုးမက တကယ့်အရှုပ်"

"ခင်မာလည်း နေ့ခင်းက မမလေးဆီရောက်ခဲ့သေးတယ် ကိုကို ဇော်၊ ညက ခင်မာသူ့ကို အော်ပစ်မိခဲ့တာ စိတ်မကောင်းလို့ ပြန်ပြီး တောင်းပန်ရအောင် သွားတာပါ။ ဘာပဲဖြစ်ဖြစ် သူကအကြီး မဟုတ်လား ပြီးတော့ တစ်လောကလုံးမှာက ဖအေတူမအေကွဲဘဲဆိုင်း ဒီညီအစ်မနှစ်ယောက်တည်းရှိကြတာမဟုတ်လား"

"အဲဒါနဲ့ ဒီမိန်းမက ကျေနပ်သွားရောလား"

"ဟွန်း…သူ့ကိုဖမ်းလို့ကို မမိပါဘူး..အင်းယားမြိုင်မှာ သူမ ရှိတာ…ဒါထက် ကိုကိုဇော် ညစာစားပြီးပြီလားဟင်"

ဇော်မြင့်ဝင်းသည် ညစာအတွက် ယခုမိုးစုန်းစုန်းချုပ်သည့်တိုင် အောင် မစားရသေးပေ။ သို့သော်…

"စားပြီးပြီခင်မာ…"

"ဘာလို့စားပြီးရတာလဲ…ဒီမှာခင်မာ ကြက်ဥပြုတ်ထားတယ် ငါးကြော်ထားတယ်၊ သရက်ချဉ်သနပ်နဲ့ ငါးပိကြော်ဘူးတွေလဲ မြို့ထဲ က ဝယ်လာခဲ့တယ်"

"ဟာ…သိပ်ကောင်းတဲ့ ခဲဖွယ်ဘောဇဉ်တွေပဲ၊ ငှက်ပျောသီး ကော အခွံနွှာမထားဘူးလား ခင်မာ"

"မသရော်ပါနဲ့ ကိုကိုဇော်၊ ခင်မာက စေတနာနဲ့ ခေါ်နေတာ လာပါလား ကိုကိုဇော်၊ ကော်ဖီခါးခါးလည်း တိုက်မယ်လေ၊ ကိုကိုဇော် ကြိုက်တတ်လို့ နက်(စ်)ကဖီးတစ်ဘူးတောင် ဈေးကြီးပေးပြီး မရအရ ဝယ်ထားတာ"

အမှန်မှာ ဇော်မြင့်ဝင်းသည် ခင်မာ့ဆီသို့ ညစာသွားရောက်စား



လိုပေသည်။ ကြက်ဥပြုတ်နှင့် ငါးကြော်ဖြစ်စေဦးတော့ အိမ်ထမင်း အိမ်ဟင်းကိုတော့ တောင့်တမိသည်။ ဇော်မြင့်ဝင်း၏ တစ်သက်ပတ်လုံး ၁ယ် တပ်ထဲ၌နေစဉ်ကလည်း မက်(စ်)မှကျွေးသော ထမင်းဟင်းကို သာ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ စားခဲ့ရသည်။ ရဲဘော် တွေ ချက်ကျွေးသည့် ဆီပေါလော…အချဉ်…အင်…အစပ်မတဲ့များ ာင်ဖြစ်၏။ တပ်မှထွက်လာခဲ့ပြန်တော့လည်း ယနေ့တိုင်လေလွင့်နေရသူ ပီပီ ဆိုင်ထမင်းစားကာ ကြုံရာအိပ်ဖြစ်ရ၏။ တစ်ခါတစ်ရံတွင် တည် တည်ငြိမ်ငြိမ်ဖြင့် အိုးမကွာ၊ အိမ်မကွာတွင် အမျိုးသမီးတစ်ဦးချက် ပြုတ်ကျွေးသည့်ထမင်းဟင်းများကို တောင့်တမိသည်မှာ အမှန်ပင်။

သို့သော် ခင်မာ၏ထံသို့ မသွားသင့်ဟု ဆုံးဖြတ်လိုက်ရသည်မှာ ခင်မာအား ဇော်မြင့်ဝင်းသည် တစ်အူတုံဆင်း ညီအစ်မရင်းလေး သဖွယ်သာ ချစ်ခင်လို၏။ သို့သော် ခင်မာကမူ ယင်းသို့ဟုတ်လေဟန် မတူပေ။ ဆိတ်ငြိမ်သော ညကာလဝယ်…နှစ်ဦးတည်းသာ ခင်မာနှင့် အိမ်တစ်အိမ်၌ အချိန်နာရီကြာညောင်းစွာ တွေ့ဆုံဆက်ဆံရပါက ဇော်မြင့်ဝင်းအနေနှင့် ထိန်းသိမ်းနိုင်သည်ဆိုစေဦးတော့…တစ်ဘက်မှ အချစ်အခင်နှင့် အကြင်အနာကိုငဲ့ညှာပါက..မတော်တရော်တွေ လိုက် လျောမိကုန်မည်ကိုစိုးမိသည်။ ခင်မာသည် ပန်းကောင်းလေးဖြစ်၍ ဇော်မြင့်ဝင်းက အညွန့်မချိုးလို။ ထို့ပြင် ခင်မာသည် အသက်ငယ်လွန်း သေးသည်။

"ဆောရီးပဲ ခင်မာ…ဒီကနေ့ညစာတော့ ခွင့်လွှတ်ပါ…ကိုကို

ဇော် ဗိုက်လည်းပြည့်နေပြီ…ပြီးတော့ ကိုကိုဇော့်မှာသွားစရာတွေ နေလို့…"

"သိပါတယ်‥ကိုကိုဇော်ဒီလိုငြင်းလိမ့်မယ်လို့၊ အခု ကိုကိုဇေ မမလေးရှိရာ အင်းယားမြိုင်ကိုပဲသွားမလို့မဟုတ်လား…ကြည့် သွားနော်ဆရာကြီး…ကိုလွင်ဦးကြီးနှင့် တွေ့နေဦးမယ်။ ခုနကလေး ပဲ မမလေးဆီကို ခင်မာဖုန်းဆက်သေးတယ်။ ကိုလွင်ဦးကြီး ပြန်လ ကြားလို့ ဖုန်းကိုခင်မာပြန်ချထားလိုက်တာ"

ခင်မာ၏ထိုစကားစုသည် ဇော်မြင့်ဝင်းအား အင်းယားမြိုင် သွားရန် လမ်းညွှန်ပေးရာပင်ရောက်ရတော့သည်။ လေးလေးမြင့် ကိစ္စတွင် ကိုလွင်ဦးလိုလူတစ်ဦးအား ဇော်မြင့်ဝင်းက တွေ့ဆုံမျက် ချင်းဆိုင်သင့်ပြီဟုလည်း ယူမှတ်မိသည်။ ကိုလွင်ဦးသည် ဦးကျော် ၏ ညာလက်ရုံးဖြစ်ခဲ့ဘူးသည်။

သူသည် ဦးကျော်သူ၏ လုပ်ငန်းပိုင်းဆိုင်ရာကို တော်တော်မျ များ သိနိုင်မည့်သူဖြစ်သည်။ သူနှင့်တွေ့ဆုံစကားပြောရလျှင် သူ စကားထဲမှ သိသင့်သလောက်သိနိုင်မည်ဟုလည်း ဇော်မြင့်ဝင်းမျှေ လင့်မိသည်။

ဇော်မြင့်ဝင်းသည် ခင်မာအားကျေနပ်အောင် စကားပြေထိုးနှု ဆက်ပြီး ခင်မာ၏ငေါ့သံထေ့သံကို စိတ်ရှည်စွာနားထောင်၍ တယ ဖုန်းကိုချထားလိုက်ပေသည်။

ထို့နောက် အင်းယားမြိုင်ဘက်သို့ မောင်းထွက်လာခဲ့သည်။ အ



မှာ ညဆယ်နာရီပင်ကျော်ပေပြီ။ စားချင်သောက်ချင်စိတ်မရှိလေ၍ ညစာပင်မစားမိ။

အင်းယားမြိုင်၏ခြံပြင်တွင် လင်းရိဗာကားတစ်စီးရပ်ထားသည်ကို ဇော်မြင့်ဝင်းတွေ့ရသည်။ မာစီးဒီးကို ၎င်းလင်ရိဗာကားနောက်၌ ရပ်ထားလိုက်သည်။ ခြံတွင်းသို့ မောင်းမဝင်ခဲ့ဘဲ ခြေလျင်လျှောက်လာရင်း လင်းရိဗာကားထဲမှ လိုင်စင်ပြားကို မီးခြစ်ဖြင့်ကြည့်လိုက်၏။

ဦးလွင်ဦး

အမှတ် ၂၂၂၂-ပြည်သာယာလမ်း

ဘောက်ထော်။

ဟုတွေ့ရသည်။ ဇော်မြင့်ဝင်းသည် ပထမဦးစွာ ကိုလွင်ဦးနှင့် လေးလေးမြင့်၏ ဆက်ဆံရေးကို သိလိုသောကြောင့် ပိတ်ထားသောတံခါးတွင် မည်သို့မျှအချက်မပေးဘဲ ဘေးပြတင်းရှိရာသို့ပတ်ကာ အထဲသို့ တစေ့တစောင်းကြည့်မိသည်။

ဆိုဖာရှည်ပေါ်တွင် အရက်ခွက်ကို လက်တွင်ကိုင်ကာ ရေချိန် လွန်ဟန်ရှိနေသည့် ကိုလွင်ဦးအား ဇော်မြင့်ဝင်းတွေ့ရတော့သည်။ ကိုလွင်ဦးသည် ခင်မာပြောသလိုပင် လူချောတစ်ဦးဖြစ်၏။ ဇော်မြင့်ဝင်း၏ အသက်လောက်ပင်ရှိသည်။ တုတ်ခိုင်သောခန္ဓာကိုယ်ရှိ၏။ အရပ်တော့ ဇော်မြင့်ဝင်းလောက် မရှည်ပေ။ အသားဖြူပြီး ဆံပင်ကောက်၏။ မေးရိုးလေးထောင့်ကျသည်။ စပို့ရှပ်လက်တို အပြာရောင်ကိုဝတ်ထားသည်။ ဘောင်းဘီရှည်အဖြူနှင့်ဖြစ်၏။ ခြုံ၍ကြည့်လျှင် ကိုလွင်ဦးသည် လူခန့်လူချောတစ်ဦးပင်ဖြစ်တော့၏။

"ကျုပ်နားမှာလာထိုင်စမ်းပါ အရက်လည်းပေးပါဦး လေးလေး"

လေးလေးမြင့်သည် ဒေါင့်စွန်းတွင်ရပ်နေသည်။ ကရစ်ဂျော်ဂျ လှိုင်းကြီး အစိမ်းရောင်လက်ပြတ်ဝတ်ထားသည်။ တက်ထရွန်ပွင့်ရို ထမီတင်းတင်းရင်းရင်းနှင့်ဖြစ်၏။ မီးရောင်အောက်ဝယ် လေးလေးမြ သည် လှပစွာကာပိုကရိုရှိနေသည်။ စိတ်မောလှသောအသွင်ကိုဆော နေ၏။ အရက်ပုလင်းတစ်လုံးကို ဗီဒိုမှထုတ်ယူကာ ကိုလွင်ဦးရှိ သို့ မလှမ်းချင်လှမ်းချင် လျှောက်လာခဲ့သည်။ အရက်ပုလင်းကို စား ၌တင်ပေးကာ ကိုလွင်ဦးနှင့် မျက်နှာချင်းဆိုင်ဆိုဖာ၌ လေးလေးမြ ဝင်ထိုင်လိုက်သည်။

ကိုလွင်ဦး၏ အာလေးလျှာလေးသံကြီး ထွက်လာပြန်သည်၊

"မဟုတ်ဘူး…ဒီလိုမဟုတ်ဘူး…ကျုပ်ဘေးမှာလာထိုင် ပြောနေတာ"

"တစ်ဆိတ်တော့လွန်ပြီထင်တယ် ကိုလွင်ဦး… ဒီလော တောင် အနိုင်ကျင့်ဖို့မသင့်ပါဘူး…တကယ်ဆိုရင် ဦးကျော်သူ မျက်နှာကို ထောက်ဖို့ကောင်းပါတယ်"

"ဟဲ…ဟဲ…ဆရာဦးကျော်သူကို မျက်နှာထောက်ပါတယ်ဗျာ ဒါကြောင့် ဆရာဦးကျော်သူရှိနေသမျှကာလပတ်လုံး လေးလေးကိုကျ တိတ်တခိုးပဲ ကြိတ်ချစ်နေမိတာပေါ့။ ဟော…ဆရာဦးကျော်သူမ တော့ဘူး…ထောက်စရာမျက်နှာလည်းမရှိတော့ဘူး…လာပါလေးလေး ရာ ကျုပ်ဘေးမှာ လာထိုင်စမ်းပါ…ဆိုဖာကအကျယ်ကြီးပဲဟာ"



"ရှင်ဟာသစ္စာမရှိဘူး…သေသွားတဲ့ကိုယ့်ဆရာသမားအပေါ် သစ္စာဖောက်နေတာ"

ကိုလွင်ဦးသည် မျက်လုံးကြီးပြူးပြကာ ခါးကြီးကိုမတ်လိုက် သည်။

"ကျုပ်သိပ်ပြီးသစ္စာရှိတာပေါ့…လေးလေးအပေါ်မှာ ကျုပ်သစ္စာ ဖောက်ဘဲနေတာမို့ လေးလေးရဲ့ပါတီပွဲကလစ်ထွက်သွားတာကို ရဲတပ် မတိုင်သေးတာပေါ့"

"ရှင်သစ္စာရှိပုံက ရိုးမှမရိုးသားတာပဲ"

ကိုလွင်ဦးက အရက်သံကြီးနှင့်ရယ်လိုက်ပြန်သည်။

"ဒါတော့ အပေးအယူသဘောမျိုးပေါ့ဗျာ‥ကိုယ့်အတွက်သစ္စာ ရှိနေတဲ့လူကို လေးလေးကလည်း ဆုချသင့်တာပေါ့…ကဲပါ လာပါ ဒီနားကို"

"မလာနိုင်ဘူးကိုလွင်ဦး…ရှင့်ကိုကျွန်မပြောသားပဲ…ငွေ ဘယ်လောက်လိုချင်သလဲလို့…ရှင့်မျှော်လင့်တဲ့ ဆုမျိုးတော့လေးလေး ဘယ်တော့မှ မပေးဘူးမှတ်"

"ငွေ…ဟုတ်လား…ငွေကိုဘာလုပ်ရမှာလဲ… ကျုပ်ကလည်း ကျုပ်လိုချင်တာဆို ရကိုရမှကျေနပ်တဲ့လူစားမျိုးပါ လေးလေး"

"ဒါဖြင့်ရင်တော့ ကန်တော့ဆွမ်းပဲ ကိုလွင်ဦး"

"ကောင်းပြီ ကန်တော့ဆွမ်းဆိုရင် ကျုပ်ကဆက်ကြွရရုံပေါ့"ဟု ကိုလွင်ဦးကပြောက ဒယီးဒယိုင်ဖြင့် တယ်လီဖုန်းဆီလျှောက်သွား၏။

"အင်း…ရဲကိုဆက်ချင်ရင် သုည သုညကိုးတဲ့"ဟု ကိုလွင်ဦး

ဆက်၍ရွတ်ဆိုရင်း တယ်လီဖုန်းကို မ ယူလိုက်သည်။ ပြီးလျှင်သူ့ ကွက်ကို တစ်ပတ်လှည့်လိုက်၏။

လေးလေးမြင့်သည် ဖြတ်ခနဲကိုလွင်ဦးအနီးသို့ ရောက်လာကာ လက်ထဲမှ တယ်လီဖုန်းကို လုယူပြီးနေရာတွင် ပြန်ချထားလိုက်သည်။ ကိုလွင်ဦးက ရယ်လိုက်ပြန်သည်။

"ဒါပဲပေါ့…ခင်ဗျားစိတ်ပြောင်းသွားပြီမဟုတ်လားလေးလေး တကယ်တော့ ခင်ဗျားဟာခေါင်းမာရဲတာမှမဟုတ်တာ။ ရဲတပ်ဖွဲ့ကို ခင်ဗျားကြောက်ရမယ်။ ဘာလို့လဲဆိုတော့ ပါတီပွဲကလစ်ပြီး ဆရာဦးကျော်သူကို ခင်ဗျားသတ်ပစ်ခဲ့တာပဲမဟုတ်လား။ ကဲ…ဆရာဦးကျော်သူအတွက် ကျုပ်ကလျော်ကြေး ယူရတော့မှာပေါ့ဗျာ"

ဇော်မြင့်ဝင်း၏မြင်ကွင်းဝယ် အကြမ်းအရမ်းတွေသည် ရုပ်ရှင်ပြသလို ကွက်ကွက်ကွင်းကွင်းရှိလာတော့၏။

ကိုလွင်ဦးသည် လေးလေးမြင့်ကို သိုင်းဖက်လိုက်သည်။ လေးလေးကင့်ရှောင်ကာ နောက်သို့ဆုတ်သွားသည်။ ကိုလွင်ဦးက ရှေ့သို့မဲလိုက်တော့သည်။ လေးလေးမြင့်သည် နောက်ဆုတ်၊ နောက်ဆုတ်နှင့် ရွေ့လျားနေသည်။ မည်မျှပင် ကိုလွင်ဦးရေချိန်လွန်နေပါသည်ဆိုစေဦးတော့ ရမ္မက်ဆန္ဒက ရှေ့ဆောင်လျက်ရှိနေသည်။ ထို့ပြင်ရှေ့သို့ တည့်တည့်သွားနေသူနှင့် နောက်ပြန်ဆုတ်၍သွားနေသူမှာ ရှေ့တည့်တည့်သွားနေသူက တပန်းသာလျက်ရှိသည်။ လေးလေးမြင့်မှာ ကြောင်တိကြောင်တောင်၊ ယောင်တိယောင်ကန်းနှင့် နောက်ဆုတ်နေမိခြင်းဖြစ်ဟန်တူသည်။



မကြာမီ ကိုလွင်ဦးသည် လေးလေးမြင့်အား မိသွားတော့သည်။ …င်းကိုလွင်ဦးသည် သိမ်းဖက်ထားတော့၏။ လေးလေးမြင့်မှာ …သွန်ခွန်စိုက်ရုန်းကန်နေရရှာသည်။ ကိုလွင်ဦးသည် လေးလေးမြင့် …ျီကို ဖြန်းခနဲနေအောင် ဆွဲဆုတ်ပစ်လိုက်သည်။ မီးရောင်တွင် …းလေးမြင့်ကိုယ်အထက်ပိုင်းသည် ဝင်းလက်သွားတော့သည်။

လေးလေးမြင့်သည် သူမ၏လက်သည်းများဖြင့် ကိုလွင်ဦး၏မျက် …ကို ကုတ်ဖဲ့ဖို့ကြိုးစားရင်းမှပင် နှစ်ဦးစလုံးလဲကျသွားတော့သည်။

ဇော်မြင့်ဝင်းသည် ဤမျှထိမျက်စိဒေါက်ထောက်မကြည့်ရက်နိုင် … အကယ်၍သာ ယခုအခြေအနေမျိုးတွင် လေးလေးမြင့်က အလိုတူ …လိုပါဆိုပါက ဇော်မြင့်ဝင်းသည် ရှောင်ထွက်သွားလေမည်သာ။ …ခုမူ ဤသို့မဟုတ် ကိုလွင်ဦးသည် ပထမအားဖြင့် နိုင်ချက်ကိုကိုင် … ရလိုမှုအတွက်တောင်းခံသည်။ လေးလေးမြင့်က မလိုက်လျော …သောအခါ၌ အဓမ္မဆန်စွာပြုမူဖို့ ကြိုးစားလျက်ရှိသည်။

ဇော်မြင့်ဝင်းသည် မှန်ပြတင်းကို ကိုယ်စောင်းတိုက်ပစ်လိုက်၏။ …ထွက်သွားပေသည်။ ကျားတစ်ကောင်၏ လျင်မြန်ခြင်းမျိုးဖြင့် …န်းထဲသို့ခုန်ဝင်ကာ ဗလုံးဗထွေးဖြစ်နေသည့် ကိုလွင်ဦး၏ဂုတ်ပိုး …ာ်လာကို ထုမလိုက်သည်။

ဤမှာပင်သတ်ပုတ်ပွဲ စပြန်လေသည်။

…လွင်ဦးသည် လေးလေးမြင့်ကိုလွှတ်လိုက်သည်။ ဇော်မြင့်ဝင်းအား …က်နှာချင်းဆိုင်ကာ တရှူးထိုးဝင်လာသည်။ ဇော်မြင့်ဝင်းသည် ဘေး …တစ်လှမ်းဆုတ်လိုက်ပြီး ပြေးဝင်လာသော လွင်ဦး၏ညှို့သကြီးကို

လွဲကာကန်ပစ်လိုက်သည်။ လွင်ဦးမှာမှောက်လျက်သားလဲကျပြန် လူးလဲထပြန်ကာ ဇော်မြင့်ဝင်းဆီသို့ အထိုးအသတ်ဖြင့်ဝင်လာပြန်သည်။ ဇော်မြင့်ဝင်းမှာ လွင်ဦးအရက်မူးနေရှာပြီကောဟု ညှာ၍မဖြစ်တော့ ဘယ်ထောက်လက်သီးသည် လွင်ဦး၏ဝမ်းဗိုက်သားကို ထောက် လိုက်ပြီး အင့်ကနဲကုန်းအလာတွင် ညာဝိုက်လက်သီးက လွင်ဦး၏ ရိုးသို့ကလော်ပေးလိုက်သည်။

တစ်ဘက်သတ်တော့ကျပေသည်။ သို့သော်ပွဲမှာ ပြီးသွားရ လွင်ဦးမှာ ဆိုဖာကုလားထိုင်များဖြင့်တိုက်ကာ ကြမ်းပြင်ထက် ငြိမ်သက်သွားလေတော့သည်။

လေးလေးမြင့်မှာ ယခုမှဒူးထောက်ခါ ထိုင်မိရုံသာရှိသေးသည် သူမ၏လှိုင်းကြီးအင်္ကျီမှာ တွဲလောင်းကျလျက်ရှိနေသည်။

"ကိုဇော်…ကိုဇော်"

"သွားစမ်းပါ…အင်္ကျီကိုအရင်သွားလဲလိုက်စမ်းပါ"

လေးလေးမြင့်သည် အိပ်ခန်းထဲသို့ပြေးဝင်သွားသည်။ ဇော်မြင့် က လွင်ဦးဘေးသို့ဒူးထောက်ထိုင်ချကာ လက်ကောက်ဝတ်မှ ကြောကိုစမ်းကြည့်နေမိသည်။ တော်ပေသေး၏။ လွင်ဦးသည် အသ ရှိနေပေသေးသည်။

လေးလေးမြင့်ပြန်ထွက်လာသည်။ လွယ်ကူသောကြယ်သီး ဘလောက်(စ်)တစ်ထည်ဝတ်လာပုံရသည်။

"သူ…သူ…"



"မသေသေးပါဘူး မလေးလေးမြင့်၊ ကိုလွင်ဦးမှာ အသက်ရှိပါ းတယ်"

"တော်ပါသေးရဲ့…အမှုတွေရှုပ်သထက် ရှုပ်ကုန်မှာစိုးလို့ပါကို ော်…ပြီးတော့အချိန်မီရောက်လာတဲ့ကိုဇော့်ကို လေးလေးသိပ်ကျေး းတင်ပါတယ်။ နို့မို့ရင်…"

ဇော်မြင့်ဝင်းက လက်ကာပြလိုက်သည်။ လေးလေးမြင့်မှာ ပြော က်စ စကားရပ်သွား၏။ ယင်းအခိုက်မှာပင် ကိုလွင်ဦးသည် လူး နှံကာထထိုင်လိုက်သည်။ ဇော်မြင့်ဝင်းသည် ကိုလွင်ဦးအား လက် မောင်းတစ်ခုကိုကိုင်၍ဆွဲယူပြီး ထွက်ပေါက်တံခါးဆီသို့ ခေါ်သွား သည်။ ကိုလွင်ဦးသည် တစ်စုံတစ်ခုပြောရန် ကြိုးစားသေး၏။ သို့သော် ကားလုံးဝမကွဲပေ။ အရက်မူးလွန်သွားပေ၍လား၊ ဇော်မြင့်ဝင်း၏ အထိုးအကြိတ်ဒဏ်ကြောင့်လားမူ တိတိကျကျမပြောတတ်တော့။ တံ ါးထွက်ပေါက်သို့ရောက်ပြီးနောက် ကိုလွင်ဦးသည် သူ၏ဂျစ်ကားဆီ သို့ရောက်သွားကာ စက်နှိုးမောင်းသွားသံကိုကြားရသည်။

ဇော်မြင့်ဝင်းသည် လေးလေးမြင့်ဘက်သို့လှည့်လိုက်ပေသည်။ လေးလေးမြင့်မှာ အကြောက်လွန်နေကြောင်းသိသာလှ၏။ အသားမှာ သွေးဆုတ်ဘိအလားဖြူကာ နှုတ်ခမ်းပြာနေသည်။ တစ်ကိုယ်လုံး ကတုန်ကရင်ဖြစ်နေရှာ၏။

ဇော်မြင့်ဝင်းသည် အရက်ပုလင်းနှင့် ဖန်ခွက်ကိုကောက်ယူ၏။

"ခင်ဗျားနည်းနည်းသောက်လိုက်ရင်ကောင်းမယ်…သွေးပူ သွားအောင်ပေါ့"

လေးလေးမြင့်က မငြင်း၊ ဇော်မြင့်ဝင်းကမ်းပေးသော ဖန်ခွက်ကို ယူလိုက်သည်။ အနည်းငယ်မော့သောက်လိုက်၏။ ပြီးလျှင်ဖန်ခွက်ပြန် ပေးသည်။

"ကျုပ်လည်း အရက်သောက်ဖို့လိုလာပြီ…လူပင်ပန်း၊ စိတ် ပန်းရလွန်းလို့…"

"ကိုဇော်ဘယ်ကဝင်လာတာလဲဟင်"

ဇော်မြင့်ဝင်းက ပခုံးတိုက်ဝင်လာခဲ့သော ပြတင်းပေါက်အား မေ့ ငေါ့ပြပြီး အရက်ကိုမော့သောက်ပစ်လိုက်သည်။

"ဒါဖြင့် ကိုဇော်ရောက်နေတာကြာပြီလား…လေးလေးတို့ပြော တာ အားလုံးကြားမှာပေါ့"

"တအောင့်ပဲရှိပါသေးတယ်၊ ကျုပ်ရောက်လာတဲ့အချိန်မှာ ခင်ဗျားနဲ့ လွင်ဦး နပန်းလုံးနေကြပြီ"

လေးလေးမြင့်က ခေါင်းငုံ့ပစ်လိုက်သည်။ ရှက်သွားဟန်တူ၏။

"ခင်ဗျားခဏလောက်သွားလှဲနေရင်ကောင်းမယ်"

"ကိုလွင်ဦးဟာ စိတ်မချရဘူး တစ်ပတ်ပြန်ကျော့လာရင်လာမှာ ကိုဇော်…ဒီမှာ ကိုဇော်ခဏလောက်နေပါဦးလားဟင်"

"သွားပြီးသာလှဲနေပါ စိတ်ငြိမ်သွားတဲ့အထိပေါ့…ကျုပ်စောင့် နေမယ်၊ ကဲ…သွားတော့"

လေးလေးမြင့်သည် သူမ၏အခန်းသို့ဝင်သွားသောအခါ ဇော်မြင့် ဝင်းသည် အရက်ပုလင်းနှင့်ဖန်ခွက်ကို စားပွဲပေါ်သို့ ပြန်ချထားလိုက် သည်။ တပ်ထဲမှာနေစဉ်ကပင် ဇော်မြင့်ဝင်းသည် အရက်ကိုမနှစ်သက်



။ မလွဲမရှောင်သာသော ဝိုင်မျိုးနှင့်ငှက်ဖျားကြောက်ရသော ရှေ့ န်းမျိုး၌သာ တစ်ခါတစ်ရံသောက်လေ့ရှိသည်။ အရက်ကို ကော်ဖီ ါးခါးလောက် ဇော်မြင့်ဝင်းကမခုံမင်တတ်။

ဇော်မြင့်ဝင်းသည် အိမ်၏ဝရံတာတစ်ခုဆီသို့ ထွက်လာခဲ့သည်။ ည်သည် သိမ်မွေ့စွာလှပလျှက်ရှိ၏။ အင်းယားရေကိုဖြတ်သန်းတိုက် တ်လာသော လေညင်းကို ဇော်မြင့်ဝင်းက အဆုတ်ထဲသို့အားရပါးရ ျှသွင်းလိုက်သည်။ တစ်အားတိုး၍ တစ်မျိုးလန်းဆန်းသွားသည်ထင် ၏။

ဇော်မြင့်ဝင်းသည် ဝရံတာအဆုံးထိ လျှောက်လာမိသည်။ ဝရံတာ ဒုန်းတွင်လရောင်သည်နှားခိုလျှက်ရှိ၏။ ယခုညတွင်လသည် ကြည် ကြည်လင်လင် ထိန်ထိန်ဝါဝါကြီးသာလျှက်ရှိသည်။ အင်းယားရေပြင် သည် လေညင်း၏ အဆော့အမြူးခံရသည်ထင့်။ အနိမ့်အမြင့် လှိုင်းဂ သက်ငယ်လေးများ ပွက်လောထလျှက် ရှိပေသည်။

စဉ်းစားမည်ဆိုလျှင် ဇော်မြင့်ဝင်းအတွက် စဉ်းစားစရာတွေက အစီအရီရှိနေကြပေသည်။ လောလောဆယ်မှ ဇော်မြင့်ဝင်းသည် ရှေ့ နေကောင်းကောင်းတစ်ဦးကို ရွေးချယ်ရန်စဉ်းစားကြည့်နေမိသည်။ ရှေ့နေကောင်းတစ်ဦးသည် လိုအပ်လာပြီဟုလည်း ဇော်မြင့်ဝင်းကမှတ် ယူမိသည်။

လရောင်လွှမ်းသော ရေပြင်ကိုငေးကာ တွေးနေမိစဉ်မှာပင် ဇော်မြင့်ဝင်း၏ နောက်ပါးမှ ညင်သာသောအသံတစ်ခုကို ဇော်မြင့်ဝင်း သတိပြုမိသည်။ လှည့်ကြည့်လိုက်၏။ လေးလေးမြင့်သည် ဇော်မြင့်ဝင်း

၏ နောက်ပါး၌ ကပ်လျှက်သားမတ်တတ်ကလေးရပ်နေသည်ကို တွေ့ရသည်။

"လေးလေး တည်တည်ငြိမ်ငြိမ်ဖြစ်သွားပါပြီ ကိုဇော်"

"နေ့ခင်းက ဦးစိုင်းမောင်နှင့် ခင်ဗျားတွေ့သေးလား"

"တွေ့ပါတယ်...ဒါနဲ့သော့လုဘော်သေတာ တကယ်လားကို ဇော်"

"အမှန်ပဲ...ကျုပ်ဆန္ဒကတော့ ရဲတပ်ဖွဲ့နဲ့ မျက်နှာချင်းဆိုင်တွေ့ ချင်ပြီ မလေးလေးမြင့်"

"ဒါဖြင့် ကိုဇော်ဟာ ခုချိန်ထိရဲအဖွဲ့နှင့် မတွေ့သေးဘူးပေါ့"

"မတွေ့သေးဘူး...ကျုပ်နဲ့ခင်ဗျားအတွက် စိတ်ကြိုက်ရှေ့နေ တစ်ယောက်ငှါးပြီးတိုင်ပင်မယ်။ တိုင်ပင်ပြီး ရဲတပ်ဖွဲ့ကိုသွားမယ်၊ အသက်အာမခံကုမ္ပဏီက လူကိုလည်းခေါ်ယူမယ်။ နှစ်သိန်းတန်ချက် လက်မှတ်ပြန်ပေးလိုက်ပေါ့"

"အဲဒီလိုလုပ်ကြမယ်ဆိုရင် အသက်အာမခံက ငွေလိမ်ထုတ်တဲ့ သဘောကတော့ ပြီးငြိမ်းသွားမှာပါပဲကိုဇော်၊ ဒါပေမဲ့ ဦးကျော်သူ သေဆုံးတဲ့ကိစ္စအတွက်က လေးလေးမှာ ပြဿနာပဲမဟုတ်လား ဦးကျော်သူရဲ့သေနတ်နဲ့ သက်သေခံစာဟာ ရဲတပ်ဖွဲ့ကိုမအပ်နိုင်ရင် ရဲတပ်ဖွဲ့က လေးလေးကိုလူသတ်မှုမှာ မသင်္ကာဖြစ်ပြီးဖမ်းချုပ်မှာပေါ့"

"အဲဒါကိုလည်း ကျုပ်စဉ်းစားပါတယ်။ ဒီနေရာမှာ အသက်အာမ ခံ ကုမ္ပဏီကိုခင်ဗျားပြန်အားကိုးနိုင်တာတွေ ကျုပ်တွေးမိတယ်"

"ဘယ်လိုပါလိမ့်...ကိုဇော်"



"အခုကိစ္စမှာ အသက်အာမခံကုမ္ပဏီနဲ့ ခင်ဗျားဟာ အပြန်အလှန် ဖြစ်နေတယ်။ တကယ်လို့ ဦးကျော်သူဟာ သူ့ကိုယ်သူသတ်သေခဲ့ရိုး မှန်ရင် အသက်အာမခံငွေနှစ်သိန်းဟာ ခံစားခွင့်မရှိဘူး"

"တကယ်လို့ ဦးကျော်သူကို တစ်စုံတစ်ယောက်က သတ်သွား တယ်ဆိုတာမှန်ခဲ့တယ်။ မှန်ကန်တဲ့အထောက်အထားတွေလည်း ပြနိုင် မယ်ဆိုရင် ဒီငွေနှစ်သိန်းကို အသက်အာမခံက စွန့်လွှတ်ပြီး ပေးပစ် ရမှာပဲ၊ ဦးကျော်သူဟာ အသတ်ခံရတာတော့မှန်ရဲ့။ သတ်သူဟာ အသက်အာမခံ ငွေနှစ်သိန်းကိုခံစားခွင့်ရှိနေတဲ့ ခင်ဗျားကိုယ်တိုင်က လူသတ်သမားဖြစ်နေရင်တောင် ဒီငွေနှစ်သိန်းကို ခင်ဗျားပဲခံစားရမှာ၊ သူ့ပေါ်လစီစည်းကမ်းချက်က ကိုယ့်ကိုယ်ကိုယ်သတ်မသေရင်ပြီးတာ ပဲ...ငွေနှစ်သိန်းပေးကိုပေးရမယ် ရှင်းရဲ့လား"

လေးလေးမြင့်က ခေါင်းညိတ်ပြပေသည်။

"အဲဒီတော့ အသက်အာမခံကုမ္ပဏီဟာ ဦးကျော်သူ သူ့ကိုယ်သူ သတ်သေတာပါလို့ သံသယဖြစ်လာတာနဲ့ သူ့ကိုယ်သူ သတ်သေတဲ့ အထောက်အထားတွေရရှိလာအောင် တင်ပြနိုင်အောင် ကြိုးစားမှာ အမှန်။ ဒီကုမ္ပဏီမျိုးတွေမှာ အင်မတန်တော်တဲ့ စုံထောက်ကောင်းတွေ ရှိနေတတ်ပါတယ် မလေးလေးမြင့်၊ ဦးကျော်သူဟာ သူ့ကိုယ်သူသတ် သေရိုးသာမှန်ခဲ့ရင်တော့ အသက်အာမခံကုမ္ပဏီရဲ့ စုံထောက်တွေပိုက် စိတ်တိုက်ရှာတာနဲ့ ပျောက်ဆုံးနေတဲ့အထောက်အထား သက်သေခံ စာစည်းတွေဟာ အနေးနှင့်အမြန်ပေါ်ထွက်လာမှာပါ။ တရားခွင်တင်ပြ ရမှာပါ။ အဲဒါဆိုရင် ခင်ဗျားလူသတ်မှုက လွတ်ရောပေါ့"

လေးလေးမြင့်သည် တွေတွေဝေဝေစဉ်းစားပြီး ညည်းညူစွာ ပြန်ပြောလိုက်ရှာသည်။

"ဒါပေမဲ့ ကိုဇော်…အဲဒီလိုသာဆိုရင်တော့ လေးလေးအတွက် ရဲတပ်ဖွဲ့ရှေ့မှ စွန့်စားပြရမယ့် စွန့်စားခန်းတစ်ရပ်ပါပဲနော်"

ဇော်မြင့်ဝင်းသည် ပခုံးကိုသာတွန့်ပြလိုက်မိသည်။ မှန်လည်းမှန်ပါလေ၏။ တစ်ပိုင်းတွင်အသက်အာမခံကုမ္ပဏီမှ စွမ်းစွမ်းတမန်ဆောင်ရွက်နေချိန်ဝယ် လေးလေးမြင့်သည် အချုပ်နှင့်နေရမည်။ တို့ထက်စွမ်းဆောင်နိုင်ပါက အာမခံဖြင့်အပြင်တွင်နေရမည်။ ကိစ္စအားလုံးရှင်းလင်းအောင် တရားရုံးတွင် တင်ပြပါလေမှ လေးလေးမြင့်အချုပ်မှလွတ်ကင်းမည်။ လေးလေးမြင့်ဘက်ကကြည့်ပြန်တော့လည်း ယင်းကိစ္စသည် သူမအတွက် စွန့်စားခြင်းတစ်ရပ်ဖြစ်သည်မှာ မှန်ကန်နေပြန်ပါ၏။

"ကောင်းပြီကိုဇော်…ရဲတပ်ဖွဲ့ကို ကိုဇော်နှင့်အတူသွားရမယ် မဟုတ်လား"

"ဒါပေါ့"

"ဒါဖြင့် ကိုဇော်လေးလေးအပေါ်မှာ စိတ်မပြောင်းဘူးပေါ့နော် အရင်ကလိုပဲ…"

"ကျုပ်ဟာ ဒီကိစ္စထဲမှာ ခင်ဗျားနဲ့ထပ်တူ ရဲအဖွဲ့ရဲ့ အထင်မှား ခံစရာရှိနေတာဟာ အကြောင်းရင်းအကြောင်းမှန်ပဲ မလေးလေးမြင့်။ တခြားလုပ်စရာနည်းလမ်းရယ်လို့လည်း မရှိတော့ဘူး။ ခင်ဗျားနဲ့ ကျုပ် ရဲတပ်ဖွဲ့ကိုအတူသွားရုံကလွဲပြီးတော့ပေါ့လေ"



နှစ်ဦးစလုံးပြောစရာ စကားမရှိတော့သည့်အလား တိတ်ဆိတ်သွားသည်။ ပြီးမှ…

"နက်ဖြန် ကိုဇော်နဲ့လေးလေးဘယ်လိုတွေ့ကြမလဲ"

"မနက်(၉)နာရီလောက် ခင်ဗျားကို ကျုပ်လာခေါ်မယ်လေ"

"ဟင့်အင်း…ကိုဇော့်ကို လေးလေးလာတွေ့မယ်…ကိုဇော် မလာနဲ့ ဘယ်မှာတွေ့မယ်ဆိုတာသာပြော"

"ဒါဖြင့် ဒီလိုလုပ်ပေါ့…ခင်ဗျားတို့သုံးနေကျ ရှေ့နေရှိမှာပေါ့၊ ရှေ့နေအိမ်မှာတွေ့ကြမယ်။ အဲဒီရှေ့နေဘယ်သူဆိုတာလည်း ကျုပ်ကို ပြောပြဦး"

"ဘားလမ်းက ဦးဉာဏ်ထွန်းပဲ…အဲဒီမှာပဲဆုံကြတာပေါ့၊ ဦးဉာဏ်ထွန်းဆီ လေးလေးဖုန်းဆက်ထားလိုက်မယ်"

"ဒါဖြင့်ကျုပ်ပြန်ရတော့မလား"

လေးလေးမြင့်က ခေါင်းညိတ်ပြသည်။ နှစ်ဦးစလုံးအိမ်ထဲသို့ ပြန်ဝင်လာကြ၏။ ဇော်မြင့်ဝင်းပြန်မည့်ဟံခါးအထိ လေးလေးမြင့်က ယှဉ်တွဲကာလိုက်လာသည်။ တံခါးအရောက်တွင် ဇော်မြင့်ဝင်းထွက်ခွါမသွားမီ လေးလေးမြင့်က ဇော်မြင့်ဝင်း၏ လက်မောင်းကိုကိုင်ကာ မျက်နှာချင်းဆိုင်မိအောင် ဆွဲလှည့်လိုက်သည်။

"ဒီကိစ္စအရှုပ်တွေအားလုံးပြီးသွားရင် လေးလေးတို့ထပ်ပြီး ညှိနှိုင်းကြပါစို့ ကိုဇော်"

"ဘာကိုလဲ"

"ဩော်…ကိုဇော်ရယ်…လေးလေးနဲ့ကိုဇော်ရဲ့ ကိုယ်ရေးကိုယ်တာ ထပ်ပြီးညှိနှိုင်းသင့်ကြပြီမဟုတ်လား"

ဇော်မြင့်ဝင်းသည် မော့ကြည့်နေသော လေးလေးမြင့်အား စူးစူးစိုက်စိုက် ငုံ့ကြည့်မိရှာသည်။ ယခုတစ်ကြိမ်၌မူ ဇော်မြင့်ဝင်း၏ အတင်းအမာအမူအရာများသည် လျော့ကျသွားသည်ဟုထင်ရသည်။ ချစ်ခြင်းမေတ္တာနှင့် နှလုံးသားဆိုသည်က ခက်ပဲခက်ပါဘိ။

"ကောင်းပါပြီလေးလေး…ကိုဇော်တို့ ထပ်ညှိကြသေးတာပေါ့"

အမူအရာပြောင်းသွားသလို ဇော်မြင့်ဝင်း၏ စကားပြောသံမှာ လည်းပျော့ပြောင်းလာပေ၏။ ဒါကိုအကဲခတ်မိဟန်တူသည့် လေးလေးမြင့်၏ မျက်နှာသည် ပြုံးရိပ်သန်းလာသည်။ မျက်လုံးကလေးများသည် အရောင်ဝင်းလဲ့လာသည်။

"ဩော်…တကယ်တန်းကျတော့လည်း ကိုဇော်ရဲ့နှလုံးသားဟာ အမြဲနူးညံ့လျှက်ပါပဲလား ကိုဇော်"

ဇော်မြင့်ဝင်းသည် ဘာမျှမပြောတော့ဘဲ ဆက်လက်ထွက်ခွါလာခဲ့သည်။ မာစီးဒီးကားကြီးနားရောက်မှ အင်းယားမြိုင်သို့ လှမ်းကြည့်ရာ တံခါးဝတွင်ရပ်လျှက်သား သူ့ထံသို့ကြည့်နေရှာသေးသည့် လေးလေးမြင့်ကိုတွေ့ရသည်။

မာစီးဒီးကိုစက်နှိုးကာ ညင်သာစွာပင် ဇော်မြင့်ဝင်းမောင်းထွက်လာခဲ့သည်။

◆ ◆ ◆ ◆ ◆



## [၁၃]

မြေနီကုန်း အခန်းငှားဘော်ဒါဆောင်သို့ ဇော်မြင့်ဝင်း ရောက်လာခဲ့ပေသည်။ ယနေ့ညအဖို့အိပ်စက်အနားယူရန် သူ၏ကားကူရှင်နောက်၌တင်ထားသော လက်ဆွဲအိတ်ကို လှမ်းကိုင်လိုက်သည်။ ထူးဆန်းလေစွ။

လက်ဆွဲအိတ်သည် သူထားသောနေရာတွင်ရှိမနေတော့ပေ။ ကူရှင်ပေါ်တွင်လည်း မတွေ့ရ။ ကား၏ခင်းပြင်များကြားသို့ငုံ့ကြည့်ရှာဖွေကြည့်ပြန်သည်။ မတွေ့။ တစ်စုံတစ်ယောက်သည် သူ၏လက်ဆွဲအိတ်ကိုခိုးယူလိုက်ပေပြီ။

ဇော်မြင့်ဝင်းသည် ယနေ့အဖို့ မော်တော်ကားကို သော့မခတ်ဘဲ အချိန်ကြာမြင့်စွာ ရပ်ထားခဲ့လေသည့်နေရာများကို ပြန်လည်စဉ်းစားသည်။ မနက်ပိုင်းက အင်းယားမြိုင်တွင်တစ်ကြိမ် နေ့ခင်းပိုင်းတွင် ဦးစိုင်းမောင်၏ မြန်နန္ဒာခြံထဲတွင် ရပ်ခဲ့သည်။ ယခုလေးလေးမြင့်ရှုံရော အင်းယားမြိုင်တွင်ရပ်ခဲ့၏။ အမျိုးသားစာကြည့်တိုက်ထဲဝင်ခဲ့စဉ်ကမူ မှတ်မှတ်ရရ မော်တော်ကားကို ဇော်မြင့်ဝင်းသော့ခတ်ခဲ့သည်။

နောက်ဆုံးအဖြစ်နိုင်ဆုံးမှာ ကိုလွင်ဦးပင်ဖြစ်ရမည်။ ကိုလွင်ဦးအား ထိုးပုတ်ပြီးလွှတ်လိုက်စဉ်မှာ သူ၏လင်ရိုဗာအနီး၌ရှိနေသော မာစီးဒီးကားထဲမှ ကိုလွင်ဦးဆွဲယူသွားခြင်းပင်ဖြစ်ရမည်။

ကိုလွင်ဦး၏လိပ်စာကို ပြန်လည်ကာ ဇော်မြင့်ဝင်းစဉ်းစားကြည့်သည်။ နှစ်ဂဏန်းတွေ တော်တော်များများပါသည်ကို အငပြုကာသတိရမိ၏။

အမှတ် - ၂၂၂၂

ပြည်သာယာလမ်း

ဘောက်ထော်

ဖြစ်ပါ၏။ ဇော်မြင့်ဝင်းသည် ဘောက်ထော်ပြည်သာယာလမ်းဆီသို့ ပြန်လည်ကာ မောင်းလာခဲ့ရပြန်သည်။

ကိုလွင်ဦး၏အိမ်မှန်း အိမ်ရှေ့တွင်ရပ်ထားသော လင်းရိုဗာမော်တော်ကားက သက်သေခံလျှက်ရှိသည်။ လင်းရိုဗာ၏ ကားမီးများသည် ရပ်ထားလျှက်ကြီးမှပင် ဖွင့်ထားလျှက်ရှိသည်။ ကိုလွင်ဦးသည်



မူးမူးရူးရူးနှင့် မော်တော်ကားမီးပိတ်ရန် မေ့ထားခဲ့ဟန်တူပေသည်။

လင်းရိုဗာကားထဲတွင် ဇော်မြင့်ဝင်း၏ လက်ဆွဲအိတ်ကိုမတွေ့ရပေ။ ကိုလွင်ဦး၏ ပျဉ်ထောင်အိမ်ဆီသို့ ဇော်မြင့်ဝင်းခက်လျှောက်လာခဲ့သည်။ အိမ်ထဲတွင် မီးလင်းလျှက်ရှိကြောင်း ဇော်မြင့်ဝင်းသတိထားမိသည်။ တံခါးမကြီးမှာ သော့တန်းလန်းနှင့် ပိတ်ထားသည်။ ဇော်မြင့်ဝင်းကဖွင့်ကြည့်သည်။ ပွင့်သွားပေ၏။

ဇော်မြင့်ဝင်းသည် အိမ်ထဲသို့ရဲတင်းစွာ ဝင်လာခဲ့ပေသည်။ မိမိ၏ လက်ဆွဲအိတ်ကိစ္စကိုမေးရန်ဖြစ်၍ မည်သို့မျှမဝံ့မရဲဖြစ်စရာအကြောင်းမရှိ။ ဧည့်ခန်းတွင်မည်သည့်သက်ရှိမျှရှိမနေပေ။

အိပ်ခန်းဆီသို့ ဝင်ရောက်လာခဲ့သည်။

တစ်ယောက်အိပ် ကျွန်းကုတင်ပေါ်ဝယ် ကိုလွင်ဦးသည် ကျကျနအိပ်မောကျလျှက်ရှိနေသည်။ သူ့ဘေးတွင် ဝီစကီပုလင်းတစ်လုံးတွေ့ရပြန်သည်။ တော်တော်သောက်နိုင်တဲ့လူပင်။ ထို့ကြောင့်လည်း ကုလားသေကုလားမော အိပ်ပျော်နေခြင်းပင်ဖြစ်မည်။ ကိုလွင်ဦးသည် အရက်သောက်ခြင်းနှင့် မိန်းမလိုက်ခြင်းကို အတော်ပင်စွဲစွဲလမ်းလမ်းပြုမူကြောင်း ထင်ရှားသည်။ သူ၏အိပ်ခန်းပတ်ပတ်လည်တွင် အမျိုးသမီးဓာတ်ပုံအမျိုးမျိုးအား မှန်ဘောင်သွင်းချိတ်ဆွဲထားလျှက်ရှိသည်။ အလှအပကလေးများချည်းဖြစ်သည်။ အချို့အမျိုးသမီးပုံတို့မှာ ရေကူးဝတ်စုံဖြင့် မြင်ရသူရင်ဖိုဖွယ်ကောင်းလှသည်။ ကိုလွင်ဦးသည် ဥပမိရှုပ်ကလည်း ဖြောင့်လေသည်မို့ မြာတော်တော်စွန့်ဟန်ရှိပေသည်။

ကိုလွင်ဦး၏ အိပ်ခန်းထဲဝယ် ပျောက်ဆုံးသွားသော ဇော်မြင့်ဝင်း၏ လက်ဆွဲအိတ်ကိုမတွေ့ရပေ။ အဝတ်ထည့်မတ်တတ်ဗီဒိုမှာ ပွင့်လျှက်သားမို့ ဇော်မြင့်ဝင်းက ဖွင့်ကြည့်မိပြန်သည်။

ထင်းကနဲတွေ့ရသည်မှာကား‥

ဗီဒို၏လက်ဝဲဘက်တွင် (Hanger)ဆွဲဂျိတ်ဖြင့် ချိတ်ထားသော ထူးဆန်းသည့်ဝတ်စုံနှစ်စုံကိုတွေ့ရသည်။

တစ်စုံသည် ဒူကြီးကြပ်ရေးမှူးအဆင့်ရှိ ငွေရောင်သပြေခက်တပ်ထားသည့် ရဲဝတ်စုံဖြစ်၏။

နောက်တစ်စုံသည် တက်ထရစ်(စ်)အစိမ်းရောင် ဗိုလ်ကြီးအဆင့်ရှိ ရွှေရောင်သပြေခက်သုံးချောင်းနှင့် စစ်ဝတ်စုံတို့ဖြစ်ပေသည်။

ဇော်မြင့်ဝင်းက ပခုံးတွန့်ကာ ဝတ်စုံနှစ်စုံမှ မျက်နှာလွှဲလိုက်သည်။ အံဆွဲကိုမွှေကြည့်ပြန်သည်။ သေနတ်နှစ်လက်ကိုတွေ့ရသည်။ တစ်လက်မှာ ရဲအရာရှိကိုင် ခြောက်လုံးပြူးဖြစ်ပြီး နောက်တစ်လက်မှာ တပ်မတော်အရာရှိကိုင် ပစ္စတိုဖြစ်ပေသည်။ ဦးကျော်သူထံမှ ပျောက်ဆုံးနေသော ဒသမသုံးနှစ်ပစ္စတိုတော့ မတွေ့ရပေ။ စာအိတ်မျိုးစုံကို တွေ့ရပြန်သည်။ အားလုံးမှာအမျိုးသမီးများထံမှ ပေးသောစာများသာဖြစ်သည်။ ထိုအထဲတွင် ဦးကျော်သူ၏ သူ့ကိုယ်သူသတ်သေစာ မတွေ့ရပေ။

ယင်းအခိုက်မှာပင် ကိုလွင်ဦး၏ တဟဲဟဲရယ်သံသည် ဇော်မြင့်ဝင်း၏ နောက်ပါးမှ ပေါ်ထွက်လာပေသည်။ ဇော်မြင့်ဝင်းသည် ချာခနဲ နောက်သို့လှည့်လိုက်မိသည်။

"ဟဲ…ဟဲ…ဒီလောက်ကလေးများ တွန့်တိုမနေစမ်းပါနဲ့ အချစ်ကိုယ်ကလူကြမ်းကြီးလည်းမဟုတ်ပါဘူး…လောကီသားတွေရဲ့ အရိုးဖြစ်စဉ်တွေပဲဟာ"

ကိုလွင်ဦးသည် မျက်စေ့စုံမှိတ်ရင်း ပြောဆိုနေခြင်းဖြစ်ပေသည်။ အိမ်မက်ထဲမှ အကြောင်းအရာတွေကို နှုတ်မှပီသစွာပြောနေခြင်းဖြစ်၏။ ကိုလွင်ဦး၏နှုတ်ခမ်းမှာ ပြုံးနေပေသည်။ လှပသောအိပ်မက်တစ်ခု မက်နေဟန်တူပေ၏။

ကိုလွင်ဦး၏ အိပ်ရာဘေးရှိ စားပွဲဆီသို့ ဇော်မြင့်ဝင်းချဉ်းကပ်မိပြန်သည်။ စားပွဲပေါ်တွင် ခင်မာ၏ဓာတ်ပုံတစ်ခုကိုတွေ့ရသည်။ ကျောဘက်တွင် ခင်မာ၏လက်ရေးဖြင့် 'ကိုလူလည်ကြီးသို့ ခင်မာ' ဟု ရေးထားသည်ကိုတွေ့ရ၏။ ခင်မာ၏လက်မှတ်ထိုးနေ့စွဲမှာ လွန်ခဲ့သော တစ်လကျော်လောက်ကဖြစ်သည်။ ဦးကျော်သူသေဆုံးပြီးမှ ခင်မာ ကိုလွင်ဦးကိုပေးထားသော ဓာတ်ပုံဖြစ်၏။ လွင်ဦးလိုလူအား ဓာတ်ပုံပေးသည်အထိ ရင်းနှီးအောင်ဆက်ဆံတတ်သော ခင်မာအား ဇော်မြင့်ဝင်းက ကြိတ်၍အပြစ်တင်မိသည်။ လွင်ဦးသည် အမျိုးသမီးငယ်ကလေးများကို ဖြေဖျော်ရာ၊ ကစားရာဟူ၍ သဘောထားတတ်သည် မဟုတ်ပါလား။

တစ်ခန်းလုံးဝယ် ဓော်မြင့်ဝင်း၏ လက်ဆွဲအိတ်ကိုမတွေ့ရ
ဓော်မြင့်ဝင်းသည် ရေချိုးခန်းဘက်သို့ ကူးလာခဲ့သည်။ ထိုအထဲ၌လည်း
လက်ဆွဲအိတ်မတွေ့။ ယင်းလက်ဆွဲအိတ်သည် ကိုလွင်ဦးအိမ်၌တော
မရှိရိုးအမှန်ပင်။ ကိုလွင်ဦးသည် ရပ်ထားသောကားကို မီးဖွင့်ထား
ခြင်း၊ သူ၏အိမ်တံခါးကို သော့တန်းလန်းဖြင့် ထားခဲ့ခြင်းတို့အ
အမူးလွန်လျှက်ရှိကြောင်း ထင်ရှားလှသည်။ ဤမျှရေချိန်လွန်နေသ
သည် ဓော်မြင့်ဝင်း၏ လက်ဆွဲအိတ်ကိုအလွယ်တကူဆွဲလာသည်
စေဦးတော့ သူ၏ပိုင်နက်၊ သူ၏အိမ်ထဲရောက်လေမှ လုံခြုံစွာသိမ်
မထားတန်ရာ။

လေးလေးမြင့်အနေနှင့်လည်း ဓော်မြင့်ဝင်း၏ လက်ဆွဲအိတ်အ
ရယူထားစရာအကြောင်းမရှိ။ ဤသို့သာဆိုလျှင် ဦးစိုင်းမောင်သာလျှ
ဓော်မြင့်ဝင်း၏ လက်ဆွဲအိတ်ကိုတစ်ဖက်လှည့်နှင့် အရယူထားခြင်းဖြ
တန်ရာ၏။

ဓော်မြင့်ဝင်းသည် ရေချိုးခန်းဘက်မှထွက်ပြီး ပြန်တော့မည်ပြုစဉ်
မှာပင် အပြင်တံခါးမှ လူခေါ်ခေါင်းလောင်းသံကလေးသည် စီကာ
ပေါ်ထွက်လာတော့သည်။ အပြင်ဘက်တွင် တစ်စုံတစ်ယောက်သည်
ရောက်ရှိလျှက်ရှိပေပြီ။ ကိုလွင်ဦးဧည့်သည်တစ်ဦးပင်ဖြစ်မည်၊
ဓော်မြင့်ဝင်းအဖို့ အပြင်သို့မထွက်သာသည့်အတူတူ ကိုလွင်ဦး၏ ဧည့်
သည်ဝင်အလာကို ပုန်းကွယ်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

အတွင်းမှဖွင့်ပေးမည့်သူလည်းမရှိသည့်ပြင် တံခါးမှာလည်း သော့



န်းလန်းနှင့်မို့ ဧည့်သည်သည် အထဲသို့တံခါးဖွင့်ဝင်လာဟန်တူသည်။

"ဟေး...ကိုလွင်ဦး ဘယ်လိုလူမှန်းလည်းမသိဘူး...တံခါးကြီး
ည်း သော့တန်းလန်းနဲ့ ဘာလဲဖွင့်မပေးဘူး"

ဓော်မြင့်ဝင်းသည် တံခါးကြားမှ အပြင်သို့ချောင်းကြည့်၏။ လူပု
စ်ယောက်ဖြစ်ပေသည်။ ဝလည်းဝသေး၏။ ပါးစပ်ပြဲပြီး ဦးကင်းမှာ
ပ်ပြောင်နေသည်။ ဝတ်စားထားသည်မှာတော့ အဖိုးတန်ဝတ်စုံဖြစ်
။ စိန်လက်စွပ်နှင့် ရွှေလက်ပတ်ကြိုးကြီးသည် မီးရောင်တွင်ဝင်း
က်သွားပေသည်။ ကိုလွင်ဦး၏အိပ်ခန်းဆီသို့ တန်းတန်းမတ်မတ်
လျှောက်သွားသည်။ ထိုလူပုဧည့်သည်သည် ကိုလွင်ဦး၏အိမ်သို့ အဝင်
ထွက်ကျွမ်းကျင်ပြီးသားဖြစ်ဟန်တူသည်။

"အံမာ...ဘသားချောက ဇွေ့လို့ကိုး...ဒီလူကတော့စံပါ့ဗျာ..
ပွေနေရရင်နေရ မပွေရရင်မူးတော့တာပဲ...ဟေး...ကိုလွင်ဦး
စမ်းဦးလေဗျာ"

ကိုလွင်ဦး၏ အိပ်ချင်မူးတူးသံထွက်လာသည်။

"ဘာလဲ...ဘယ်သူလဲ"

"ကျုပ်ပါ...ကိုထွေးပါ..."

"အင်း...ကိုထွေးလား...ဘာဖြစ်လာလို့လဲ"

"ကျုပ် ခင်ဗျားဆီကို တယ်လီဖုန်းဆက်ရတာအမောပဲ ကိုလွင်ဦး
ပေမယ့် ခင်ဗျားပြန်မထူးဘူး"

"အပြင်ထွက်နေတာကိုးဗျ"

သူတို့နှစ်ဦးပြောနေသံကို ဇော်မြင့်ဝင်းသည် အတိုင်းသားကြား နေရလေသည်။

"ခင်ဗျားဘာတွေဖြစ်နေလဲ ကိုလွင်ဦး အပြင်ဘက်မှာ ခင်ဗျား လင့်ရှိဗာဟာ မီးကြီးပွင့်နေတယ်။ ခင်ဗျားအိမ်ကိုသော့တန်းလန်းကြီး နှင့် တံခါးဖွင့်ထားတယ်။ ဒီမှာကျတော့လည်း ခင်ဗျားကအိပ်မောကျ လို့ အဲဒါကဘာတွေဖြစ်နေတာလဲ ကိုလွင်ဦး"

"မူးတာပေါ့ဗျ…တခြားဘာရှိဦးမှာလဲ…ပေးစမ်းပါဦး ခင်ဗျား ဘေးက ဝီစကီပုလင်း"

"တော်တော့..ကိုလွင်ဦး…ကျုပ်မေးစရာရှိလို့လာခဲ့တာ..ဒီ မှာ ကိုလွင်ဦး ကျုပ်နဲ့ခင်ဗျားလုပ်နေတာတွေ နောက်ပိုင်းစိတ်ချရပါ့မလား"

"ဘာလို့လဲ"

"ဦးစိုင်းမောင်ကြီး ဒေါကန်နေတယ်လေဗျာ။ အဲဒါခင်ဗျားက မသိဘူးလား ကိုလွင်ဦး၊ သူ့ပစ္စည်းတွေကို သူ့ဈေးကွက်မှာဈေးနှိမ်တယ် ဆိုပြီး ဒေါကန်နေတာ။ ဝယ်သူကလည်းပစ္စည်းအရောက်များတော့ ဈေးနှိမ်တာထုံးစံပေါ့။ အဲဒါကြောင့် ခင်ဗျားနဲ့ကျုပ်နောက်ပိုင်းအေးပါ့ မလားလို့ ကျုပ်လာမေးတာ"

"ဘာလဲ…ကိုထွေးကကြောက်လို့လား"

"ကြောက်ပြီလား ကိုလွင်ဦး၊ ဦးစိုင်းမောင်ဘယ်လောက်အရွဲ့ တောင့်တယ်ဆိုတာ ခင်ဗျားအသိဆုံးပါ။ ကျုပ်တော့ ဦးကျော်သူ သွားရတဲ့လမ်းမျိုးကို မလိုက်ချင်တာအမှန်ပဲ ကိုလွင်ဦး"



"မပူပါနဲ့ကိုထွေးရာ…ဦးစိုင်းမောင်က ကျုပ်တို့ကိစ္စကို ဘာတစ် လုံးမှမသိပါဘူး။ သူသိတာနဲ့ သူထင်ထားတာတွေက တစ်မျိုးပါ"

"နို့ ဦးကျော်သူ သေဆုံးပြီးတဲ့နောက်မှာ ဒီလုပ်ငန်းကြီးတစ်ခုလုံး ဦးစိုင်းမောင်လက်ထဲမှာပဲ မဟုတ်လား"

"အဲဒါဘာဖြစ်လဲကိုထွေး…ကျုပ်လုပ်နေတာက သူ့ရဲ့အရင်းထဲ က ပါလာတာမှမဟုတ်ဘဲ…သက်သက်လုပ်နေတာပဲဟာ အလကား နေရင်း ပူမနေစမ်းပါနဲ့ ကိုထွေး၊ ခင်ဗျားပြန်တော့ဗျာ။ ကျုပ်အိပ်ချင် ပြီ"

ခေတ္တငြိမ်သွားကြပြန်သည်။ ပြီးမှ ကိုထွေးဆိုသူ၏အသံက ဆက် သက်ပေါ်လာပြန်သည်။

"သက်သက်လုပ်နေတာတော့မှန်တာပေါ့ ကိုလွင်ဦး၊ ဒါပေမယ့် သူ့ဈေးကွက်မှာနာလာရင် ဦးစိုင်းမောင်က အကြောင်းမှန်ကို မစုံစမ်း ဘဲနေမလား…ဒီလူကြီးက တကယ့်ကြောက်စရာလူကြီး"

"ကိုထွေး ခင်ဗျားပြန်တော့ဗျာ…ကျုပ်အိပ်ချင်ပြီ"

"ဒီကြားထဲ ကိုလွင်ဦးက သူရည်ရွယ်ချက်ထားတဲ့ အမျိုးသမီး ကို သွားနူးနေသေးတယ်။ အဲဒါသိမှပိုဆိုးကုန်မှာ၊ ဦးစိုင်းမောင်ကိုတော့ ကျုပ်တကယ်ကြောက်တာဗျို့"

"အဲဒီအမျိုးသမီးကိစ္စက တခြားပါကိုထွေးရာ…ကျုပ်ဇာတ်ကို ကျုပ်နိုင်ပါတယ်။ ကဲ..ခင်ဗျားပြန်တော့ဗျာ…ကျုပ်လင့်ရှိဗာကားကို လည်း မီးပြန်ပိတ်ခဲ့ပေးစမ်းပါ"

"ကျုပ်လာကတည်းက ခင်ဗျားကားကို မီးပိတ်ထားခဲ့ပြီးပါပြီ ရော့...ကားသော့တောင်ဖြုတ်လာခဲ့တယ်။ ကဲ ကျုပ်သွားမယ် ကိုလွင်ဦး အစစစိတ်ချပါရစေဗျာ၊ နောက်တစ်ခေါက်အတွက်လည်း ကျုပ်ဒီကအစီအစဉ်တွေအားလုံး လုပ်ပြီးသားပါ။ ခါတိုင်းဈေးနှုန်း အတိုင်းပေါ့ ကိုလွင်ဦး"

ကိုလွင်ဦးထံမှ ဘာမျှပြန်ပြောသံမကြားရပေ။ ကိုဇွေးဆိုသူ ပြန်လည်ထွက်ခွါသွားသောခြေသံကို ဇော်မြင့်ဝင်းကြားရလေသည်။ ဇော်မြင့်ဝင်းသည် ရေချိုးခန်းတွင် ထပ်မံ၍နာရီဝက်လောက်နေရသေး၏။ ကိုလွင်ဦး အိပ်မောကျပြီး ဟောက်သံမှန်မှန်ထွက်လာမှ ရေချိုးခန်းထဲမှ ထွက်လာခဲ့ရတော့သည်။ အထွက်တံခါးပေါက်အရောက်တွင် အထဲမှမသဲမကွဲ ကိုလွင်ဦး၏ စကားပြောသံကို ဇော်မြင့်ဝင်းကြားသဖြင့် ပြုံးလိုက်မိသည်။ ကိုလွင်ဦးသည် အိမ်မက်လှလှကလေးများ ထပ်မက်ပြီး အိပ်ပေါ်ရင်းစကားပြောနေပြန်လေပြီတည်း။

ထွက်တံခါးကို ပြန်ပိတ်ခဲ့ကာ ဇော်မြင့်ဝင်းသည် ဘောက်ထော် ပြည်သာယာလမ်းမှ ပြန်လည်ထွက်ခွါလာခဲ့တော့၏။

◆ ◆ ◆ ◆ ◆



## [၁၄]

နောက်တစ်နေ့ ရှစ်နာရီလေးဆယ့်ငါးမိနစ်တွင် ဘားလမ်းရှိ ရှေ့နေ ဦးဉာဏ်ထွန်း၏ အလုပ်တိုက်သို့ ဇော်မြင့်ဝင်း ရောက်လာခဲ့သည်။ အိပ်ရာထနောက်ကျ၍ ကမန်းကတန်း ဇော်မြင့်ဝင်းထလာခဲ့သော်လည်း ရှေ့နေဦးဉာဏ်ထွန်း၏ ဘားလမ်းအလုပ်တိုက်ဝယ် လက်နှိပ်စက် စာရေးမလေးတစ်ဦးကိုသာ တွေ့ရပေသေးသည်။ လေးလေးမြင့်လည်း မရောက်သေး။ ရှေ့နေဦးဉာဏ်ထွန်းကိုလည်း ဇော်မြင့်ဝင်း မတွေ့ရသေးပေ။

"ခဏစောင့်ပါရှင်...ဆရာဦးဉာဏ်ထွန်းက နောက်ထပ်တစ်နာရီလောက် နောက်ကျပြီးမှ လာမယ်လို့ စောစောကပဲ ဖုန်းဆက်ပါတယ်"

"နို့ ဦးကျော်သူရဲ့ဇနီး ဒေါ်လေးလေးမြင့်ကကောဗျာ"

"ဟုတ်ကဲ့…ဒီနေ့မနက်(၉)နာရီမှာ ဒီကိုလာမယ်လို့ မနေ့ကချိန်းဆိုထားတယ်လို့ ဆရာဦးဉာဏ်ထွန်းကပြောပါတယ်"

ဇော်မြင့်ဝင်းသည် ထိုင်၍စောင့်နေပေသည်။ ကိုးနာရီခွဲပြီးသောအခါ ဇော်မြင့်ဝင်းစိတ်မရှည်တော့ပေ။ လက်နှိပ်စက်စာရေးမထံတွင် ခွင့်တောင်းကာ လေးလေးမြင့်၏ အင်းယားမြိုင်သို့ဖုန်းဆက်လိုက်တော့သည်။

"ဒေါ်လေးလေးမြင့်တစ်ယောက်ရှိနေသလားလို့ပါ"

"မရှိပါဘူးရှင်"

"အခုပြောနေတာ ဘယ်သူလဲဗျာ"

"ဒေါ်သက်စုပါ"

ဒေါ်သက်စုဆိုသည်မှာ လေးလေးမြင့်၏ အိမ်ဖော်အမျိုးသမီးကြီးမှန်း ဇော်မြင့်ဝင်းကသိထားလေသည်။

"ဒီမှာအဒေါ် အဒေါ်ရောက်တဲ့အချိန်မှာ မလေးလေးမြင့် အိမ်မှာရှိမနေဘူးလား…"

"ဟုတ်ပါတယ် လေးလေးမြင့်ရှိမနေပါဘူး"

"ဒါဖြင့် သူ့အိပ်ခန်းထဲ သွားကြည့်စမ်းပါဦး…ကျွန်တော်ဖုန်းကိုကိုင်ထားပါ့မယ်။ လေးလေးမြင့်ဟာ ညကအိမ်မှာအိပ်ခဲ့သလား၊ မအိပ်ခဲ့ဘူးလားဆိုတာ သေချာစစ်ကြည့်ခဲ့စမ်းပါ"

တအောင့်လောက်တော့ ဇော်မြင့်ဝင်းသည် တယ်လီဖုန်းကို



ကိုင်ထားရပေသေးသည်။ မိနစ်ပိုင်းအတွင်းမှာပင် ဒေါ်သက်စု၏ စကားသံကို ပြန်လည်ကြားရ၏။

"အပြောရတော့ခက်တယ် လေးလေးမြင့်ရဲ့ အိပ်ရာဟာ ခေါင်းအုံးတွေနေရာရွေ့နေပေမယ့် လုံးဝတွန့်ကြေနေတာမတွေ့ရဘူး"

ဇော်မြင့်ဝင်းသည် မျက်နှာထားတင်းမာသွားရလေသည်။ ဒေါ်သက်စု၏ စကားအရဆိုလျှင် လေးလေးမြင့်သည် ညကလည်း အင်းယားမြိုင်တွင် အိပ်ခဲ့ဟန်မတူ။ ယခုလည်း အင်းယားမြိုင်၌ရှိမနေပေ။ ပဟေဠိများကိုသာ ဖန်ဆင်းတတ်လေသည်။ လေးလေးမြင့်အား ဒုန်းဒုန်းချယုံကြည်ရဖို့ဆိုသည်မှာ ခက်လွန်းလှ၏။ ဤမိန်းမသည် ဘယ်သောအခါ တည်ကြည်ဖြောင့်မတ်သောစိတ်ထားမွေးမြူချင်ဟန် မရှိပေ။ ယခုဆီထမင်းနှင့် နောက်ထပ်တဒင်္ဂဝယ် စာလေးကြော်ဖြစ်တတ်သည်။

ဇော်မြင့်ဝင်းသည် တယ်လီဖုန်းကို ဖြည်းလေးစွာပင် ပြန်ချထားလိုက်သည်။ ထို့နောက်ရှေ့နေဦးဉာဏ်ထွန်း၏ အလုပ်ခန်းမှဆင်းလာခဲ့မိတော့၏။

အောက်ထပ်ရောက်သောအခါ ပလက်ဖောင်းဘေး မှန်လုံအခန်းထဲဝယ် တစ်မတ်တန်တယ်လီဖုန်းနီနီကိုတွေ့ရပြန်သည်။ ဇော်မြင့်ဝင်းသည် မကျေနပ်လေသောကြောင့် တယ်လီဖုန်းအခန်းထဲသို့ ဝင်ကာ ဦးစိုင်းမောင်ထံဆက်လိုက်ပြန်သည်။

"ကျွန်တော် ဇော်မြင့်ဝင်းပါ ဦးစိုင်းမောင်"

"ဩ…သူရဲကောင်းကြီးလား အခုရဲတပ်ဖွဲ့ကိုသွားချင်ပြီ ကျုပ်ဆီဆက်တာလား…ကိုဇော်မြင့်ဝင်း"

"မဟုတ်သေးဘူး ဦးစိုင်းမောင်…ခင်ဗျားလေးလေးမြင့်ကိုများ တွေ့မိသလားလို့ပါ။ ဒါမှမဟုတ် လေးလေးမြင့် ခင်ဗျားဆီရောက်နေသလားလို့ပါ"

"တွေ့လည်းမတွေ့…ရောက်လည်းမရောက်ပါလား"

ဇော်မြင့်ဝင်းက ဘာမှပြန်မဖြေသောကြောင့် ဦးစိုင်းမောင်ကပင် ဆက်၍ မေးခွန်းထုတ်ပြန်သည်။

"ဘယ်လိုလဲ ကိုဇော်မြင့်ဝင်း တစ်ခုတော့ကျုပ်ပြောပါရစေ ပြည်သူ့ရဲတပ်ဖွဲ့ကို ခင်ဗျားမသွားသင့်ဘူးလို့ ကျုပ်အကြံပေးပါရစေ"

ဇော်မြင့်ဝင်းသည် တယ်လီဖုန်းကို ပြန်ချထားလိုက်သည်။ ဦးစိုင်းမောင်၏စကားကို ဆက်လက်နားမထောင်တော့ပေ။ အပြင်သို့ ထွက်လာ၏။ သတင်းစာရောင်းသမားတစ်ဦးကို တွေ့သဖြင့် တစ်စောင်ဝယ်ကာ လမ်းမတ်တတ်ဖတ်ကြည့်သည်။

ပါလာပါလေပြီ။

မျက်နှာဖုန်း ခေါင်းစီးသတင်းအဖြစ် ပါလာလေတော့၏။ သော့လှဘော်၏ အကြောင်းပင်။ သော့လှဘော်ကို သော့လှဘော်မှန်း ရဲတပ်ဖွဲ့က သိပါလေပြီ။ ရင်ခွဲရုံတွင် ရင်ခွဲပြီးစစ်ဆေးသည့်အတွက် သော့လှဘော်သည် အဆိပ်သင့်သေဆုံးရကြောင်းလည်း ဖော်ပြထားသည်။ သော့လှဘော်၏အဆုတ်ဝယ် ရေများဝင်မနေသောကြောင့်



ရေနစ်ခြင်းမဟုတ်ကြောင်းကိုလည်းကောင်း၊ လှဘော်၏ဖနီး မနန်းစိန် ပျောက်ဆုံးနေသည်ကိုလည်းကောင်း၊ ဖော်ပြသေး၏။ ရဲတပ်ဖွဲ့သည် စုံထောက် ကျော်ဝင်းမော်၏စကားအရ စိုးရွှေဆိုသူအားလိုက်လံခြေရာခံလျှက်ရှိသည်ကိုလည်း ဖော်ပြထားပေသည်။ သတင်းစာတွင် ဦးစိုင်းမောင်၏အကြောင်းကိုမူ တစိုးတစဉ်းမျှပါရှိခြင်းမရှိပေ။

ဇော်မြင့်ဝင်းသည် ရဲတပ်ဖွဲ့သို့သွားရန် လက်လျှော့လိုက်၏။ ယခုအချိန်သည် ရဲတပ်ဖွဲ့နှင့် သွားရောက်တွေ့ဆုံရန်အတွက် ဇော်မြင့်ဝင်းတွင် များစွာအချိန်နှောင်းလေပြီ။ သွားသည်နှင့် သော့လှဘော်အသတ်ခံရမှုအတွက် ဆီးဖမ်းကာ သတင်းစာများတွင် စိုးရွှေခေါ် ဇော်မြင့်ဝင်းဟု ထည့်လေတော့မည်မှာမလွဲ။

ယခုဆိုလျှင် အလွတ်စုံထောက် ကျော်ဝင်းမော်မှတစ်ဆင့် စိုးရွှေဆိုသူ၏ ကိုယ်လုံးကိုယ်ထည် ဟန်အမူအယာ ဥပမိရုပ်ကို ရဲတပ်ဖွဲ့က သိလောက်ပေပြီ။ ကျော်ဝင်းမော်အား ပေးခဲ့သည့် ငါးကျပ်တန် ငွေစက္ကူများတွင် ဇော်မြင့်ဝင်း၏ လက်ဗွေပုံစံကိုပင် ရယူနိုင်ကောင်း ရယူပြီးဖြစ်လိမ့်မည်။ အနေးနှင့်အမြန်ဆိုသလို စိုးရွှေဆိုသူသည် ဇော်မြင့်ဝင်းမှန်း ရဲတပ်ဖွဲ့က သိလေမည်ပင်။

ဇော်မြင့်ဝင်းသည် သတင်းစာကိုခေါက်ကာ မာစီးဒီးရပ်ထားရာဆီသို့ မျှော်ကြည့်လိုက်သည်။ မည်သည့်အချိန်က ရောက်နေမှန်းမသိသော ဒု-လုံခြုံရေးမှူးတစ်ဦးနှင့် ရဲကြပ်ကြီး တစ်ဦးတို့သည် မာစီးဒီး

ကား၏ဘေးထွင်ရပ်ခါ ကားတစ်စီးလုံးကို ဖင်ပြန်ခေါင်းပြန် လို
ကြည့်နေသည်ကို ဇော်မြင့်ဝင်း တွေ့ရလေတော့သည်။

ဇော်မြင့်ဝင်း ဘာလုပ်ရမည်နည်း။

ဇော်မြင့်ဝင်းသည် တယ်လီဖုန်းအိမ်ကလေးထဲသို့ ပြန်ဝင်သွား
ပြန်သည်။ ယခုအခြေအနေတွင် လေးလေးမြင့်သည် အရေးတကြီး
အပ်နေပြီဖြစ်တော့၏။ ရဲတပ်ဖွဲ့အား ရှင်းကြစတမ်းဆိုလျှင် လေးလေး
မြင့်မပါဘဲ ရှင်း၍ရတော့မည်မဟုတ်လည်း ဇော်မြင့်ဝင်းအဖို့ လေးလေး
မြင့်သည် အရေးတကြီးလိုအပ်လျှက်ရှိလေပြီသာ...။

ဇော်မြင့်ဝင်းသည် ခင်မာ၏နံပါတ်ကို လှည့်ယူလိုက်ရလေတော့
သည်။ လေးလေးမြင့်ကို ရှာဖွေနိုင်သောလမ်းစသည် နောက်ဆုံးခင်
မာကိုသာ ရေနစ်သူကောက်ရိုးတစ်မျှင်ဆွဲသလို လှမ်း၍ဆွဲရတော့၏။

"ကိုဇော်ပါ ခင်မာ"

"အဲ...ကိုကိုဇော်ကြီး ညစာတုန်းက ခင်မာနဲ့လာမစားနိုင်လို့
အခုမနက်စာလာစားမလို့လား"

"အဲဒါကိုခဏထားစမ်းပါခင်မာ...လေးလေးမြင့်တစ်ယောက် ကို
ခင်မာဒီနေ့တွေ့မိလား"

"လာပြီ...တစ်ခါလာ လေးလေးမြင့်၊ မတွေ့ဘူး ကိုကိုဇော်၊
မမလေးကို ခင်မာကထိန်းနေတာမှမဟုတ်တာ။ တစ်ခုတော့ရှိတယ်။
ထူးထူးဆန်းဆန်း ကိုဇော့်ရဲ့နာမည်နဲ့ ခင်မာ့ဆီကိုကြေးနန်းတစ်စောင်



နေတယ်။ ကိုကိုဇော့်လိပ်စာတပ်ထားတာမို့ ခင်မာမဖောက်ဖတ်ရ
သေးဘူးကိုကိုဇော်"

"ဖောက်ပါခင်မာ ပြီးတော့ဖတ်ပြပါ"

"ဖောက်ဆိုရင် ဖောက်လိုက်မယ်ကိုကိုဇော်"

ခင်မာ့ထံမှ ခေတ္တတိတ်ဆိတ်သွားသည် ပြီးမှ...

"မမလေးရိုက်တဲ့ကြေးနန်းပဲ ကိုကိုဇော်၊ နေပါဦး..မမလေးက
ဘယ်တွေရောက်သွားပြီ...ဘယ်ကကြေးနန်းရိုက်တာပါလိမ့်"

"ဖတ်မှာသာဖတ်စမ်းပါခင်မာ"

"ဖတ်ပါ့မယ် တကတဲ...အဲ..ကိုဇော်တဲ့လေးလေးကြောက်လို့
ထွက်ပြေးပါပြီတဲ့...ဘာလုပ်ရမှန်းမသိအောင်ပါပဲတဲ့...ကိုဇော်လိုက်
ပါတဲ့...သက်တန့်ရောင်အောက်က လေးလေးကိုဇော့်ကို စောင့်နေ
ပါတယ်တဲ့...သက်တန့်ရောင်ဘယ်မှာလဲဆိုတာ ကိုဇော်သိပါတယ်
တဲ့"

ဇော်မြင့်ဝင်းသည် ရှည်လျားသောလေကို မျှင်းကာရှိုက်ယူပြီးမှ
မှုတ်ထုတ်လိုက်မိတော့သည်။ လေးလေးမြင့်သည် တလွဲတချော်ကြီး
သာလျှင် လုပ်ရက်ပေတော့သည်။

"ဘာတွေလဲ ကိုကိုဇော်...အဲဒီကြေးနန်းအဓိပ္ပါယ်ကဘာလဲဟင်၊
မမလေးက ဘယ်ကိုဘာလို့ပြေးတာလဲ"

"ဒီမှာခင်မာ..သံကြိုးစာပို့တဲ့ တံဆိပ်ဝိုင်းကို ကြည့်စမ်းပါ
ဘယ်ကလာတာလဲလို့"

"ဗိုင်အီးဒီအေအက်(စ်)အိပ်(ချ်)အေ..ရေတာရှည်ကကိုကိုဇော် ရေတာရှည်က အား...မမလေးက ရေတာရှည်ကိုဘယ်လိုရောက်သွား ပြန်တာလဲ၊ မမလေးနောက်ကိုရဲတပ်ဖွဲ့က လိုက်လို့လားကိုကိုဇော်"

"မလိုက်သေးပါဘူး ခင်မာ"

"ဒါဖြင့် ကိုကိုဇော်နောက်ကိုကော ရဲလိုက်ပြီလား"

"အင်း..."

"ဘာဖြစ်လို့..."

"လူသတ်မှုနှင့်ဖြစ်လိမ့်မယ်ခင်မာ"

ခင်မာ၏အသက်ရှူသံပြင်းပြင်းကို ဖုန်းထဲမှပဲကြားနေရပေ၏။

"ဘာဆိုင်လို့လဲ ကိုကိုဇော်က ဦးကျော်သူသေဆုံးတဲ့အချိန်မှာ ကိုကိုဇော်ဟာ မိုးကုတ်မှာပဲဟာ"

"ဦးကျော်သူကြောင့်မှမဟုတ်တာ ခင်မာ"

"ဒါဖြင့် ဘယ်သူ့ကိုသတ်မှုလဲ"

ခင်မာ၏အသံမှာ အေးဆေးငြိမ်သက်လှသည်။ ပြိုးပြိုးပြာပြာ ဖြစ်သွားသောအသံမျိုးမဟုတ်ပေ။

"ဒီနေ့မနက်ထုတ်သတင်းစာသာ ဖတ်ကြည့်ပေတော့"

"ဖတ်ကြည့်ပြီးပါပြီ ကိုကိုဇော်၊ အဲဒီကိစ္စမှာ မမလေးကကော ပတ်သက်လိုက်ပြန်ပြီလားဟင်"

"တစ်ကြောင်းမဟုတ် နောက်တစ်ကြောင်းနှင့် ပတ်သက်ရတဲ့



သဘောမျိုးတော့ရှိနေတယ် ခင်မာရေ၊ တကတဲ..ခင်မာကရဲစုံထောက် ဂျနေတာပဲ မေးလိုက်တာ"

"အဲဒီလိုတစ်ကြောင်းမဟုတ် တစ်ကြောင်းပတ်သက်လာတဲ့ မမလေးကို ကိုဇော်ကအကာအကွယ်ထပ်ပေးရင်း အနစ်နာခံဦးမယ်ပေါ့၊ ကြည့်လည်းလုပ် ကိုကိုဇော်၊ လော်ရင်းနစ်တယ်ဆိုတာ ဒါမျိုးပဲ"

"ဒီမှာ ခင်မာ ကိုကိုဇော်ပြောတာနားထောင်စမ်း"

"ဒီမှာကိုကိုဇော်...ကိုကိုဇော်ပြောတာကိုခင်မာနားမထောင် ခင် ခင်မာပြောတာကို ကိုကိုဇော် အရင်နားထောင်စမ်းပါ။ သော့လှဘော် အသတ်ခံရတဲ့ညက ကိုကိုဇော်ဟာ မမလေးရဲ့ ကားတစ်စီးနှင့်လျှောက် သွားနေတာမို့ ဘယ်မှာရှိပါတယ်ဆိုတဲ့ ခိုင်မာတဲ့ အလီဘိုင်(Alibi)မပြ နိုင်ဘူးမဟုတ်လား။ အဲဒီညက တစ်ညလုံးမိုးလင်းအထိ ခင်မာရဲ့ရန် ကင်းတိုက်မှာ ခင်မာနဲ့အတူရှိနေပါတယ်လို့ပြောပါ ကိုကိုဇော်..ခင်မာ က ဟုတ်တယ်လို့ အစစ်ခံမယ်"

"ခင်မာ့အကြံဟာ ကိုကိုဇော်တစ်ယောက်တည်းအတွက်တော့ ကောင်းပါတယ် ခင်မာ...ဒါပေမဲ့"

"ဒါပေမဲ့...မမလေးအတွက်က ငြိနေတုံးမို့ ကိုကိုဇော်မကြည့် ရက်နိုင်ဘူးပဲမဟုတ်လား။ ဟွန်း...မမလေးကိုမချစ်ဘူးဆို...လုံးဝ မချစ်ဘူးဆို ကိုကိုဇော်"

"တော်ပြီခင်မာ...ကိုကိုဇော်ခင်မာ့ကို နှုတ်ဆက်ပါတယ်"

"နေပါဦး...နှုတ်မဆက်ပါနဲ့ဦး...တယ်လီဖုန်းကိုင်ထားပါဦး

ခင်မာပြောစရာကျန်သေးလို့၊ အခုကိုကိုဇော်က ဘယ်သွားမှာလဲ"

"လေးလေးမြင့်နောက်ကိုလိုက်မယ်လေ၊ ဒါပေမယ့် ခင်မာထင်ထားတဲ့အထင်မျိုးနဲ့တော့မဟုတ်ဘူး။ သူ့ကိုအမိသွားဖမ်းမယ့် သဘောပဲ၊ ပြီးတော့နှစ်ယောက်စလုံးအတူတူ ရဲစခန်းတစ်ခုခုကိုသွားကြမယ်။ ဒီလိုလျှောက်ပြေးနေတာနဲ့ ပြဿနာက ပြီးမှာမှမဟုတ်တာ"

"ဒါပေါ့ နှစ်ယောက်တည်းဆိုရင် ဇဝရက်တောင်တက်ရတက်ရပေါ့ဟုတ်လား ကိုကိုဇော်"

"မဟုတ်သေးဘူး ခင်မာ"

"ထားပါတော့ ကိုကိုဇော်၊ ဒီမှာမမလေးရဲ့ သံကြိုးစာက မဆုံးသေးပါဘူး...နောက်ဆုံးအပိုဒ်ကို တမင်တကာခင်မာဖတ်မပြဘဲနေတာ"

"ဘာတဲ့လဲ နောက်ဆုံးအပိုဒ်က..."

"ကိုဇော့်ကို ထာဝရချစ်နေရတဲ့ လေးလေးပါတဲ့"

"ဟင်း...သဲနေလိုက်ကြတာ။ တစ်ယောက်ကိုတစ်ယောက်"

"ခင်မာ"ဟု ဇော်မြင့်ဝင်းက ဆက်ခေါ်သေးသော်လည်း ခင်မာသည် တယ်လီဖုန်းကို ဝုပ်ခနဲနေအောင် ချလိုက်ပြီဖြစ်ပါတော့သည်။ ဇော်မြင့်ဝင်းကလည်း လေးကန်စွာပင် တယ်လီဖုန်းကိုချလိုက်တော့သည်။

ဇော်မြင့်ဝင်းသည် မာစီးဒီးကားကြီးကို လှမ်းကြည့်ပြန်သည်။ ကားကြီးနှင့် မနီးမဝေးတွင် ရဲအရာရှိနှင့် ရဲတပ်ကြပ်ကြီးသည် မယောင်



လည်ရှိနေကြသေးသည်။ မိမိကားပေါ်တက်ထိုင်သည်နှင့် ရဲတပ်ဖွဲ့ခန်းကို ခေါ်သွားလေမည်မှာ သေချာသည်။

ဇော်မြင့်ဝင်းသည် မာစီးဒီးကို ထားခဲ့ကာ တိုက်ကြိုတိုက်ကြားထွက်လာခဲ့ပေတော့သည်။ ရန်ကုန်-မန္တလေး နေ့ခင်းမီးရထားကို ဇော်မြင့်ဝင်းလိုက်ပါနိုင်ရန် အချိန်ရပါသေးသည်။

◆ ◆ ◆ ◆ ◆

## [၁၅]

အချိန်မှာ အနည်းငယ်စောနေသည်မို့ ဇော်မြင့်ဝင်းသည် အသင့် ချုပ်ဆိုင်မှ အင်္ကျီနှင့်ဘောင်းဘီများဝယ်ရသေးသည်။ သူ့တွင် လက်ဆွဲ အိတ် ညကအခိုးခံထားရသည်ကိုပင် တစ်နည်းတစ်ဖုံကံကောင်းသည် ဟု ယူဆရမည်။ မာစီးဒီးကားထဲ၌သာ လက်ဆွဲအိတ်ကို ရဲတပ်ဖွဲ့က တွေ့သွားပါက သူသည်ဘယ်သူဘယ်ဝါဖြစ်ကြောင်း ရဲတပ်ဖွဲ့က ချက်ချင်းသိနိုင်သည်။ ယခုမူ သော့လှဘော်နှင့်ပတ်သက်ပြီး ဇော်မြင့် ဝင်းအား သိထားလေသည်မှာ စိုးရွှေဟူ၍သာတည်း။ ဦးစိုင်းမောင်က လည်း အဘယ်ကြောင့်ဟူ၍တော့မသိ ယခုအချိန်ထိ စိုးရွှေဆိုသည်မှာ



ဇော်မြင့်ဝင်း-တပ်မတော်အရာရှိဟောင်းတစ်ဦးဟူ၍ မထုတ်ဖော်သေး ပေ။ ဦးစိုင်းမောင် ထုတ်ဖော်ခြင်းမပြုသေးသည်မှာ ဦးစိုင်းမောင်၌ ိုင်လုံသောအကြောင်းတစ်ရပ် ရှိနေလေမှာမှာ အမှန်ပင်။

မီးရထားလက်မှတ်ကို ရိုးရိုးတန်းမှပင် ဇော်မြင့်ဝင်း ဝယ်ယူသည်။ တွဲတိုင်းတွင် ပြွတ်ကျပ်နေသော ခရီးသည်များကြားဝယ် ဇော်မြင့်ဝင်း ကိုယ်ရောင်ဖျောက်ထားလိုပေသည်။ မီးရထားဥဩဆွဲ၍ ဘီးလှိမ့်မှ ပင် ဇော်မြင့်ဝင်းက တွဲတစ်ခုပေါ်သို့တက်လေသည်။ ဘူတာတစ်ခု သို့ရောက်ရှိရပ်နားလေတိုင်း ဇော်မြင့်ဝင်းသည် ဘူတာထဲဆင်းနေကာ ရထားပြန်ထွက်မှ နောက်တစ်တွဲပြောင်းစီးပြန်သည်။

ယင်းသို့ဖြင့်ပင် ညရှစ်နာရီမထိုးမီ ရေတာရှည်ဘူတာသို့ဆိုက် ရောက်လာခဲ့သည်။

"သက်တန့်ရောင်အောက်က လေးလေးစောင့်နေပါတယ်။ သက် တန့်ရောင်ဘယ်မှာလဲဆိုတာ ကိုဇော်သိပါတယ်"

မှန်ပေသည်။ သက်တန့်ရောင်ဘယ်မှာရှိသည်ဆိုခြင်းကို ဇော်မြင့် ဝင်း သိပေသည်။ သက်တန့်ရောင်သည် ဇော်မြင့်ဝင်းနှင့် လေးလေး မြင့် နှစ်ဦးသာနားလည်သောစကားဝှက်ဖြစ်သည်။ ထိုသက်တန့်ရောင် အကြောင်းကို စဉ်းစားလိုက်လျှင် ဇော်မြင့်ဝင်း၏နှလုံးသားသည် နာကျင်လာရသည်။

လေးလေးမြင့်နှင့် ချစ်ကျွမ်းတဝင်ရှိစဉ်ကဖြစ်ပေသည်။ တပ်မှ

ခွင့်ရလေတိုင်း ဇော်မြင့်ဝင်းသည် ရောက်ရာတပ်ရင်း၊ တပ်စခန်း လေးလေးမြင့်ရှိရာသို့ အပြေးအလွှားသွားတတ်ခဲ့သည်။ ထိုအခါနှစ်ဦး တွေ့ကြပြီး ရှင်မြူးစွာစိတ်ကူးပေါက်ရာများသို့ လျှောက်လည်တတ်ကြသည်။

တစ်နှစ်တွင်ဖြစ်သည်။

ရေတာရှည်မြို့နယ်၌ ကျင်းပသော "တောဘုရားပွဲ" တစ်ခုဖြစ်သည့် "မယ်ဒက်ဘုရားပွဲတော်" ကျင်းပသည့်အချိန်နှင့် ဇော်မြင့်ဝင်း ခွင့်ရလာချိန်သည် တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ခဲ့သည်။

လေးလေးမြင့်သည် မယ်ဒက်ဘုရားပွဲသို့ သွားလိုလှသည်၊ လေးလေးမြင့်၏ မိဘများရှိစဉ်က ထိုမယ်ဒက်ဘုရားတွင် ဇရပ်ကြီး တစ်ဆောင် ဆောက်လှူထားခဲ့ဘူးသည်ဟု လေးလေးမြင့်ကပြောပြခဲ့သည်။ ထိုဇရပ်ကြီးကိုလည်း မိဘလက်ငုတ်မပျက်စေသောကြောင့် ပြင်ဆင်ရန်အတွက်လည်းကောင်း၊ ဘုရားပွဲတော်ရက်နှင့် ဇော်မြင့်ဝင်း ခွင့်ကြုံကြိုက်၍လည်းကောင်း၊ စိတ်တူသဘောတူ မယ်ဒက်ဘုရားပွဲသို့ ရောက်လာခဲ့သည်။

ပျော်လိုက်သည်ဖြစ်ခြင်း။

ပျော်စရာကောင်းသောကြောင့်လည်း ပျော်ရခြင်းဖြစ်ပေမည်။ မယ်ဒက်ဘုရား၏ ကိန်းဝပ်အနေအထားကိုက ပျော်စရာကောင်းလှသည်။ ရေတာရှည်မြို့အထွက်မှ မြောက်ဘက်သို့ကတ္တရာလမ်းအတိုင်း



်စ်မိုင်လောက်လာကြရသည်။ ညောင်ပင်သာရွာကလေးကို အနည်း ယ်ကျော်ပြီးနောက် လက်ယာဘက်မြေလမ်းဘက်သို့ ဆက်လာခဲ့ရ န်သည်။

ထိုမြေလမ်းလေးသည် ဘယ်လောက်ပဲပြင်ပြင် တစ်ခဏသာ ကောင်းပြီး အမြဲပျက်နေတတ်သည်။ ပျက်စရာအကြောင်းများကလည်း န်တီးလျက်ရှိ၏။ ထိုမြေလမ်းမှ မယ်ဒက်ဘုရားကိန်းဝပ်ရာ လမ်းတစ် လျှောက်သည် အလွန်ခေါင်လေသည်။ ဘုရားပွဲချိန်မဟုတ်ဘဲ သာမန် အချိန်သာဆိုပါက ပြင်ပလူများ အသွားအလာမရှိသလောက်ဖြစ်သည်။ ာနီးချုပ်စပ်မှ လုပ်ငန်းနွားလှည်းများသာ မောင်းနှင်သောလမ်းဖြစ် သည်။

မိုးကောင်းသောဒေသဖြစ်သောကြောင့် ဘုရားပွဲနီးလျှင် လမ်းပြင် လိုက်၊ ဘုရားပွဲပြီးသောကာလဝယ်မိုးရွာလိုက်၊ လှည်းများမောင်းလိုက် ်င့် အပြင်နှင့်အပျက်သည် ဂျာအေးသူ့အမေရိုက်သောလမ်းပင်ဖြစ်တော့ သည်။ လမ်းဘေးတစ်ဘက်တစ်ချက်တွင် အင်ပင်ပေါက်တောတန်း သည် ထူထူထပ်ထပ် စိမ်းစိမ်းမြမြရှိလေ့သည်။ တောင်တန်း၏ ဟိုမှာ ာက် ကျပြန်တော့လည်း လယ်ကွင်းများအပြည့်ဖြစ်ပြန်၏။

ထိုမြေလမ်းကလေးသို့ မော်တော်ကားမောင်းရလျှင် မော်တော် ားသည် မြင်းလိုခုန်နေသည်။ နံပါတ်တစ်ဂီယာကိုအများဆုံးသုံး၍ မာင်းရသည်။ ကားပေါ်၌ပါလာလေသူများ၏ တစ်ကိုယ်လုံးသည်

နေရာတစ်လက်မပင်မကျန်အောင် ခုန်စေလှုပ်စေတော့သည်။ ဤသည်ကိုပင် လေးလေးမြင့်ကပျော်လွန်း၍ မျက်ရည်ထွက်အောင်ရယ်ခဲ့ဘူးလေသည်။

ဘုရားပွဲနေ့နီးကပ်လာသည်နှင့် လယ်ကွင်းပြင်ဘက်မှလည်း လမ်းဖောက်ပေးရသည်။ သွားလမ်းပြန်လမ်းတွေနှင့်ဖြစ်စေ၊ ယာဉ်ထိန်းကြီးများကိုလည်း ချပေးရသည်။ ယာဉ်ထိန်းရဲကြီးများလက်ပြပေးသည်မှာ များသောအားဖြင့် အရပ်လေးမျက်နှာမှ လှည်းတန်းကြီးများကိုပင်ဖြစ်၏။

မြို့ကြီးသူမြို့ကြီးသားများအနေနှင့်မူ အမြင်သစ် အတွေ့သစ်များဖြစ်သောကြောင့် ပျော်မြူးကြရသည်။ တစ်ခါတစ်ရံ ဘုရားဖူးလှည်းအချင်းချင်း အပြိုင်မောင်းကြသည်။ ထိုရောအခါ ဖုံလုံးကြီးများသည် အနုမြူဗုံးပေါက်ကွဲလေသလားထင်ရ၏။

ကွင်းလမ်းဝယ် ရှေ့မှသွားသော လှည်းမှနွားများခြေခပ်မှုကြောင့်လည်းကောင်း၊ ဘတ်(စ်)ကားကြီးများ၏ တအိအိတိုးယက်ခြင်းကြောင့်လည်းကောင်း၊ နောက်လူနောက်လှည်းများသည် ဘယ်တောဘယ်တောင်ကပမ်းလာသော မျောက်ဖြူကြီးတွေများလဲဟု အောက်မေ့ရသည်။ တစ်ကိုယ်လုံး ဖုန်မှုန့်ဖြင့်ဖွေးဖွေးဖြူစေရမည်။

ထို့ကြောင့်ပွဲခင်းတန်းတွင် ရေကိုရောင်း၍ စီးပွားရှာသူများပေါ်များလာရသည်။ သက်ကယ်မိုးတစ်ဘက်ရပ်အင်သားတိုင် တရံကာ



ချိုးတန်းလျားများကို အခန်းဖွဲ့ကာ ပေပါများချထားသည်။ တစ်ခါချိုးလျှင်တစ်မတ်...ကာဘော်လိပ်ဆပ်ပြာ၊ လပ်(စ်)ဆပ်ပြာနှင့် ချေးတွန်းနိုင်သည်။

ထိုမယ်ဒက်ဘုရားပွဲသို့ ဇာတ်ကြီးများဝင်လေ့ရှိသည်။ ဇရပ်ပိုင်ရသူများက ကိုယ့်ဇရပ်တွင်ကိုယ်နေရာယူကြသည်။ ပွဲခင်း၏ပတ်ဝန်းကျင်တွင် လှည်းများဝိုင်းကာလည်း ကိုယ့်ဝိုင်းနှင့်ကိုယ်နေရာယူကြရသည်။

ဇော်မြင့်ဝင်းနှင့် လေးလေးမြင့်တွင် လေးလေးမြင့်တို့၏ ဇရပ်ကြီးတွင် ဂေါပကအဖွဲ့ကနေရာချပေးသည်။ စားသောက်ဆိုင်တန်း၊ အထည်တန်း၊ ကြေးစည်၊ ကြေးဖလားနှင့် ဓါး၊ ကွမ်းညှပ် စသည့် မြန်မာလုပ်မြန်မာသုံးပစ္စည်းများက တစ်တန်း...စည်ကားသည်မှာပြောဖွယ်မရှိ။ ပွဲတော်ချိန်ကပင် တောင်သူလယ်သမားများ၌ စပါးနှံရောင်းပြီး ငွေရှင်သည့်အချိန်၊ ပွဲခင်းထဲလမ်းလျှောက်ပြီဆိုလျှင် လူနှင့်လူချင်း အုပ်လိုက်စုလိုက်တိုးဝှေ့သွားလာသည်မှာ လူညှက်ထီး၊ လူညှက်မလေးတွေများဆိုလျှင် မြေကြီးသို့တစ်ခါတစ်ရံမှ ခြေဖဝါးထိရသည်။ ဒီအတိုင်း လူအုပ်နှင့်ညပ်ပါသွားတတ်၏။

လေးလေးမြင့်နှင့် ဇော်မြင့်ဝင်းမှာ ပျော်ခဲ့ကြရသည်။ ရွှင်ခဲ့ကြရသည်။ ထိုနှစ်က မယ်ဒက်ဘုရားပွဲတော်ကျင်းပသည့် ရက်များတစ်လျှောက်လုံး မိုးများအုံ့မှိုင်းနေ၏။ ထိုဘုရားပွဲချိန်သည် တစ်ခါတစ်ရံ

သကြိန်ရက်နှင့် ဆုံတတ်သေးသည်။

ယင်းသို့ဖြင့် ပွဲတော်ရက်ကုန်ဆုံးသွားသည်။ ပွဲတော်ပြီးသွားသည်နှင့် မယ်ဒက်တွင်လူဟူ၍ တစ်ယောက်တလေမျှမရှိတော့။ ပွဲတော်တွင်းက လူအုပ်ကြီးသည် ချက်ချင်းမတ်တတ်ကိုယ်ရောင်ဖျောက်သွားသလားထင်ရသည်။

ကတ္တရာလမ်းနှင့် ငါးမိုင်ခန့်ဝေးလေပြီ၊ လမ်းမသာသည့် မယ်ဒက်ဘုရား၊ တောကောင်းသောဒေသတွင် ကိန်းဝပ်တော်မူသော မယ်ဒက်ဘုရားအား တကူးတကလာရောက်ဖူးသူတို့ နည်းလှသည်၊ နည်းလှသည်ဆိုခြင်းမှာ မရှိသလောက်ဟူ၍ပင် ဆိုလိုချင်တော့သည်။

လေးလေးမြင့်နှင့် ဇော်မြင့်ဝင်းနှစ်ယောက်မှာမူ ဇရပ်ပြင်ရန်ကိစ္စအတွက် ထိုဇရပ်တွင်ကျန်ခဲ့သည်။ ထိုရောအခါဝယ် ပွဲတော်ရက်အတွင်းက မယ်ဒက်ဘုရားကိုယ်တော်မြတ် တန်ခိုးတော်ကြောင့် အောင့်အီးထားရရှာသည့် မိုးမင်းသည်ဝေါကနဲရွာသွန်းပါလေတော့သည်၊ မိုးဦးမို့ အခြိမ်း..အခြိမ့်တွေက သောသောညံသည်။ လျှပ်နွယ်လျှပ်ပန်းတို့က တဝင်းဝင်းတလက်လက်ရှိသည်။

ဇရပ်ထဲဝယ် ဇော်မြင့်ဝင်းနှင့် လေးလေးမြင့်နှစ်ယောက်တည်းသာ၊ လျှပ်ပြက်လေတိုင်း၊ မိုးချုန်းလေတိုင်း လေးလေးမြင့်ခမျာကြောက်လွန်း၍ ဇော်မြင့်ဝင်း၏ရင်ဝယ် ခုံလုံ့တတ်သည်။

ယင်းသည့်တိုင်အောင်။



ဇော်မြင့်ဝင်းသည် သစ္စာတရားကို ရင်မှာပိုက်ထားသည်။ လေးလေးမြင့်၏ အလှပန်းကို တရားဝင်လက်မထပ်ရသေးမီ မနွမ်းစေလို။ ယောက်ျားပီပီသစ္စာရှိရှိထိန်းသိမ်းခဲ့သည်။ ဤမျှလောက်သော ဤတောဤတောင်၊ ဤဇရပ်ဝယ် အခွင့်အရေးတင်းပြည့်ရစေကာမူ ဇော်မြင့်ဝင်းမဖောက်ပြန်ခဲ့။

စိတ်ကြိုက်ရွာသွန်းပြီးသော မိုးနောက်ဝယ် သက်တန့်ရောင်အကန့်ကြားကြီးသည် သုံးရက်တိုင်တိုင် ပေါ်ထွက်လာခဲ့သည်။ ဤမိုးကုတ်စက်ဝိုင်းမှ ဟိုမိုးကုတ်စက်ဝိုင်းတိုင်အောင် သက်တန့်ရောင်သည် ဘင်ရှားစွာထွန်းပခဲ့သည်။ ထိုသက်တန့်ကိုကြည့်ကာ လေးလေးမှာပျော်မြူးရှာပြန်သည်။

"လေးလေးတစ်သက်မှာ ဒီလောက်လှတဲ့သက်တန့်ကို မမြင်ဘူးပါဘူးကိုဇော်၊ ပြီးတော့ လေးလေးတစ်သက်မှာ ဒီမှာကိုဇော်နဲ့အတူသာနေရတာလောက် ပျော်ခဲ့ရတာ...သဲဖို့ရတာတွေ မရှိခဲ့ပါဘူး ပြီးတော့..."

"ပြီးတော့ ဘာဖြစ်လဲ လေးလေး"

"ပြီးတော့လား...လေးလေးတစ်သက်မှာ ကိုဇော်လောက်စိတ်ဓါတ် ခိုင်ခိုင်မာမာနဲ့ ထိန်းသိမ်းသစ္စာစောင့်တဲ့လူတွေ့ရမယ်မထင်ပါဘူး..တကယ်တော့ ကိုဇော်ဟာ လူအ၊ လူနုံ"

မှန်၏။ ဇော်မြင့်ဝင်းသည် အခဲ့သည်။ နုံခဲ့သည်။ ထိုစဉ်က

လေးလေးမြင့်၏ ငွေမက်သောသန္ဓေစိတ်ကို ဇော်မြင့်ဝင်းမသိခဲ့။ တစ်နေ့တွင် မလွဲမသွေ သူနှင့်လေးလေးမြင့် လက်ထပ်ရမည်။ လက်မထပ်မီစပ်ကြား စောင့်စည်းခြင်းဖြင့် လေးလေးမြင့် အလှပန်းမညှိုးနွမ်းစေရဘဲ လှမြဲလှစေချင်သည်။

"ကြည့်စမ်း…ကိုဇော်…သက်တန့်ကြီးက လှလိုက်တာနော်၊ အရောင်ခြယ်ထားတဲ့ ပေါင်းကူးတံတားကြီးကျနေတာပဲ၊ ဒီမိုးကုတ်စက်ဝိုင်းဘက်မှာ လေးလေးနေမယ်။ ဟိုမိုးကုတ်စက်ဝိုင်းကြီးဘက်မှာ ကိုဇော်ကနေ။ လေးလေးနဲ့ကိုဇော်ရဲ့ ချစ်ခြင်းမေတ္တာကို ဒီသက်တန့်ရောင်အကန့်ကြားကြီးက ဆက်သွယ်ပေးတယ်ပေါ့ ဟုတ်လား…လေးလေးနှင့် ကိုဇော့်ဘဝမှာ ဒီသက်တန့်ဟာ အမှန်တရဖြစ်စမ်းပါ ကိုဇော်"

ယင်းသည့်အချိန်ကပင် လေးလေးမြင့်သည် ဇော်မြင့်ဝင်းအား လက်ထပ်မည် မဟုတ်မှန်း စကားဦးသန်းခဲ့သည်။ ဇော်မြင့်ဝင်းလို လူအသည် အချစ်‥အချစ်မွန်ကာ မရိပ်မိခဲ့။

"တောက်"

ဇော်မြင့်ဝင်းသည် ရေတာရှည်ဘူတာထဲမှ တစ်လှမ်းချင်းလျှောက်ထွက်လာရင်း "သက်တန့်ရောင်"နှောင်းအတိတ်ကို တွေးကာ နာကြည်းစွာတောက်ခေါက်မိတော့သည်။ မြို့နယ်ကလေးတစ်မြို့၏ ထုံးစံအတိုင်း ညရှစ်နာရီဝယ်လမ်းပေါ်တွင် လူသွားလူလာကျဲလှသည်။ အိမ်တံခါးများသည်လည်း ပိတ်လျှက်သားရှိကြ၏။ ယင်းအချိန်မျိုး



တွင် ကတ္တရာလမ်းနှစ်မိုင်နှင့်မြေလမ်း ငါးမိုင်သာမက အင်ပင်ပေါက်တောတန်းကိုဖြတ်ခါ ဝေးလှသောခေါင်လှသော မယ်ဒက်သို့မည်သည့်ယာဉ်ကမှ လိုက်ပို့မည်မဟုတ်ပေ။

ဇော်မြင့်ဝင်းသည် မြို့စွန်ဘုန်းကြီးကျောင်းဆီသို့သာ ဦးတည်းလျှောက်လာခဲ့သည်။ ထိုညအဖို့ ဘုန်းကြီးကျောင်းတွင် သံဃာ၏အရိပ်ကိုခိုလှုံကာ အိပ်စက်နားရပါလေမည်။

◆ ◆ ◆ ◆ ◆

[၁၆]

'သက်တန့်ရောင်' ဇရပ်ကြီးပေါ်ဝယ် တွေ့မြင်ရသောပစ္စည်းများက စုံလှသည်။ ခရီးဆောင်အိတ်ခေါက်ချိုး အဝတ်ကုတင်တစ်လုံးကို ခင်းထားသည်။ ထိုအပေါ်ဝယ် လေမွေ့ယာတစ်လုံး ခင်းထားသည်။ ခေါင်းအုံးမှာ လေခေါင်းအုံးပင်ဖြစ်ပြန်သည်။ သစ်သားခေါက်စားပွဲ၊ ခေါက်ကုလားထိုင်လည်းရှိသည်။ ထိုစားပွဲပေါ်တွင် သားလှီးဓါးနှင့် ဘူးဖောက်တန်ရှိနေသည်။ အခန်းဒေါင့်တွင် ရှားပါးလှသော ငါးသေတ္တာဘူး၊ ဝက်သားဘူးစသည့် စားသောက်ဖွယ်ရာများတစ်ထပ်ကြီးရှိသည်။ လေမီးဖိုကိုလည်းတွေ့ရ၏။ လေးလေးမြင့်၏ မျက်နှာသုတ်ပုဝါ အနွေးထည်၊ စသည်တို့မှာ ခြင်ထောင်တန်းတွင် တင်ထားကြသည်။



ဤဇရပ်သည် ကျောင်းသင်္ခမ်းနှင့် အတော်အတန်ကွာလှမ်းသည်။ ပတ်ဝန်းကျင်ဝယ် သရက်၊ ပိန္နဲပင်ကြီးများက စိုးမိုးလျှက်ရှိသည်။ ဤနေရာ၊ ဤဇရပ်ဝယ် လေးလေးမြင့်တစ်ဦးတည်း လာရောက်နေရဲသည့် သတ္တိကပင်ချီးကျူးထိုက်လှသည်။

လေးလေးမြင့်သည် ဇော်မြင့်ဝင်းအား နှုတ်မဆက်မိသေးဘဲ ကြောင်၍ကြည့်နေရှာသည်။ ဇော်မြင့်ဝင်းသည် ဇရပ်နောက်ပိုင်းသို့ လှမ်းကြည့်လိုက်သည်။ တံခါးပါသော နီဆန်ဂျစ်ကားအဝါတစ်စီးရပ်ထားသည်ကိုတွေ့ရ၏။ လေးလေးမြင့်စီးလာသောကားပင်ဖြစ်မည်။

"ကိုဇော်လိုက်မှ လာပါ့မလားလို့…အခုတော့လေးလေးဝမ်းသာလိုက်တာ ကိုဇော်ရယ်"

ဇော်မြင့်ဝင်းသည် ဇရပ်တစ်ဆောင်လုံးထဲရှိ လေးလေးမြင့်၏ ပစ္စည်းများကို မျက်စိဝဲကာကြည့်ရင်း …

"ခင်ဗျားဟာ အားလုံးကိုတင်ကြိုစီစဉ်ထားတာပဲမဟုတ်လား မလေးလေးမြင့်"

"ဘာကိုလဲ ကိုဇော်"

"ဦးကျော်သူ သတ်သေပြီးတဲ့အခါ ဒီလိုပဲထွက်ပြေးမယ်လို့စီစဉ်တာကိုပြောတာပါ။ ဒါဟာဦးကျော်သူသတ်မသေခင်ကတည်းက စီစဉ်ထားတာလည်းဖြစ်နိုင်တယ်။ သားလှီးဓါးတို့၊ ဘူးဖောက်တန်တို့ မေ့ပြီးမကျန်ခဲ့စေရဘူး"

"ကိုဇော်နားထောင်ပါဦး…"

“မလိုပါဘူး ခင်ဗျားဟာ တစ်သက်လုံး ငွေကိုပဲအငန်းမရလိုချင်နေတယ်မဟုတ်လား။ ခင်ဗျားကျူပ်နဲ့အတူ ရဲတပ်ဖွဲ့ကိုသွားဖို့ထက် အသက်အာမခံငွေနှစ်သိန်းကို ထုတ်ယူပြီး လစ်ပြေးဖို့သာဝမ်းထဲမှာ စိတ်ကူးထားခဲ့တာမဟုတ်လား။ အခုချက်လက်မှတ်ကနေပြီး ဘဏ်က ငွေတွေထုတ်ပြီး ပြေးခဲ့တာပဲမဟုတ်လား”

“ဟုတ်တော့ဟုတ်ပါတယ်…ဒါပေမဲ့ ကိုဇော်”

“ဒါပေမဲ့ပါနဲ့…ခင်ဗျား…”

“ဒါပေမဲ့ ကိုဇော် လေးလေးဟာ ကိုဇော်နဲ့ ညကမတိုင်ပင်ခင် ကတည်းကပဲ ငွေနှစ်သိန်းဟာ ဘဏ်ကထုတ်ယူပြီးခဲ့ပြီ။ လေးလေးအဖို့ ကိုဇော်နှင့်တွေ့ပြီး ကိုဇော်ရဲ့အာသီသအတိုင်း ရဲတပ်ဖွဲ့ကို သွားဖို့စိတ်ကူးမိတာအမှန်ပါ။ ဒါကြောင့်ရှေ့နေဦးဘဏ်ထွန်းဆီကိုတောင်ဖုန်းဆက်ထားတယ်။ ဒါပေမယ့် လေးလေးတစ်ညလုံးစဉ်းစားတယ်။ အိပ်မပျော်ခဲ့ဘူး။ လေးလေးအဖို့ အသက်အာမခံငွေနှစ်သိန်းပြန်အပ်တာနဲ့ ဦးကျော်သူအသတ်ခံရမှုအတွက် ရဲကဖမ်းမယ်။ ဒီငွေနှစ်သိန်းကိုလက်ဝယ်ထားပြန်တော့လည်း ဦးကျော်သူဟာသူ့ကိုယ်သူသတ်သေတာ မဟုတ်ဘူးဆိုတာ ပေါ်တာနဲ့အသက်အာမခံကုမ္ပဏီက လိမ်လည်မှုနှင့် စွဲချက်တင်မယ်။ လေးလေးအဖမ်းခံရမယ်။ နှစ်ခုစလုံးလေးလေး အတွက် အရှုံးပဲ။ ဒီအရှုံးထဲမှာအမြတ်ထွက်တာက ဦးကျော်သူကိုသတ်တဲ့လူရဲတပ်ဖွဲ့က သူ့ဟာသူဖော်ထုတ်လာနိုင်တဲ့အထိ ငွေနှစ်သိန်းပိုက်ပြီး ရှောင်ရင်းက စောင့်တာသာအမြတ်လို့ လေးလေးတွက်ဆလာတယ်။



ဘလို့လဲဆိုတော့ ဦးကျော်သူကို လေးလေးကိုယ်တိုင်လုံးဝမသတ်မိ ကို့ပဲ”

“ဦးကျော်သူဟာ သူ့ကိုယ်သူသတ်သေတယ်လို့ ရဲတပ်ဖွဲ့က တိ ကျကျရှာဖွေနိုင်လာရင်ကော”

“အဲဒီအချိန်မှာလေးလေးက ဒီငွေနှစ်သိန်းလည်းပြန်အပ်နိုင်မယ်။ လေးလေးဘက်ကလိုက်တဲ့ ရှေ့နေကလည်းကောင်းမယ်ဆိုရင် အသက်အာမခံကုမ္ပဏီက လိမ်ထုတ်မှုအတွက် ဝွင်းလုံးကျွတ်လေးလေးလွတ်နိုင်မယ်။ အခုလိုအမှုက ဘာမှမရှင်းခင် မပေါ်ခင် ဦးကျော်သူကို လေးလေးကသတ်ပစ်တယ်ဆိုတဲ့ မသင်္ကာမှုနှင့် အချုပ်ခံမနေနိုင်ဘူး ကိုဇော်”

“အင်းယားမြိုင်နှင့် မာစီးဒီးကားဟာ နှစ်သိန်းမကတန်တာပဲ ဒါတွေကို ခင်ဗျားစွန့်ပစ်ပြီးပြေးလာတာကတော့…”

လေးလေးမြင့်က ခေါင်းကိုညင်သာစွာ ခါယမ်းပြ၏။

“အင်းယားမြိုင်ရော…မာစီးဒီးကားပါ ဦးစိုင်းမောင်လက်ကိုအပ်ရမှာပါ။ ဦးကျော်သူမရှိတဲ့နောက် ဦးကျော်သူရဲ့ လုပ်ငန်းတစ်ခုလုံးဟာလည်း ဦးစိုင်းမောင်လက်ထဲရောက်သွားတာပဲ။ သူတို့ရဲ့ စီးပွားရေးလုပ်ငန်းဖက်စပ်ပုံတွေကို လေးလေးကဘာမှမသိခဲ့ဘူး။ ဦးကျော်သူကလည်း လေးလေးကိုတစ်ခါမှ ရှင်းမပြခဲ့ဘူး။ ဘာတွေမှန်းကို လေးလေးမသိတာ။ အဲ…လေးလေးသုံးချင်သလောက်သုံးနိုင်ဖို့တော့ ဘဏ်မှာဦးကျော်သူက လေးလေးနာမည်နှင့် စာရင်းဖွင့်ပေးထားတယ်။

အဲဒီဘဏ်စာရင်းမှာ ကိုဖော့်ကိုရေးပေးခဲ့တဲ့ နှစ်သောင်းဟာနောက်ဆုံးကျန်ငွေမှန်း ဘဏ်ရောက်မှသိရတယ်"

"ကျုပ်က ငွေနှစ်သောင်းကိုပြန်ဆပ်မှာပါ တစ်နေ့နေ့မှာ"

"ခက်ပါလားကိုဖော်ရယ်…ဘယ်သူကပြန်လိုချင်တယ်လို့ များပြောနေလို့လဲ၊ လေးလေးပြောနေတာက ဦးကျော်သူသေဆုံးပြီးတဲ့နောက်မှာ လေးလေးဟာလက်မဲ့ဖြစ်ကျန်ခဲ့တယ်။ နောက်ဆုံးလေးလေးကိုယ်ကိုတောင် ဦးစိုင်းမောင်ရဲ့သိမ်းပိုက်မှုကိုခံစားရတော့မယ့် အခြေအနေမျိုးဒါကြောင့် အသက်အာမခံငွေနှစ်သိန်းကို လေးလေးလွှတ်မပေးချင်ဘူး"

လေးလေးမြင့်၏ အခြေအနေနှင့် လုပ်ဆောင်ချက်များသည် လေးလေးမြင့်အတွက် မှန်ကန်သင့်သလောက် မှန်ကန်သည်ဟု ဖော်မြင့်ဝင်း သဘောပေါက်မိသည်။ ပထမတော့ ရှေ့နေဦးဉာဏ်ထွန်းထံတွင်တွေ့ဆုံ၍ ရဲတပ်ဖွဲ့ထံသွားရန် ကောင်းပြီကောင်းရဲ့ဟုဆိုပြီးကာမှ ထွက်ပြေးလာသော လေးလေးမြင့်အား ဖော်မြင့်ဝင်းစိတ်ဆိုးသည်။ ယခုမူ လေးလေးမြင့်၏ ရှင်းပြချက်အရ ဖော်မြင့်ဝင်းမှာစိတ်ဆိုးပြေကာ တွေဝေရတော့သည်။

လေးလေးမြင့်အတွက်မှာ သူ့နည်းသူ့ဟန်နှင့် သူ့လုပ်ဆောင်ချက်ကို ဖော်မြင့်ဝင်းက စောဒကမတက်လိုတော့ပေ။ မိမိကိုယ်တိုင်အတွက်မူ ဘာဆက်လုပ်ရမည်နည်း။



သော့လှဘော်ကို သော့လှဘော်မှန်းသိရှိရကြောင်း သတင်းစာ၌ လာသည့်နေ့မှာပင် ဘားလမ်း၌ရပ်ထားသည့် မာစီးဒီးကားအား တပ်ဖွဲ့မှစတင်ခြေရာကောက်လေသည်။ အဘယ့်ကြောင့်နည်း။ စ်နိုင်သည်မှာ တောင်ဥက္ကလာ ကြာပဒုမ္မာလမ်းထိပ်တွင် ကားရပ် ားခဲ့ပြီး လှဘော်အိမ်သို့သွားခဲ့စဉ်က ထိုမာစီးဒီးကားနံပါတ်ကိုမှတ် သူတစ်ဦးဦးရှိသွားပေမည်။ သော့လှဘော်အိမ်၏ပတ်ဝန်းကျင်ကို ရဲက စမ်းသောအခါ ထိုမှတ်မိသူတစ်ဦးဦးက မာစီးဒီးကားနံပါတ်ကို မှတ် ကြောင်းပြောလေသောကြောင့် ဖြစ်နိုင်ပေသည်။ ယခုဆိုလျှင် ဘား မ်းထဲမှ မာစီးဒီးကို ရဲကသိမ်းမည်။ ဦးကျော်သူ၏ကားမှန်းသိမည်။ းကျော်သူ၏ဇနီး လေးလေးမြင့်ပျောက်ဆုံးနေသည်။ အနီးစပ်ဆုံး င်မာကိုရဲတပ်ဖွဲ့ကစုံစမ်းမည်။ ခင်မာကမူဘာမျှမသိဘူးဟုဖြေလေ ည်မှာမလွဲ။ သူမ၏မမလေးကိုလည်း တကယ်တန်းကျလျှင် ထိုသူ ယ်မသည် သံသယဇဉ်ထားသည်။ သူမ၏ကိုကိုဖော်ကိုလည်း ခင် ယ်ရှာသည်။ ခင်မာသည်အတတ်နိုင်ဆုံးကာကွယ်လေမည်သာ။

"အခု ကိုဖော်လေးလေးဆီကို လိုက်လာတာ…လေးလေးနဲ့အတူ က်တွဲရှောင်ပုန်းဖို့ပဲမဟုတ်လားကိုဖော်"

"မဟုတ်ဘူး…လာတုန်းကတော့ ခင်ဗျားကိုပြန်ခေါ်ပြီး ပထမ ီအစဉ်အတိုင်း ရဲတပ်ဖွဲ့သွားကြဖို့…"

"အခုတော့ကော…"

"အခုတော့ ခင်ဗျားမှာက ခင်ဗျားအကြောင်းနှင့် မှန်သင့်သ
လောက်မှန်နေတယ်။ ခင်ဗျားကိုရဲတ ဂီခေါ်သွားဖို့ စိတ်မကူးတော့
ပါဘူး"

"နို့…ကိုဇော်ကော…"

"ရန်ကုန်ပြန်မယ်…ကောက်နေတဲ့နေရာတွေကို ပြန်ဖြောင့်အောင်
ကြိုးစားမယ်"

"ရလိမ့်မယ်လို့ ကိုဇော်ထင်သလား ကိုဇော်"

"ကြိုးစားမယ်လို့သာ ကျုပ်ပြောတာပဲ၊ ရမယ်လို့တော့လည်း
တထစ်ချဘယ်ပြောနိုင်မလဲ"

ခေတ္တငြိမ်သွားကြပြန်သည်။ ကိုယ့်အတွေးနှင့်ကိုယ်ပင်ဖြစ်ကြ၏

"ကိုဇော့်ကို လေးလေးဘာလို့သံကြိုးရိုက်ခေါ်လဲသိလား"

"ခိုင်းစေဖို့နေမှာပေါ့"

"မဟုတ်တာပဲကိုဇော်ရယ်…ကိုဇော့်ကို လေးလေးချစ်လို့ပါ
ချစ်တာမှသိပ်ချစ်တယ်ကိုဇော်၊ လေးလေးဟာငွေမက်ပြီးသစ္စာဖော
လိုက်တာက လေးလေးရဲ့ဦးနှောက်ကပါ။ ဒါပေမဲ့ လေးလေးရဲ့ နှလုံး
သားကတော့ ကိုဇော်မှကိုဇော်ပါ"

ဇော်မြင့်ဝင်းက လေးလေးမြင့်ကိုကြည့်လိုက်သည်။ လေးလေး
မြင့်ကလည်း ဇော်မြင့်ဝင်းအား ဝင်းလဲ့တောက်ပသော မျက်ဝန်းအစုံ
ဖြင့် ပြန်ကြည့်နေရှာသည်။



ဇော်မြင့်ဝင်းသည် ဘာမှဆက်မပြောတော့ဘဲ လေးလေးမြင့်အား
သွဲ့ယူပွေ့ဖက်လိုက်သည်။ လေးလေးမြင့်ကမရုန်း။ အလိုက်သင့်ပါလာ
သည်။ ဇော်မြင့်ဝင်းသည် စိတ်ရှိလက်ရှိ လေးလေးမြင့်အား အနမ်းမိုးရွာ
ချစ်လိုက်သည်။ နဖူး၊ ပါးပြင်နှင့် နောက်ဆုံးနှုတ်ခမ်းနှစ်စုံထိတွေ့ကာ
အနမ်းမှာရှည်ကြာလှပေတော့သည်။

လေးလေးမြင့်၏ပွေ့းကျစ်သွယ်လျသော လက်နှစ်ဘက်သည်
ဇော်မြင့်ဝင်း၏ ကျောပြင်ကြီးကို ကျစ်ကျစ်ပါအောင် ရစ်သိုင်းလျှက်
ရှိသည်။ လက်ချောင်းကလေးများသည် တလှုပ်လှုပ်တရွရွဖြင့်
ဇော်မြင့်ဝင်း၏ ဂုတ်ပိုးမှဆံပင်ကြားတွင် ရွေ့လျားလျှက်ရှိ၏။

သြော်…အနာဟောင်းပြန်ပြီးရင့်သည့်အခါ ထသည့်အခါဝယ်
အနာသစ်ထက်ပို၍ ဒဏ်ချက်ပြင်းလှပါတကား။

ထိုစဉ်အခိုက်မှာပင် ဇရပ်ထဲသို့ ဖုတ်ခနဲကျလာသောအသံကြောင့်
လေးလေးမြင့်နှင့် ဇော်မြင့်ဝင်းလူချင်းခွါလိုက်သည်။ ယနေ့ထုတ်
သတင်းစာတစ်စောင်ဖြစ်ပေ၏။ ခပ်လှမ်းလှမ်းတွင် ကျောပေးကာထွက်
ခွါသွားသော ဆယ်နှစ်သားအရွယ် ရောင်ပေစူးနှင့်ဘုန်းကြီးကျောင်း
သားလေးတစ်ယောက်ကို တွေ့ကြရသည်။ လေးလေးမြင့်က ပြုံးလိုက်
သည်။

"လေးလေးမှာထားတဲ့ ဘုန်းကြီးကျောင်းသားလေးပါကိုဇော်
သတင်းစာပစ်ပေးသွားတာပါ"

ဇော်မြင့်ဝင်းသည် သတင်းစာကိုကောက်ယူကာ ဖွင့်ဖတ်လိုက်လေတော့သည်။

"ကိုဇော်တို့သတင်းကတော့ မျက်နှာဖုံးအနေနှင့်ကိုပါတော့တာပဲ လေးလေး"

"ဟုတ်လားကိုဇော်…ဖတ်ကြည့်ရအောင်…"ဟု လေးလေးမြင့်က ဇော်မြင့်ဝင်းနှင့် ပခုံးချင်းပူးကပ်ခါ ဖတ်ပါလေတော့သည်။

သတင်းစာမှဆိုပေသည်။

ဇော်မြင့်ဝင်းကို ပထမဦးစွာခြေရာခံမိသည်မှာ မာစီးဒီးကားမှပင်ဖြစ်တော့၏။ ဘားလမ်းတွင် မာစီးဒီးကားတွေ့ပြီးနောက် လေးလေးမြင့်ပျောက်ကွယ်နေကြောင်းကိုလည်း ရဲကသိရှိသွားသည်။ ထိုမှတစ်ဆင့် ဦးကျော်သူနှင့်ရင်းနှီးရာများကို စုံစမ်းရင်းဦးစိုင်းမောင်က သူသိသမျှ ဖော်ထုတ်လိုက်ခြင်းဖြစ်၏။ ထိုကားကို နောက်ဆုံးမောင်းနှင်သူမှာ ဇော်မြင့်ဝင်းဆိုသည် ဗိုလ်ကြီးဟောင်းတစ်ဦးဖြစ်ကြောင်း ဦးစိုင်းမောင်က ဇော်မြင့်ဝင်း၏ ပုံပန်းသဏ္ဌာန်ကိုပြောခဲ့ခြင်းဖြစ်၏။ စုံထောက်ကျော်ဝင်းမော်ထံ စိုးရွှေဆိုသူအမည်ဖြင့်ပင်လာသူဖြစ်ကြောင်း ရဲကသိခဲ့ရလေသည်။

ယင်းအချိန်မှာပင် ပြည်သူ့ရဲတပ်ဖွဲ့သို့ စာတိုက်မှပါဆယ်ထုတ်တစ်ထုတ်ရောက်လာခဲ့ပြန်သည်။ အထဲတွင် ဦးကျော်သူကိုင်သော ဒသမသုံးနှစ်ပစ္စတိုတစ်လက်နှင့် ဦးကျော်သူသည် သူ့ကိုယ်သူသတ်



သေကြောင်း လက်မှတ်ရေးထိုးထားသော စာတစ်စောင်ပါရှိလေသည်။ ထိုပါဆယ်ထုတ်ထဲတွင် စာတစ်စောင်ပါလာသေး၏။ သော့လှဘော်၏ ဇနီးမနန်းစိန်ထံမှပင်ဖြစ်သည်။ သော့လှဘော်သည် မနန်းစိန်အားမှာထားခဲ့ဘူးသည်။ သော့လှဘော်တစ်စုံတစ်ခုဖြစ်သည်နှင့် ဤအထုပ်ကို စာတိုက်မှ ရဲတပ်ဖွဲ့သို့ပေးပို့ရန်ဖြစ်တော့သည်။ ရဲတပ်ဖွဲ့က ထိုသေနတ်နှင့် စာထဲပါလက်မှတ်တို့သည် ဦးကျော်သူ၏ သေနတ်ဖြစ်ပြီး ဦးကျော်သူ၏ ကိုယ်ပိုင်လက်မှတ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရလေသည်။

ထို့ပြင် ယင်းတစ်ချိန်တည်းမှာပင် လက်ဆွဲအိတ်တစ်လုံး ကောက်ရသူတစ်ဦးက ရဲတပ်ဖွဲ့သို့ အပ်နှံပြန်လေသည်။ ထိုလက်ဆွဲအိတ်မှာ ဇော်မြင့်ဝင်း၏ လက်ဆွဲအိတ်ဖြစ်ကြောင်း အဝတ်အစားများနှင့် တစ်ခြားစာရွက်စာတမ်း အထောက်အထားအရ ရဲတပ်ဖွဲ့မှ သိရှိရလေ၏။ ထိုလက်ဆွဲအိတ်ထဲတွင် ဟိုက်ဒရိုဆီအာနစ်အက်ဆစ်ပုလင်းတစ်လုံးကိုတွေ့ရသည်။ သော့လှဘော်၏ ဝမ်းထဲမှတွေ့ရသောအဆိပ်နှင့် အမျိုးခြင်းထပ်တူဖြစ်နေ၍ ရဲတပ်ဖွဲ့သည် ဇော်မြင့်ဝင်းအား ရှာဖွေနေပြီ။

ဆက်လက်၍ ရဲတပ်ဖွဲ့မှ ယခင်ကသူခိုးခါးပြသတ်သွားသည်ဟု ယူဆထားသော ဦးကျော်သူ၏ အမှုအတွက် ဆက်လက်စုံစမ်းမှုများ ပြုနေသည်။ ဦးကျော်သူသေဆုံးသောသက ဦးကျော်သူ၏ အင်း

ယားမြိုင်မှ သေနတ်သံကြားခဲ့ရသူ သက်သေတစ်ဦးကို ထပ်မံတွေ့ရလေသည်။ ထိုသက်သေသည် အမ်ဆို(မ်)နီးယားခေါ် အိပ်မပျော်သောရောဂါရှိသူတစ်ဦးဖြစ်ပေ၏။ ထိုသက်သေသည် အင်းယားမြိုင်နှင့် မျက်စောင်းထိုးအိမ်တွင် နေထိုင်သူဖြစ်ပေသည်။ ထိုလူသည် ရောဂါကြောင့်အိပ်မပျော်နိုင်ဘဲ ပြတင်းပေါက်တွင် ညဆယ်နာရီခန့်မှ သန်းခေါင်အထိ ထိုနေ့ကထိုင်နေမိသည်ဟု ဆိုလေသည်။

ညဆယ်နာရီခွဲပတ်ဝန်းကျင်ခန့်တွင် အင်းယားမြိုင်မှသေနတ်သံကြားခဲ့ရသည်။ ထိုသေနတ်သံကြား၍ မကြာမီစက္ကူမီးရှို့သည့်ညှော်နံ့များ အင်းယားမြိုင်ဘက်မှ လေသင့်ပြီးထိုသက်သေက ရှူရှိုက်ရသည်။ စက္ကူမီးလောင်သောမီးခိုးများသည်လည်းတွေ့ရသည်။ ထို့နောက် နာရီဝက်ခန့်အကြာတွင် ဦးကျော်သူ၏ဇနီး ဒေါ်လေးလေးမြင့်သည် မော်တော်ကားနှင့် အင်းယားမြိုင်ထဲသို့ ဝင်သွားသည်ကိုမြင်ရသည်။

ဆယ်မိနစ်ခန့်အကြာတွင် လေးလေးမြင့်သည် အင်းယားမြိုင်ထဲမှ ပြန်၍မောင်းထွက်သွားသည်ကိုလည်းတွေ့ရသည်။ ထို့နောက်၌မူ အင်းယားမြိုင်သို့ ညသန်းခေါင်တိုင်အောင် အဝင်အထွက်မတွေ့ရပေ။ ထိုညသန်းခေါင်ကျော်မှာပင် ထိုသက်သေသည် ရောဂါသုံလာသောကြောင့် ချက်ချင်းညတွင်းချင်း ဆေးရုံတက်ခဲ့ရသည်။ ထို့ကြောင့် ဦးကျော်



သေဆုံးမှုကို ရဲတပ်ဖွဲ့မှလာမေးသည်အထိ မသိခဲ့ရဟုဆိုလေသည်။

သော့လုဘော်သေဆုံးခြင်းနှင့် ပတ်သက်၍မူ ရဲတပ်ဖွဲ့က လေးလေးမြင့်အပေါ်၌ အမျိုးမျိုးသောသက်သေအထောက်အထားအရ သယကင်းရှင်းသည်။

လေးလေးမြင့်သည် ထိုညကအင်းယားမြိုင်သို့ ပြန်လာပြီး သူမ၏ င်ပွန်း မိမိကိုယ်ကိုသတ်သေကြောင်းတွေ့ရသည့် အချင်းအရာများကို ဖျောက်ဖျက်ခဲ့ တစ်စုံတစ်ဦးက သတ်သွားသယောင်ပြုမူခဲ့သည်။ င်းကိစ္စတွင် သော့လုဘော်က တစ်နည်းနည်းဖြင့် ထိုသေနတ်နှင့် ဦးကျော်သူ၏စာကိုအရယူကာ လေးလေးမြင့်ထံမှ ငွေညှစ်သည်။ ို့အခါလေးလေးမြင့်သည် သူမ၏တစ်ချိန်ကချစ်သူဟောင်း ဇော်မြင့်ဝင်းအား အကူအညီတောင်းခဲ့ရာ ဇော်မြင့်ဝင်းက သော့လုဘော်အား ခြေရာကောက်မိလျှက် အသေသတ်ပစ်ခြင်းဖြစ်သည်။

ထို့ကြောင့် ဇော်မြင့်ဝင်းရော လေးလေးမြင့်ပါ ရဲတပ်ဖွဲ့မှအပူတပြင်းရှာဖွေနေသည်ဟု သတင်းစာမှ ဆိုထားပါသည်။

ဇော်မြင့်ဝင်းသည် သတင်းစာပါအချက်အလက်များကိုပြန်၍ စဉ်းးကြည့်သည်။ အများဆုံးသည် ဦးစိုင်းမောင်၏လက်ချက်တွေသာ ဖြစ်ရမည်။ မနန်းစိန်က ရဲတပ်ဖွဲ့သို့ပါဆယ်နှင့်ပို့သည်ဆိုသည်မှာ စ်ခြားလူမတတ်နိုင်။ ဦးစိုင်းမောင်သာတတ်နိုင်သည်။ အဘယ်

ကြောင့်ဆိုသော် လှဘော်နှင့်မနန်းစိန်ကိစ္စကို ဇော်မြင့်ဝင်းသာလျှ သိသည်။ ဦးစိုင်းမောင်တစ်ဦးတည်းကိုသာ ဇော်မြင့်ဝင်းပြောခဲ့သည်

ဇော်မြင့်ဝင်း၏ လက်ဆွဲအိတ်ကိုလည်း ဦးစိုင်းမောင်ပင် လစ်ယ ထားခြင်းဖြစ်ရမည်။ ထို့နောက်လှဘော်ဝမ်းထဲမှ အဆိပ်မျိုးက ဇော်မြင့်ဝင်းလက်ဆွဲအိတ်ထဲထည့်ကာ ရဲတပ်ဖွဲ့သို့ပို့ခြင်းဖြစ်ရမည်

ဦးစိုင်းမောင်ပင်လျှင် သော့လှဘော်အား သတ်သူဖြစ်နိုင်သည် ဦးစိုင်းမောင်ကိုယ်တိုင်ပင်လျှင် လေးလေးမြင့်အား တစ်ဘက်လှည့် နှင့် ငွေညှစ်သူဖြစ်ရမည်။ ငွေကိုလိုချင်၍မဟုတ်စေဦးပဲထား၊ ဦးစိုင်း မောင်သည် လေးလေးမြင့် စီးပွားရေးအရ စိတ်ဓာတ်ကျစေရန် အမျိုး မျိုးဖန်တီးပြီး လေးလေးမြင့်အား အပိုင်သိမ်းလိုသောကြောင့်ဖြစ်နိုင် သည်။ ထို့ကြောင့်သာ လေးလေးမြင့်လျှပ်ရှားသမျှကို သူ၏လူတွေဖြင့် နောက်ယောင်ခံစေခြင်းမဟုတ်ပါလော။

ဇော်မြင့်ဝင်းသည် သတင်းစာဖတ်အပြီးတွင် အံကိုတင်းတင်း ကြိတ်ခါ နေရာမှဆတ်ကနဲထလိုက်သည်။ ဇရပ်အပြင်သို့လှည်းလမ်း အတိုင်းထွက်လာခဲ့သည်။

"ဒါ...ဘယ်လဲကိုဇော်"

"ကိုဇော် ရန်ကုန်ပြန်မယ်..လေးလေး"

"မဖြစ်နိုင်တာပဲ ကိုဇော်"

"ကိုဇော်ဟာ ထောင်ချောက်ကောင်းကောင်းမိနေပြီလေးလေး..



ဒီအတိုင်းငုံ့ခံလို့တော့ ဖြစ်မတဲ့လား။ ဒီထောင်ချောက်ကို ရန်ကုန်ပြန် ပြီး ဖျက်ဆီးရမယ်...သွားမယ်လေးလေး"

ဇော်မြင့်ဝင်းက ခြေလှမ်း၍အထွက်မှာပင် လေးလေးမြင့်သည် ဇော်မြင့်ဝင်းတံ အပြေးကလေးရောက်လာကာ ကလေးငယ်တစ် ယောက်လို ဖက်တွယ်ထားတော့သည်။

"မသွားပါနဲ့ကိုဇော်...ဒီတစ်ခါ ကိုဇော့်ကိုလေးလေးမခွဲပါရစေ နဲ့တော့...ဒီတစ်ခါခွဲရရင် လေးလေးအသည်းတွေကွဲရမှာပါကိုဇော်၊ ဦးစိုင်းမောင်ရဲ့ အသိုက်အအုံဟာ သိပ်ကြီးထွားပါတယ်။ ကိုဇော့်မှာ လက်ချည်းသက်သက်နှင့် ဦးစိုင်းမောင်ကိုပြိုင်ဆိုင်လို့ မရနိုင်ပါဘူး။ အခုသတင်းစာအရဆိုရင် လေးလေးဟာ ရန်ကုန်ကိုပြန်သွားနိုင်သူပါ။ ငွေနှစ်သိန်းပြန်အပ်ပြီး တရားရုံးမှာနိုင်အောင်ရင်ဆိုင်လိုက်ရင် ပြီးတာ ပဲ၊ ဒါပေမယ့် လေးလေးပြန်တာနဲ့ လေးလေးဟာ ဦးစိုင်းမောင်ရဲ့ မယားဖြစ်သွားရမှာပါ။ ကိုဇော်နှင့်အပြီးအပိုင်ခွဲကြရဦးမှာပါ။ အခု ကိုဇော်ပြန်သွားရင်လည်း တစ်ခါတည်းရဲက လူသတ်မှုနှင့်ဖမ်းဦးမှာ။ ဦးစိုင်းမောင်က ကိုဇော့်ကိုအနည်းဆုံး ကျွန်းကျတဲ့အထိ ဆောင်ရွက် ပစ်မှာ...ကိုဇော့်ကို လေးလေးမခွဲနိုင်ဘူး...ဦးစိုင်းမောင်က ကိုဇော်ဟာ လေးလေးရဲ့ချစ်သူမှန်းသိလို့ တမင်ထောင်ချောက်ဆင်တာပါကိုဇော်၊ လေးလေးမှာ ငွေနှစ်သိန်းလည်းရှိတယ်။ လက်ဝတ်လက်စားတွေလည်း ပါလာပါသေးတယ်။ လေးလေးတို့ဒီမှာခဏခိုပြီး တစ်နေရာရာမှာသွား

နေကြစို့ ကိုဇော်၊ ရှမ်းပြည်နယ်မှာဖြစ်ဖြစ် ကိုယ်ပျောက်ပြီးနေကြပါစို့၊ လာပါ..ကိုဇော်ရယ်...လာပါ...လေးလေးကိုခွဲမထားခဲ့ပါနှင့်"

ဇော်မြင့်ဝင်း သွားမည်စိုးလွန်း၍ ဒရွတ်တိုက်ပါအောင် ဇရပ်အတွင်းသို့ အတင်းအဓမ္မပြန်၍ဆွဲရင်းမှပင် နှစ်ဦးသားသည် ကြမ်းပြင်ပေါ်သို့ ထွေးကနဲလဲကျသွားတော့သည်။ လဲကျလျက်သားကပင် လေးလေးမြင့်သည် ဇော်မြင့်ဝင်းအား ကျစ်ကျစ်ပါအောင် ဖက်တွယ်ထားရှာသည်။

ဇော်မြင့်ဝင်းသည် လေးလေးမြင့်အား ငုံ့ကြည့်မိသည်။ မျက်ရည်ယိုစွဲနှင့် နှုတ်ခမ်းလေးများထူအမ်းနေသော လေးလေးမြင့်ကိုတွေ့ရသည်။ ဆွဲရင်းလွဲရင်းမှပင် လေးလေးမြင့်၏ အင်္ကျီကြယ်သီးကလေးများ ပြုတ်ထွက်လျက်ရှိနေသည်။ ဝင်းသော၊ မွတ်သော လေးလေးမြင့်၏ လည်တိုင်သားနှင့် ရင်ညွန့်သားကလေးတို့သည် မပြူ့တပြူပေါ်လျက်သားရှိနေသည်။

ဇော်မြင့်ဝင်းသည် ပက်လက်ကလေးမော့ကြည့်နေလေသည့် လေးလေးမြင့်အား ဖွေ့ကနဲနေအောင်ပွေ့ကာ ကောက်ယူလိုက်သည်၊ ဇရပ်တံခါးကို ခြေဦးထိုးကာပိတ်လိုက်သည်။

"အို...ကိုဇော်ကလည်းကွယ်..."

"ဘာကိုဇော်ကလဲကွယ်လဲ...အရင်တစ်ခါ ဒီသက်တန့်ရောင်



အောက်မှာ ကိုဇော် အလို့၊ နံလို့ခံလိုက်ရပြီလေးလေး၊ ဒီတစ်ခါတော့ ကိုဇော် မအဘူး၊ မနံဘူးသိလား"

အဝတ်ခုတင်လေးပေါ်ဝယ် လေမွှေ့ယာသည် အိစက်လှပပေသည်။ တိုထက်၊ တိုထက်ပိုမို၍ အိစက်ရလေသည်မှာ ကာမဂုဏ်သားတို့၏ အထိအတွေ့ဖောဋ္ဌပ္ပသာလျှင်မဟုတ်ပါလေလား။

◆ ◆ ◆ ◆ ◆

[၁၅]

ချစ်ကြပါသည် ဆိုသည်ကနှလုံးသား။

အထိအတွေ့ ဖောဋ္ဌဗ္ဗဆိုသည်က သွေးကြောသားကြော။

အချိန်ကျ၍ အစာကိုတောင်းခံလေသည်က အစာအိမ်။

အချိန်ရှိသလောက် ချစ်နေ၍မပြီးသေး။ အထိအတွေ့ သွေးကြောသားကြော၏ အလိုဆန္ဒကိုချည်းလဲ လိုက်ပါ၍မဖြစ်၊ အသစ်သော အဟာရကို အစာအိမ်မှတောင်းခံလာသောအခါလည်း ဖြည့်စွက်ပေးရန် လိုအပ်ပေသေးသည်။

နံနက်စာအတွက် ငါးသေတ္တာဘူးကိုဖောက်ရ၏။ ရေတာရှည်ဝက်အူချောင်းကိုကြော်သည်။ အလွယ်အကူပေါင်မုန့်ကိုပဲ မီးကင်ကြသည်။ ဇော်မြင့်ဝင်းက သူ့အကြိုက်ကော်ဖီခါးခါးပေါ့ပေါ့ကိုဖျော်သည်။



ပြီး မျက်နှာချင်းဆိုင်စားကြ၏။ သောက်ကြ၏။ ပထမတော့လေးလေးမြင့်၏ မျက်နှာသည် ရှက်ကိုးရှက်ကန်းအရိပ်အယောင်သန်းနေရှာသေးသည်။ စားသောက်ပြီးကြသောအခါ၌ အသားကျသွားပုံရသည်။

လေးလေးမြင့်သည် ကနေသောဒေါင်းမလေးပမာ ပျော်မြူးနေပုံသည်းရ၏။ ငွေအတွက်ခန္ဓာကို စတေးရခြင်းနှင့် အချစ်အတွက်ကိုယ်ခန္ဓာကိုစတေးရပုံတို့တွင် ငွေအတွက်စတေးရစဉ်က စက်ရုပ်ဆန်ခဲ့သလောက် အချစ်အတွက်စတေးရသောအခါဝယ် မည်မျှကြည်နူးနှစ်သိမ့်ရသည်ကို ယခုငွေမက် လေးလေးမြင့်သဘောပေါက်ရှာရပါတော့သည်။

"ကိုဇော်"

"ဆို"

လေးလေးမြင့်က စားပြီးသောက်ပြီးပုဂံများကိုဆေးပေးသည်။ ဇော်မြင့်ဝင်းက ဆေးပြီးပုဂံများအား လက်သုတ်ပဝါတစ်ထည်ဖြင့် ခြောက်ပွတ်တိုက်ပေးနေ၏။

"ဘာ... 'ဆို'လဲ အဲဒီလိုသံပြတ်ကြီးနှင့် မပြောစမ်းပါနှင့် ကိုဇော်ရယ်...လေးလေးရင်နာရလွန်းလို့ပါ...လေးလေးကို စိတ်နာနေတုန်းလား ကိုဇော်"

"အော်...ခက်ပါဘိ လေးလေးရယ်...စစ်သားလူထွက်မို့ကျင့်ပါနေလို့ပါ...စိတ်နာနေတုန်းမို့လားလို့ အခုမမေးနဲ့ဦးလေးလေး၊ သားသားလေးမွေးပြီးမှမေး...သိလား..."

"ဟွန်း…ကိုဇော် အားကြီးမကောင်းဘူးကွယ်"

"ဟုတ်လား…နောက်ကိုကောင်းအောင်…"

"တော်ပါပြောလေကဲလေနှင့် လေးလေးပြောမှာတောင် မေ့သွား ပြီ၊ သြော် လေးလေးဘဝကိုလေးလေးအခုမှရှက်မိတာကိုပြောမလို့ ပါ၊ ငွေမက်ပြီး ကိုဇော့်ကိုသစ္စာဖောက်လို့ ဦးကျော်သူနှင့်လက်ထပ်တဲ့ အချိန်ကစပြီး လေးလေးဟာမှားလည်းမှားခဲ့တယ်။ ရှက်ဖို့လည်း ကောင်းတယ်။ နှလုံးသားမပါတဲ့ အိမ်ထောင်သည်ဘဝဟာ စက်ရုပ် ကြီးလိုပါပဲ ဦးကျော်သူမသေဆုံးခင်ညကတွေ့ခဲ့ရတဲ့ သူ့ရုပ်ကြီးမြင်ပြီး လေးလေးတစ်ခါတလေများ ကြက်သီးထမိတယ်။ အဲဒီညကသုန်သုန် မှုန်မှုန်မျက်နှာထားကြီးနှင့် လက်နှိပ်စက်ရိုက်နေတဲ့ ရုပ်ကြီးကိုပေါ့"

"လက်နှိပ်စက် ဟုတ်လား…"ဟု ဇော်မြင့်ဝင်းသည် ဖျတ်ခနဲ တစ်စုံတစ်ခုကို သတိရလိုက်သည့်အလား အထိတ်တလန့်ကောက်ကာ ငင်ကာ စကားဖြတ်ကာမေးလိုက်လေသည်။

"ဘာဖြစ်သွားတာလဲကိုဇော် အတိတ်တလန့်နှင့်"

"သြော်…ဦးကျော်သူဟာ လက်နှိပ်စက်ကို အမြဲအသုံးပြုသလား ဆိုတာ သိချင်လို့ပါလေးလေး"

"ဟုတ်ပါတယ်ကိုဇော်၊ သူ့မှာလက်ကြောသေတဲ့ရောဂါမျိုးအခံဆဲ ဖြစ်နေတယ်တဲ့…ဒါကြောင့်စာကို ကြာကြာမရေးနိုင်ဘူး…ဘာ အကြောင်းကိုပဲဖြစ်ဖြစ် လက်နှိပ်စက်နှင့်ရိုက်တယ်။ ပြီးမှလက်မှတ် ထိုးပေးလေ့ရှိတယ်"



"ဒါဖြင့်သူ့ကိုယ်သူသတ်သေတဲ့စာဟာလဲ လက်နှိပ်စက်နှင့်ရိုက် တာပဲလား လေးလေး"

"ဟုတ်တယ်…ကိုဇော် အောက်ကျမှ လက်မှတ်ထိုးတယ်။ ဦးကျော်သူရဲ့လက်မှတ်က သူများအတုထိုးဖို့လည်းမလွယ်ဘူး အတွန့် အကောက်တွေသိပ်ရှုပ်တယ်"

ဇော်မြင့်ဝင်းသည် တစ်စုံတစ်ခုကို တွေးနေမိသည်။ ထိုတွေးဆ ချက်သည် ဟုတ်နိုးနိုးတွေးရာကတဖန် အစပျောက်သွားလေ၏။

"ကိုဇော် ဘာငိုင်နေတာလဲဟင်"

"တွေးကြည့်နေတာပါ…ငိုင်တာမဟုတ်ပါဘူးလေးလေး"

"ရှေ့ရေးအတွက် တွေးတာလားကိုဇော်"

"မဟုတ်ပါဘူး…ကိုဇော့်မှ မနက်ဖြန်အတွက်လည်းမတွေးချင် ဘူး၊ သဘက်ခါအတွက်လည်း မတွေးချင်ဘူး၊ အခုကိုဇော်နဲ့လေးလေး အတူတူနေတဲ့အချိန်ပျော်နေတာကိုသာ တွေးချင်တာပါ"

"ဟင်…သိပ်မကဲချင်နှင့် ဆရာကြီး"

နှစ်ဦးသားရယ်ကြပြန်သည်။ နှစ်လုံးသားကိုယ်တိုင်က အကြည် ဓာတ်ရနေသည့်အခါ ဘာအကြောင်းရယ်ဟုမယ်မယ်ရရမဟုတ်စေကာ မူလည်း ရယ်မိကြသည်။ ပြုံးမိကြသည်။ ကြည်နူးမိကြသည်။

အချိန်နာရီသည် သူ့ဟာသူနေလျှင် ကုန်ခဲတတ်ဘိခြင်း၊ ချစ်သူနှစ် ဦး တွေ့ပြီလားဆိုလေမှဖြင့် နာရီနှုန်းသွားသည် ရဟတ်လေလားထင် မှတ်ရသည်။ နှစ်ဆယ့်လေးနာရီတွင် ကမ္ဘာကြီးတစ်ပတ် ပတ်သည်ဆို

သည်မှာ ဟုတ်များမှဟုတ်ပါလေစဟု ဇော်မြင့်ဝင်းနှင့် လေးလေးမြင့် ကထင်မိသည်။ နှစ်ဆယ့်လေးမိနစ်၊ နှစ်ဆယ့်လေးစက္ကန့်နှင့်များ ကမ္ဘာကြီးတစ်ပတ်စေ့သွားကာနေဝင်စပြုလေသလား။

ညစာအတွက် မရိုးသေးသော၊ မကုန်သေးသော ငါးသေတ္တာ၊ ဝက်အူချောင်းကြော်၊ ပေါင်မုန့်ကင်နှင့် ကော်ဖီခါးပင်ဖြစ်ပြန်ပါ၏။ စား၍မြိန်ကြရပြန်သည်။ တကယ်တော့ ထိုအချိန်ထိုအခါတွင် မြက်ပင်ကိုကိုက်ဝါးစားလေဦးတော့ ဇော်မြင့်ဝင်းနှင့် လေးလေးမြင့်တို့အဖို့ ချိုမြိန်ကြလေမည်လားမပြောတတ်။

အိပ်ရာ မဝင်ကြလိုသေး၍ ဇရပ်ကိုအမှောင်အတိုင်းထားကာ အပြင်ဘက်သို့ လမ်းလျှောက်ထွက်ကြသည်။ ကောင်းကင်မိုးသားကင်း၍ ကြည်လင်နေသော်လည်း လမင်းကိုမူမတွေ့ရပေ။ ဤနေရာတွင် နလံထချစ်သူနှစ်ဦးရှိနေမှန်းသိလေသောကြောင့် လမင်းသည်တစ်ခြားနေရာသို့ ရှောင်ပေးထားလေသည်ထင့်။

ကြယ်ရောင်များကမူ ယခုညဥ့် အသူရာစစ်ဆင်မှုကင်း၍ တဝင်းလက်လက်တောက်ပဝံ့နေကြသည်။

"ကိုဇော်..."

"နားထောင်နေပါတယ် အချစ်ရယ်"

"ဟိုပိန္နဲပင်ကြီးကြားက တလက်လက်တောက်ပနေတဲ့ကြယ်ကြီးဟာ ဘာကြယ်တဲ့လဲဟင်"

ဇော်မြင့်ဝင်းက ကောင်းကင်သို့မော့ကြည့်ရ၏။



"သောကြာကြယ်ပေါ့...ဒါမှမဟုတ် လေးလေးရဲ့မျက်လုံးလေး ..."

"သူက ဒီမြင်ကြယ်တွေလို မှိတ်တုတ်မှိတ်တုတ်မလုပ်ဘူးနော်၊ ...စ်**သမတ်ထဲတောက်ပနေတယ်။** ကိုဇော့်လိုပါပဲ"

"**ဘာကိုဆိုလိုသလဲ** လေးလေး"

"ဩော်...ကိုဇော်ဟာ လေးလေး**တစ်သက်မှာ မြင်ဘူးခဲ့သမျှ** ...**ဘူးခဲ့သမျှ** ယောက်ျားတွေနှင့် မတူလို့ပါ"

"ဟုတ်လား..."

ဇော်မြင့်ဝင်းက ဟုတ်လားက ထွန်းဝေအပြောမျိုးနှင့် 'ဟုတ်...ား' ဟု တမင်နောက်ပြောင်ကာပြောလိုက်သည်။

"ဟင်း...နောက်တီးနောက်တောက်နှင့် **လေးလေးကတကယ်** ...တ်ထဲကအတိုင်းပြောနေတာ...အမြင်အားဖြင့် **ကိုဇော်ဟာ ကာယဗ** ...ကြီးနှင့်လိုက်အောင် မျက်နှာထားကြီးက တည်ထားတတ်တယ်။ ...ကိုပဲ ကောင်မတွေက ကျနေတာနေမှာပေါ့"

"ဘယ်ကောင်မတွေလဲ လေးလေးရာ ကိုဇော့်မှာ..."

"**တော်ပါ**...မိခင်မာရယ်ပေါ့"

"**ဩော်**...ခင်မာက ကလေးပဲဟာ"

"**ဟွန်း မိခင်မာကိုများ** ကလေးတဲ့အားကြီး **ကလေးလိမ့်မယ်၊** ...စိတ်ထဲမှာ **ကိုဇော့်ကိုကြိတ်ပြီး** သဘောကျနေတာ **ကိုဇော်ကသာ** ...ယ့်ညီမလေးလို သဘောထား၊ အဲဒီလိုတည်ကြည်ပြီး **သစ္စာရှိတတ်**

တဲ့ ကိုဇော့်ရဲ့စိတ်ကိုပဲ လေးလေးကချစ်ရတာပဲ ကိုဇော်၊ များသော အားဖြင့် ယောကျ်ားတွေဟာ အခွင့်အရေးရလာရင် တယ်ပြီးလက်မနေး ချင်ဘူး။ အခွင့်အရေးမရတဲ့ကြားကတောင် ဖန်တီးပြီးတော့ အခွင့် အရေးကို အရယူချင်တတ်ကြတယ်။ အဲဒီယောကျ်ားမျိုးတွေကြားမှာ ကိုဇော်ဟာ ဟိုအပေါ်က သောကြာကြယ်ကြီးလိုပဲ…စိတ်ကို တစ် သမတ်တည်းထားတယ်။ ခင်မာပေးတဲ့ အခွင့်အရေးကိုမယူဘူး… လေးလေးကို အပြင်ကစိတ်နာနေပေမယ့် ဝမ်းထဲကမပြောင်းမလဲချစ်နေ တယ် ဟုတ်ရဲ့လား ကိုဇော်"

"ပြောတတ်ဘူးလေကွယ်"

"ဘာပြောတတ်ဘူးလဲ လေးလေးကို နမ်းစမ်းပါ ကိုဇော်"

ဇော်မြင့်ဝင်းက သိုင်းပွေ့ကာ အားပါးတရနမ်းပစ်လိုက်သည်။ လေးလေးမြင့်၏ မျက်လုံးကလေးများသည် သောကြာကြယ်နှင့် အပြိုင် တောက်ပလျှက်ရှိသည်။ ရှည်ကြာသောအနမ်းပြီးမှ လူချင်းခွါလိုက်ကြ သည်။

"လေးလေးကိုချစ်တယ်လို့ **ပြောစမ်းပါဦး** ကိုဇော်"

"လေးလေးကို ကိုဇော်သိပ်ချစ်ပါတယ် လေးလေး"

"လေးလေးလည်း ကိုဇော့်ကိုသိပ်ချစ်တာပါပဲကွယ်"

အမူအရာအားဖြင့်လည်းချစ်ကြသည်။ နှုတ်အားဖြင့်လည်းချစ်ကြ သည်။ ထို့နောက်၌ကား တစ်ဦး၏ခါးကိုတစ်ဦး ယုယစွာရစ်သိုင်းရင်း မှောင်သောစရုပ်ကဲ့သို့ ဝင်ရောက်သွားကြတော့သည်။ ချစ်ကြပြီး



…လည်း အမှောင်သည် ထိတ်စရာကြောက်စရာဟု မယူမှတ်ကြ …။

◆ ◆ ◆ ◆ ◆

[၁၈]

တစ်နေ့သည် ထွက်ပြူခဲ့ပြန်လေပြီ။

ဆွမ်းခံသွား…ဆယ်နှစ်သားအရွယ်… ကိုရောင်ပေစုးလေးအား နေ့စဉ် ငွေတစ်ကျပ်ဘောက်ဆူးချကာ အလိုရှိသည်များကို လေးလေးမြင့်က မှာရသည်။

ခေါက်ကုလားထိုင်တွင် ဇော်မြင့်ဝင်းကထိုင်ကာ လေးလေးမြင့်က စားပွဲဘေးတွင် မတ်တတ်ရပ်ပြီး ကော်ဖီဖျော်လျှက်ရှိကြသည်။ ဇရပ်၏တံခါးကိုမူပိတ်ထားပြီး ဘေးပြတင်းပေါက်သာလျှင်ဖွင့်ထားသည်။



"လေးလေးစဉ်းစားနေတယ် ကိုဇော်၊ လူသတ်မှုအတွက် ကိုဇော့်ကို ဘယ်သူကများ အကွက်ဆင်ပြီးထောင်ချောက်ထဲထည့်လိုက်သလဲ လို့"

"ဦးစိုင်းမောင်ပဲပေါ့ လေးလေး…လေးလေးပဲပြောခဲ့တယ် ဟုတ်လား။ ဦးစိုင်းမောင်ဟာ အသိုက်အအုံအင်မတန်ကြီးမားလှပါ တယ်လို့…"

"ဦးစိုင်းမောင်ကိုချည်းပဲ တထစ်ချမှတ်ယူဖို့မလွယ်လှဘူးထင် တယ်ကိုဇော်၊ ဦးစိုင်းမောင်ဟာ လေးလေးအပေါ်မှာ လူကောင်းတစ် ယောက်ပါ"

"ကောင်းမှာပေါ့…သူက လေးလေးကိုသိမ်းပိုက်ချင်နေတာကိုး၊ ခုဟာက ကိုဇော်ရောလေးလေးပါ ပျောက်သွားတာမို့ နှစ်ယောက်စ လုံးကို ချောက်ကျအောင်ထောင်ချောက်ဆင်တာကော မဖြစ်နိုင်ဘူး လားလေးလေး၊ တကယ်လို့သာ ဒီအရှုပ်အထွေးထဲကို ကိုဇော်ပါဝင် လာရင်တော့ ဦးစိုင်းမောင်ရဲ့စိတ်သဘောထားဟာ တစ်မျိုးဖြစ်ချင် ဖြစ်မှာပါပဲ"

စကားပြတ်သွားကြသည်။ လေးလေးမြင့်သည် ကော်ဖီပန်းကန် နှင့် ပေါင်မုန့်မီးကင်ကို ဇော်မြင့်ဝင်းရှေ့ချပေးသည်။

"ပြောစမ်းပါဦး လေးလေး…ဦးကျော်သူရဲ့အလောင်းဟာ ဘယ် ပုံနည်းနှင့် လဲကျနေခဲ့သလဲ"

"ကြမ်းပြင်မှာ တုံးလုံးကြီးကိုဇော်၊ စာကြည့်စားပွဲဘက်ကို မျက်နှာ

ပြုထားတယ်။ ကုလားထိုင်က နောက်ပြန်လဲကျနေတယ်"

"သေနတ်ကကော..."

"သူ့လက်နားမှာပဲ"

"သူ့မှာရတဲ့ဒဏ်ရာကကောလေးလေး"

"ညာဘက်နားထင်မှာ၊ နားရွက်အပေါ်ပိုင်းမှာ..."

"လေးလေးရောက်သွားတော့ သေနတ်ကထွက်တဲ့ယမ်းနံ့ နေ

သေးလား"

"ရတယ်ကိုဇော်"

"အဲဒီ စာကြည့်ခန်းရဲ့ ပြတင်းအခန်းဆီးတွေက ပွင့်နေလား

"ပွင့်နေတယ်"

"ဒါဖြင့် ပြတင်းပေါက်အပြင်ဘက်ကနေ တစ်ယောက်ယော

က ကြည့်မယ်ဆိုရင် တွေ့နိုင်တာပေါ့၊ ဆိုပါစို့...လေးလေးက ဒ

နတ်ရယ် သူ့ကိုယ်သူ သတ်သေတဲ့စာရယ်ကို ကောက်ယူနေတာ

တစ်ယောက်ယောက်က တွေ့နိုင်မယ်မဟုတ်လား"

"တွေ့နိုင်တယ်ကိုဇော်...လေးလေးအပြင်ပြန်ထွက်ခါနီး

တောင် အဲဒီအခန်းဆီးကို ပြန်ပိတ်လိုက်မိသေးတယ်"

"ဘာဖြစ်လို့ ပြန်ပိတ်တာလဲ"

"လေးလေးဘာသာလည်း မတွေးတတ်အောင်ပဲကိုဇော်၊ ဘ

လို့ ပြန်ပိတ်မိမှန်းကိုမသိဘူး။ ကြောက်ကြောက် လန့်လန့်နှင့် 

ရူးသွပ်တန်းနေမှာပါ"



"သူ့ကိုယ်သူသတ်သေတဲ့စာထဲမှာ ဘယ်လိုရေးထားလဲ"

"သူ့ဘဝကိုသူ သိပ်ပြီးငြီးငွေ့လှပြီတဲ့၊ ဒီဘဝကသူအပြီးအပိုင်

ထွက်သွားပါပြီတဲ့...လေးလေးကိုရာသက်ပန်နှုတ်ဆက်သွားပါတယ်တဲ့၊

ဒါလောက်ပဲကိုဇော်"

ဇော်မြင့်ဝင်းသည် ပေါင်မုန့်ကိုကိုက်ဝါးပြီး ကော်ဖီကိုသောက်

လိုက်၏။ လေးလေးမြင့်ကလည်း ကော်ဖီကိုယူသောက်၏။ ပေါင်မုန့်

တော့မစားပေ။

"ဦးကျော်သူရဲ့ စီးပွားရေးအခြေအနေကော လေးလေးဘယ်

လောက်သိထားသလဲ"

"ကိုဇော့်ကိုပြောဖူးသားပဲ ဦးကျော်သူဟာ သူ့စီးပွားရေးနဲ့ပတ်

သက်လို့ လေးလေးကိုသိပ်ပြောလေ့မရှိဘူး"

"ဦးစိုင်းမောင်ဆီက ဦးကျော်သူချေးငှါးတဲ့ ငွေတွေဟာ အလုပ်

ကိစ္စအတွက်လား ဒါမှမဟုတ် သူ့ကိုယ်ရေးကိုယ်တာအတွက်လား

လေးလေး"

"ပြောတတ်ဘူးကိုဇော်"

"ဦးကျော်သူရဲ့လုပ်ငန်းထဲမှာကော ဦးစိုင်းမောင်ဟာ ရှယ်ယာ

တွေပါသေးလား"

လေးလေးမြင့်က စဉ်းစားပြီးမှ ခေါင်းညိတ်ပြသည်။

"ရှယ်ယာထက်တောင်ပိုသေးသလိုပဲ ကိုဇော်၊ လေးလေးစိတ်

အဘင်တော့ ဦးကျော်သူရဲ့ လုပ်ငန်းတစ်ခုလုံးကို ငွေပင်ငွေရင်းထုတ်ပေးနေတာ ဦးစိုင်းမောင်ပဲလို့ထင်တာပဲ"

"စာချုပ်စာတမ်းနဲ့လား…"

"အဲဒီလိုတော့ မဟုတ်ဘူး၊ ဦးကျော်သူနဲ့ ဦးစိုင်းမောင်ဟာ စာချုပ်စာတမ်းထက်တောင် ခိုင်မာတဲ့ ယုံကြည်မှုနဲ့ နားလည်မှုတစ်ဦးကိုတစ်ဦးထားကြတယ်"

"ဦးကျော်သူဟာ လော်ရီကားတွေနှင့် ရှမ်းပြည်နယ်ကိုကုန်ကူးတဲ့ လုပ်ငန်းအပြင် တစ်ခြားလုပ်ငန်း ဘာတွေမှမရှိတော့ဘူးလား"

"ရှိတယ် ကိုဇော်၊ ခြံမြေတွေလျှောက်ဝယ်ထားတယ်။ ပြီးတော့ ပဲခူးကအထွက် ကျောက်တိုင်ကန်မှာလဲ ခြံမြေတွေ ဧကတော်တော်များများဝယ်ထားတာပဲ"

"ဘာအတွက်ဝယ်ထားတာလဲ"

"မွေးမြူရေးလုပ်ဖို့ အစပျိုးထားတာတဲ့၊ ဒါပေမယ့် ဘာမွေးမြူရေးမှလုပ်တာလည်း လေးလေးမတွေ့သေးပါဘူး။ အခုလောလောဆယ်တော့ ဝယ်ထားတဲ့ခြံမြေတွေကို ခြံကောင်းကောင်းခတ်ထားပြီး သူ့လော်လီကားကြီးတွေအဝင်အထွက်နားနေကြတာပဲလုပ်နေတယ်"

ဇော်မြင့်ဝင်းသည် ၄င်းလော်လီကားကြီးများနှင့် ဆက်စပ်ပြီး ကိုလွင်ဦးအကြောင်းကို တွေးနေမိသည်။ ကိုလွင်ဦးအား ဟိုညကလာရောက်ဆက်သွယ်သော လူပု'ကိုတွေး'အကြောင်းကိုလည်း တွေးကြည့်နေမိပြန်သည်။ ကိုလွင်ဦးသည် ထိုလော်လီကားများ၏ ခရီးစဉ်တစ်



လျှောက်အား လင်းရိုဗာကားတစ်စီးနှင့် လိုက်လံကြပ်မတ်ရသူဟုလည်း ဆိုထားသည်။ သွေးရိုးသားရိုးသာလဆိုလျှင် ဘာမျှလိုက်လံကြပ်မတ်စရာအကြောင်းမရှိပေ။ ရှမ်းပြည်နယ်မှချလာသော ကုန်ပစ္စည်းများတွင် မရိုးမသားပါလာသော ပစ္စည်းများကြောင့်သာ လူယုံတော်လွင်ဦးအား ကြပ်မတ်ထားစေခြင်းဖြစ်ရပေမည်။

"ဪ…ကိုဇော် လေးလေးမော်တော်ကားထဲမှာ ဦးကျော်သူနောက်ဆုံးအသုံးပြုထားတဲ့ မြန်မာပြည်မြေပုံတစ်ခုရှိတယ်။ အကြမ်းဆွဲထားတဲ့မြေပုံပါ။ တစ်ခါတလေ ဦးစိုင်းမောင်နှင့် ဦးကျော်သူဟာ အဲဒီလိုမြေပုံကြမ်းဆွဲပြီး ခေါင်းချင်းရိုက်တိုင်ပင်လေ့ရှိတယ်။ အဲဒါကြည့်မလား ကိုဇော်"

"လာ သွားကြည့်ကြစို့"

ကော်ဖီကို လက်စသတ်ခါ နှစ်ယောက်သား နီဆန်းဂျစ်ကားဆီသို့ လျှောက်လာခဲ့ကြသည်။

"ဒါဂျစ်ကားက ဘယ်သူ့ဟာလဲ"

"လေးလေးဟာပေါ့ကိုဇော်၊ မာစီးဒီးက ဦးကျော်သူအသုံးများတယ်၊ လေးလေးကလဲ အိမ်မှမကပ်ချင်တာ…ပြီးတော့လေးလေးက ခြေဦးတည့်ရာလျှောက်သွားချင်နေတာ၊ ဒါကြောင့်ဒီကားကို လေးလေးဘာသာတိတ်တိတ်ကလေး ကြိတ်ဝယ်ထားတာ၊ ဦးကျော်သူတောင် မသိဘူး၊ အင်းယားမြိုင်က ဂိုဒေါင်မှာလည်းမထားဘူး၊ တခြားမှာသွား

ထားတယ်။ မာစီးဒီးကသူတို့လုပ်ငန်းပိုင်ကားမို့ စီးရတာမလွတ်လပ်
လို့"

လေးလေးမြင့်က နီဆန်ဂျစ်ကား၏ တံခါးကိုဖွင့်ကာ အထဲမှ အိတ်တစ်ခုထဲမှ မြေပုံတစ်ခုကိုထုတ်ယူလိုက်ပြီး ဇော်မြင့်ဝင်းလက်သို့ အပ်လိုက်သည်။

မြန်မာပြည်မြေပုံတစ်ခုပင်ဖြစ်၏။ လျှောက်လွှာတစ်ရွက်အပြည့်ရှိ ထားသည်။ အထူးသဖြင့် မော်တော်ကားလမ်းများကို မှင်စိမ်းဖြင့်ပြထား သည်။ မှင်စိမ်းပြရာလမ်းတစ်လျှောက်သည် ရှမ်းပြည်နယ်တောင်ပိုင်း ပြည်မထဲသို့ ဝင်လာသည့်မော်တော်ကားလမ်းများနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းမှ ရန်ကုန်ထဲသို့ဝင်လာနိုင်သောလမ်းများဖြစ်၏။ တစ်ချို့ လမ်းများမှာ ရှမ်းပြည်နယ်တွင် နွေရာသီကျမှသာ အသုံးပြုနိုင်သော လမ်းများဖြစ်နေကြသည်။

စစ်သားဘဝဖြင့် ရှမ်းပြည်နယ်တစ်ခွင်ရှေ့တန်းတွင် ဖွတ်ဖွတ်ကြေ အောင် တာဝန်ထမ်းဆောင်ခဲ့သော ဇော်မြင့်ဝင်းသည် ဤမော်တော် ကားလမ်းကြီး လမ်းငယ်အသွယ်သွယ်ကိုတွေ့ရသည်နှင့် ဦးကျော်သူ ဘာတွေလုပ်နေသည်ကို ခန့်မှန်းနိုင်လေသည်။ ဦးကျော်သူသည် လက် ဖက်ခြောက်၊ လက်ဖက်စို၊ သနပ်ဖက်၊ လိမ္မော်သီးများကိုပြုရပ်လုပ် ထားပြီး ဘိန်း၊ ရွှေချောင်းနှင့် မော်ဖီးယားတို့ကို ပြည်တွင်းခိုးသွင်း နေသူပင်ဖြစ်ရမည်။ မြောက်ပိုင်းရှမ်းပြည်နယ်ဆိုလျှင် ကျောက်မဲ



သီပေါ၊ လားရှိုးမှ ကွတ်ခိုင်အထိပြထားပြီး၊ တောင်ပိုင်းဆိုလျှင် တောင် ကြီး၊ လွိုင်လင်၊ လွိုင်မွေမှတစ်ဆင့် တာချီလိတ်အထိပြထားသည်။

မြေပုံပေါ်တွင် မှ ရှိနှင့်ဝိုင်းထားသော အဝိုင်းလေးသုံးဝိုင်းရေး ထားသည်။ တောင်ငူတွင် အဝိုင်းနှစ်ဝိုင်းရှိသည်။ ပထမအဝိုင်း၏ ဘေးတွင် (မေလ ၂၉-ရက်)ဟူ၍လည်းကောင်း၊ ဒုတိယအဝိုင်းတွင် (ဇူလိုင် ၃၀-ရက်)ဟူ၍လည်းကောင်း၊ ရေးထား၏။

တတိယအနီဝိုင်းမှာ ပဲခူးကိုဝိုင်းထားသည်။ အဝိုင်း၏ ဘေးတွင် (ဩဂုတ်လ ၉-ရက်)ဟု ရေးသားထားပြန်သည်။

မေလ (၂၉)ရက်သည် ဦးကျော်သူ မသေဆုံးမီတစ်ရက်ကဖြစ် သည်။ ဦးကျော်သူက မေလ(၃၀)ရက်ညတွင်သေဆုံးသည်။ (၃၀)ရက် သည် လွန်ခဲ့သောနှစ်ရက်ကနေ့စွဲဖြစ်သည်။ ဤအချက်များသည် နိုင်လုံ သောအကြောင်းတစ်ခုခုနောက်ကွယ်တွင်ရှိမည်ဖြစ်ကြောင်း ဇော်မြင့် ဝင်းက တွက်ဆမိသည်။

"ကြည့်...လေးလေး..ဒီမှင်နီဝိုင်းထားတာတွေကိုကြည့်၊ တောင် ငူမှာနှစ်ဝိုင်းဝိုင်းထားတယ်၊ ပဲခူးမှာတစ်ဝိုင်း၊ တောင်ငူမှာလည်းခြံမြေ တွေဝယ်ထားတယ်နော်...မွေးမြူရေးလုပ်မယ်လေသံလွှင့်ထားပြီး အခု လောလောဆယ်ကုန်ကားကြီးနားဖို့ အသုံးပြုထားတယ်မဟုတ်လား။ တကယ်တော့ အဲဒီခြံမြေကိုအလုံအခြုံဝင်းခတ်ထားပြီး...ရှမ်းပြည်နယ် နယ်စပ်က ချလာတဲ့ မသမာပစ္စည်းတွေ အပြောင်းအလဲလုပ်နေတာ ပဲဖြစ်ရမယ် လေးလေး"

"အဲဒါတွေဟာ ဟုတ်ပြီပဲထားပါတော့…အခုကျရောက်နေတဲ့ ကိုဇော်နဲ့လေးလေးအတွက် ဘာများအထောက်အပံ့ဖြစ်စရာရှိနိုင်မလား လို့ ကိုဇော်တွေးကြည့်တာပါ၊ ကဲ…ဦး[illegible]သူသေဆုံးတဲ့ညက မသေ ဆုံးခင် အဖြစ်အပျက်တွေ ပြောပြစမ်းပါလေးလေး"

"ကိုဇော့်ကိုပြောပြီးသားပဲ"

"ထပ်ပြောပါလေးလေး…အသေးစိတ်အတိအကျပြန်ပြော စမ်းပါအုံး"

လေးလေးမြင့်သည် စဉ်းစားကာ တစ်လုံးချင်းပြောရှာပေ၏။

"မေလ ၃၀-ရက်နေ့ ညနေ (၆)နာရီလောက်မှာ ဦးကျော်သူ အိမ်ပြန်ရောက်လာတယ်၊ သူ့မျက်နှာဟာ သိပ်သာသာယာယာမရှိဘူး၊ လေးလေးကိုမေးတယ်။ သူ့ရဲ့ဖောင်တိန် ပြင်ဆိုင်မှာပို့ထားတဲ့ ပတ်ကား (၆၁)ဖောင်တိန်ဟာ ပြင်ဆိုင်က လာပို့သလားတဲ့၊ လေးလေးက လာ မပို့သေးဘူးလို့ပြန်ဖြေတယ်။ ဦးကျော်သူဟာ တဗျစ်တောက်တောက်နှင့် မနေ့ကတည်းက ရမယ့်ရက်တဲ့၊ ဒီနေ့ထိတောင် လာမပို့သေးဘူး… ကတိမတည်တဲ့လူတွေ၊ ပြင်ခကျတော့ နင့်နေအောင်တောင်းတယ်နဲ့ ဘာနဲ့၊ ပြီးတော့စာကြည့်ခန်းထဲဝင်သွားပြီး ကနေ့အဖို့ရောက်လာတဲ့ စာတိုက်ကစာတွေကို ဖောက်ဖတ်တယ်"

"အခု လေးလေးပြောနေတာတွေဟာ ကိုဇော့်ရဲ့စိတ်ကူးကို အထောက်အပံ့ဖြစ်ရဲ့လား ကိုဇော်"

"ဆက်ပြောပါ…ဖြစ်ပါတယ်"



"အဲဒီညက အိမ်ဖော်ဒေါ်သက်စုကြီးမလာဘူး…ဒါကြောင့် ညစာကို လေးလေးကပဲ ပြင်ဆင်ရတယ်။ လေးလေးနှင့် ဦးကျော်သူ ညစာ တစ်ဝိုင်းတည်းစားကြတယ်။ စကားတော့ ဆယ်လုံးပြည့်အောင် မပြောမိကြဘူး။ ညစာစားပြီးလို့ ထမင်းဝိုင်းကိုလေးလေးသိမ်းနေတုန်း မှာပဲ ဖောင်တိန်ပြင်ဆိုင်က ကုလားလေးတစ်ယောက်လာတယ်။ ပြင် ပြီးတဲ့ ဦးကျော်သူရဲ့ ပတ်ကားဖောင်တိန်ကိုပေးပြီး ပြန်ထွက်သွားတယ်။ ဖောင်တိန်ရတော့ ဦးကျော်သူဟာ စာကြည့်ခန်းထဲပြန်ဝင်သွားတယ်။ လေးလေးကဧည့်ခန်းမှာ သတင်းစာဖတ်နေတယ်။ အဲဒီတုန်းကဖုန်း လာတယ်။ ဦးကျော်သူနားထောင်တယ်။ ပြီးတော့…သူအပြင်သွားစရာ ရှိတယ်တဲ့၊ ဦးစိုင်းမောင်ရဲ့ပါတီပွဲကို လေးလေးသွားနှင့်တဲ့။ သူလိုက် လာခဲ့မယ်တဲ့၊ အဲဒါနဲ့ လေးလေးလည်းပါတီပွဲကို ထွက်လာခဲ့တာပဲ ကျန်တာတွေ ကိုဇော်သိသားပဲ"

"စာရေးစက္ကူတွေနှင့် လက်နှိပ်စက်ရိုက်တဲ့စက္ကူတွေ ပျောက် နေတယ် လေးလေး"

"ဘာ…စက္ကူတွေ…ကိုဇော်ပြောတာ လေးလေးနားမလည် ဘူး"

"ဟိုညက အင်းယားမြိုင်ကို ကိုဇော်ရောက်ခဲ့ပြီး ဦးကျော်သူရဲ့ စာကြည့်ခန်းထဲဝင်ကြည့်ခဲ့တယ်။ အဲဒီတစ်ခန်းလုံးမှာ စက္ကူအလွတ်ဆို ဘာမှမတွေ့ရဘူး။ စာရေးစက္ကူလည်းမတွေ့ဘူး။ လက်နှိပ်စက်ရိုက် တဲ့ စက္ကူလွတ်လည်း မတွေ့ခဲ့ရဘူး"

"သူဟာသူ တစ်နေရာရာမှာ သိမ်းချင်သိမ်းထားမှာပေါ့ ကိုဇော်"

"ဒါဖြင့် သူ့ကိုယ်သူ သတ်သေပါတယ်ဆိုတဲ့စာကို ဘယ်လို လက်နှိပ်စက်ရိုက်မလဲ၊ ကဲ…ပြီးတော့ စာရေးစက္ကူတို့ လက်နှိပ်စက် စက္ကူတို့ဆိုတာဟာ ဖွက်ထားစရာပစ္စည်းလား"

လေးလေးမြင့်သည် ဇော်မြင့်ဝင်း၏စကားကို နားထောင်ရင်း တစ်စုံတစ်ခုကို သတိရသည့်အလား…မျက်လုံးကလေးဝင်းလက်သွားပေသည်။

"အရေးကြီးမလားတော့မသိဘူး ကိုဇော်၊ ဆန်းတော့ဆန်းတာ၊ တစ်ခု လေးလေးပြောဖို့မေ့နေတယ်။ ဦးကျော်သူဟာ သူ့ကိုယ်သူသတ်သေပါတယ်ဆိုတဲ့စာကို စက္ကူနှစ်ဘက်လွတ်ပေါ်မှာ လက်နှိပ်စက်ရိုက်မထားဘူး၊ အဲဒီနေ့က စာတိုက်ကလာတဲ့ ကျောက်မဲလက်ဖက်ခြောက်ကြော်ငြာစာရွက်တစ်ခုရဲ့ နောက်ကျောမှာရိုက်ထားတာ ကြော်ငြာစာရွက်က ဖူးစကက်စာရွက်အရွယ်လောက်ရှိတယ်။ နောက်ကျောဘက်ကအလွတ်၊ အဲဒီအလွတ်ပေါ်မှာ သူ့ကိုယ်သူသတ်သေကြောင်းလက်နှိပ်စက်ရိုက်ပြီး လက်မှတ်ထိုးထားတာပဲ ကိုဇော်"

ဇော်မြင့်ဝင်းသည် မျက်မှောင်ကုတ်၍ စဉ်းစားတော့သည်။

"လူတွေရဲ့သဘာဝကိုတွေးကြည့်စမ်းလေးလေး၊ ဥပမာ-လေးလေးကိုယ်တိုင်ပဲ ဆိုပါစို့၊ ဖောင်တိန်အသစ်တစ်ချောင်းရတယ်ဖြစ်စေ၊ ဒါမှမဟုတ် ရေးမကောင်းလို့ ပြင်ပေးလိုက်တဲ့ဖောင်တိန်ကိုပြန်ရတဲ့အခါမှာဖြစ်စေ၊ လေးလေးဘာလုပ်မလဲ"



"ရေးကြည့်မှာပေါ့ ကိုဇော်"

"စာရွက်အလွတ်အကောင်းပေါ်မှာ ရေးကြည့်မလား"

"ဟင့်အင်း…အနီးအနားမှာရှိတဲ့ ဖောက်ပြီးသားစာအိတ်ပေါ်မှာဖြစ်ဖြစ်၊ ဒါမှမဟုတ် အသုံးမပြုဘဲ စာရွက်တစ်ခုပေါ်မှာဖြစ်ဖြစ်၊ ရေးကြည့်မှာပဲ၊ အဲဒီလိုလဲ ဖောင်တိန်စမ်းတဲ့အခါ လေးလေးရေးကြည့်ဘတ်တယ်"

"လူတိုင်းလည်း အဲဒီလိုပဲရေးစမ်းကြည့်တတ်တယ်လေးလေး၊ အစ[illegible]သဘောအရရေးတာဆိုတော့…ပိုက်ဆံဘယ်လောက်ချမ်းသာပေမယ့် စာရွက်အကောင်း စာရွက်အလွတ်ပေါ်မှာ ရေးကြည့်ဖို့အလိုလိုဘွန့်တိုတတ်ကြတယ်။ ဒါက လူ့သဘောကိုး။ ကဲ…ဖောင်တိန်ကိုစမ်းရင်းရေးပြီဆိုပါတော့…ဘာကိုရေးချတတ်ကြလဲ"

"ကိုယ့်နာမည်ကိုရေးချင်လည်းရေးတယ်။ ဒါမှမဟုတ် ဖောင်တိန်ဟာ အဆွဲအငင်မှင်အသွားအလာ ကောင်းရဲ့လားဆိုပြီး…လေးလေးတော့အဲဒီလိုစမ်းတဲ့အခါ ကိုယ့်ထိုးမြဲလက်မှတ်ကိုထိုးကြည့်လိုက်တာပဲ၊ အယ် ကိုဇော်…ကိုဇော်မေးတာတွေ လေးလေးဖြေရင်းသဘောပေါက်လာသလိုပဲ…ဒီလိုဆိုရင် ဦးကျော်သူဟာ သူများသတ်သွားတာများလား"

"နေဦး လေးလေး…တဖြည်းဖြည်းချင်းတွေးကြည့်ကြရအောင် ဒီနေရာမှာ သတင်းစာက ဖော်ပြထားတဲ့ အင်းယားမြိုင်နားက အိပ်မပျော်တဲ့လူနာ သက်သေရဲ့ထွက်ဆိုချက်ကို ပြန်စဉ်းစားစို့…ပထမဆုံး

သေနတ်သံကို အဲဒီလူကြားတယ်နော်…ပြီးတော့ စက္ကူညှော်နံ့တွေ အင်းယားမြိုင်ဘက်က ရလာသတဲ့…ဟုတ်ရဲ့လားလေးလေး"

**"သိပ်ဟုတ်တာပေါ့ ကိုဇော်"**

"**ကောင်းပြီ**…လူသတ်သမားဟာ **ဦးကျော်သူက ဖောင်တိန်မှမ်း ရင်း လက်ဗက်ခြောက်**ကြော်ငြာစာရွက်**ကျောဘက်မှာ သူ့လက်မှတ် ထိုးထားတာကို**တွေ့သွားမယ်။ ဒီတော့စိတ်**ကူးတစ်မျိုးရပြီး ဒီကြော် ငြာစာရွက်ရဲ့**အပေါ်ပိုင်းမှာ ဦးကျော်သူကိုယ့်**ကိုယ်ကို သတ်သေတဲ့** အကြောင်း လက်နှိပ်စက်ရိုက်ပေးလိုက်မယ်။ **အောက်မှာတော့ ဦးကျော် သူ့**ရဲ့လက်မှတ်က အလိုလိုပါနေပြီးသားဖြစ်နေရော။ **အဲဒီမှာ ဦးကျော်** သူဟာ သူ့ကိုယ်သူ သတ်သေရာရောက်သွားတာပေါ့။ လက်နှိပ်စက် ရိုက်စက္ကူတွေအားလုံးကို မီးရှို့ဖျောက်ဖျက်ပစ်လိုက်မယ်"

"သိပ်ကိုဖြစ်နိုင်တာပဲကိုဇော်၊ ဝင်ပြီးခိုးတဲ့သူခိုးဓါးပြတစ်ဦးဦး ဟာ သူ့နောက်ကိုရဲကခြေရာမခံနိုင်အောင် လုပ်ပစ်ခဲ့တာ နေမှာပေါ့"

"ရိုးရိုးသူခိုးဓါးပြတစ်ဦးဦးမဖြစ်နိုင်ဘူးလေးလေး အဲဒီလူသတ် သမားဟာ ဦးကျော်သူဟာ အမြဲတမ်းလက်နှိပ်စက်ကို အသုံးပြုမှန်း လည်းသိရမယ်။ လေးလေးဟာ **ဦးကျော်သူရဲ့ တရားဝင်ဇနီးမှန်းလည်း** သိရမယ်"

"ဒါဖြင့် အဲဒီလူဟာ လေး**လေးတို့နှင့် သိပ်နီးစပ်ပြီး** လေးလေး တို့အကြောင်းကိုအားလုံး သိနေတဲ့လူဖြစ်ရမှာပေါ့ ကိုဇော်"

"အဲဒီလိုပဲ ယူဆရမှာပဲ လေးလေး"



လေးလေးမြင့်မှာ မစဉ်းစားတတ်သလို သက်ပြင်းကလေးကိုသာ ချလိုက်ရှာပေတော့၏။

"တစ်ခုပြောစရာကျန်သေးတယ် လေးလေး"

"ပြောပါ ကိုဇော်"

"ဦးကျော်သူဟာ အခုလိုတစ်ဦးဦးရဲ့ လက်ချက်နှင့်အသတ်ခံရ ရိုးမှန်ရင် အသက်အာမခံကုမ္ပဏီက လေးလေးထုတ်ယူထားတဲ့ငွေ ဟာ လေးလေးရဲ့ငွေတွေ အမှန်ပဲဖြစ်ရမယ်…လေးလေးမှာဘာလိမ် လည်မှုမှ မရှိနိုင်တော့ဘူး"

"လေးလေးရဲ့ငွေတွေလို့ မပြောပါနှင့် ကိုဇော်၊ ပြန်ပြင်ပြီးပြော လိုက်စမ်းပါ။ ဒီငွေတွေဟာ ကိုဇော်နှင့်လေးလေးနှစ်ဦးစလုံးတရားဝင် ပိုင်ဆိုင်တဲ့ငွေတွေလို့၊ ဒါမှမဟုတ်…လေးလေးတို့လင်မယားပိုင်ငွေ တွေလို့…"

ဇော်မြင့်ဝင်းက ပြုံးလိုက်ပြီး လေးလေးမြင့်၏ ပခုံးဆီသို့ ဖက် သိုင်းလိုက်မိသည်။

မှန်ပါ၏။ တရားရုံးတွင် လက်မထပ်ရသေးသည်ကလွဲပြီး သူတို့ နှစ်ဦးသည် အကြင်လင်မယားအရာသို့ ရောက်ခဲ့ကြပြီးလေပြီကော။

◆ ◆ ◆ ◆ ◆

## [၁၉]

ဇော်မြင့်ဝင်း၏ သီအိုရီအရမူ လေးလေးမြင့်သည် လိမ်လည်မှုမှရော ဦးကျော်သူအသတ်ခံရမှုမှရော လွတ်ကင်းလျှက်ရှိနေသည်၊ ဇော်မြင့်ဝင်းက ၄င်းသီအိုရီအရ ဦးစိုင်းမောင်နှင့်ပူးပေါင်းကာ လေးလေးမြင့်အား ရန်ကုန်သို့ပြန်သွားပြီး ပြဿနာများကိုရှင်းပစ်လိုက်စေလိုသည်။

"နို့…ကိုဇော့်ကိစ္စအတွက်ကော"

"ကိုဇော်ကတော့ အခုလိုပဲ ကိုယ်ရောင်ဖျောက်နေမယ်။ ကိုဇော်ပြန်ရောက်လာမှန်းသိကာနဲ့ ဦးစိုင်းမောင်က လေးလေးကိုလည်း ကူညီမှာမဟုတ်ဘူး။ ကိုဇော့်ကိုလည်းအချုပ်ထဲ အရောက်ပို့လိုက်မယ်ထင်တယ်"



"ဒါဖြင့်လေးလေးက ဦးစိုင်းမောင်ရဲ့ အသိမ်းအပိုက်ကိုခံရမယ်ပေါ့…ရက်စက်လှပါလား ကိုဇော်…အို…မသွားဘူး…ကိုဇော့်ကိုခွဲပြီး လေးလေးတစ်ဖဝါးတောင်မသွားနိုင်ဘူး…"

တကယ်မှာတော့ ဇော်မြင့်ဝင်းကိုယ်တိုင်ကလည်း လေးလေးမြင့်အား မခွဲချင်ပေ။ ခွဲလည်းမခွဲနိုင်အောင် စွဲလန်းလျှက်ရှိပေပြီ။ သို့သော် ယခုကဲ့သို့ခိုအောင်းနေသ၍ လေးလေးမြင့်၏ ပြဿနာသည် ပြေလည်မည်မဟုတ်သောကြောင့်သာ ရင်နာနာနှင့် ဖွင့်၍အကြံပေးရခြင်းဖြစ်သည်။

"ဦးစိုင်းမောင်ရဲ့ အသိမ်းအပိုက်ကို ကိုဇော်ကလည်း ဘယ်မှာကြည့်ဖြုနိုင်ပါ့မလဲ၊ တကယ်တော့ လေးလေးမြင့်ဟာ ကိုယ့်ဇနီးဖြစ်နေပြီပဲ၊ ကိုဇော်ဆိုလိုတာက ဦးစိုင်းမောင်ကို အချိန်ဆွဲထားပေါ့လေးလေး၊ ကိုဇော်ဟာသော့လှဘော်ကို လုံးဝမသတ်ခဲ့ဘူး၊ တဖြည်းဖြည်းကော့ အဖြေမှန်ဟာပေါ်လာရမှာပေါ့…ပေါ်လာအောင်လည်း ကိုဇော်က ကိုယ်ရောင်ဖျောက်ပြီး ကြိုးစားမှာပေါ့၊ အမှုမှန်ပေါ်တဲ့အထိလေးလေးက အချိန်ဆွဲထားဖို့ပါပဲ"

လေးလေးမြင့်သည် နှုတ်ခမ်းမဲ့ပြသည်။ ခေါင်းကိုတွင်တွင်ကြီးခါရမ်းပြသည်။

"သိပ်စွန့်စားရမယ့်ကိစ္စပါကိုဇော်၊ လေးလေးတင်ပြတဲ့ သီအိုရီကို အထောက်အကူပြုနိုင်မယ့် လက်ဆုပ်လက်ကိုင်တွေဟာ ဘယ်မှာလဲ၊ ပြီးတော့ ဦးစိုင်းမောင်ကို လေးလေးကအချိန်ဆွဲချင်တိုင်းဆွဲထား

လို့ကောရမယ်ထင်သလား…အို…ဘာပဲဖြစ်ဖြစ်၊ လေးလေးမသွားဘူး၊ ကိုဇော်ဘာကြီးပဲပြောပြော လေးလေးသွားကိုမသွားဘူး…ကိုဇော်နဲ့ပဲ ဖြစ်ချင်ရာဖြစ်အတူနေမယ်။ ထပ်ပြီးကိုဇော်စကားမရှည်နဲ့"

ဇော်မြင့်ဝင်းက စကားမရှည်တော့ပေ။

ဖြစ်သလိုနှင့် ပျော်သလိုနေလိုက်တော့သည်။ ပျော်လည်းပျော်ကြပါ၏။ အနှစ်နှစ်အလလက ချစ်ခဲ့ကြရပြီး ယခုမှတူနှစ်ကိုယ် လက်တွဲရခြင်းအတွက် မည်သို့သောချစ်သူတို့သည် မပျော်ဘဲရှိကြအံ့နည်း။ တုံးတိုက်မည်ဆိုလည်းဂရုမစိုက်၊ ကျားကိုက်မည်ကိုလည်းအရေးမထား၊ ဖြစ်သမျှခါးစည်း၍ ခံကြလေမည်သာ။

တစ်နေ့သောနံနက်ခင်းတွင် ဇော်မြင့်ဝင်းအိပ်ရာမှထထချင်း၊ လေးလေးမြင့်က ကော်ဖီစားပွဲမှနေပြီး ရွှင်မြူးစွာလှမ်း၍ပြောလိုက်ပေတော့သည်။

"ဟေး…ကိုအိပ်ပုတ်ကြီး၊ ဒီမှာလာကြည့်စမ်း…တမင် ကိုဇော်နိုးမှ တအံ့တဩပြမလို့ လေးလေးစောင့်နေတာ"

ကော်ဖီစားပွဲပေါ်တွင် ဖစ်တပ်လက်ဆွဲအိတ်တစ်လုံးကို လေးလေးမြင့်က တင်ထားသည်။ ဇော်မြင့်ဝင်းက အနားသို့တိုးကပ်သွားသည်။ ဇော်မြင့်ဝင်း သူမအနီးသို့ရောက်လာမှ လေးလေးမြင့်သည် ဖွံကနဲ ဖစ်ကိုဖြည်ကာ ဖွင့်ပြလိုက်ပေသည်။

နှစ်ဆယ်တန်တွေချည်းပဲ ဖြစ်တော့သည်။

"နှစ်တန်အထုပ်ပေါင်း တစ်ရာတိတိပဲကိုဇော်၊ ငွေနှစ်သိန်းတောင်



လေးလေးနှင့်ကိုဇော်မှာရှိနေတာ ဘာပူရမှာလဲ၊ လေးလေးတို့ ချောင်ကောင်းကောင်းတစ်နေရာမှာ သွားခိုနေကြမယ်နော် ကိုဇော်"

"ကိုဇော် ဒါတွေမလိုပါဘူးလေးလေး"

"နို့…ကိုဇော်က ဘာကိုလိုချင်တာလဲ"

ဇော်မြင့်ဝင်းသည် လေးလေးမြင့်၏ ဝမ်းဗိုက်သားချပ်ချပ်ကလေးကို ငုံ့ကြည့်လိုက်သည်။ လေးလေးမြင့်ကလည်း ဘာမသိညာမသိလိုက်ငုံ့ကြည့်သည်။

"ကိုဇော်လိုချင်တာက သားသားလေးပေါ့"

"ဟင်း….ရှတ်တီးရှတ်တတ်နှင့် သူသိပ်ကဲတယ်"ဟုပြောပြောဆိုဆို လေးလေးမြင့်က ဇော်မြင့်ဝင်း၏ ရင်အုံကြီးအား သူမ၏လက်သီးဆုပ်ကလေးနှင့်ထုလိုက်တော့သည်။

ယင်းသို့ဖြင့်ပင် မယ်ဒဂ်ဘုရား၏အရိပ်တော်ကို ခိုလှုံကာတစ်ရက်ပြီးတစ်ရက် ကုန်ဆုံးလာခဲ့ကြသည်။ သတင်းစာကို ဘုန်းကြီးကျောင်းသား ကိုရောင်ပေစူးကလေးက မှန်မှန်ဝယ်ပေးလျှက်ရှိသည်။ သတင်းစာများတွင် ဇော်မြင့်ဝင်းအကြောင်းသည်လည်းကောင်း၊ လေးလေးမြင့်အကြောင်းသည်လည်းကောင်း၊ သော့လုဘော်အကြောင်းသည်လည်းကောင်း ဘာအကြောင်းမျှ သတင်းစာတွင် ဖော်ပြပါရှိခြင်းမတွေ့ရတော့ပေ။ ကြောင်၏အသွင်ဖြင့် ရဲတပ်ဖွဲ့သည် ကြွက်ကိုချောင်းနေလေသလားမပြောတတ်။

ယနေ့နံနက်တွင်ဖြစ်သည်။

ဇော်မြင့်ဝင်းနှင့် လေးလေးမြင့်အတွက် ကြွက်ရေလုံအောင်ပုန်းအောင်းခွင့်ရလေပြီ။

ဇရပ်တွင်းသို့ လူကြီးနှစ်ဦးဝင်ရောက်လာကြသည်။ မွေးပွမျက်နှာသုတ်ပုဝါကိုခေါင်းပေါင်းထားပြီး ပင်နီအပေါ်ဖုံးအင်္ကျီကိုယ်စီဝတ်ထားကြသည်။

"ကျုပ်တို့က အောင်ချမ်းသာရွာက လူကြီးတွေပါ"

"ဟုတ်ကဲ့…"

လူကြီးနှစ်ဦးသည် လေးလေးမြင့်အားစိုက်ကြည့်ပြီး ပြုံးလိုက်သည်။

"ပေတလူရယ်ပေါ့ဗျာ…ရွာထဲမှာလျှောက်ပြောနေလို့ ဒီဇရပ်ကြီးမှာ ဥစ္စာစောင့်လင်မယားရောက်နေတယ်တဲ့၊ သူ့ကိုနေ့တိုင်းငွေတစ်ကျပ်ပေးတယ်တဲ့၊ သူကသတင်းစာတို့ ဝက်အူချောင်းတို့ကို ဆွမ်းခံကအပြန် ဝယ်လာပေးရသတဲ့…"

ဇော်မြင့်ဝင်းက ပြုံးမိသည်။ လူကြီးကဆက်၍

"ရွာထဲကလူတွေကလည်း ရယ်ကြတာပေါ့ဗျာ…ဘယ့်နှယ်ဥစ္စာစောင့်က သတင်းစာဖတ်တယ်၊ ဝက်အူချောင်းစားတယ်လို့၊ ဟဲ…ဟဲ ပေတလူပြောလည်းပြောစရာကိုးကွဲ့၊ ငါတူမကသိပ်လှနေတာကိုး ကျုပ်တို့တောမှာ ဒီလောက်လှရင် လူမဖြစ်နိုင်တော့ဘူး ဥစ္စာစောင့်မပဲ"

လေးလေးမြင့်၏အလှကိုချီးကျူးသဖြင့် လေးလေးမြင့်မှာ မျက်နှာ



မထားတတ်အောင်ဖြစ်နေရှာသည်။ ဇော်မြင့်ဝင်းကလည်း ကျေနပ်နေမိ၏။ သို့သော် လူကြီး၏ နောက်ဆက်တွဲစကားမှုကား ဇော်မြင့်ဝင်းနှင့် လေးလေးမြင့်သည် အထိတ်တလန့်ဖြစ်ရတော့သည်။

"အခု ကျုပ်တို့လာတာက ဒီလိုပါ။ မယ်ဒက်ဘုရားဟာ ကျုပ်တို့အောင်ချမ်းသာရွာရဲ့ ပိုင်နက်ထဲမှာဖြစ်နေပါတယ်။ အဲဒီတော့ ဧည့်စာရင်းတိုင်ဖို့လိုလာတယ်လေ။ ကျုပ်တို့ကဧည့်စာရင်းကို သက်ဆိုင်ရာ ရဲတပ်ဖွဲ့နှင့် အထက်ကို တင်ပြရတယ်။ ဒါကြောင့်ပါ…"

"ဪ…ဟုတ်လား၊ ကျွန်တော့်နာမည်က ကိုမင်းကျော်ပါ၊ ကျွန်တော့်ဇနီးနာမည်က မအောင်ဖြူတဲ့ ရန်ကုန်ကပါ"

"ဟုတ်…မောင်ရင်တို့ လင်မယားက သုံးဆယ့်ခုနှစ်မင်းနတ်တွေရဲ့နာမည်ပါလား၊ ဒီကိုလာတဲ့ကိစ္စကကော…"

"ကျွန်တော်တို့က ရုပ်ရှင်တွေဘာတွေရိုက်ပါတယ်၊ ဒီမယ်ဒက်ဘုရားရဲ့ အထုပ္ပတ္တိကို ရုပ်ရှင်ရိုက်ကြဖို့လာပြီး လေ့လာကြတာပါ"

"ဟာ…နိပ်ပါ့ဗျာ…ကျုပ်တို့ရွာထဲမှာ ဒီမယ်ဒက်ဘုရားရဲ့ရာဇဝင်ကို အသေးစိတ်ပြောတတ်တဲ့ ဦးဖြိုးအောင်ကြီးရှိတယ်။ သိပ်စိတ်ဝင်စားဖို့ကောင်းတယ်။ ဦးဖြိုးအောင်တောတက်သွားတယ်။ သူပြန်လာမှ ဒီဇရပ်ကိုလွှတ်ပေးလိုက်မယ်"

"သိပ်ကောင်းတာပေါ့ခင်ဗျာ…ဦးဖြိုးအောင်ကို လွှတ်ပေးပါ"

"စိတ်ချ လွှတ်ပေးလိုက်မယ်၊ ဒါဖြင့် မောင်ရင်တို့နာမည်ကို

ကိုမင်းကျော်နှင့် မအောင်ဖြူ ရန်ကုန်ကလာတယ်၊ ရုပ်ရှင်အလုပ်လုပ်တယ်လို့ ကျုပ်တို့မှတ်လိုက်မယ်နော်"

"ဟုတ်ကဲ့"

ထိုမျှနှင့်ပင် လူကြီးနှစ်ဦးနှုတ်ဆက်ခါ ပြန်သွားကြတော့သည်၊

"ကဲ…လေးလေးပစ္စည်းတွေသိမ်းပေတော့… ကိုဇော်တို့ ဒီနေရာကလစ်ကြမှဖြစ်မယ်"

"ဘာလို့လဲကိုဇော်"

"မလုံခြုံတော့ဘူးလေးလေး…ပေတလူက လေးလေးကိုဥစ္စာစောင့်လို့ပြောတယ်။ လူကြီးတွေက ဥစ္စာစောင့်လိုလှတယ်လို့ပြောတယ်။ သေချာတယ် လေးလေး တော်ကြာတစ်ရွာလုံးလေးလေးကိုလာကြည့်ကြလိမ့်မယ်။ တောရွာမှာက လူစိမ်းဆိုရင် သိပ်စိတ်ဝင်စားတာ၊ ပြီးတော့ ဧည့်စာရင်းကို ရဲတပ်ဖွဲ့ရှိရာ ရေတာရှည်ကို ပို့လိမ့်မယ်။ ကဲ…ပြင်ပေတော့"

"လေးလေးတို့ ဘယ်သွားမလဲ ကိုဇော်"

"လောလောဆယ် မန္တလေးဘက်ကိုတက်မယ် လေးလေးသွားရင်းနှင့် ခိုဖို့အောင်းဖို့နေရာကို စိတ်ကူးကြတာပေါ့"

သိမ်းရဆည်းရသည်မှာ လွယ်ပေသည်။ ကုလားထိုင်၊ စားပွဲများခေါက်၍ရသည်။ လေမွေ့ယာကို လေလျှော့၍ရသည်။ အခြားတိုင်းမိုလီများမှာ အပန်းကြီးသော ပစ္စည်းများမဟုတ်၊ စားသောက်ထားသောငါးသတ္တာဘူးခွံ၊ နို့ဆီဘူးခွံနှင့် အခြားသဲလွန်စကျန်နိုင်သမျှ ပစ္စည်း



တို့ ဇော်မြင့်ဝင်းသည် အသေးစိတ် လိုက်လံဖျောက်ဖျက်ပစ်တော့သည်။ ထို့နောက် နာရီဝက်အတွင်းမှာပင် ဇော်မြင့်ဝင်းက မောင်း၍ လေးလေးမြင့်က ဘေးတွင်ထိုင်ကာ ထွက်လာခဲ့ကြသည်။

ဦးဖြိုးအောင်ကြီးရောက်လာသောအခါ ဥစ္စာစောင့်လင်မယားကိုယ်ရောင်ဖျောက်သွားလေပြီဟု ပြောစမှတ်ကျန်ခဲ့လေဦးမလားမသိ။

နီဆန်းဂျစ်ကားသည် အင်ဂျင်၏ဆွဲအားကောင်းလှသည်။ မကြာမီ "ဆွာ" သို့ဝင်လာကြ၏။ ဆွာအဝင်တွင် အစစ်အဆေးများရှိလေမလားဟု ဇော်မြင့်ဝင်းက ကြည့်သေးသည်။ အခြားကားမျိုးစုံလည်းပြေးနေကြပြီး အစစ်အဆေးမရှိသဖြင့် စိတ်ချမ်းသာရပေသည်။

"လေးလေး ခင်မာ့အတွက်စိတ်ပူလိုက်တာ ကိုဇော်"

"ခင်မာဟာ သူ့ကိုယ်သူ ထိန်းတတ်လောက်ပါတယ်"

"ဟုတ်တော့ဟုတ်တာပေါ့…ဒါပေမဲ့ သူဆယ်နှစ်သမီးလောက်တည်းက မိဘမဲ့ကြတာ၊ လေးလေးက သူ့ကို ထိန်းသိမ်းပေးခဲ့ရတာ၊ သူဟာသူ ရန်ကင်းမှာနေချင်တယ်ဆိုလို့ ခွဲထားပေမယ့် ရန်ကုန် မှာတော့ လေးလေးကသူ့ကို အစစတာဝန်ယူထားခဲ့တာ ကိုဇော်"

"ခင်မာ့မှာ ငွေရေးကြေးရေး အခက်အခဲရှိမလား"

"ဒီလိုတော့ လောလောဆယ်မရှိနိုင်သေးဘူး…လွှန်ခဲ့တဲ့လက လေးလေးသူ့ကို ငွေငါးထောင်ပေးထားတယ်၊ ပြီးတော့ လက်ဝတ်လက်စားတွေလည်း သူ့မှာရှိတယ်။ လစဉ် သူ့လခလေးလည်း ရနေသေးတာပဲ"

"သူလခ…ခင်မာက ဘာလုပ်လို့လဲ"

"ဟော…ကိုဇော်မသိဘူးလား…သူရှက်လို့ ကိုဇော့်ဆီရေးတဲ့ အထဲမှာ ထည့်မရေးတာနေမှာပေါ့…ပြည်ထဲရေးရုံးမှာ လက်ရေးတို စာရေးမလုပ်နေတာ လေးငါးလလောက်တောင်ရှိပြီကိုဇော်၊ ရန်ကင်း တိုက်ခန်းက အဲဒီဌာနကကျွာတာချပေးထားတာ၊ လေးလေးကတယ် လီဖုန်းဆင်ပေးထားတယ်၊ အရေးရယ်အကြောင်းရယ်ဆိုရင် ညီအစ် မချင်းဆက်သွယ်လို့ရအောင်…"

"ရန်ကင်းမှာနေတာနဲ့ အဲဒီလိပ်စာတယ်လီဖုန်းနံပါတ်တော့ ကိုဇော့်ကိုပေးထားသားပဲ၊ ဒါပေမယ့် သူ ပြည်ထဲရေးရုံးမှာ လက်ရေး တိုစာရေးမ လုပ်နေတယ်လို့တော့ တစ်ခါမှမပြောဖူးပါဘူး လေးလေး"

"ကျောင်းဆက်မနေဘဲ လက်ရေးတိုစာရေးမလုပ်နေတာ ကိုဇော် သိရင် သူ့ကိုအထင်သေးသွားမှာစိုးလို့နေမှာပေါ့…ဘာပြောပြောကိုဇော် မိခင်မာတစ်ယောက် လေးလေးအတွက်စိတ်ပူနေရှာမှာအမှန်ပါ။ မျက် နှာချင်းဆိုင်မိရင်မတည့်ပေမယ့် တစ်လောကလုံးမှာ ဒီညီအစ်မနှစ် ယောက်ပဲ သံယောဇဉ်ရှိတယ်မဟုတ်လား"

"ကိုဇော့်တစ်ယောက်ကျတော့ သံယောဇဉ်ထဲ ထည့်မတွက်ဘူး လား လေးလေး"

"ဒါက တစ်မျိုးပဲ ကိုဇော်၊ ထိပ်တန်းသံယောဇဉ်မို့ ထည့်တွက် စရာလိုသေးသလား ကိုဇော်ရာ၊ ခင်မာကလည်း ကိုဇော့်ကိုအင်မတန် ခင်ရှာတယ်၊ ဦးကျော်သူနဲ့ လေးလေး လက်ထပ်ခါစက လေးလေးကို



စကားမပြောဘူး…မမလေးဟာ ငွေမက်မတဲ့၊ သူ့ကိုကိုဇော်မှာ ဘာအ ပြစ်ရှိလို့လဲတဲ့…ပြောလိုက်၊ အပြစ်တင်လိုက်တာ စုံလို့ပါကိုဇော်"

လေးလေးမြင့်သည် အချိန်ကာလအပိုင်းအခြားမရှိဘဲ ခင်မာအား စွန့်ခွါရတော့မည်မို့ ညီမကိုသတိရနေခြင်းဖြစ်ဟန်တူရှာပေသည်။ ဇော်မြင့်ဝင်းသည် လေးလေးမြင့် ပို၍သတိတရဖြစ်နေမည်စိုး၍ ဘာမှထောက်ထောက်ခံခံမပြောတော့ဘဲ ကားကိုသာဖိမောင်းနေမိတော့ သည်။

မြို့လှ၊ ရေနီ၊ သာဝတ္တိနှင့် လယ်ဝေးအား ကျော်ဖြတ်လာခဲ့ပြီး ဖြစ်တော့သည်။ ရှေ့တစ်မြို့ဆိုလျှင် ပျဉ်းမနားပင်ဖြစ်တော့သည်။ လေးလေးမြင့်သည် စကားမပြောတော့ဘဲ တွေဝေနေရှာသည်။ ဇော်မြင့်ဝင်း၏ ပခုံးစွန်းကို မှေးမှီထားရှာသည်။

ပျဉ်းမနားအဝင်ဝတွင် မော်တော်ကားသည် တစ်ချက်တုန့်ကနဲ ဖြစ်သွား၏။ ဇော်မြင့်ဝင်းသည် ဓာတ်ဆီဒိုင်ခွက်ကို လှမ်းကြည့် လိုက်သည်။ မြှားတန်သည် (အီး)အက္ခရာနားကပ်ခါ တစ်လှုပ်လှုပ် ဖြစ်နေသည်။

"ဓါတ်ဆီကုန်ခါနီးပြီလေးလေး"

"ဟုတ်မှာပေါ့ကိုဇော်…ဒီကောင်ကြီးက ခြောက်လုံးကားကြီး ဆီသိပ်စားတယ်၊ လေးလေးနောက်ဆုံးထည့်တာ ဖြူးမှာဆိုတော့ ကုန် ခါနီးလောက်ပြီထင်တယ်"

"ပျဉ်းမနားမှာ ဓါတ်ဆီဖြည့်ရမယ်"

ဇော်မြင့်ဝင်းသည် ဆက်မောင်းလာပြီး ဓါတ်ဆီဆိုင်ရှေ့တွင် ထိုးရပ်လိုက်သည်။ ကားရပ်သည်ဆိုလျှင်ပင် ဘေးပတ်ဝန်းကျင်မှ လူတော်တော်များများသည် လေးလေးမြင့်အား ကြည့်ကြသည်။ လေးလေးမြင့်အား ချောမောလှပသောကြောင့် ကြည့်လေသလား၊ သို့မဟုတ် ဇော်မြင့်ဝင်းတို့ မဖတ်မိသောသတင်းစာတစ်စောင်စောင်တွင် လေးလေးမြင့်ဓာတ်ပုံကိုများ ဖော်ပြလေသောကြောင့် ကြည့်လေသလား ဟု သံသယဝင်စရာရှိလာသည်။ ဇော်မြင့်ဝင်းအတွက်မူ မပူရပေ။ ဇော်မြင့်ဝင်း၏ဓာတ်ပုံသည် ဦးလေးထူးအိမ်၌ပင်မရှိ။ ဇော်မြင့်ဝင်းက ဓာတ်ပုံရိုက်ဝါသနာ နည်းလွန်းခဲ့သည်။ အတိအကျခြေရာကောက်နိုင်ပါမှ စစ်မှတ်တမ်းရုံး၌ ဇော်မြင့်ဝင်းဓာတ်ပုံရနိုင်မည်ဖြစ်သည်။ ဒါကလည်း မလွယ်ပေ။ စစ်မှတ်တမ်းရုံးသည် စာရွက်စာတမ်းတစ်ခုကိုပင် အဆင့်ဆင့်အမိန့်မရက ကြည့်ရှုနိုင်ဖို့ခက်ခဲလှသည်။

"ဓာတ်ဆီထည့်တာ ကြာမယ်ထင်တယ် ကိုဇော်"

"ငါးမိနစ်၊ ဆယ်မိနစ်တော့ ကြာလိမ့်မယ် ကိုယ့်ရှေ့မှာကကုန်တင်ကားကြီး ထည့်နေသေးတာကိုး…"

"ဟိုရှေ့မှာ အအေးဆိုင်ရှိတယ်…အဲဒီထဲမှာ လေးလေးခဏသွားထိုင်ရင်ကောင်းမယ်ကိုဇော်…လူတွေကလေးလေးကို သိပ်ကြည့်နေကြတယ်"

"ကောင်းသားပဲ…ဒီထဲမှာဖြောင်ထိုင်တာစာရင် ဆိုင်ထဲကအကာအရံနဲ့ လုံခြုံတာပေါ့"



လေးလေးမြင့်သည် ကားပေါ်မှဆင်းသွားခဲ့သည်။ လက်ချည်းသက်သက်ဆင်းသွားသည်။ ရှေ့၌ရှိသောပေနှစ်ရာခန့်က အအေးဆိုင်ထဲသို့ လေးလေးမြင့်ဝင်သွားသည်ကို ဇော်မြင့်ဝင်းက မျက်စေ့တစ်ဆုံးကြည့်နေမိတော့သည်။

ကုန်တင်ကားကြီးပြီးသောအခါ ဇော်မြင့်ဝင်းသည် ဓါတ်ဆီတိုင်ရှေ့သို့ ကားကိုတိုးပေးရသည်။ ဂါလန်နှစ်ဆယ်ထည့်ရန်ပြောပြီး ဆိုင်တွင်းသို့ငွေသွားရှင်းသည်။

ဓါတ်ဆီဆိုင် စာရေးထံတွင် ငွေရှင်းပြီးပြန်အထွက်လာတွင် ဇော်မြင့်ဝင်း မျက်စိပြာရလေတော့သည်။

ရဲတပ်ဖွဲ့မှ အပြာရောင်ကားတစ်စီးသည် လေးလေးမြင့် ဝင်သွားသော အအေးဆိုင်ရှေ့တွင်ရပ်လာသည်ကို တွေ့ရသောကြောင့်ဖြစ်ပါ၏။ ကားပေါ်မှ လုံခြုံရေးမှူးအဆင့်ရှိသူတစ်ဦးနှင့် ဒု-လုံခြုံရေးမှူးအဆင့်ရှိသူတို့ ယူနီဖောင်းအပြည့်အစုံနှင့် ဆိုင်ထဲသို့ဝင်သွားကြသည်။

ဇော်မြင့်ဝင်းသည် ဆီထည့်ပြီးလျှင်ပြီးချင်း နီဆန်ကားကိုစက်နှိုးကာ အအေးဆိုင်နှင့်အလှမ်းဝေးဝေးတွင် သွားရပ်နေပြီး အခြေအနေကိုစောင့်ကြည့်နေရတော့သည်။ လေးလေးမြင့်အတွက် ဇော်မြင့်ဝင်း၏ရင်သည်တဒိတ်ဒိတ်ခုန်လျှက်ရှိနေသည်။ အသက်ရှူများပင်မှားရသည်။

မကြာမီအချိန်အတွင်းမှာပင် ရဲကားသည်စက်နှိုးကာ ပြန်လည်ထွက်ခွါစပြု၏။ ဇော်မြင့်ဝင်းရပ်နေသော ဘေးမှပွတ်၍ဖြတ်သွားခြင်းဖြစ်သည်။ ဒု-လုံခြုံရေးမှူးကမောင်း၍ လုံခြုံရေးမှူးကရှေ့တွင်ထိုင်

ပေ၏။ နောက်တန်းခုံတွင် လေးလေးမြင့်မှာထိုင်လျက်သားပါရှိသွားပေပြီ။

လေးလေးမြင့်သည် ဓါတ်ဆီဆိုင်သို့လည်းကောင်း၊ ဇော်မြင့်ဝင်းရပ်ထားသော နီဆန်ကားကိုလည်းကောင်း တစ်ချက်ကလေးလှည့်မကြည့်ပေ။ သူမ၏ကိုဇော်အပေါ်၌ ရဲအရာရှိများ မသင်္ကာမည်စိုးသောကြောင့်ဖြစ်ဟန်တူသည်။ လေးလေးမြင့်၏မျက်နှာကလေးသည် ဖြူဖတ်ဖြူရော်ဖြစ်နေရှာသည်။

ဇော်မြင့်ဝင်းသည် ကားကူရှင်ကိုလက်သီးဖြင့် မချင့်မရဲထုမိရှာသည်။ ချစ်ရလွန်း၍ မခွဲချင်ရှာသည့် လေးလေးမြင့်ခမျာ၊ သူမ၏ကိုဇော်ကို ခွဲခွါသွားရရှာလေပြီ။ ဇော်မြင့်ဝင်းမှာ လေးလေးမြင့်မရှိတော့၍ ဘာဆက်လုပ်ရမည်ကို မစဉ်းစားတတ်အောင်ဖြစ်မိသည်။ ရှေ့မတိုးသာ နောက်မဆုတ်သာဖြစ်ချေပြီ။

စဉ်းစားစရာတစ်ခုတော့ရှိသည်။

ရဲတပ်ဖွဲ့သည် လေးလေးမြင့်အား ဖမ်းဆီးသွားစေကာမူ လေးလေးမြင့်ပိုင် ဤနီဆန်ဂျစ်ကားကိုစောင့်ငဲ့၍ပင် ကြည့်မသွားပေ။ သူတို့ရရှိထားသောသတင်းသည် လေးလေးမြင့်ဓာတ်ပုံနှင့် လေးလေးမြင့် စီးလေ့ရှိသော မာစီးဒီးကားနဲ့ မာစီးဒီးမှတ်ပုံတင်နံပါတ်သာဖြစ်မည်။ ဤနီဆန်းကားကို လေးလေးမြင့်က တိတ်တဆိတ်ဝယ်ထားသည်ဟုဆိုလေသည်။ မည်သူမျှမသိဟုပြောခဲ့၏။

ဇော်မြင့်ဝင်းသည် မော်တော်ကား၌တပ်ထားသည့် လိုင်စင်ပိုင်



ကလေးကိုကြည့်လိုက်သည်။ ပိုင်ရှင်၏အမည်သည် "ဒေါ်ခင်ပြုံးရည်" ဟုရေးထား၏။ လေးလေးမြင့်သည် ဤနီဆန်ကားကိုနာမည်ပြောင်းကာ ဝယ်ထားသည်။ ဇော်မြင့်ဝင်းအဖို့ ဤနီဆန်းကားနံပါတ်ဖြင့်သွားနေလျှင် မည်သည့်ရဲကမျှ မသင်္ကာဖြစ်မည်မဟုတ်မှန်း သဘောပေါက်လာရသည်။

ဇော်မြင့်ဝင်းသည် ဤလူရှုပ်သောနေရာမှ ကားခေါင်းကိုပြန်လှည့်ကာ မြို့ပြင်သို့ထွက်လာခဲ့သည်။ မြို့ပြင်တွင်ကားရပ်ခါ ဘောနက်စက်ခေါင်းကိုဖွင့်ထားလိုက်၏။ ကားပျက်သောကြောင့် ရပ်ထားပြီးပြင်သလိုပင်၊ ထို့နောက် ဇော်မြင့်ဝင်းသည် ကျကျနနထိုင်ပြီး စဉ်းစားတော့၏။

လေးလေးမြင့်အား ရဲတပ်ဖွဲ့ကဖမ်းလေပြီ။ အမှုမှာရန်ကုန်ကအမှုဖြစ်သည်။ အမျိုးသမီးမှာ ဂုဏ်သရေရှိအမျိုးသမီးဖြစ်နေသည်။ ပျဉ်းမနားရဲတပ်ဖွဲ့သည် လေးလေးမြင့်အား ပျဉ်းမနားအချုပ်တွင်ထားလေမည်လား…ထားမည်မထင်။ ရန်ကုန်သို့ အမိန့်တောင်းခံကာ အမိန့်ရသည်နှင့် ချက်ချင်းရန်ကုန်သို့ လွှဲပြောင်းပေးလေမည်သာ…။

ယင်းသို့ဆိုပါလျှင် ဇော်မြင့်ဝင်း ဘာဆက်လုပ်မည်နည်း။

လေးလေးမြင့်သည် အသက်အာမခံကုမ္ပဏီမှ ထုတ်ထားသော ငွေနှစ်သိန်းသည် ဇော်မြင့်ဝင်းလက်ဝယ်၌ ရှိနေခဲ့သည်။ ဤငွေသည် လေးလေးမြင့်အတွက် အန္တရာယ်ဖြစ်နိုင်၏။ ဦးကျော်သူအား ရဲတပ်ဖွဲ့မှ သူ့ကိုယ်သူသတ်သေပါသည်ဟု ယူဆထားသရွေ့ ငွေနှစ်သိန်းကိစ္စ

သည် လိမ်လည်ထုတ်ယူသည့် သဘောသာလျှင်ဖြစ်နေသည်။

လေးလေးမြင့်ထံသို့ ဤငွေနှစ်သိန်းကို ပြန်ပို့လိုသည်။ မည်သို့ပို့ရပါ့…ကိုယ်တိုင်သွားပို့သည်နှင့် ဇော်မြင့်ဝင်းအား ဆီး၍ရဲတပ်ဖွဲ့ကဖမ်းမည်။ လူကြုံနှင့်ပို့ရမည်ကလည်း ငွေနှစ်သိန်းလူကြုံအဖြစ် မည်သူ

ယုံယုံကြည်ကြည်ပို့ခိုင်းရမည်နည်း။ ချက်လက်မှတ်ဆိုလျှင် ...မရှိ။ ငွေသားဖြစ်နေသည်မှာ ခက်လှသည်။ ရန်ကုန်မသွားဘဲ ဇော်မြင့်ဝင်းသည် ယုံကြည်ရမည့် ပဲခူးမှ ဦးလေးထူးအားပို့စေရန် စဉ်းစားမြန်တော့လည်း ပဲခူးမှ ဦးလေးထူးမှာ မစွမ်းမသန်…။

ပဲခူးမှ ဦးလေးထူး။

ပဲခူးမှ ဦးလေးထူးနှင့်ဆက်စပ်ပြီး…ဦးကျော်သူ၏ မြန်မာပြည်မြေပုံကို ပြန်လည်သတိရမိသည်။ ဩဂုတ်လ (၉)ရက်ကို ပဲခူးတွင် မှင်နီဝိုင်းကာပြထားသည်။ ပဲခူးအတွက် ကျောက်တိုင်ကန်တွင် ဦးကျော်သူ၏ ခြံမြေရှိသည်ဟုလည်း လေးလေးမြင့်ကပြောထား၏။ ဩဂုတ်လ (၉)ရက်နေ့တွင် ၄င်းခြံမြေ၌အကြောင်းထူးကိစ္စတစ်ရပ်ရပ် ရှိနေရလေမည်။ ဩဂုတ်လ (၉)ရက်သည် သဘက်ခါပင်ဖြစ်တော့၏။

သော့လှဘော်ကိစ္စနှင့် ပတ်သက်ချင်မှပတ်သက်ပါစေ၊ ဦးကျော်သူ အသတ်ခံရမှုနှင့် ပတ်သက်ချင်မှပတ်သက်ပါစေ၊ ဇော်မြင့်ဝင်းသည် ဩဂုတ်လ (၉)ရက်နေ့၏ ထူးခြားချက်ကို အမိစောင့်ဖမ်းရန် စိတ်ကူးမိသည်။ မည်သို့ဆိုစေ ဩဂုတ်လ (၉)ရက်နေ့တွင် ဦးကျော်သူမရှိ



သည့်နောက် ဦးစိုင်းမောင်သည် အစီအစဉ်အတိုင်း မကောင်းမှုကို ဆက်လက်လုပ်ဆောင်ရမည်ဟု မျှော်လင့်ရသည်။ မကောင်းမှုတစ်ခု၏ နောက်ဝယ် အခြားမကောင်းမှုများ ဆက်တိုက်ပါဝင်လာတတ်သည်။ ကံကောင်းလျှင် သော့လှဘော်ကိစ္စနှင့် ဦးကျော်သူ၏ကိစ္စပင်လျှင် ခြေရာကောက်၍ ရကောင်းရနိုင်သည်။

ထို့ပြင် ဇော်မြင့်ဝင်းအတွက်လည်း အဆင်ပြေသည်။ ဤနီဆန်ကားကို သက်ဆိုင်ရာများ ခြေရာမကောက်မိသေး။ ဦးစိုင်းမောင်နှင့် အဖွဲ့ပင်လျှင် လေးလေးမြင့်၏နီဆန်ကားမှန်း သိပုံမပေါ်။ ဇော်မြင့်ဝင်းမှာလည်း လွန်ခဲ့သော ဆယ်နှစ်ကျော်ကပင် စစ်ထဲဝင်သွားသဖြင့် ပဲခူး၌လူသိနည်းလှသည်။ ဦးလေးထူး၏အိမ်သည် တစ်ရက်၊ နှစ်ရက်တန်သည် ခိုအောင်းရန်အတွက်လည်း အဆင်ပြေသည်။

ဇော်မြင့်ဝင်းသည် စိတ်ဒုန်းဒုန်းချကာ ဘောနက်စက်ဖုံးကိုပြန်ပိတ်ပြီး နီဆန်ကိုစက်နှိုးလိုက်သည်။ မှန်မှန်မောင်းသွားလေဦးတော့ ပဲခူးသို့ နေဝင်ရီတရော၌ ရောက်နိုင်သည်မဟုတ်ပါလား။

◆ ◆ ◆ ◆ ◆

## [၂၀]

ဘေးမသီ ရန်မခဘဲ ဇော်မြင့်ဝင်းသည် ပဲခူးလိပ်ပြာကန် (၃
လမ်းထဲသို့ ည(၇)နာရီ၌ ရောက်လာခဲ့ပေသည်။ နီဆန်ကားပေါ်မှ
ပစ္စည်းတွေအားလုံး အောက်ချခြင်းမပြုဘဲ အရေးကြီးသော နှစ်သိန်း
တန်လက်ဆွဲအိတ်နှင့် လေးလေးမြင့်ကားပေါ်မှ ထားခဲ့သောကိုင်နေကျ
လက်ပွေ့အိတ်ကိုသာလျှင် ချယူလိုက်သည်။

"ဘယ်ကိုလဲ ငဇော်...မင်းကြည့်ရတာ တစ်ခုခုထူးခြားလာ
သလိုပဲ"



ဇော်မြင့်ဝင်းသည် သူ၏ပါးစပ်ကို လက်ညှိုးကန့်လန့်ဖြတ်ထောင်ပြ၍ရင်း "ရှူး-တိတ်တိတ်နေ" ဟု နားလည်လွယ်သော အထိမ်းအမှတ်ကို ဦးလေးထူးအားပြလိုက်ပေသည်။

"ကျွန်တော့်ဒုက္ခကမသေးဘူး ဦးလေးထူး...ဒီကိုကျွန်တော်ရောက်လာတာ လူမသိစေချင်ဘူး"

"အေး...ဒီလောက်ဆို ငါနားလည်တယ်။ ငါကော မင်းရဲ့ဦးလေးတစ်ယောက်အနေနှင့် သိပိုင်ခွင့်ရှိမလား ငဇော်"

"ဝမ်းနည်းပါတယ် ဦးလေးထူး သိသင့်တဲ့အချိန်ကျရင် ဦးလေးထူးကို ကျွန်တော်ဖွင့်ပြောမှာပါ"

ဇော်မြင့်ဝင်းသည် အိမ်၏အပေါ်ထပ်သို့ တက်လာခဲ့သည်။ ဦးလေးထူးမှာ အောက်ထပ်၌သာ သူ၏ဘီးတပ်ကုလားထိုင်တစ်လုံးနှင့် နေသူဖြစ်ပေသည်။

လာရောက်သည့်အခါတိုင်း နေနေကျအခန်းတွင် ဇော်မြင့်ဝင်းက သူ၏နှစ်သိန်းတန်အိတ်ကြီးနှင့် လေးလေးမြင့်၏ လက်ပွေ့အိတ်ကို ခုတင်ပေါ်သို့ပစ်တင်လိုက်သည်။

လက်ပွေ့အိတ်မှာ ပစ်ချသောအရှိန်ကြောင့် ပွင့်ထွက်သွား၏။ အထဲမှ လေးလေးမြင့်၏ ပစ္စည်းများသည် မွေ့ယာတွင် ပြန့်ကျဲထွက်လာသည်။ ဇော်မြင့်ဝင်းက တယုတယပစ္စည်းများကို ကောက်ယူကာ လက်ပွေ့အိတ်ထဲသို့ထည့်ရင်း လက်ပွေ့အိတ်ထဲ၌ စာရွက်တစ်ရွက်ကို တွေ့ရသည်။ ဆွဲထုတ်ခါ မီးရောင်တွင်ဖတ်ကြည့်၏။

အိမ်လခဖြတ်ပိုင်းတစ်ခုဖြစ်ပေသည်။

"ဒေါ်ခင်ပြုံးရည်ထံမှ အထက်ပန်းဆိုးတန်းလမ်း၊ တိုက်အမှတ် ၃၃၁၁-အား တစ်လလျှင် တစ်ရာနှင့်ငါးရမ်းသည့်အတွက် ခြောက်လ တင်ကြိုငွေခြောက်ရာကျပ်တိတိလက်ခံရရှိပါကြောင်း" ဟူ၍ရေးထား သည်ကို ဇော်မြင့်ဝင်းတွေ့ရ၏။

ဒေါ်ခင်ပြုံးရည်ဆိုသည်မှာ လေးလေးမြင့်ပင်ဖြစ်သည်။ အထက် ပန်းဆိုးတန်းလမ်း၊ အိမ်အမှတ် ၃၃၁၁-သည် သော့လှဘော်သေဆုံး ခဲ့သောအိမ်ပင်ဖြစ်၏။

လေးလေးမြင့်သည် ဦးကျော်သူနှင့် အိမ်ထောင်ရေးအဆင်မပြေ သည်မို့ တစ်ခါတစ်ရံ စိတ်လွတ်ကိုယ်လွတ်နေနိုင်ရန်အတွက် ထိုတ ထပ်တိုက်ကလေးအား ငှားကောင်းငှားပေမည်။ ငှားပြန်လျှင်လည်း ဒေါ်ခင်ပြုံးရည်နာမည်နှင့် ငှားခြင်းကပင်လျှင် လျှို့ဝှက်စွာ ငှားထား ကြောင်းထင်ရှား၏။ လေးလေးမြင့်နှင့် သော့လှဘော်သည် မည်သို့ များ ဆက်နွယ်လေသနည်း။ လေးလေးမြင့်ကိုယ်တိုင်ပင်လျှင် သော့ လှဘော်နှင့် ပတ်သက်ခဲ့လေသလော။ သို့တည်းမဟုတ် လေးလေးမြင့် လျှို့ဝှက်စွာ အိမ်ငှားထားသည်ကို တစ်စုံတစ်ယောက်က သိထားပြီး ထိုတစ်စုံတစ်ယောက်ကပင် သော့လှဘော်အားကိစ္စတုံးခဲ့လေသလော

ဦးစိုင်းမောင်ကို စဉ်းစားသင့်သည်။ ကိုလွှင်ဦးကို စဉ်းစားသင့် သည်။နောက်ဆုံး ကိုထွေးနှင့်ဟိုင်းလုံ၊ ဗလကြီးတို့ကိုပင် စဉ်းစား သင့်သည်။ သူတို့အားလုံးသည် သော့လှဘော်အားသတ်ပစ်သူများဖြစ်



နိုင်သည်။ သတ်ပစ်ရသည့်အကြောင်းမှာ လေးလေးမြင့်၏ မော်တော် ကားနောက်အိမ်မှ သော့ကိုလှဘော်ကဖွင့်ပေးခဲ့သည့် အကြောင်းကြောင့် ပင်ဖြစ်ရမည်။

အတွေးမှာချာချာလည်ရသည်။

ကြာတော့ စိတ်မောလူမောဖြင့် ဇော်မြင့်ဝင်း အိပ်ပျော်သွားရလေ တော့သည်။

နောက်တစ်နေ့ထုတ်သတင်းစာဝယ် လေးလေးမြင့်၏ သတင်းအစုံ အစေ့ပါလာရတော့၏။ လေးလေးမြင့်အဖမ်းခံရပုံမှာ ရင်နာစရာကောင်း လှသည်။ ပျဉ်းမနားအအေးဆိုင်၌ လေးလေးမြင့် နို့အေးတစ်ခွက် သောက်နေစဉ် ရဲအရာရှိနှစ်ဦးရောက်လာသည်။ သူတို့ဘာသာအအေး သောက်လို၍ လာခြင်းဖြစ်၏။ လှလွန်းသောလေးလေးမြင့်အား ဖိုသတ္တဝါတို့ထုံးစံအတိုင်း ငေးမိရာမှ ရန်ကုန်ကပို့ထားသော ဓါတ်ပုံ နှင့်သတင်းကိုသတိရကာ ဖမ်းဆီးလိုက်ခြင်းသာဖြစ်သည်။ ချက်ချင်း ရန်ကုန်သို့ ဖုန်းဆက်အမိန့်ခံကာ အမြန်ရထားအချိန်မှီသဖြင့် နေ့ချင်း ရန်ကုန်သို့လေးလေးမြင့်အား ပို့ရသည်။ လေးလေးမြင့်သည် ရဲအရာရှိ များထံတွင် စကားတစ်လုံးမျှမဆိုခဲ့ပေ။ သူမနှင့်အတူတူ စိုးရွှေခေါ် ဇော်မြင့်ဝင်းအားလည်း လုံးဝမသိကြောင်းဘူးခံသည်။ အသက်အာမခံ ငွေနှစ်သိန်းကိစ္စနှင့်ပတ်သက်၍လည်း တစ်လုံးမျှဟာဆိုခြင်းမရှိပေ။

လေးလေးမြင့်၏ ရှေ့နေ ဦးဉာဏ်ထွန်းက သူ၏အမှုသည် ခလေးလေးမြင့်သည် မိမိယောကျ်ားသေနတ်ဒါဏ်ရာနှင့် သေဆုံးခဲ့သည်

မှအစ စိတ်ဂယောင်ချောက်ချားဖြစ်နေသည်။ သူမကိုယ်တိုင် ကိုယ့်ဟာကိုယ်ဘာတွေ လျှောက်လုပ်မိမှန်း သတိမရဖြစ်နေသည်။ ထို့ကြောင့် အမှုအတောအတွင်း အာမခံနှင့်နေရန် လျှောက်လဲသည်။ နှစ်သိန်းတန်အာမခံကို ဆိုင်ရာမှပေးလေသည်။ ဦးစိုင်းမောင်က အာမခံသည်။ လေးလေးမြင့်အား စိတ်ကျန်းမာရေးဆေးရုံသို့ ပို့ထားသည်။ နောက်ဆက်တွဲ သတင်းအနေဖြင့် အမှုများကင်းရှင်းပြီး လေးလေးမြင့် ကျန်းမာလာပါလျှင် ဦးစိုင်းမောင်နှင့်လက်ထပ်လိမ့်မည်ဟု ပါလာလေ၏။

လက်လွှတ်ရပြန်ချေပြီ။

ချစ်လှစွာသောနှင့် တိတ်တခိုးညားခဲ့ရသောဇနီး လေးလေးမြင့်အား ဇော်မြင့်ဝင်းသည် ဒုတိယမွှ လက်လွှတ်ရပြန်လေပြီ။ လေးလေးမြင့်သည် သူမ၏ကိုဇော်လက်ဝယ် ငွေနှစ်သိန်းထားခဲ့ကာ "ကိုဇော်ရေ လွှတ်အောင်ပြေးပေတော့" ဟူသည့် သဘောမျိုးထားဟန်ရှိသည်။ ဇော်မြင့်ဝင်းနှင့်အတူ ငွေနှစ်သိန်းရှိနေကြောင်း တစ်လုံးမျှဖွင့်ဟခြင်းမပြုရှာပေ။

ဇော်မြင့်ဝင်းအဖို့ ဤငွေများသည် ဘာလုပ်ဖို့နည်း။ လုံးဝမက်မောခြင်းမရှိပေ။ ဇော်မြင့်ဝင်းမက်မောသည်မှာ သူ၏တစ်သက်တာတွင် တစ်ယောက်တည်းချစ်ခဲ့ရသော လေးလေးမြင့်သာလျှင်တည်း။

ဇော်မြင့်ဝင်းသည် တစ်ခုခုလုပ်ရန် ဆုံးဖြတ်လိုက်သည်။ မိုက်



သည်ပဲပြောပြော၊ တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် လုပ်ကိုလုပ်ပေတော့မည်။

ကုတ်အင်္ကျီအိတ်ထဲတွင်ရှိနေသော ဟိုင်းလုံထံမှရယူထားသည့် ဒသမသုံးရှစ်သေနတ်ကို ဇော်မြင့်ဝင်းထုတ်ကြည့်လိုက်သည်။ တစ်တောင့်မှမပစ်ရသေးပဲ ကျည်အပြည့်ရှိနေသည်ကိုတွေ့ရ၏။ ဇော်မြင့်ဝင်းသည် ကျေနပ်စွာခေါင်းညိတ်လိုက်သည်။ ဝါရင့်စစ်သားကြီးမို့မည်သို့သောသေနတ်ကိုမဆို ဇော်မြင့်ဝင်းသည် ကျွမ်းကျွမ်းကျင်ကျင်ကိုင်တွယ်တတ်ပေသည်။

ပြက္ခဒိန်ကိုလှမ်းကြည့်လိုက်သည်။ ယနေ့သည် ဩဂုတ်လ (၈) ရက်ဖြစ်၏။ ဇော်မြင့်ဝင်းသည် သူ၏အခန်းတံခါးကိုသော့ပိတ်ပြီးနောက် နီဆန်းကိုကျောက်တိုင်ကန်ဘက်သို့ မောင်းထွက်လာခဲ့သည်။

ဦးကျော်သူ၏ခြံသည် မော်တော်ကားလမ်းဘေး၌ရှိသည်မဟုတ်ပေ။ အင်းကြင်းကျောက်ခင်းထားသော နှစ်ဖာလုံခန့်လမ်းကလေးအတွင်းသို့ ဝင်ရသေးသည်။ ထိုအင်ကြင်းကျောက်လမ်းထိပ်တွင်..။

သီးသန့်ခြံမြေ....

ဖြတ်သန်းသွားလာခြင်းမပြုရ။

ဟု ရေးထားပေသည်။ ဇော်မြင့်ဝင်းသည် နီဆန်ကားကို အင်ကြင်းကျောက်လမ်းထဲသို့မဝင်ပေ။ ခပ်လှမ်းလှမ်းဝါးရုံတောထဲတွင် ထားခဲ့သည်။ ထို့နောက် ထိုတောလမ်းမှပင် ခြံမြေရှိရာသို့ သစ်ပင်ချုံနွယ်များ

ကို အကာအကွယ်ယူကာ အထက်စီးမှမြင်နိုင်သည့် ကုန်းမြင့်ကလေး ပေါ်သို့ တက်လာခဲ့သည်။

ခြံကြီးထဲတွင် အစောင့်နေဟန်တူသော ပျဉ်ထောင်အိမ်သေးသေး တစ်လုံးကိုတွေ့ရသည်။ ခြံတွင်းမှာမူ ပတ်ပတ်လည်နှစ်တစ်လက်မှ သားတို့ဖြင့် ရှစ်ပေခန့်အမြင့်ထိ ကာရံထားသည်။ ထိုအပေါ်တွင် သံကြိုးဆူး သုံးဆင့်ဆက်၍တင်ထား၏။ ခြံဝင်ပေါက်မှာ ကားကြီး များဝင်နိုင်လောက်သော ဂိတ်တံခါးကြီးတစ်ခုရှိပြီး ထိုတံခါးမကြီး အားပိတ်ထားပေသည်။ ထိုခြံကြီးထဲသို့ အစောင့်ကခွင့်မပြုလေလျှင် လူတစ်ကိုယ်စာမပြောနှင့် ခွေးတစ်ကောင်စာပင် ဝင်နိုင်ရန်ခက်ခဲ အောင် လုံခြုံစွာကာရံထားခြင်းဖြစ်၏။

ခြံကြီးထဲတွင် မော်တော်ကားတစ်စီးတစ်လေမျှ ရှိမနေကြောင်း ဇော်မြင့်ဝင်းတွေ့ရသည်။ ဇော်မြင့်ဝင်းသည် နက်ဖြန်တွင် မိမိအနေနှင့် ပုန်းအောင်းစောင့်စားကြည့်ရှုရမည့်နေရာ၊ မိမိနီဆန်ကားကိုမမြင်နိုင် အောင် ကွယ်ဝှက်ရမည့်နေရာအသီးသီးကို ကြည့်ရှုပြီးနေရာရွေးချယ် မှတ်သားကာ ပြန်လာခဲ့လေတော့သည်။

ထိုနေ့အဖို့ ညစာကိုမစားတော့ဘဲ ဇော်မြင့်ဝင်းသည် ကော်ဖီအချို ပေါ့ပေါ့ခါးခါးကိုသာ သောက်လေသည်။ ဇော်မြင့်ဝင်းအဖို့ စား သောက်ချင်စိတ်များ အလိုလိုကုန်ခမ်းနေရပေသည်။ တစ်ညနေလုံးနှင့် တစ်ညလုံးအခန်းထဲကမထွက်ပေ။

ဇော်မြင့်ဝင်းသည် ထပ်ပြန်တလဲလဲစဉ်းစားကြည့်သည်။



သော့လှဘော်အား မည်သူသတ်သနည်း။ သော့လှဘော်အား သတ်သူသည် လေးလေးမြင့်ကိုယ်တိုင်ပေပဲလား။ မဖြစ်နိုင်ပေ။ လေးလေးမြင့်သည် သူမထံမှရယူသွားသော် ဦးကျော်သူ၏သေနတ်နှင့် မိမိကိုယ်ကိုသတ်ကြောင်းစာပြန်မရမီ သော့လှဘော်အားပတ်သက်စရာ အကြောင်းမရှိ။

သော့လှဘော်အားသတ်သူသည် လေးလေးမြင့်အား ငွေညှစ်နေ သည့် ငွေညှစ်သမားပင်ဖြစ်ရမည်။ ထိုငွေညှစ်သမားသည် အပြင်လူ မဖြစ်နိုင်ပြန်ပေ။ အတွင်းလူထဲကပင်ဖြစ်ရမည်။

"အတွင်းလူ"

ဇော်မြင့်ဝင်းသည်…'အတွင်းလူ'ဟု စိတ်ကူးရသည်နှင့် ဦးကျော် သူအသတ်ခံရပုံ သီအိုရီကိုပြန်စဉ်းစားရတော့သည်။ ဦးကျော်သူအား သတ်ခဲ့သူ လူသတ်သမားသည်လည်း ဦးကျော်သူတို့အကြောင်းနှင့် ဦးကျော်သူထိုးမြဲလက်မှတ်ကိုပါ အတွင်းသိလူတစ်ယောက်ဖြစ်ရမည်။ ထို့ကြောင့်သာ ဖောင်တိန်စမ်းရင်း လက်ဖက်ခြောက်ကြော်ငြာပေါ်မှ ဦးကျော်သူ၏လက်မှတ်ကို အခွင့်ကောင်းယူကာ မိမိကိုယ်ကိုသတ်သေ ကြောင်း လက်နှိပ်စက်ရိုက်ထည့်ခြင်းဖြစ်သည်။ ဦးကျော်သူတွင် လက် ကျောသေရောဂါရှိနေသောကြောင့် စာဟူသမျှကို လက်နှိပ်စက်ဖြင့် ရိုက်လေ့ရှိပြီး အောက်မှသာ ဦးကျော်သူလက်မှတ် ထိုးတတ်ကြောင်း ကိုပင် သိသောအတွင်းလူဖြစ်တော့၏။

"ကောင်းပြီ..ငွေညှစ်လူသတ်သမားသည် အတွင်းလူဖြစ်ပြီထား၊

သူသည် မည်သို့သောအကြောင်းကြောင့် ဦးကျော်သူအားသတ်လေခဲ့သနည်း။ သတ်လေခဲ့သနည်း။

ဖျတ်ခနဲ ဇော်မြင့်ဝင်းသတိရပြန်သည်။

လေးလေးမြင့်ကပြောခဲ့သည်။ ဦးကျော်သူသေဆုံးသောအချိန်က ဦးကျော်သူအိပ်ထဲမှ ငွေအိတ်၊ လက်ပတ်နာရီ၊ ဖောင်တိန်စသည်တို့ ပျောက်ဆုံးခဲ့သည်ဟု ဆိုခဲ့သည်။ အတွင်းသိလူသတ်သမားသည် ဦး ကျော်သူအား ဤမျှလောက်သောပစ္စည်းကို အလိုရှိကာမျှနှင့် သတ် လေမည်လား။

"ဤမျှလောက်သောပစ္စည်း..."

"ဤမျှလောက်သောပစ္စည်းဆိုသည်မှာ ထုထည်ပမာဏမည်မျှ လောက်ရှိနိုင်သနည်း။ ဇော်မြင့်ဝင်းသည် လက်ဖျောက်တစ်ချက်တီးမိသည်။ စဉ်းစားမိသည့်အချက်မှာ ဇော်မြင့်ဝင်း၏ ဦးနှောက်အားအရောင်လက်စေသည်။

ဦးကျော်သူသည် မေလ(၃၀)ရက်နေ့တွင် သေဆုံးခဲ့၏၊ (ဝါ) အသတ်ခံခဲ့ရ၏။ ဦးကျော်သူ၏ မြန်မာပြည်မြေပုံတွင် မေလ(၂၉)ရက်ကို မှင်နီဝိုင်းကာပြခဲ့သည်။ သဘောမှာ ဦးကျော်သူမသေမီတစ်နေ့ မေလ(၂၉)ရက်နေ့တွင် ဦးကျော်သူသည် ရှမ်းပြည်နယ်မှချလာသော အမှောင်ပစ္စည်းများရရှိသည်။ သေဆုံးမည့်မေလ (၃၀)ရက်နေ့တွင် အမှောင်ပစ္စည်းမှ ငွေအဖြစ်သို့ အရောင်းအဝယ်အဖြစ်ပြောင်းလဲနိုင်သည်။ ငွေ၏ထုထည်ပမာဏသည် သောင်းများချီနိုင်သည်။ သိန်းများ



ချီနိုင်သည်။ သောင်းချီ၊ သိန်းချီသောငွေအတွက် အတွင်းသိ၊ အတွင်းလူသည် ဦးကျော်သူအား အသေပစ်သတ်ခဲ့ပြီး ဦးကျော်သူသည် သူ့ကိုယ်သူ သတ်သေသွားသလို အကွက်ဆင်ဖန်တီးထားခဲ့သည် ဆိုပါတော့။ ထိုအကွက်ဆင်ဖန်တီးသည့် ဦးစိုင်မောင်ပေလား။

ဥပမာ တောင်ဥက္ကလာ ကြပဒုမ္မာလမ်းရှိ သော့လုဘော်နှင့် ဇော်မြင့်ဝင်းတွေ့ခဲ့စဉ်က သော့လုဘော်သည် ဦးစိုင်းမောင်ဆိုသူအား လုံးဝမသိကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ သော့လုဘော်၏ အမူအရာမှာ ဦးစိုင်းမောင်ကိုမသိကြောင်း ယုံကြည်ဖွယ်ရာရှိသည်လည်း ဇော်မြင့်ဝင်းယူဆခဲ့သည်။

ဦးစိုင်းမောင်နှင့် ဇော်မြင့်ဝင်းတွေ့ကြပြီး သော့လုဘော်အကြောင်း ပြောကြစဉ်ကလည်း ဦးစိုင်းမောင်သည် သိပ်အလေးအနက် မရှိသည်ကိုတွေ့ရသည်။

နောက်တစ်ချက်အနေနှင့် ဦးစိုင်းမောင်သည် လေးလေးမြင့်အား နောက်ယောင်ခံစေခဲ့သည်မှာ ဇော်မြင့်ဝင်းနှင့် ပဲခူး၌လေးလေးမြင့်နှင့် လာမတွေ့မီရက်ပိုင်းအတွင်းကမျှသာဖြစ်သည်။ လေးလေးမြင့်က အထက်ပန်းဆိုးတန်းလမ်း၊ အိမ်အမှတ် (၃၃၁၁)ကို ငှားထားသည်မှာ ဦးကျော်သူမသေဆုံးမီ ဟိုဘက်လပိုင်းတော်တော်ကြားကတည်းကဖြစ်၏။ ဦးစိုင်းမောင်သည် လေးလေးမြင့်တိတ်တဆိတ် ဒေါ်ခင်ပြုံးရည်အမည်ဖြင့် အိမ်ငှားထားခြင်းကို သိချင်မှသိနိုင်နေသည်။ ဦးကျော်သူအသက်ရှင်စဉ်ကလည်း ဦးစိုင်းမောင်အနေနှင့် လေးလေးမြင့်အား

မည်သည့်အကြောင်းနှင့်မျှ နောက်ယောင်ခံစရာအကြောင်းရှိမနေပေ။

ထို့ပြင် ဦးစိုင်းမောင်သည် ဦးကျော်သူအား ငွေပင်ငွေရင်း စိုက်ထားစေကာမူ စာချုပ်စာတမ်းမရှိခဲ့။ ဦးကျော်သူ၏လုပ်ငန်းသည် အချိန်မရွေး ဦးစိုင်းမောင်၏လုပ်ငန်းပင်ဖြစ်သည်။ တစ်နည်းဆိုရလျှင် ဦးစိုင်းမောင်၏လုပ်ငန်းကို ဦးကျော်သူက ကြပ်မတ်လုပ်ကိုင်ပေးသည့်သဘောပင်သက်ရောက်လျှက်ရှိ၏။ ဦးစိုင်းမောင်လိုလူသည် ဦးကျော်သူထံမှငွေကို ရလိုမှုအတွက်လောက်များဖြင့် ဦးကျော်သူအား သတ်ပစ်စရာမလိုပေ။

သို့တိုင်အောင် ငွေညှစ်သမားသည် ဦးကျော်သူ၏ အတွင်းသိအတွင်းလူဖြစ်နေသေးသည်။

လွင်ဦးအား ထည့်သွင်းစဉ်းစားသင့်သည်။

လွင်ဦးအားကြည့်ရုံနှင့်ပင် လူရည်လည်မှန်းသိသာလှသည်။ အပြုအမူများသည် မည်သည့်နေရာ၌မဆို သစ္စာရှိတတ်မည့် ရုပ်မျိုးမဟုတ်။ မိမိဆန္ဒတစ်ခုတည်းကိုသာ ကြည့်တတ်သော၊ အရယူတတ်သောသဘောရှိသည်။ လွင်ဦး၏အဆင့်သည် တကယ်အမှန်မှာမူ ဦးကျော်သူ၏ လူယုံ၊ လခစား၊ ကြေးစားအဆင့်သာရှိသည်။ သူ၏လုပ်ငန်းသည် ရှမ်းပြည်နယ်မှဆင်းလာသော လော်လီကားကြီးများထဲမှ အမှောင်ပစ္စည်းများကို တောင်ငူနှင့် ပဲခူးခြံမြေများတွင် သူကရဲအရာရှိယောင်ဆောင်ခြင်းဖြင့် ရန်ကုန်ထဲသို့ ပစ္စည်းများခိုးသွင်းပေးရသောတာဝန်ဖြစ်သည်။

ဤနေရာတွင် ဘောက်ထော်ပြည်သာယာလမ်း လွင်ဦးအိမ်၌



လွင်ဦးနှင့် လူပုကိုထွေးဆိုသူ၏ ပြောစကားများကို ထည့်သွင်းစဉ်းစားသင့်သည်။ ဇော်မြင့်ဝင်းသည် လွင်ဦးနှင့်ကိုထွေးပြောလေသောစကားစုတို့ကို ပြန်စဉ်းစားကြည့်သည်။

“ကျုပ်နှင့်ခင်ဗျား လုပ်နေတာတွေဟာ နောက်ပိုင်းစိတ်ချရပါ့မလား၊ ဦးစိုင်းမောင်ကြီး ဒေါကန်နေတယ်လေဗျာ၊ အဲဒါ ခင်ဗျားမသိဘူးလား…ကိုလွင်ဦး၊ သူ့ပစ္စည်းတွေကို သူ့ဈေးကွက်မှာဈေးနှိမ်တယ်ဆိုပြီး ဒေါကန်နေတာ…ဝယ်သူကလည်း ခင်ဗျားဆီက ဝယ်တဲ့ပစ္စည်းဟာ ဦးစိုင်းမောင် ရောင်းတဲ့ ပစ္စည်းနဲ့ ကွာလိတီတူပြီး ဈေးကျတော့ ဦးစိုင်းမောင် ရောင်းတဲ့ဈေးထက် အများကြီး သုံးချိုးနှစ်ချိုး သက်သာနေတာမို့ ခင်ဗျားဆီက ဝယ်တာ…အဲဒီလို ခင်ဗျားဆီက ဝယ်တဲ့ဖောက်သည်ထဲမှာ ကျုပ်လဲ အပါအဝင်ပဲ ကိုလွင်ဦး…ခင်ဗျားကဈေးမတန်တဆ လျှော့ရောင်းတာရော…ဈေးသက်သာလို့ ကျုပ်ကဝယ်တာရော ဦးစိုင်းမောင်သာ သိသွားရင် ခင်ဗျားလည်း မသက်သာဘူး၊ ကျုပ်လည်း မသက်သာဘူး ကိုလွင်ဦး…ကျုပ်တော့ ဦးစိုင်းမောင်ကို ကြောက်တယ် ကိုလွင်ဦးရာ”

“ဘာမှမကြောက်နဲ့ ကိုထွေး၊ ကျုပ်ဟာကျုပ် ပိုင်လို့လုပ်တာ ခင်ဗျားစိတ်အေးအေးနေ…ဘာမှမဖြစ်စေရဘူး။ ကျုပ် အာမခံရဲရဲကြီးခံတယ်…ကဲ…ခင်ဗျားပြန်တော့ ကိုထွေး”

လွင်ဦး၏ အာမခံချက်စကားကြောင့် ကိုထွေး ပြန်သွားပါ၏။

ဩဂုတ်လ (၉) ရက်။

ဇော်မြင့်ဝင်းသည် မနေ့က သူ လေ့လာထားခဲ့ပြီးသော ဦးကျော်သူ၏ ခြံကြီးဆီသို့ လာခဲ့သည်။ နီဆန်ဂျစ်ကားနှင့် လာခဲ့ခြင်းဖြစ်သည်။

ညသည် လူခြေတိတ်ပြီး ဆိတ်ငြိမ်လွန်းလှသည်။

ပဲခူးမြို့ပြင်အရောက်တွင် ပို၍မှောင်မည်းပြီး ပို၍ပင် တိတ်ဆိတ်သေးသည်။

ကျောက်တိုင်ကန်ရွာသို့ မရောက်မီလေးမှာပင် အခြား လင်ရိဗာကားတစ်စီးသည် လမ်းဘေးတောတန်း ပုန်းကွယ်ရာမှ ဝူးခနဲမောင်းထွက်လာကာ ဇော်မြင့်ဝင်း၏ နီဆန်ကားကို ဘေးချင်းယှဉ်ပြီး ဒိုင်းခနဲ ဒိုင်းခနဲ သေနတ်နှင့် နှစ်ချက်ဆင့်ပစ်သည်။ ဇော်မြင့်ဝင်း၏ပခုံးတွင် ကျင်ခနဲ ကျင်ခနဲ ခံစားလိုက်ရသည်။

ဇော်မြင့်ဝင်းပခုံးကို တစ်ချက်ထိသွားခြင်းဖြစ်သော်လည်း အရိုးမထိပဲ ရှပ်ထိခြင်းမျိုးသာ ဖြစ်ပုံရသည်။

ဇော်မြင့်ဝင်းသည် သေနတ်ထိမှန်သည်နှင့် တန့်ခနဲဖြစ်သွားသော်လည်း ချက်ချင်းပင် သူတွင်ပါရှိသောသေနတ်ဖြင့် ထိုလင်ရိဗာကားနောက်သို့ ဖိမောင်းလိုက်ပါရင်း ရှေ့ကားကို သေနတ်နှစ်ချက်ဆင့်ပစ်သေးသည်။

သို့သော် လင်ရိဗာကားကို လိုက်မမီတော့ပေ။ ဇော်မြင့်ဝင်းသည် ရန်ကုန်ဘက်သို့ ဆက်မောင်းလာခဲ့သည်။

မိုးလည်းချုပ်နေပြီ။ ပခုံးမှာလည်း ဒဏ်ရာရထားသည်မို့ ဘယ်ကိုသွားရပါ့မလဲဟု စိတ်ကူးရသည်။



ဒဏ်ရာနှင့်မို့ တည်းခိုခန်းကို ဝင်မတည်းခိုရဲ။ ပြီး တည်းခိုခန်းတည်းခိုလျှင် မိမိ၏ မှတ်ပုံတင် စသည်တို့ပြရမည်။

ဇော်မြင့်ဝင်းအဖို့ ရဲအဖွဲ့ကို ရင်ဆိုင်ရဲသည်မဟုတ်။

ကားမောင်းရင်း စဉ်းစားလာရာ နောက်ဆုံး ရန်ကင်းတိုက်ခန်းတွင် နေထိုင်သော ခင်မာဆီသို့ သွားရန် ဆုံးဖြတ်လိုက်ရတော့သည်။

"ကိုကိုဇော် ပင်ပန်းလွန်းတာကလွဲပြီး ဒါဏ်ရာက ဆိုးဆိုးဝါးဝါး မဟုတ်ပါဘူး"

"ဒါဖြင့်အရက်နည်းနည်းသောက်လိုက်ပါလား ကိုကိုဇော်"

"ဟင့်အင်း...ကော်ဖီခါးခါးတစ်ခွက်ပဲ လုပ်ပေးပါခင်မာ"

ခင်မာက ဒါဏ်ရာထဲသို့ ဆေးဝါရည်များလောင်းချသည်။ ဂွမ်းဆုတ်ထည့်ပြီး ပတ်တီးကိုသေချာစွာစည်းနှောင်ပေးသည်။ ပြီးလျှင် ကော်ဖီခါးခါးကို ဟင်းချိုပန်းကန်ကြီးဖြင့်ဖျော်ကာ ဇော်မြင့်ဝင်းရှေ့သို့ ချပေးလိုက်သည်။

"ကဲ...ဖြစ်ကြောင်းကုန်စင်ကိုပြောဦး ကိုကိုဇော်"

ဇော်မြင့်ဝင်းက နှစ်သိန်းတန်လက်ဆွဲအိတ်ကြီးကို မေးငေါ့ပြရင်း ရေတာရှည် မယ်ဒက်ဘုရားရှိ ဇရပ်ဆီသို့လိုက်သွားခဲ့ရာမှ နောက်ဆုံး ယခုဒါဏ်ရာရလာသည်အထိ ကော်ဖီသောက်ရင်းပြောပြလိုက်တော့သည်။

"လေးလေးကိုငွေညှစ်တဲ့လူ၊ ဦးကျော်သူကိုသတ်တဲ့လူ၊ သော့

လှဘော်ကိုသတ်တဲ့လူဟာ ဦးစိုင်းမောင်လည်းဖြစ်နိုင်သလို၊ လွင်ဦးလည်း ဖြစ်နိုင်တယ်ခင်မာ"

ခင်မာသည် တွေတွေကလေးနေပြီးမှ…

"ဟုတ်တယ် ကိုကိုဇော်…ဦးစိုင်းမောင်လည်းဖြစ်နိုင်တယ်။ ဒါမှမဟုတ်သေးရင် သူတို့နှစ်ဦးလုံးပေါင်းပြီး ကြံစည်တာကော မဖြစ်နိုင်ဘူးလား"

ဇော်မြင့်ဝင်းက မဖြေတတ်ပေ။

"ဒါပေမဲ့ အဲဒီလိုဖြစ်နိုင်တယ်ဆိုတာတွေ အားလုံးဟာ သီအိုရီအရတော့ဟုတ်တယ်ထား၊ အထောက်အထားမပြနိုင်ဘူး ကိုကိုဇော်၊ အခုရဲတပ်ဖွဲ့ကိုရောက်နေတဲ့ အထောက်အထားက ဦးကျော်သူရဲ့သေနတ်ရယ်၊ ဦးကျော်သူဟာ သူ့ကိုယ်သူသတ်သေပါတယ်ဆိုတဲ့ လက်မှတ်ထိုးနှင့် စာရယ်ရောက်နေတယ်။ ဒါအရ ရဲတပ်ဖွဲ့ဟာ ဦးကျော်သူ သူ့ကိုယ်သူသတ်သေတယ်လို့ ယူဆရမယ်။ မမလေးကအသက်အာမခံကုမ္ပဏီကငွေနှစ်သိန်းလိမ်ထုတ်တယ်လို့လဲ ရဲကယူဆရမယ်။ ရဲတပ်ဖွဲ့မှာ ရထားတဲ့အထောက်အထားက အဲဒီလိုပဲ ညွှန်းနေတာကိုး…"

ဇော်မြင့်ဝင်းသည် ခင်မာ၏အပြောကလေးများကို မျက်လုံးအပြူးသားနှင့် နားထောင်နေမိသည်။ ခင်မာသည် တရားဥပဒေအကြောင်းနှင့် ညီညွတ်စွာပြောတတ်လှလေပြီ။

"သော့လှဘော်ကို ဦးစိုင်းမောင်ကသတ်သတ်၊ လွင်ဦးကပဲသတ်သတ် ကိုကိုဇော်ရဲ့ လက်ဆွဲအိတ်ထဲကရတဲ့ အဆိပ်ပုလင်းအရ



ပြန်ရင်လည်း သော့လှဘော်ကိုသတ်တဲ့လူဟာ ကိုကိုဇော့်ဆီကိုပဲညွှန်းပြနေပြန်တယ်"

"အဲဒါနဲ့ပတ်သက်လို့ကော ရဲတပ်ဖွဲ့ရဲ့သဘောထားက ကိုကိုဇော့်အပေါ် ဘယ်လိုမြင်သလဲ ခင်မာ"

"ရဲတပ်ဖွဲ့ဆိုတာ သက်သေတို့၊ သဲလွန်စတို့ အထောက်အထားတို့ကိုရှာပြီး ပုဒ်မတတ်လို့ တရားရုံးတင်ပေးရတဲ့ အလုပ်ပဲကိုကိုဇော်၊ လက်ဆွဲအိတ်ဟာ ကိုကိုဇော့်အိတ်မှန်းလည်း သေချာတယ်။ ကိုကိုဇော့်အိတ်ထဲက အဆိပ်ပုလင်းလည်းတွေ့တယ်။ ဒီအဆိပ်ဟာသော့လှဘော်ဝမ်းထဲကအဆိပ်နှင့်လည်း ထပ်တူထပ်မျှ အမျိုးအစားခြင်းတူနေတယ်။ သော့လှဘော်ကို ကိုကိုဇော်က အလွတ်စုံထောက် ကျော်ဝင်းမော်ဆီမှာလည်း စုံစမ်းခဲ့တယ်။ သော့လှဘော်နေတဲ့ အိမ်ကိုသွားတုန်းက မာစီးဒီးကားနံပါတ်ကိုလည်း မှတ်မိတဲ့လူကရှိနေလေတော့ သော့လှဘော်အသတ်ခံရတာဟာ ကိုကိုဇော်နဲ့ပတ်သက်တယ်လို့ ယူဆရတာပေါ့"

"ဒါဟာထောင်ချောက်တစ်ခုပါခင်မာ"

"သိပ်သိတာပေါ့…ခင်မာက ဒါဟာထောင်ချောက်မှန်းသိလို့ အဆိပ်ပုလင်း ကိုကိုဇော့်အိတ်ထဲကတွေ့တာနှင့် ကိုကိုဇော်ဟာလူသတ်သမားဖြစ်ရမလား…အဆိပ်ပုလင်းမှာပါတဲ့ လက်ဗွေပုံစံကို စစ်ကြည့်ပါဦးလို့ ပြောခဲ့တယ်…"

"အလဲ့…ခင်မာကပြောတယ်"

ခင်မာက မပြုံးမရယ်…ခပ်တည်တည်ပင် ဆက်ပြောပြန်တော့သည်။

“ကိုကိုဇော်က ခင်မာ့ကိုများဆိုရင် သိပ်အထင်သေးချင်တာပဲ ခင်မာဟာ ပြည်ထဲရေးရုံးမှာ လုပ်နေတာပါကိုကိုဇော်၊ ခင်မာ့မှာ အပေါင်းအသင်းကောင်းတွေရှိပါတယ်”

“ဆက်ပြောပါခင်မာ”

“ဦးကျော်သူသေသွားတော့ ပြဿနာဟာ သိပ်ရှုပ်လာတယ် မဟုတ်လား။ ဒီကြားထဲမှာ မမလေးခမျာ တစ်ခုခုတော့ဒုက္ခတွေ့နေပြီမှန်း ခင်မာအကဲခတ်မိလာတယ်။ ဦးစိုင်းမောင်[illegible]ည်း ခင်မာမယုံဘူး။ ဒါကြောင့် ဦးကျော်သူရဲ့အမှုကို ချုပ်ပြီးကိုင်ရတဲ့ ကြီးကြပ်ရေးမှူးဆီကို မမလေးအိမ်ထောင်ကျရတဲ့ အခြေအနေကစပြီး နောက်ဆုံး ဦးကျော်သူသေဆုံးတဲ့အထိ အခြေအနေမှန်တွေကို ဖွင့်ပြောပြတယ်။ အဲဒီကြီးကြပ်ရေးမှူးကြီးက သေချာနားထောင်တယ်။ ပြီးတော့ ရဲတပ်ဖွဲ့ဆိုတာ အထောက်အထားကိုရှာပြီး သက်ဆိုင်တဲ့ပုဒ်မတပ်ပေးရတဲ့ အဖွဲ့အစည်းတစ်ခုပဲတဲ့၊ ခင်မာပြောတာကို သူတို့သဘောပေါက်ပါတယ်တဲ့၊ အဖြစ်မှန်ကို အထောက်အကူပြုနိုင်တဲ့ သက်သေ၊ အထောက်အထားအခိုင်အမာကို ခင်မာကတတ်နိုင်သလောက်ရှာပါတဲ့။ ခင်မာက အတွင်းလူမို့ အမှန်ဖြစ်စေဖို့ အထောက်အထားကို ရှာနိုင်လိမ့်မယ်တဲ့။ လိုအပ်တဲ့အကူအညီကို ရဲတပ်ဖွဲ့ကပေးမယ်တဲ့ ကိုကိုဇော်…”

ခင်မာ၏ လုပ်ဆောင်ချက်များသည် စိတ်ဝင်စားဖွယ်ရာကောင်းလာသည်မို့ ဇော်မြင့်ဝင်းသည် နားကိုသာ စွင့်ကာထောင်ထားလေတော့သည်။ ခင်မာက ဆက်၍ပြောရှာပြန်ပေသည်။



“ခင်မာလည်း ကြိုးစားပြီးအထောက်အထားကိုရှာတယ် ကိုကိုဇော်၊ ဒါပေမယ့် ခရီးမရောက်လှဘူး။ အဲဒီတုန်းက မမလေးပဲရူးသွားပြီး ကိုကိုဇော့်ကို ဒီဇာတ်ရှုပ်ထဲ ဆွဲသွင်းလာခဲ့တယ်။ ဒါကိုခင်မာ သဘောမကျဘူး”

“လေးလေးက အားကိုးရှာရတဲ့ သဘောမျိုးပါခင်မာ”

“ခင်မာ နားလည်ပါတယ်။ အခုဆိုရင် ကိုကိုဇော်ပါဝင်လာတဲ့အတွက် ဦးစိုင်းမောင်လား။ လွင်ဦးလားဆိုတာတောင် သီအိုရီသဘောအရတော့ ပုံကြမ်းတရားခံပေါ်လာပြီပဲ၊ ဒါပေမဲ့ ကိုကိုဇော်၊ လွယ်တော့မလွယ်ဘူး။ အခုအချိန်ထိ ရဲတပ်ဖွဲ့က ယူဆနိုင်တာဟာ ခိုင်မာတဲ့အထောက်အထားအရ ဦးကျော်သူဟာ သူ့ကိုယ်သူသတ်သေတယ်။ မမလေးက အာမခံကုမ္ပဏီကငွေနှစ်သိန်းလိမ်ထုတ်တယ်။ ကိုကိုဇော်က သော့လှဘော်ကိုသတ်တယ်လို့ပဲ ယူဆရမယ်”

ဇော်မြင့်ဝင်းက တစ်စုံတစ်ခုကိုသေချာစဉ်းစားကာ စဉ်းစားရသမျှကို ခင်မားအား တစ်လုံးချင်းပြောနေပေသည်။ ခင်မာသည် ဇော်မြင့်ဝင်း၏ အစီအစဉ်များကို နားထောင်ရင်း မျက်လုံးကလေးဝိုင်းကာ နေပေတော့သည်။ ဇော်မြင့်ဝင်းစကားဆုံးလေကာမှ…

“ဖြစ်ပါ့မလားကိုကိုဇော်…ပြီးတော့ကိုကိုဇော့်မှာ ဒါဏ်ရာကြီးနှင့်…”

"စွန့်စားရမှာပေါ့ခင်မာရယ်...ဒီအတိုင်းဆိုရင် ကိုကိုဇော့်မှာ လည်းငုတ်တုတ်ခံပြီး ကြိုးဒါဏ်နှင့် ကျွန်းဒါဏ်တစ်ခုခုခံရမှာပဲဟာ လေးလေးအတွက်ဆိုရင်လည်း အသက်အာမခံကုမ္ပဏီက ငွေနှစ်သိန်း လိမ်ထုတ်မှု တန်းလန်းကြီးမဟုတ်လား..."

ခင်မာက မသိမသာဝန်ခံသလို ခေါင်းညိတ်ပြလိုက်ရှာပေသည်။

ထို့နောက် ခင်မာသည် တစ်စုံတစ်ခုကိုသတိရသည့်အလား...။

"ကိုကိုဇော်..."

"ပြောပါခင်မာ..."

"ကိုကိုဇော်ပြောပြတဲ့ သီအိုရီတွေမှာ ခင်မာဖြည့်စွက်ပေးနိုင်တာ တွေ သတိရလာလို့ပါ။ ခင်မာလေ လွင်ဦးကိုမသင်္ကာလို့ ဦးကျော်သူ သေပြီးမှ သူ့ကိုကပ်ပေါင်းကြည့်ခဲ့တယ် ကိုကိုဇော်၊ ပြီးတော့ ကြီးကြပ် ရေးမှူးနှင့် တွေ့ပြီးမှလွင်ဦးအကြောင်းတွေလည်း ခင်မာစုံစမ်းနိုင်သ လောက် စုံစမ်းထားတယ်"

"ဆက်ပြောပါခင်မာ"

"လွင်ဦးရဲ့ဘဏ်အပ်ငွေဟာ ဦးကျော်သူသေပြီးတဲ့နောက် ဇွန်လ ထဲမှာ တစ်သိန်းကျော်ရှိနေတယ် ကိုကိုဇော်"

"အင်း ဆက်ပြောပါခင်မာ"

"ပြီးတော့လွင်ဦးဟာ ခင်မာ့ကိုနှစ်ယောက်တည်းတွေ့ဖို့ချိန်းခဲ့ တဲ့နေရာတစ်ခုဟာ အထက်ပန်းဆိုးတန်းလမ်း၊ အိမ်အမှတ် ၃၃၁၁- ပဲကိုကိုဇော်၊ ဒါပေမယ့် ခင်မာမသွားခဲ့ဘူး။ ဒီကောင်နဲ့နှစ်ယောက်



တည်းတွေ့တာနှင့် ခင်မာ့ဘဝဆုံးသွားမှာစိုးလို့၊ ခင်မာက မမလေးကိစ္စ နဲ့ပတ်သက်ပြီး စုံစမ်းချင်လို့သာ ဒီကောင့်ကိုအချိုပြပြီး ဆက်ဆံထား တာ"

ဇော်မြင့်ဝင်းသည် ကျေနပ်စွာခေါင်းညိတ်လိုက်မိသည်။ ခင်မာ ပြောသော ခင်မာလိုက်စုံစမ်းချက်တို့သည် အရေးပါအရာရောက်သော အချက်များပင် ဖြစ်လာစရာရှိတော့သည်။ လိုအပ်လျှက်ရှိသော ကွင်း ဆက်ကို ခင်မာကဖြည့်စွက်လေပြီ။

"တော်တယ်ခင်မာ ခင်မာ့ရဲ့ဖြည့်စွမ်းချက်ဟာ ကိုဇော်မျက်ခြေ ပြတ်နေတဲ့ သံကြိုးကွင်းတစ်ခုကို ဆက်ပေးရာရောက်ပါတယ်။ ကဲ.. ခင်မာ ကိုကိုဇော်ပြောတဲ့ အစီအစဉ်အတိုင်း လုပ်ပေတော့..."

ဇော်မြင့်ဝင်းသည် နေရာမှထကာ တယ်လီဖုန်းကို ကောက်လှည့် ပြီး ဦးစိုင်းမောင်ဆီသို့ ခေါ်ယူလိုက်တော့သည်။

"ဦးစိုင်းမောင်ပါလားဗျာ"

"ဟုတ်ပါတယ်...ဒါပေမယ့် အိပ်ချိန်ရောက်နေပြီပဲဗျာ...မိတ် ဆွေဟာ ဘယ်သူပဲဖြစ်ဖြစ်ပေါ့...မနက်မှစကားပြောကြပါစို့လား"

ဦးစိုင်းမောင်၏ အိပ်ချင်မူးတူးသံကြီးကို ဇော်မြင့်ဝင်းကြားရသည် ဆိုလျှင် ဇော်မြင့်ဝင်းက ကျေနပ်ပြီးဖြစ်၏။ ဇော်မြင့်ဝင်းသိလိုသည်မှာ ဦးစိုင်းမောင်အိမ်တွင်ရှိမရှိသာလျှင် သိလို၍ဆက်ကြည့်ခြင်းဖြစ်ပေတော့ သည်။

တယ်လီဖုန်းကို ဇော်မြင့်ဝင်းကပြန်ချထားလိုက်ပေတော့သည်။

ထို့နောက် နှစ်သိန်းတန်လက်ဆွဲအိတ်ကိုဆွဲယူကာ ခင်မာအားမျက်စိတစ်ဘက်မှိတ်ပြပြီး ရွှတ်နောက်နောက်နှုတ်ဆက်ရင်း ရန်ကင်းတိုက်ခန်းမှ ထွက်ခွါလာခဲ့ပေတော့သည်။ ကိုကိုဇော်ကံကောင်းပါစေဟုခင်မာက ကြိတ်၍ ဆုတောင်းလေမည်မှာမလွဲ။

◆ ◆ ◆ ◆ ◆



## [၂၁]

ဘောက်ထော် ပြည်သာယာလမ်း၊ လွင်ဦး၏အိမ်ရှေ့မှာပင် လွင်ဦး၏ လင်ရိဗာကားကိုတွေ့ရပေသည်။ ဇော်မြင့်ဝင်းသည် လင်ရိဗာကားအား စစ်ဆေးကြည့်သည်။ နောက်ပိတ်ဘော်ဒီပြားတွင် အပေါက်နှစ်ပေါက်ကိုတွေ့ရ၏။ ဆယ်မိုင်ကုန်းတွင် ဇော်မြင့်ဝင်းနောက်မှပစ်လိုက်သော သေနတ်ကျည်ဆံရာများပင်ဖြစ်ပါလေတော့သည်။ ဇော်မြင့်ဝင်းသည် မိမိဘာသာကျေနပ်သွားမိသည်။ တပ်ထဲမှထွက်လာစေကာမူ သေနတ်ပစ်လက်မကျသေးပေ။ လှုပ်ရှားနေသော ပစ်မှတ်ကို လှုပ်ရှားနေသောကားပေါ်မှထိအောင်ပစ်နိုင်ပေသေးသည်။ မိမိကိုင်နေကျသေနတ်ဖြင့်သာဆိုလျှင် လင်ရိဗာ၏ရှေ့တန်းကူရှင်မှ လူ၏ကျောကို ဖောက်သွားအောင်ပစ်နိုင်ပေသည်။

ဇော်မြင့်ဝင်းသည် သူ၏ကုတ်အင်္ကျီအိတ်ထဲမှ သေနတ်ကိုထုတ်လိုက်သည်။

လွင်ဦးအိမ်တံခါးမှ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်ပေသည်။ ချက်ချင်းပင် တံခါးပွင့်လာကာ လွင်ဦး၏ အံ့အားသင့်သောမျက်နှာကြီးကို တွေ့လိုက်ရတော့သည်။ လွင်ဦးသည် ဇော်မြင့်ဝင်းအား မည်သို့မျှ မျှော်လင့်ထားခဲ့ဟန်မရှိပေ။ ဆယ်မိုင်ကုန်းတွင် သူ၏နောက်သို့ လိုက်လာသူသည် ရဲကားဟုထင်ထားဟန်ရှိသည်။ နီဆန်ဂျစ်ကား၏ရှေ့မီးကြီးပွင့်ပြီး လိုက်လာသောကြောင့် မီးနောက်တွင်ရှိနေသည့် ကားဘော်ဒီကိုလွင်ဦး မြင်နိုင်စွမ်းရှိခဲ့သည်မဟုတ်ပေ။

"ဟေး…ခင်ဗျား…ခင်ဗျား"

"နောက်ပြန်ဆုတ်ပါ ကိုလွင်ဦး"

လွင်ဦးက ဇော်မြင့်ဝင်းလက်မှသေနတ်ကိုကြည့်ကာ နောက်သို့ဆုတ်ပေးပေသည်။ ဇော်မြင့်ဝင်းက တံခါးကိုနောက်ပြန်ကျောနှင့်ဖိ၍ပိတ်လိုက်သည်။ လွင်ဦးသည် ညအိပ်ပါဂျမာအင်္ကျီရှည်ကြီးကို ဝတ်ထားသော်လည်း တစ်ရေးမှအိပ်ရသေးဟန်မတူပေ။

"ဘယ်မလဲ (Heroin)မော်ဖီယားတွေ ကိုလွင်ဦး"

"ခင်ဗျားဘာတွေပြောနေတာလဲ၊ ဘာအခိပ္ပါယ်လဲ"

"အခိပ္ပါယ်က ခင်ဗျားကားမှာ ကျည်ဆံနှစ်ပေါက်ဝင်နေခဲ့တယ်လေ…ဆယ်မိုင်ကုန်းမှာ ကျုပ်ပစ်ခဲ့တာ"

"အဲဒါခင်ဗျားကို…ကျုပ်က ခင်ဗျားကိုလုံးဝထည့်မတွက်မိဘူး



ကိုဇော်မြင့်ဝင်း…ဒါပေမယ့် ခင်ဗျားဘာတွေပြောမှန်းကျုပ်ဖြင့်နားမလည်ပါဘူး"

"နားလည်ရမယ်…ပါးစပ်ကလည်းဖွင့်ပြောရမယ်…အဲဒီလိုဖြစ်အောင် ကျုပ်လုပ်နိုင်ပါတယ်"

"ဟုတ်ပါ့မလား…သေနတ်သံကိုအိမ်နီးနားချင်းတွေကမ ကြားတော့ဘူးတဲ့လား"

ဇော်မြင့်ဝင်းကရယ်လိုက်သည်။

"ကျုပ်အဖို့ ဘာထူးတော့မှာလဲ၊ မဟုတ်လည်း သော့လှဘော်သတ်မှုနှင့် ပိတ်နေပြီပဲ၊ သော့လှဘော်ကို ကျုပ်မသတ်ရဘဲ အပတ်ခံရမယ့်အတူတူတော့ ခင်ဗျားကို စိတ်ရှိလက်ရှိ လုပ်ပြီးမှ အဖမ်းခံမယ်။ အဲဒါတော့ယုံရဲ့လား ကိုလွင်ဦး၊ ကျုပ်ပခုံးကိုကြည့်စမ်း…ခင်ဗျားကျည်ဆံကြောင့် သွေးစွန်းနေပြီလေ"

လွင်ဦးက သွေးများပေပြီး ခြောက်နေသော ဇော်မြင့်ဝင်း၏ပခုံးကိုကြည့်လိုက်သည်။ ဇော်မြင့်ဝင်း၏ တင်းမာလှသော မျက်နှာသည် တကယ်လုပ်မည့်မျက်နှာဟုလည်း လွင်ဦးမှတ်ယူပုံရ၏။

"ဘယ်မလဲ မော်ဖီးယား"

"အိပ်ခန်းထဲက ဗီဒိုထဲမှာ ကျုပ်သွားယူရမလား"

"မလိုပါဘူး…ခင်ဗျားအိပ်ခန်းထဲကို နောက်ပြန်ဆုတ်ဝင်စမ်း"

လွင်ဦးကဝင်သည်။ ဇော်မြင့်ဝင်းသည် သော့တန်းလန်းဗီဒိုကိုဖွင့်ပြီး အံဆွဲကိုဆွဲထုတ်လိုက်သည်။ စီးကရက်ငါးဆယ်ဝင် သံဘူးနှင့်

အပြည့် မော်ဖီးယားများကိုတွေ့ရသည်။ ထုတ်ယူလိုက်၏။ အံဆွဲထဲတွင် ခြောက်လုံးပြူးတစ်လက်နှင့် ပစ္စတိုတစ်လက်ကိုတွေ့ရသည်။ အံဆွဲသော့ကိုလည်းကောင်း၊ ဗီဒိုတံခါးသော့ကိုလည်းကောင်း၊ ခတ်ခါပိတ်ပြီးနောက် သော့တွဲကို ဇော်မြင့်ဝင်းသည် ကုတ်အင်္ကျီအတွင်းအိတ်ထဲသို့ ထည့်လိုက်သည်။ လွင်ဦးသည် သက်ပြင်းချတော့၏။ သူအားကိုးသော သေနတ်နှစ်လက်ကိုရယူနိုင်ဖို့ မလွယ်တော့မှန်းသဘောပေါက်သွားပုံရသည်။

"ခင်ဗျားလုပ်နေတာတွေဟာ အဓိပ္ပါယ်မရှိဘူး ကိုဇော်မြင့်ဝင်း၊ ဒီမော်ဖီးယားထုပ်ကိုပြပြီး ရဲတိုင်လို့ ရဲကကျုပ်ကိုဖမ်းတယ်ပဲထား၊ ခင်ဗျား သော့လုဘော်သတ်မှုအတွက် လွတ်မတဲ့လား"

"ဒီမော်ဖီးယားထုတ်က ရဲတပ်ဖွဲ့အပ်ဖို့မှမဟုတ်တာ...ဦးစိုင်းမောင်ကိုပြဖို့သက်သက်ပဲ ကိုလွင်ဦး"

"ဦးစိုင်းမောင်ကို"ဟု လွင်ဦးသည် မျက်စိပျက်မျက်နှာပျက်နှင့် အသံထွက်အောင် တန်ပြန်ရွတ်ဆိုလိုက်ပေသည်။

"ခင်ဗျားတယ်လီဖုန်းနှင့် ကိုထွေးကိုခေါ်ပါ ကိုလွင်ဦး"

"ကိုထွေးကို ခေါ်ရမယ်"

"ကျုပ်ပြောသလိုလုပ်ပါ၊ ဦးစိုင်းမောင်က တစ်ခြားကိစ္စတစ်ခုကိုချက်ချင်းခိုင်းလို့ ခင်ဗျားသွားရမယ်။ ဒါကြောင့် ထုံးစံအတိုင်းငွေယူပြီး ကိုထွေးအခုချက်ချင်းလာခဲ့ပါလို့ ဆက်ပါ"

"မဆက်နိုင်ဘူးဆိုရင်ကော..."



ကလစ်ကနဲနေအောင် ဇော်မြင့်ဝင်းက သေနတ်၏ရိုက်တန်မောင်းကို ဆွဲတင်လိုက်သည်။

"ဟော့..လူ...မောင်းမဆွဲလိုက်နှင့်၊ ကျုပ် ကိုထွေးဆီကိုဆက်မယ်"

လွင်ဦးသည် တယ်လီဖုန်းဆီသွားကာ ဆက်လိုက်ပေသည်။

"ဟဲလို...ကျွန်တော် လွင်ဦးပါ ကိုထွေး...အားလုံးအဆင်ပြေခဲ့ပါပြီ...ဒါပေမယ့်ခုချက်ချင်း...ဦးစိုင်းမောင်က ဒီပြင်ကိစ္စတစ်ခုခိုင်းထားလို့ ကျွန်တော်သွားရဦးမယ်။ အဲဒါအခုကျွန်တော့်ဆီကို ကိုထွေးလာခဲ့ပါ...ကျွန်တော်မသွားခင် ခါတိုင်းလိုလုပ်ချင်တယ်၊ မဟုတ်ပါဘူး။ ဦးစိုင်းမောင်က ဒီကိစ္စကိုလုံးဝမရိပ်မိပါဘူး၊ မကြောက်ပါနှင့် ခါတိုင်းတန်ဖိုးအတိုင်းပဲကိုထွေး"

တယ်လီဖုန်းဆက်ပြီးမကြာမီပင် ကိုထွေး၏မော်တော်ကားစက်သံကြားရသည်။ ဇော်မြင့်ဝင်းသည် တံခါးဆီသို့သွားကာ တံခါးရွက်တစ်ဘက်ကိုကိုင်ထားရင်း လွင်ဦးအားလည်း သေနတ်နှင့်မပြတ်တန်းချိန်ထားသည်။

လူခေါ်ခေါင်းလောင်းသံမဆုံးမီ တံခါးရွက်ကိုဖွင့်ပြီး ကိုထွေးအိမ်ထဲရောက်သည်နှင့် တံခါးရွက်ကို ဇော်မြင့်ဝင်းက ပြန်ပိတ်လိုက်သည်။

"ဟ..ဟ...ဒါက ဘယ်လိုဖြစ်တာလဲ ကိုလွင်ဦး"

လွင်ဦးကဘာမှမဖြေပေ။ ကိုထွေးမှာ သေနတ်နှင့်အချိန်ခံထားရ

သည့်ကိုပင် သေမလောက်ကြောက်နေပုံရသည်။ သတ္တိနည်းလွန်းလှသော ကိုထွေးဖြစ်သည်။

"ခင်ဗျားလက်ထဲက လက်ဆွဲအိတ်ကို ကြမ်းပေါ်ယူထားပြီး ကိုလွင်ဦးနားမှာ သွားရပ်ပါကိုထွေး"

ကိုထွေးမှာ ဇော်မြင့်ဝင်းခိုင်းသည့်အတိုင်း ပျာပျာသလဲလုပ်ပေ၏။ လက်ဆွဲအိတ်မှာ ယူအက်စ်အေတံဆိပ်နှင့် အမည်းရောင်သားရေအိတ်ဖြစ်၏။ တစ်အိတ်လုံးဖောင်းလျှက်သားရှိသည်။ ဇစ်ကိုဇော်မြင့်ဝင်းကဆွဲဖွင့်ကြည့်၏။ အထဲတွင်နှစ်ဆယ်တန် ဆယ်ထုတ်ခန့်ရှိသည်။ ငွေနှစ်သောင်းပင်တည်း။ (Meroin)မော်ဖီယားစီးကရက် သံဘူးတစ်ဘူးစာသည် ကိုထွေးပေးသော ဈေးကပင်နှစ်သောင်းဖြစ်နေသည်။ တန်ဘိုးကြီးလေစွ။ ကိုထွေးသည် ကိုလွင်ဦးအားမသင်္ကာသောအကြည့်ဖြင့် လှမ်းကြည့်ပြီး…

"ဒါ…ဒါ…မင်း သက်သက်ထွင်တာမဟုတ်လား…ငါ့ဆီက ငွေကိုပတ်ယူတာမဟုတ်လားလွင်ဦး"

"ပါးစပ်ပိတ်ထားစမ်းကိုထွေးရာ…အရှုးစကားတွေ ပြောမနေစမ်းပါနှင့်"

"ဒါဖြင့် ဒီလူကဘယ်သူ့လူလဲ…ဦးစိုင်းမောင်လူပေါ့…ဟုတ်မှာပါ ပခုံးမှာလည်း သွေးကွက်ကြီးနှင့် အစကတည်းကငါပြောသားပဲ၊ လွင်ဦး မင်းဟာနောက်ပိုင်းစိတ်ချရရဲ့လားလို့ ဦးစိုင်းမောင်အဖွဲ့သိလာရင် ငါတော့သက်သာမှာမဟုတ်တော့ဘူး…တကယ်"



"နားငြီးလိုက်တာ ကိုထွေးရာ…ခင်ဗျားထမီပဲ ဝတ်နေပါတော့လား"

ဇော်မြင့်ဝင်းသည် သူတို့နှစ်ဦးအား အတူတူဆိုဖာတွင်ထိုင်စေပြီး တယ်လီဖုန်းကိုလှည့်လိုက်သည်။ ခင်မာ့ဆီသို့ဖြစ်၏။ ခင်မာသည်အိမ်တွင်ရှိမနေတော့ပေ။ သူမ၏ ကိုကိုဇော်ချပေးထားသောအစီအစဉ်အတိုင်း သွားရောက်လုပ်ဆောင်နေပြီဖြစ်ပေမည်။ သို့သော် ဇော်မြင့်ဝင်းက တစ်ဖက်မှနားထောင်မည့်သူမရှိစေကာမူ ခပ်တည်တည်ဆက်၍ ပြောလိုက်ပေသည်။

"ကိုကိုဇော်ပဲခင်မာ…နောက်တစ်နာရီအတွင်းမှာ ကိုကိုဇော့်ဆီကဘာမှဆက်သွယ်သံမကြားရရင် မရမ်းကုန်းမြနန္ဒခြံက ဦးစိုင်းမောင်ရဲ့အိမ်ကို ရဲတပ်ဖွဲ့နဲ့ဝိုင်းပြီး ဝင်ခဲ့ပေတော့…ဟုတ်တယ်။ ဒါပဲ ခင်မာ"

ဇော်မြင့်ဝင်း၏ စကားအဆုံးဝယ် ကိုထွေးသည်မျက်လုံးပြူး မျက်ဆံပြူးနှင့် "ဦးစိုင်းမောင်ဆီကို…ဟုတ်လား" ဟု မေးလိုက်ပေသည်။

"ဟုတ်တယ်၊ နှစ်ယောက်စလုံးထ…ဘေးတိုက်ယှဉ်ပြီးထွက် အပြင်မှာ ကျုပ်ရဲ့ နီဆန်ကားရှိတယ်…ကျုပ်ကားနဲ့သွားမယ်"

တံခါးအတွက်တွင် လွင်ဦးသည်ဉာဏ်များလေတော့သည်။ သူ၏ကိုယ်ကိုခလုတ်တိုက်မိဟန်ဖြင့် ဇော်မြင့်ဝင်းရှိရာသို့ တစ်ပတ်လှည့်မြန်လိုက်သည့်ဖြစ်ခြင်း၊ လည်လာသောလွင်ဦး၏ နဖူးကိုသေနတ်ပြောင်းနှင့် ဆတ်ကနဲပင့်ရိုက်၊ ရိုက်ပစ်လိုက်သည်။

"အား" ကနဲအော်ကာ လွင်ဦးဖင်ထိုင်ကျသွားသည်။

"ပြန်ထ နောက်ထပ်ဉာဏ်မများနှင့် မသာဖြစ်သွားမယ် ကျုပ်ကားကိုခင်ဗျားမောင်းကိုလွင်ဦး...ကိုထွေးအလယ်ကထိုင်...ကျုပ်ကဘေးဆုံးကနေပြီးတော့ထားမယ်နော်...ဒသမသုံးရှစ်ဟာကွေ့ဖြုတ်ရင် လူနှစ်ယောက်ဗိုက်ကို တစ်တောင့်တည်းနဲ့ ဖောက်နိုင်တယ်။ ဒါမှ မလောက်ရင်လည်း နှစ်တောင့်ပေါ့"

လွင်ဦးသည် ဉာဏ်များရဲပဲမတူ။ ကားကိုစက်နှိုးပေတော့သည်။ ကိုထွေးအတွက်မူ ဇော်မြင့်ဝင်းကမပူပေ။ တကယ့်လူကြောက်ဖြစ်၍ ကုတ်ကုတ်ကလေးပင် ထိုင်နေရှာပေသည်။ ဇော်မြင့်ဝင်းသည် ကိုထွေး၏ ငွေအိတ်ကို ကားနောက်သို့ပစ်တင်လိုက်တော့၏။ မရမ်းကုန်းဘက်သို့ လွင်ဦးကဦးတည်ကာ မောင်းထွက်လာတော့သည်။

◆ ◆ ◆ ◆ ◆



## [၂၂]

မြနန္ဒာခြံတံခါးဂိတ်ဝယ် ဗလကြီးကိုတွေ့ရပေသည်။ လွင်ဦးနှင့် ကိုထွေးအား ဇော်မြင့်ဝင်းက ခြံဝတွင်သေနတ်နှင့်ချိန်ထားသည်ကို တွေ့ရသော ဗလကြီးက...

"ဒါကဘာယ်လိုတွေလဲ"

"တံခါးဖွင့်ပေးပါ ဗလကြီး..."

"အား...မောင်ရင့်လက်ထဲမှာ သေနတ်ကိုင်ထားတာတွေ့ရက်နဲ့ ကျုပ်ကတံခါးဖွင့်ပေးမတဲ့လား...အဲဒီသေနတ်ပေးလေ"

ဇော်မြင့်ဝင်းသည် ကုတ်အင်္ကျီအိတ်ထဲမှ မော်ဖီးယားစီးကရက် တစ်ဘူးကို ခြံပေါက်မှတစ်ဆင့် ဗလကြီးလက်သို့အပ်လိုက်သည်။ သေနတ်ကိုမူမပေးပေ။

“အဲဒီဘူးကိုသာ ဦးစိုင်းမောင်လက်ထဲအပ်လိုက်…ဗလကြီး… လွင်ဦးနှင့်ကိုထွေးဟာ ဘယ်လိုဦးစိုင်းမောင်ကို သစ္စာဖောက်နေတယ် ဆိုတာ ဦးစိုင်းမောင် အလိုလိုနားလည်သွားလိမ့်မယ်· ခင်ဗျားလက်ထဲ သေနတ်ပေးလို့တော့ မဖြစ်သေးဘူး…ကျုပ်လက်ထဲသေနတ်မရှိတာနဲ့ ဒီလူနှစ်ယောက်ဟာ ကြွက်စုတ်တွေလိုပြေးချင်ရာစွတ်ပြေးကြမှာ…”

ဗလကြီးသည် အခြင်းအရာအားလုံးကို နားလည်ဟန်တူပေသည်။ မော်ဖီးယားဘူးကိုကိုင်ကာ အိမ်ထဲသို့ပြန်ဝင်သွားသည်။ တအောင့်ပဲ ကြာ၏။ ဗလကြီးပြန်ထွက်လာသည်။

“စိတ်ချ…ဒီနှစ်ကောင်ကို ကျုပ်ကိုယ်တိုင်ထိန်းပြီးခေါ်ခဲ့လို့ ဦးစိုင်းမောင်ကမှာလိုက်တယ်…ကဲ…အထဲကိုကြွသွားပေတော့” ဟု ဆိုလျှက် ဗလကြီးလက်ထဲဝယ်လည်း သေနတ်တစ်လက်ကိုင်ထားပြီး ခြံတံခါးဖွင့်ကာ လွင်ဦးနှင့်ကိုထွေးအား ဗလကြီးကဆက်၍ခေါ်သွား တော့သည်။

ဇော်မြင့်ဝင်းသည် ကားပေါ်မှနှစ်သိန်းတန်လက်ဆွဲအိတ်နှင့် ကိုထွေး၏ နှစ်သောင်းတန်အိတ်ကိုဆွဲယူကာ နောက်မှလိုက်လာခဲ့ သည်။ သေနတ်ကိုမူ ကုတ်အင်္ကျီအိတ်ထဲ ပြန်ထည့်ထားလိုက်သည်။

မြန်န္တာ၏ ဧည့်ခန်းထဲဝယ် ဦးစိုင်းမောင်သည် ထုံးစံအတိုင်းဟိတ်



နှင့်ဟန်နှင့် ထိုင်နေပေသည်။ သူ၏လက်ထဲဝယ် ဇော်မြင့်ဝင်းက ဗလကြီးမှတစ်ဆင့်ပေးလေသော မော်ဖီးယားဘူးကိုကိုင်တွယ် ကြည့်ရှု လျှက်ရှိပေသည်။

ဇော်မြင့်ဝင်းတွင် ယခင်က ဦးကျော်သူအားသတ်ခဲ့သူ၊ လေးလေး မြင့်အား ငွေညှစ်သူ၊ သော့လုဘော်အား သတ်ခဲ့သူအတွင်းသိ၊ အတွင်း လူ ငွေညှစ်လူသတ်သမားကို သီအိုရီနှစ်ခုချကာ ဦးစိုင်းမောင် သို့ မဟုတ်၊ လွင်ဦးအဖြစ်သတ်မှတ်ခဲ့သည်။ ယခုမူ အတွင်းသိ၊ အတွင်းလူ ငွေညှစ်လူသတ်သမားသည် လွင်ဦးတစ်ဦးတည်းသာ ဖြစ်ကြောင်း သတ်မှတ်လိုက်သည်။ ယင်းသို့သတ်မှတ်ရသည့်အကြောင်းမှာ နောက် ဆုံးဖြည့်စွက်ပေးခဲ့သော အချက်နှစ်ချက်ကြောင့်ပင်ဖြစ်ပါ၏။ မေလ (၃၀)ရက်နေ့တွင် ဦးကျော်သူသေဆုံးခဲ့သည်။ ဇွန်လထဲတွင် လွင်ဦး ၏ ဘဏ်အပ်ငွေသည် သိန်းကျော်ခဲ့သည်။ မေလ (၂၉)ရက်နေ့က ချလာခဲ့သော ပစ္စည်းတန်ဖိုးအားလုံးကို ဦးကျော်သူအားသတ်ခဲ့ပြီး လွင်ဦးရယူခဲ့ကြောင်း ထင်ရှားပေ၏။

ဒုတိယအချက်မှာ အထက်ပန်းဆိုးတန်းလမ်းရှိ အိမ်အမှန် ၃၃၁၁ အား လွင်ဦးသည် သိရှိထားကာ ခင်မာ့ကိုချိန်းဆိုခဲ့ခြင်းကြောင့်ပင်ဖြစ် တော့သည်။ သော့လုဘော်၏ ခလေ့စရိုက်ကိုလွင်ဦးက နောကြေနေ အောင် သိထားပုံရသည်။ အရက်ကိုတွေ့ပါက မည်သည့်အရက်မျိုးကို မဆို သော့လုဘော်သောက်မည်ဆိုသည်ကို တင်ကြို၍တွက်ချက်ခါ ဝီစကီပုလင်းတွင် အဆိပ်ခပ်ထားပြီး တမင်တကာသော့လုဘော်နှင့်

ချိန်းဆိုထားချိန်တွင် လွင်ဦး၌သက်သေအခိုင်အမာပြနိုင်ရန် ခင်မာရော လေးလေးမြင့်ပါရှိသည့် အင်းယားမြိုင်သို့ ရောက်ရှိခြင်းဖြစ်ပေသည်။ ထို့နောက်ခင်မာ၏ရှေ့မှာပင် လေးလေးမြင့်အားအပြင်သို့ထုတ်ခေါ်သွားကာ ညဥ့်နက်မှပြန်ပို့သည်။ လေးလေးမြင့်ကိုပို့ပြီး အပြန်ကျမှလှဘော်သည် သူ၏ဆင်ကွက်အတိုင်းဝင်မဝင် သွားရောက်ကြည့်သည်။ လှဘော်ကိစ္စချောမှန်းတွေ့ရမှ လှဘော်အလောင်းကို ကန်တော်ကြီးတွင် သွားရောက်ပစ်ချခြင်းဖြစ်နိုင်၏။ အဘယ့်ကြောင့်ဟူမူ လွင်ဦးသည် ဤပန်းဆိုးတန်းအိမ်၌ ခင်မာ့အားချိန်းဆိုခဲ့ဘူးသောကြောင့် လှဘော်၏အလောင်းကို ယင်းအိမ်၌တွေ့ပါက ခင်မာကလွင်ဦးသိကြောင်းဖော်ထုတ်ခြင်းဖြင့် အမှုပတ်မည်ကိုစိုးသောကြောင့်ပင်တည်း။

ဇော်မြင့်ဝင်းသည် ဦးစိုင်းမောင်အနီးရှိ စားပွဲပေါ်သို့ လက်ဆွဲအိတ်နှစ်လုံးနှင့် ကုတ်အင်္ကျီအိတ်ထဲမှ သေနတ်ထုတ်ခါချပေးလိုက်သည်။

"ဒါတွေကဘာတွေလဲ ကိုဇော်မြင့်ဝင်း"

"လက်ဆွဲအိတ်ကြီးထဲမှာ ငွေနှစ်သိန်းရှိတယ် ဦးစိုင်းမောင်၊ တစ်ပြားမှမလျော့ဘူး၊ လေးလေးမြင့်ဘဏ်ကထုတ်လာတဲ့ ပကတိအတိုင်းပဲ၊ လက်ဆွဲအိတ်မည်းကတော့ငွေနှစ်သောင်းပါတဲ့အိတ် ဦးစိုင်းမောင်လက်ထဲက မော်ဖီးယားကို လွင်ဦးဆီက ဝယ်ဖို့ကိုထွေးယူလာတဲ့ငွေတွေလေ။ အဲဒီသေနတ်ကတော့ ဟိုင်းလုံ့ရဲ့သေနတ်ပဲ၊ အရင်တစ်ခေါက်က ကျွန်တော်ယူသွားခဲ့တာ။ ကျည်ဆံနှစ်တောင့်တော့လျော့



နေပြီပေါ့ဗျာ။ အဲဒီကျည်ဆံနှစ်တောင့်ဟာ ကိုလွင်ဦးရဲ့ လင်ရီဗာနောက်ပိတ်ထဲမှာ မြုပ်နေလေရဲ့ ဒီနေ့ညခင်ဗျားတို့ရဲ့ ကျောက်တိုင်ကန်စခန်းနောက်က ကျွန်တော်လိုက်ပြီးပစ်ခဲ့တာ"

ဇော်မြင့်ဝင်းစကားအဆုံးတွင် ဦးစိုင်းမောင်သည် လွင်ဦးနှင့်ကိုထွေးအား တင်းမာစွာလှမ်းကြည့်လိုက်ပေသည်။

ဗလကြီးသည် သခင်၏အလိုကိုသိလေသည့် ကြေးစားပီပီသေနတ်ပြောင်းကို လွင်ဦးနှင့်ကိုထွေးရှေ့မှာ တည့်တည့်ကြီးချိန်ပြထားလိုက်၏။

ဦးစိုင်းမောင်၏ တင်းမာသောအကြည့် ဗလကြီး၏ တန်းနေသောသေနတ်ပြောင်း၏ အရှိန်အဝါတို့သည် ကြောက်တတ်သောလူပုကလေးကိုထွေးနှုတ်မှ ဘာမှစစ်မေးခြင်းမပြုရမီ ကတုန်ကရင်နှင့်ပါးစပ်အလိုလိုပွင့်လာရတော့၏။

"ကျွန်တော်ပြောမယ် ဦးစိုင်းမောင်…အရမ်းမပစ်ခိုင်းပါနဲ့ဦး… အစကတည်းက ကိုလွင်ဦးရဲ့ တစ်ဘက်လှည့်ထုတ်တဲ့ မော်ဖီးယားလုပ်ငန်းကို ကျွန်တော်ငြင်းပါသေးတယ်။ ဦးစိုင်းမောင်ကို ကျွန်တော်ကြောက်လွန်းလို့ မရလုပ်ပါရစေနှင့်ဆိုပြီး ငြင်းပါသေးတယ်။ ဒါပေမယ့်သူက မီးသေပါတယ်စိတ်ချပါ။ ခင်ဗျားလုပ်မပေးလည်း တစ်ခြားတစ်ယောက်ယောက်နဲ့ ကျုပ်လုပ်မှာပဲတဲ့။ တန်ဖိုးရဲ့သုံးချိုးနှစ်ချိုးပေးရင် ဘယ်သူမဆိုယူမှာပဲတဲ့။ တန်ဖိုးရဲ့ သုံးချိုးနှစ်ချိုးဆိုတော့ ကျွန်တော်လည်း မက်မောမိတယ်။ ဦးစိုင်းမောင်တို့ရဲ့ ပစ္စည်းကိုကျွန်တော်

ထုတ်ပေးရတာက ကော်မရှင်ပွဲခလောက်ရတာ။ ကိုလွင်ဦးရဲ့သုံးချိုးနှစ်ချိုးလုပ်ငန်းက ကျွန်တော့်အတွက် မက်မောစရာမို့ ကျွန်တော့်လုပ်မိတာပါ ဦးစိုင်းမောင်၊ နောက်ကိုကျွန်တော်မလုပ်တော့ပါဘူးဗျာ၊ ဒီတစ်ခါတော့ ခွင့်လွှတ်ပါ"

ဦးစိုင်းမောင်က ဦးခေါင်းကိုညင်သာစွာညိတ်ပြရင်း…

"ဒါကြောင့် ဒီပစ္စည်းတွေဟာ ဈေးကွက်မှာ သိပ်ဈေးနှိမ်ခံနေရတော့တာကိုး…လက်စသတ်တော့ လွင်ဦးလက်ချက်ပါလား…"

ဇော်မြင့်ဝင်းက ဝင်၍ထောက်ပြလိုက်ပြန်သည်။

"အမှန်ပဲ ဦးစိုင်းမောင်…လွင်ဦးဟာ ဦးစိုင်းမောင်ကို အယုံသွင်းပြီး ဒီလုပ်ငန်းကို ဒီပုံစံနှင့်လုပ်နေခဲ့တာ…အဲဒါကိုမေလ (၂၉) ရက်နေ့က အခေါက်မှာဦးကျော်သူရိပ်မိသွားတယ်။ ဒါကြောင့် ဦးစိုင်းမောင်ပါတီပေးတဲ့ မေလ(၃၀)ရက်ညက ဦးကျော်သူဟာရောက်မလာဘဲ လွင်ဦးကိုအင်းယားမြိုင်မှာခေါ်တွေ့တယ်။ အဲဒီမှာတင် လွင်ဦးက ဦးကျော်သူကို နှုတ်လည်းပိတ်ပစ်လိုက်တယ်။ အဲဒီအခေါက်က ရောင်းရတဲ့ငွေတွေကိုလည်း လွင်ဦးကယူတယ်။ ပြီးမှ ဦးကျော်သူ သူ့ကိုယ်သူ သတ်သေသယောင် ဖန်တီးထားခဲ့တာ။ ဇွန်လထဲမှာ လွင်ဦးရဲ့ဘဏ်အပ်..ငွေကို ဦးစိုင်းမောင် မယုံရင်စစ်ကြည့်ပေါ့ဗျာ၊ ဟု အစချီပြီး လွင်ဦးက ဦးကျော်သူအားသတ်ခဲ့ပုံ၊ ဦးကျော်သူ သူ့ကိုယ်သူသတ်သေသည့်အသွင်ဖန်တီးပုံ၊ လေးလေးမြင့်ရောက်လာပြီး လွင်ဦးဖန်တီးခဲ့သည်တို့ကို ဖျောက်ဖျက်ကာ သက်သေခံသေနတ်နှင့် ဦးကျော်



သူ၏ စာကိုလေးလေးမြင့်ယူသွားပုံ၊ လွင်ဦးကသော့လှဘော်နှင့်ပေါင်းပြီး လေးလေးမြင့်ထံမှ သက်သေခံပစ္စည်းများပြန်ခိုးပုံ၊ ပြီးမှလေးလေးမြင့်အား ငွေညှစ်ပုံ၊ သော့လှဘော်က ရိပ်မိလေသောအခါ သော့လှဘော်အား သတ်ပစ်ခဲ့ပုံတို့ကို အကျယ်တဝင့်ရှင်းပြလိုက်လေတော့တော့သည်။

"အင်း…ကိုဇော်မြင့်ဝင်းပြောတာတွေ ဟုတ်လောက်တယ်။ ရဲတပ်ဖွဲ့ကို ရောက်နေတဲ့ ကိုကျော်သူ၊ သူ့ကိုသူသတ်သေတဲ့စာကိုကျုပ်သွားကြည့်တယ်။ လက်ဘက်ခြောက်ကြော်ငြာရဲ့ကျောဘက်မှာအပေါ်ကလက်နှိပ်စက်ရိုက်ပြီး…အောက်ကကိုကျော်သူလက်မှတ်ထိုးထားတာတွေ့လို့တောင် ဘာလို့များလက်ဘက်ခြောက်ကြော်ငြာပေါ်မှာဒီလူက လက်နှိပ်စက်ရိုက်ခဲ့ပါလိမ့်လို့တောင် တွေးမိသေးတယ်။ အင်း..အခုမှရှင်းတော့တယ်။ ဟုတ်တယ်ဗျ…လွင်ဦးဟာလက်နှိပ်စက် ကောင်းကောင်းရိုက်တတ်တယ်။ တစ်ခါတလေ ကိုကျော်သူမအားလပ်လို့ ကျုပ်ရဲ့အတွင်းရေးလျှို့ဝှက်စာတွေ လက်နှိပ်စက်ရိုက်ခိုင်းစရာရှိရင် လွင်ဦးကိုပဲ ရိုက်ခိုင်းရတတ်တာပဲ"

ဗလကြီးသည် သူ့ဆရာဦးစိုင်းမောင်ပြောသည့်ဘက်သို့ နားစွင့်နေစဉ် လွင်ဦးသည် မှုသိမသာရှေ့သို့တိုးရွှေ့နေပေသည်။ အားလုံးသည် ဇော်မြင့်ဝင်းနှင့် ဦးစိုင်းမောင်အချီအချပြောပြသည်ကို စိတ်ဝင်စားစွာနားထောင်နေကြသည်။